http://www.linhtet.com



http://www.linhtet.com

**အားမာန်သစ်စာပေ**
အမှတ် (၅၁)၊ မန္တလေးလမ်း
ကန်တော်ကလေး၊ ရန်ကုန်မြို့။

http://www.linhtet.com

## ဒို့တာဝန်အရေး သုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏ပဓာနကျသော တာဝန် ဖြစ်သည်။**

ရပ်ရွာအေးချမ်းသောယာရး
ဝိုင်းဝန်းကူညီ စောင့်ထိန်းပေး။
တိကျမှန်ကန် စိတ်အားသန်
မြန်ဆန်ဆောင်ရွက် ပြည်သူ့အတွက်။
သင့်ကြောင့် ပြည်ထောင်စုကြီး မပြိုကွဲပါစေနှင့်။

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

http://www.linhtet.com

ဆန်းလွင်

# ဖီလိုဆိုဖီ ကကြီး ကခွေး

ဒုတိယအကြိမ်

http://www.linhtet.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၂၆၅/၂၀၀၀ (၃) |
| အဖုံးခွင့်ပြုချက် | – | ၆၂၆/၂၀၀၀ (၉) |
| အတွင်းပုံနှိပ်သူ | – | ညွန့်ညွန့်အောင်(ဖ်ဆက်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့တိုင်းရုံး၊<br>ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးပုံနှိပ် | – | ဦးတိုးဝင်း<br>နေလရောင်အော့ဖ်ဆက်<br>(၉၆/ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | – | ဦးသန်းမြင့်<br>လင်းလင်းစာပေ<br>အမှတ် ၄/၂၉၊ မြဝတီမင်းကြီးလမ်း၊<br>၁၀ မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။ |
| အဖုံးပန်းချီ | – | စံတိုး |
| အကြိမ် | – | ဒုတိယအကြိမ် |
| ထုတ်ဝေသည့်လ | – | ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလ |
| စာအုပ်ချုပ် | – | ပပစိုးနှင့်အဖွဲ့ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၈၀၀ ကျပ် |

http://www.linhtet.com

www.linhtet.com

# မာတိကာ


| | |
|---|---|
| အမှာစာ | ၅ |
| **ဖီလိုဆိုဖီဆိုတာ ဘာလဲ** | ၇ |
| ဖီလိုဆိုဖီ တိုးတက်ထွန်းကားလာပုံ | ၈ |
| **ဆိုကရေးတီးစ်ထက် ရှေးကျသောတွေးခေါ်ရှင်များ** | ၁၀ |
| ပီလိုဆိုဖီ၏အစ | ၁၁ |
| ခေါမလူမျိုးတို့၏ ယုံကြည်ကိုးကွယ်မှုနှင့် ဖီလိုဆိုဖီ | ၁၃ |
| အမှန်ထာဝါရဝတ္ထုဆိုသည်အဘယ်နည်း | ၁၆ |
| **သေးလိစ်** | ၁၆ |
| အနက္ကစီမန်ဒါး | ၁၈ |
| အနက္ကစီမင်နီးစ် | ၂၀ |
| ပိုက်သဂိုရပ်စ် | ၂၁ |
| ပြောင်းလဲခြင်းသခ်ါရသဘော | ၂၄ |
| **ဟီးရာကလိုက်တပ်စ်** | ၂၅ |
| မီးဓာတ်နှင့် ယေဘုယျပြောင်းလဲမှုဖြစ်စဉ် | ၂၆ |
| ဆန့်ကျင်မှုနှင့် ညီညွတ်မှု | ၂၇ |
| **ပါမီနိုင်းဒီး(စ်)** | ၂၈ |
| အရေအတွက်ဆိုင်ရာ သဘောတရားများ | ၃၀ |
| **အင်ပီဒေါ့ကလိစ်** | ၃၁ |
| ဒီမိုကရိတပ်(စ်)နှင့် အဏုမြူ | ၃၂ |
| စကြာဝဠာ၏အစ | ၃၃ |
| ရုပ်ဝတ္ထုများ မည်သို့ဖြစ်ပေါ်လာကြသနည်း | ၃၄ |

**သိမှုနှင့် လူ့ဝတ်ဆိုင်ရာပြဿနာ** ၃၆
ဆိုဖစ်များခေတ် ၃၆
ဆိုဖစ်များ ၃၇
**ဆိုကရေးတီးခေတ်** ၄၁
**ပလေတို** ၄၅
ပလေတိုအတွေးအခေါ်၏ မြစ်ဖျားခံရာဒေသများ ၄၉
ဆန့်ကျင်ဖြစ်ထွန်းရာအကြောင်းတရား ၅၁
ပလေတို၏စိတ်ဝါဒနှင့် စိတ်ဝတ္ထုများ ၅၃
ပလေတို၏ စိတ်ဝတ္ထုများ ၅၅
**အာရစ္စတိုတယ်** ၅၈
ဖီလိုဆိုဖီနှင့် သိပ္ပံပညာ ၆၁
အရစ္စတိုတယ်၏ လေးဌာနအကြောင်းတရား ၆၄
**ခေတ်သစ်ဖီလိုဆိုဖီ** ၆၇
**ရီနီဒေးကား** ၆၇
ငါတွေးနေသည်၊ ထို့ကြောင့် ငါရှိသည် ၇၂
ရုပ်နှင့်စိတ် ၇၄
အပြန်အလှန်ထိခိုက်လှုပ်ရှားမှုသဘောတရား ၇၇
ဇာတိစိတ်ဝတ္ထုများ ၇၈
**စပင်နိုဇာ** ၈၀
နိုင်ငံရေးသဘောတရား ၈၄
လောကနီတိကျမ်း ၈၅
ဆင်ခြင်တုံဝါဒ ၈၆
ခပ်သိမ်းသောအရာ (သို့မဟုတ်) ဘုရားသခင် ၈၉
ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများ ၉၀
ဖြစ်ထုံးစဉ်လာ ၉၁
**လိုင်းဗနီး(ဇ်)** ၉၃
လိုင်းမနီးဇ်၏ပြဿနာ ၉၆
မိုနာ့ဒ်ဝါဒ ၉၈
ထပ်တူထပ်မျှ တူညီခြင်းသဘောတရား ၁၀၀

http://www.linhtet.com


စဉ်ဆက်ဖြစ်ပေါ်မှုနိယာမ ၁၀၀
ကြိုတင်ဖန်ဆင်းသော ရုပ် နာမ် ဆက်ဆံရေး ၁၀၁
**ဂျွန်လော့(က်)** ၁၀၃
ဂျွန်လော့(က်)၏အတွေးအခေါ်များ ၁၀၄
သိမှု၏အစ ၁၀၆
ရုပ်မှတ်သိမှု ၁၀၈
အတွေ့အကြုံဆိုသည့်အဘယ်နည်း ၁၀၉
သိသူ အသိခံပစ္စည်းနှင့်အာရုံ ၁၁၀
အာရုံ ၁၁၀
**ဂျော့ဘာကလေ** ၁၁၄
ရုပ်ကိုငြင်းပယ်ခြင်း ၁၁၇
စိတ္တဇနာမ်ကို ငြင်းပယ်ခြင်း ၁၁၈
သိမှုနှင့်ရှိမှုသည် အတူတူ ၁၁၉
**ဒေးဗစ်ဟျူမ်း** ၁၂၂
ဟျူမ်း၏ပြဿနာ ၁၂၃
အသိပညာ၏အစ ၁၂၅
အကြောင်းတရားနှင့်အကျိုးတရား ၁၂၇
**အင်မင်နယူဝလ်ကန့်** ၁၃၁
သိမှုဆိုင်ရာပြဿနာ ၁၃၅
အတွေ့အကြုံကို စိစစ်ခြင်း ၁၃၆
ရုပ်မှတ်သိမှုသဘောတရား ၁၃၇
ထာဝရအမှန်တရားနှင့်စပ်ဆိုင်သော သိမှုသဘောတရား ၁၃၉
**ဟေဂဲလ်** ၁၄၁
တစ်စတစ်စ ပြောင်းလဲတိုးတက်ဖြစ်ထွန်းမှုအကြောင်းတရား ၁၄၃
ပဋိပက္ခသဘော ၁၄၄
ဒိုင်ယာလက်တစ် (ဝါ) ဆန့်ကျင်ဖြစ်ထွန်းကြောင်းတရား ၁၄၅
**ကားလ်မာ့(ခ်)** ၁၄၈
တန်ဖိုးသဘောတရား ၁၅၀
အစွန်းထွက် တန်ဖိုးသဘောတရား ၁၅၄

| | |
|---|---|
| အနုပဋိလောမရုပ်ဝါဒ | ၁၅၆ |
| လူတန်းစားတိုက်ပွဲ | ၁၅၉ |
| **နှစ်ဆယ်ရာစုအတွေးအခေါ်ခေတ်** | ၁၆၁ |
| မျက်မှောက်ဘဝ ဝါဒ | ၁၆၂ |
| **ယန်းပေါ့ဆက်** | ၁၆၂ |
| **တက္ကမှုချဝါဒ** | ၁၇၁ |
| **ရုဒေါ့(ဖ်)ကားနက်(ပ)** | ၁၇၁ |
| အတွေ့အကြုံသမားများလက်ခံသော အဓိပ္ပာယ်၏အခြေခံမှု | ၁၇၃ |
| **ချားလ်ဆန္ဒာဝဲ(ဆ်)** | ၁၇၆ |
| **တာထရန်ရပ်ဆယ်လ်** | ၁၈၀ |


☺☺☺

# အမှာစာ

ဤစာအုပ်တွင် ဖီလိုဆိုဖီခေါ် သဘာဝတ္တဗေဒပညာနှင့် စပ်လျဉ်းသည့် အခြေခံ သိမှတ်ဖွယ်ရာများကိုသာ ရေးသားထားသောကြောင့် စာအုပ်၏ အမည်ကိုလည်း **“ဖီလိုဆိုဖီ ကကြီး ခကွေး”**ဟု ပေးထားပါသည်။

ဖီလိုဆိုဖီ၏ အခြေခံ သိမှတ် တွေးခေါ်မြော်မြင်ဖွယ်ရာများဟု ဆိုစေကာမူ၊ ဖီလိုဆိုဖီ တိုးတက်ဖြစ်ထွန်းလာပုံ သမိုင်းစဉ်နှင့်တကွ ကမ္ဘာ့အတွေးအခေါ် သမိုင်းတွင် ရှိနေသည့် တွေးခေါ်မြော်မြင်မှုဆိုင်ရာ ပြဿနာများကိုလည်း တတ်အားသမျှ ထည့်သွင်းဖော်ပြထားပါသည်။

ခေတ်နှင့်အညီ လူမှုရေးအခြေခံ အတွေးအခေါ် ပြောင်းလဲမှုအတွက် ကြိုးပမ်းနေကြချိန်၌ ဤစာအုပ်သည် တစ်တပ်တစ်အားပင် မဟုတ်စေကာမူ တစ်ပိုင်းတစ်စအနေနှင့် ပါဝင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ခေတ်နှင့်အညီ လောကီရေး အတွေးအခေါ်ဖြစ်၍ မှုနှင့် စနစ်(ဘောင်) ပါသည့် သိပ္ပံနည်းကျ သဘောတရားဖြစ်သည်။ သဘာဝတ္တလောကကြီးကို သိရှိနားလည်၍ လူသားအတွက် အကျိုးရှိအောင် အသုံးချနိုင်ရေးသည် ဖီလိုဆိုဖီ၏ အဓိကရည်ရွယ်ချက်ဖြစ်၏။ ဤလောကကြီး၏ ဖြစ်ပျက်ပြုပြင်မှုများကို လူသားသည် ဖီလိုဆိုဖီမှလွဲ၍ မည်သည့်နည်းနှင့်မျှ မသိနိုင်။ ထို့ကြောင့် လူသည် မိမိလက်လှမ်းမှီရာ ရုပ်လောကအတွင်းမှ ဖြစ်ပျက်ပြုပြင်ဖန်တီးမှုများကို စနစ်တကျသိရှိရန် စူးစမ်းရမည်။

လက်လှမ်းမှီသော လောကကြီးကိုပင် အကုန်အစင် မသိနိုင်သေးဘဲလျက် မိမိလက်လှမ်းမမှီသော ဘဝများကို တွေးတောစိတ်ကူးယဉ်ခြင်းမျိုးကား သိပ္ပံနည်းကျ အတွေးအခေါ်မဟုတ်။

မြန်မာစာပေလောက၌ အတွေးအခေါ်စာတမ်းများ ပေါ်ပေါက်ခဲ့ဖူးသည်။ သို့သော် ထိုအတွေးအခေါ်များမှာ လောကုတ္တရာရေးဘက်သို့ ယိုင်သော အတွေးအခေါ်ချည်းလိုလိုဖြစ်၍ လောကီရေး အတွေးအခေါ်များမပါသလောက် ရှိခဲ့သည်။

http://www.linhtet.com

အနောက်နိုင်ငံများတွင် သိပ္ပံပညာ တိုးတက်ထွန်းကားလာရသော အခြေခံ ပဓာနအကြောင်းတရားကို ရှာဖွေသောအခါ လောကီရေးဆိုင်ရာ အတွေးအခေါ် (ဖီလိုဆိုဖီ) ထွန်းကားခြင်းကြောင့်ဖြစ်ကြောင်း အထင်အရှား တွေ့ရပေမည်။ ထို့ကြောင့် သိပ္ပံပညာထွန်းကားသော ဤခေတ်ထဲတွင် အသက်ရှင်နေကြရသော ကျွန်ုပ်တို့မှာလည်း ကြီးကျယ်မြင့်မားနေပြီဖြစ်သော သိပ္ပံအဆောက်အအုံကြီးကိုသာ မလေ့လာဘဲ ထိုအဆောက်အအုံကြီး ပေါ်ပေါက်လာအောင် အခြေခံထားသော အုတ်မြစ်ကြီးကိုပါ သိဖို့လိုပြီဖြစ်သည်။ ထိုအုတ်မြစ်ကား အခြားမဟုတ်၊ သဘာဝတ္တလောကကြီးကို အသိဉာဏ်ဖြင့် စူးစမ်းလေ့လာ အဖြေရှာသော ဖီလိုဆိုဖီပညာရပ်ပင်ဖြစ်၏။

ဖီလိုဆိုဖီပညာကို စာသင်သားများနှင့်တကွ အတွေးအခေါ်ကို လေ့လာလိုက်စားသူများ၊ အခြေခံ က,ခ,မှစ၍ သိအောင်သာ ဤစာအုပ်တွင် ကြိုးပမ်းထားပါသည်။ ဤစာအုပ်သည် ဖီလိုဆိုဖီပညာ၏ အစသာဖြစ်ပြီး ဤပညာ၏ နက်နဲကျယ်ဝန်းပုံကို ရှေ့တိုးလေ့လာကြရန် သွေးဆွပေးရုံမျှသာ ရှိပါသေး၏။

ယုတ္တိတန်သော အတွေးအခေါ်များ၊ သိပ္ပံနည်းကျသော အတွေးအခေါ်များဖြင့် ကျွန်ုပ်တို့သည် ပိုမိုကောင်းမွန်သာယာသော လူ့ဘောင်သို့ ချီတက်ကြပါစို့။

**ဆန်းလွင်**

## နိဒါန်း

## အခန်း (၁)

# ဖီလိုဆိုဖီဆိုတာ ဘာလဲ

ဖီလိုဆိုဖီ (Philosophy) ဆိုသည်မှာ ခေါမဘာသာစကားဖြစ်သည်။ (ဖီလို– မြတ်နိုးခြင်း+ဆိုဖီယာ– အသိပညာ) အဓိပ္ပာယ်မှာ အသိပညာကို မြတ်နိုးခြင်း၊ လေ့လာလိုက်စား အပတ်တကုတ်ရှာဖွေဆည်းပူးခြင်းဟု စကားလုံးအဓိပ္ပာယ်ရသည်။

ဤစကား၏ ကျယ်ပြန့်သောအဓိပ္ပာယ်မှာ လောကအတွင်းရှိ အရာဝတ္ထုတို့၏ သဘာဝတ္တအနေအထားများကို ခြုံ၍တစ်မျိုး၊ အနုစိတ်၍တစ်ဖုံ လေ့လာ၍ သိရှိနားလည်အောင် ကြိုးပမ်းခြင်းသည် ဖီလိုဆိုဖီမည်၏။ ထိုသို့ လောကဆိုင်ရာ အသိတရားများကို ရရှိရေးနှင့် ထိုအသိတရားများကို လူသားအတွက် အသုံးချရေးသည် ဖီလိုဆိုဖီ၏ကိစ္စဖြစ်သည်။

သို့ရာတွင် ဖီလိုဆိုဖီသည် သိပ္ပံပညာကဲ့သို့ ဓာတ်ခွဲခန်းဖြင့် လောကဆိုင်ရာအမှန်တရားများကို ခွဲစိတ်ဝေဖန်သော ပညာမဟုတ်။ တက္ကဗေဒနည်းစနစ်များဖြင့် ထိုအမှန်တရားများကို သဘောတရားသက်သက် လေ့လာစိစစ် စူးစမ်းဝေဖန်သော ပညာဖြစ်သည်။

လူသည် အဘယ်ကဲ့သို့သော သတ္တဝါဖြစ်သနည်း။ အခြားသတ္တဝါများနှင့် လူသည် အဘယ်သို့ ခြားနားပါသနည်း စသည့်မေးခွန်းများမှ လောကသဘာဝကြီးတစ်ခုလုံးကို စူးစမ်းလေ့လာခြင်းသည်လည်း ဖီလိုဆိုဖီမည်၏။

ထိုသို့ တွေးခေါ်မြော်မြင်ရာ၌ မိမိတို့ထင်သလို ပရမ်းပတာ တွေးတောစိတ်ကူးယဉ်ခြင်းမျိုးကို ဖီလိုဆိုဖီဟု မခေါ်ပေ။ ဖီလိုဆိုဖီသည် စည်းကမ်း၊

http://www.linhtet.com



ဘောင်၊ စနစ်ဖြင့် တွေးခေါ်မြော်မြင်ရေးသဘောတရားသာဖြစ်သည်။

ဖီလိုဆိုဖီသည် ရာဇဝင်၊ သင်္ချာ၊ ရူပဗေဒ၊ စိတ္တဗေဒ၊ ဓာတုဗေဒ စသည့် ဘာသာရပ်များကဲ့သို့ သဘာဝ၏အစိတ်အပိုင်းတစ်ခုကိုသာ ဝ,ကွက်၍ လေ့လာခြင်းမျိုးကားမဟုတ်။ လောကကြီးတစ်ခုလုံးကိုခြုံ၍ စဉ်းစားတွေးခေါ်ခြင်းမျိုးသာဖြစ်သည်။

## ဖီလိုဆိုဖီ ထိုးတက်ထွန်းကားလာပုံ

အနောက်တိုင်း ဖီလိုဆိုဖီသည် ခေါမလူမျိုးတို့၏ လူမှုအဖွဲ့အစည်းမှ စတင်တိုးတက်ထွန်းကားလာသည်ဟု မှတ်ယူကြသည်။ ခေါမလူမျိုးတို့သည် သဘာဝရုပ်လောကကြီး၏ အပြောင်းအလဲများ၊ အဖြစ်အပျက်များကို မြင်တွေ့ရသောအခါ ဦးစွာအံ့သြမိကြသည်။ ထိုသို့ အံ့သြရာမှ တစ်စတစ်စ ထိုအဖြစ်အပျက်၊ အပြောင်းအလဲများမှာ ဘာကြောင့်ဖြစ်နေရသနည်းဟု သိချင်လာကြသည်။ ဤတွင် ဖီလိုဆိုဖီစတင်ခဲ့လေသည်။

သို့ရာတွင် ဖီလိုဆိုဖီစတင်ပေါ်ပေါက်လာချိန်က ခေါမတိုင်းသားတို့၏ အသိဉာဏ်နုနယ်မှုကြောင့် ဘာသာရေးနှင့် ဖီလိုဆိုဖီကို မခွဲနိုင်ဘဲရှိခဲ့သည်။

လောကအဖြစ်အပျက်များကို ပြုပြင်ဖန်တီးမှုများရှိရမည်။ ထိုပြုပြင်ဖန်တီးနေသောအရာသည် အဘယ်အရာနည်း။ ဤမေးခွန်းသည် အရေးကြီးလာခဲ့၏။

ခေါမတွေးခေါ်ရှင်များသည် ဖြစ်ပျက်ပြုပြင်ပြောင်းလဲမှုများ၏ နောက်ကွယ်မှ မပြောင်းလဲသောအမှန်တရားကြီးကို တွေးခေါ်မြော်မြင်ခဲ့ကြသည်။ သူတို့သည် အထက်ပါမေးခွန်းတစ်ခုအတွက် အဖြေအမျိုးမျိုးကိုလည်း ပေးခဲ့ကြသည်။ သို့ရာတွင် သူတို့၏ ဖီလိုဆိုဖီသည် ရုပ်လောကကိုလွန်၍ စဉ်းစားသောအတွေးအခေါ်သာ ဖြစ်ခဲ့သဖြင့် ယုတ္တိမတန်ခဲ့ပေ။

မည်သို့ပင်ဆိုစေ သူတို့၏ကြိုးပမ်းမှုများ၊ ကမ္ဘာ့တွေးခေါ်မှုသမိုင်း၌ နောင်အခါ ထင်ရှားလာမည့် သိပ္ပံပညာကိုလည်းကောင်း၊ သင်္ချာနှင့် အခြားပညာရပ်များအတွက်လည်းကောင်း များစွာအကျိုးသက်ရောက်မှုရှိခဲ့လေသည်။

အာရစ္စတိုတယ် လက်ထက်သို့ ရောက်သောအခါတွင်ကား ခေါမ

http://www.linhtet.com



အတွေးအခေါ်များသည် သိပ္ပံဆန်လာသည်ကို တွေ့ရပေသည်။ လူရေးလူရာများ၊ လူ၏သိမှုဆိုင်ရာနည်းလမ်းများကိုလည်း ခေါ်မတွေးခေါ်ရှင်များ တွေးခေါ်ခဲ့ကြလေသည်။

ခေတ်သစ်သို့ရောက်သောအခါတွင်ကား အတွေးအခေါ်၏ ပုံသဏ္ဌာန် ပြောင်းလဲသွားသည်။ ရုပ်လောကကြီးနှင့် လူသား၏အဇ္ဈတ္တသန္တာန်တို့ ဆက်စပ်ပုံကို တွေးခေါ်လာကြသည်။ ဤလောကကြီးသည် ရှိ၏။ ထိုလောကကို လူသည် မည်သို့သိနိုင်သနည်း။ လူသိသောအရာသည် စစ်မှန်ပါ၏လော စသည့်သိမှုဆိုင်ရာ ပြဿနာသည် ကြီးကျယ်လာလေသည်။

အနောက်နိုင်ငံများ၌ သိပ္ပံပညာထွန်းကားလာပြီဖြစ်သောကြောင့်လည်း ဖီလိုဆိုဖီသည် တဖြည်းဖြည်းပို၍ စနစ်ကျလာသည်။ သို့ရာတွင် ရုပ်လွန်တွေးတောမှုများကား ပပျောက်သွားခြင်းမရှိခဲ့ပေ။

၂၀ ရာစုနှစ်အတွင်းသို့ ဝင်ရောက်လာသောအခါတွင်ကား ကမ္ဘာပေါ်တွင် သိပ္ပံပညာ၏အရှိန်အဝါလည်း များစွာတိုးတက်ထွန်းကား ကြီးမားလျက်ရှိလေပြီ။ တက္ကဗေဒမှာလည်း အကြီးအကျယ်ထွန်းကားနေပြီဖြစ်ပေရာ တွေးခေါ်ရှင်များသည် ဖီလိုဆိုဖီဆိုင်ရာ အမြင်များကို ပြောင်းလဲလာကြလေသည်။ တက္ကဗေဒသည် သင်္ချာဘာသာ၏အခြေခံဖြစ်သကဲ့သို့ ဖီလိုဆိုဖီသည်လည်း သိပ္ပံပညာ၏ အခြေခံဖြစ်သည်ကို မြင်လာကြသည်။

ဖီလိုဆိုဖီသည် သိပ္ပံပညာနှင့် တစ်သားတည်းဖြစ်နေကြောင်း တွေ့ရှိလာသောအခါ ဖီလိုဆိုဖီဆိုင်ရာ တွေးခေါ်ပုံနည်းလမ်းများမှာလည်း သိပ္ပံနည်းကျဖြစ်လာလေသည်။

စင်စစ် ဖီလိုဆိုဖီသည် လူသား၏ဘဝအမြင်ဖြစ်၍ ထိုဘဝအမြင်သည် လူသားအား ပိုမိုကောင်းမွန်တိုးတက်သော အခြေအနေသို့ ရောက်အောင် ပို့ဆောင်သော မီးရှူးတန်ဆောင်ဖြစ်သတည်း။

http://www.linhtet.com

# အခန်း (၂)

# ဆိုကရေးတီးစ်ထက် ရှေးကျသော ခေါ်မတွေးခေါ်ရှင်များ

အနောက်တိုင်း၌ ဖီလိုဆိုဖီသည် 'ဂရိ(ခ်)'ခေါ် 'ခေါမ'လူမျိုးတို့ဆီမှ စတင်ပေါ်ပေါက်ခဲ့လေသည်။ ခေါမတိုင်းမှ စတင်ပေါ်ပေါက်ခဲ့သော အတွေး အခေါ်တို့သည် ရောမအင်ပိုင်ယာကြီး ကောင်းစားစဉ်ကာလ၌လည်းကောင်း၊ အလယ်ခေတ်များကိုကျော်လွန်၍ **'စကော်လပ်စတစ်ဖီလိုဆိုဖီ'**[၁]ခေါ်သော ဘုရားကျောင်းတော် ဖီလိုဆိုဖီထွန်းကားသည့်အချိန်အထိပင် လူတို့၏အတွေး အခေါ်မှန်သမျှကို လွှမ်းမိုးနေခဲ့လေသည်။ သို့ရာတွင် ၁၇ ရာစုနှစ်အတွင်း ခေတ်သစ် ဖီလိုဆိုဖီ၏ဖခင်ဟု သမုတ်အပ်သော ပြင်သစ်တွေးခေါ်ရှင်ကြီး ဒေးကား[၂] ပေါ်ပေါက်လာသောအခါ ခေါမတိုင်းမှ အတွေးအခေါ်များသည် လူ့တွေးခေါ်မှုသမိုင်းတွင် ဆက်လက်လွှမ်းမိုးနိုင်ခြင်းရှိသေးသော်လည်း အတွေးအခေါ်ပုံစံကား ပြောင်းလဲလာခဲ့လေသည်။ ၁၇ ရာစုမှာ သိပ္ပံပညာ စတင်ထွန်းကားလာပြီဖြစ်ရာကား ဖီလိုဆိုဖီ၏ပုံသဏ္ဌာန်မှာလည်း အနည်း ငယ် ပြောင်းလဲသွားသည်ကို တွေ့ရသည်။

ထိုသို့ ကမ္ဘာ့သမိုင်း၌ ခေတ်ပြောင်းလာသည်နှင့်အမျှ လူတို့၏အတွေး

---

၁။ စကော်လပ်စတစ်ဖီလိုဆိုဖီ– Scholastic Philosophy.

၂။ ဒေးကား– Descartes the Father of Modern Philosophy.

http://www.linhtet.com



အခေါ် ပုံသဏ္ဌာန်များလည်း ပြောင်းလဲခဲ့ရသည်ဖြစ်ရာ ဖီလိုဆိုဖီ အတွေး အခေါ် သဘောတရားများကို လေ့လာဆည်းပူးကြသည့် သုတေသီများအဖို့မှာ သဘောတရားသက်သက်ကို ကွင်းကွက်၍ လေ့လာသည်ထက် သမိုင်း စဉ်တစ်လျှောက် ပြောင်းလဲတိုးတက်ပုံကွင်းဆက်ကိုပါ လေ့လာပါလျှင် အကျိုးများမည်ဟု ယုံကြည်မိပါသည်။ ဤအာသီသ ပြည့်မြောက်စေရန် အတွက် ကျွန်ုပ်တို့သည် ဤစာအုပ်တွင် သဘောတရားများကို ဝ,ကွက်၍ မတင်ပြဘဲ သမိုင်းစဉ်လာ တိုးတက်ဖြစ်ထွန်းကြောင်း တရားများကိုပါ နောက်ခံကားအဖြစ် ထည့်သွင်းရေးသားလိုက်ရပါသည်။

စင်စစ် ထိုသို့မဟုတ်မူဘဲ 'ပလေတို'၊ 'အာရစ္စတိုတယ်' မှစ၍ နောက်ဆုံး 'ဘာထရန်ရပ်ဆယ်လ်'တို့၏ သဘောတရားအတွေးအခေါ်များကိုသာ ဖောက်၍လေ့လာမည်ဆိုပါလျှင် ဖီလိုဆိုဖီပညာတွင်သာမက မည်သည့် ပညာတွင်မဆို ခရီးမရောက် သဘောမပေါက်ဘဲ ရှိနေမည်မှာ မုချပင်ဖြစ်သည်။ 'ပလေတို'၊ အရစ္စတိုယ်' စသူတို့၏ ဖီလိုဆိုဖီသဘောတရားများကို နားလည်ရန်အတွက် ကျွန်ုပ်တို့သည် ရှေးခေါ်မခေတ်သမိုင်းမှ **လူမှုရေး ပြဿနာများ**[၁]နှင့် ထုံးတမ်းစဉ်လာ **ကျင့်နည်းဆိုင်ရာ လောကနီတိပြဿနာ များ**[၂] ကိုပါ အတန်အသင့်သိရပေဦးမည်။ သို့မှသာ ရှေးခေတ်မှသည် ယနေ့သို့တိုင် ပေါ်ပေါက်ဖြစ်ထွန်းခဲ့လေပြီးသော အတွေးအခေါ်သဘော တရား အဖုံဖုံ၊ ပြဿနာအစုံစုံကို လွယ်ကူစွာ ခြုံ၍စဉ်းစားနိုင်ပေမည်။

## ၁။ ဖီလိုဆိုဖီ၏အစ

ခေါ်မတိုင်းမှ ပညာရှိတွေးခေါ်ရှင်ကြီးတစ်ဦးဖြစ်သူ 'ပလေတို'[၃] ကမူ ဖီလိုဆိုဖီပညာ၏ တွေးခေါ်မှုနှင့် သဘောတရားများသည် 'အံ့သြခြင်း'က စတင်ခဲ့လေသည်ဟု ဆိုသည်။ ရှေးခေတ် ဖီလိုဆိုဖီ၏ မူလအခြေခံရာအစ ကို ဖော်ထုတ်ကြရာ၌ ပလေတို၏စကား မှန်ပေသည်။ သို့ရာတွင် ခေတ်

---

၁။ Social problems – လူမှုရေးရာပြဿနာများ

၂။ Moral problems – လူကျင့်နည်းဆိုင်ရာ လောကနီတိ ပြဿနာများ

၃။ Plato – ပလေတို

http://www.linhtet.com



သစ် ဖီလိုဆိုဖီအခန်းသစ်စတင်သောအခါ၌ကား အံ့သြခြင်းသည် မူလအခြေခံအစမဟုတ်တော့ဘဲ 'ဒွိဟသံသယ'ဖြစ်မှုသည်သာ ဖီလိုဆိုဖီ စတင်ရာအကြောင်းဖြစ်ခဲ့၏။ ထို့ကြောင့် ခေတ်ဟောင်းနှင့် ခေတ်သစ်ဖီလိုဆိုဖီ၏ပုံသဏ္ဌာန် လက္ခဏာများလည်း မတူကြချေ။

'အဘယ်အရာကို မြင်၍ အံ့သြကြသနည်း'

ရှေးခေါမခေတ်အခါက ခေါမတိုင်းသားတို့သည် 'ပိုလစ်'[၁] ခေါ် 'မြို့ပြနိုင်ငံ'[၂] များ တည်ထောင်၍ အများဆန္ဒနှင့် အုပ်ချုပ်နေထိုင်ခဲ့ကြသည်။ ထိုစဉ်က ဤပိုလစ်ခေါ် မြို့ပြနိုင်ငံများတွင် နေထိုင်သူများသည် ၎င်းတို့ လက်ခံကျင့်သုံးကြသော အုပ်ချုပ်ရေးနှင့် လူမှုရေးရာစနစ်များက ဖန်တီးပြုပြင်မှုကြောင့် ထိုသူတို့မှာ တွေးခေါ်မှု၌ များစွာစိတ်ဝင်စားကြလေသည်။

ခေါမလူမျိုးများမှာ ဩကာသလောကကြီးတစ်ခုလုံးကို အမြဲတစေမျက်စိအစုံဖွင့်၍ ကြည့်ရှုစူးစမ်းကြသူများဖြစ်သည်။ ထိုသို့ စူးစမ်းမိသောအခါ အစက မိမိတို့မသိမမြင်ခဲ့ဖူးသေးသော အပြောင်းအလဲများ၊ သင်္ခါရတရားများကို မြင်တွေ့လာကြသည်။ သတ္တလောက၌ကြုံကြိုက်ရသော ပြောင်းလဲမှုများသည် ထိုသူသားတို့၏ စိတ်အာရုံ၌စွဲငြိလာသည်။

လူသားသည် မမြင်ဖူးသောအရာကို မြင်လာရသောအခါ၌လည်းကောင်း၊ မတွေ့ကြုံဖူးသေးသော အဖြစ်အပျက်များကို ရင်ဆိုင်တွေ့ကြုံခံစားရသောအခါ၌လည်းကောင်း 'အံ့သြခြင်း' တွေဝေခြင်း ဖြစ်ကြပေမည်။

အံ့သြခြင်းကပင် ထိုလူသားတို့အား ဤပြောင်းလဲမှု အခြင်းအရာတို့သည် အဘယ့်ကြောင့် ဖြစ်ရပါသနည်းဟူသော စူးစမ်းလိုသော အတွေးဆီသို့ ခေါ်ဆောင်သွားလေသည်။

အဘယ့်ကြောင့် မိုးသည်းထန်စွာ ရွာရသနည်း။ အဘယ့်ကြောင့် မီးတောင်ပေါက်ကွဲရသနည်း။ အဘယ့်ကြောင့် မြေငလျင်ကြီးလှုပ်ရသနည်း

---

၁။ Polis – ပိုလစ်

၂။ City- State – မြို့ပြနိုင်ငံ

http://www.linhtet.com



စသောမေးခွန်းတို့သည် ရှေးခေတ်လူများ ခေါင်းထဲတွင် ဖြစ်ပေါ်သော 'အကြောင်းရှာသည့်မေးခွန်းများ' ဖြစ်လေသည်။ သူတို့တွေ့ကြုံနေရသော အဖြစ်သနစ်၊ အပြောင်းအလွဲ၊ အပျက်အစီးမှန်သမျှသည် အကျိုးတရားများသာဖြစ်၍ ထိုအကျိုးတရားများ၏နောက်ကွယ်တွင် မမြင်သာသော အကြောင်းတရားရှိရမည်ဟု တွေးတောလာကြသည့်အလျောက် ထိုအကြောင်းတရားကို ရှာကြည့်ကြသည်။

ထိုသို့အကြောင်းတရားကို တွေးခေါ်ရှာကြံကြရာ၌ ယခုဖြစ်ပျက်နေသော အခြင်းအရာ ခပ်သိမ်းသည် တည်မြဲမှုမရှိ။ မျက်စိမှာ မြင်လိုက် ပျောက်သွားလိုက်နှင့် တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲဖြစ်ပျက်နေ၏။ သို့ဆိုလျှင် ဤအပြောင်းအလဲတို့ကား အမှန်တရားများမဟုတ်ကြပေ။ အနှစ်သာရကင်းမဲ့သော အပေါ်မြင်အရိပ်သဏ္ဌာန်၁ များသာဖြစ်ရမည်။ ထိုသို့တပြီကား၊ ထို အပေါ်မြင်အရိပ်သဏ္ဌာန်တို့၏ နောက်ကွယ်တွင် အနှစ်သာရနှင့်ထာဝရပြည့်စုံစေသော အမှန်တရားသည်သာ အကြောင်းတရားအဖြစ် အမြဲတည်ရမည်ဟု မှတ်ယူတွေးခေါ်လာကြသည်။

## ၂။ ခေါမလူမျိုးတို့၏ယုံကြည်ကိုးကွယ်မှုနှင့် ဖီလိုဆိုဖီ

ဆိုခဲ့ပြီးဖြစ်သော သဘာဝတ္တ ကမ္ဘာလောကကြီးမှ ပြောင်းလဲမှုများကို နားလည်လိုသောဆန္ဒသည် ထိုပြောင်းလဲမှုများဖြစ်ပေါ်အောင် ဖန်တီးသည့် အကြောင်းကို နားလည်အောင် ကြိုးစားမှုဆီသို့ ရောက်ရှိလာလေသည်။ ဂရိ(ခ်) ခေါ် ခေါမတိုင်းသားတို့သည် အစဦးပိုင်း၌ သဘာဝတ္တပြောင်းလဲမှုသဘော၏အကြောင်း အမှန်တရားကို ရှာမရဘဲ အံ့သြခြင်းအခြေခံကြောင့် နတ်ဘုရားကိုးကွယ်မှုများဆီသို့သာ ရောက်ရှိသွားသည်ကို တွေ့ရသည်။ ခေါမတိုင်းသားတို့၏ ကိုးကွယ်ရာ ဘာသာတရားကို စူးစမ်းကြည့်သောအခါ

---

၁။ Appearence – အပေါ်မြင်အရိပ်သဏ္ဌာန်

၂။ Reality – အမှန်တရား

၃။ Olympus – အိုလံပတ်စ်

၄။ Zeus – ဇီးယတ်

http://www.linhtet.com



အိုလံပတ်(စ်)[၃]၊ ဇီးယတ်[၄] စသော နတ်ဘုရားများကို လူတို့၏ကံကြမ္မာကို ဖန်တီးကြသော တန်ခိုးတော်ရှင်များအဖြစ် ကိုးကွယ်ခဲ့ကြသည်ကို တွေ့ရ၏။

သို့ရာတွင် ဤဒဏ္ဍာရီဆန်သော အတွေးအခေါ်များမှာ ခေါမတိုင်းတွင် ကြာရှည်တည်တံမနေဘဲ ဘီစီ ၆၀၀ နှင့် ၅၀၀ ခုနှစ်များအတွင်း အပြောင်းအလဲနှင့် ရင်ဆိုင်ရလေသည်။

ခေါမတိုင်းသားတို့နယ်ချဲ့ကြသောအခါ အိုင်အိုးနီးယားခေါ်သောဒေသသည် ခေါမလူမျိုးတို့၏ ကိုလိုနီနယ်မြေတစ်ခု ဖြစ်လာလေသည်။ ထိုဒေသမှာ နောင်အခါ ခေါမတွေးခေါ်ရှင်များ မွေးထုတ်ရာမြေဖြစ်လာ၏။

ဘီစီ ၆ ရာစုသို့ရောက်သောအခါ ထိုဒေသရှိ မီလိတပ်(စ်)မြို့တွင် ကျွန်ုပ်တို့ ယခုဖော်ပြအံ့သော ဖီလိုဆိုဖီကို ဦးစွာတွေးခေါ်မည့်ပုဂ္ဂိုလ်များ ပေါ်ပေါက်လာ၏။ ထိုသူများအနက် သေးလိ(စ်) (ဘီစီ ၆၂၄–၅၄၈)မှာ အနောက်တိုင်း ဖီလိုဆိုဖီ၏အစကို စူးစမ်းသူဖြစ်ရကား အနောက်တိုင်း ဖီလိုဆိုဖီသမိုင်းတွင် ၎င်းအား ဖီလိုဆိုဖီ၏ ဖခင်ကြီးဟု သမုတ်ကြလေသည်။

မိလိတပ်(စ်)မြို့သား တွေးခေါ်ရှင်များမှာ ယခင်ကကဲ့သို့ ဒဏ္ဍာရီဆန်သော အတွေးအခေါ်များမှ ကင်းလွတ်ကာ ဩကာသ လောကကြီးကို ရှုမြင်ရာ၌ သဘာဝဝါဒအခြေခံကိုသာ လက်ခံလာကြသည်။ တစ်နည်းဆိုလျှင် သူတို့၏တွေးခေါ်မှုသည် အောက်ခြေလွတ်သော အတွေးမျိုးမဟုတ်တော့ဘဲ သဘာဝတရားကြီးနှင့် ပိုမိုနီးစပ်လာပြီဟု ဆိုနိုင်သည်။

မီလိတပ်(စ်)မြို့သား တွေးခေါ်ရှင်တို့သည် သဘာဝဝါဒလောကကြီး အတွင်း အပြောင်းအလဲ အဖြစ်အပျက်မှန်သမျှ နတ်ဘုရားတို့၏ ပြုပြင်ဖန်တီးမှုဖြစ်သည်ဟု မမှတ်ယူတော့ချေ။ ထိုသဘာဝတရားကြီး၌ ဖြစ်ပျက်နေသော အခြင်းအရာတို့၏ အန္တိမ အကြောင်းတရားမှန်သည် ထိုသဘာဝကြီးထဲ၌ပင်ရှိသည်ဟု လက်ခံလာကြသည်။ ထို့ကြောင့် သူတို့လက်ထက်တွင် ဖီလိုဆိုဖီ၏အခြေခံသည် သဘာဝလောကကြီးသာ ဖြစ်လာခဲ့သည့်

---

၁။ Naturalistic Philosophy – သဘာဝ (ရုပ်လောက)ဆန်သော ဖီလိုဆိုဖီ၊

http://www.linhtet.com



အလျောက် ဖီလိုဆိုဖီ၏ အသွင်သဏ္ဌာန်မှာလည်း သဘာဝ (ရုပ်လောက) ဆန်နေပေတော့သည်။ ခေါ်မတိုင်းသား တွေးခေါ်ရှင်တို့ ဦးစွာစိတ်ဝင်စားသော ပြဿနာကြီးမှာ 'ဆဗ်စတင့်(စ်)'ခေါ် မပြောင်းလဲသော 'အမှန်ထာဝရဝတ္ထု'[၁] ဆိုင်ရာ ပြဿနာပင်ဖြစ်လေသည်။

မီလီတပ်(စ်)မြို့သား တွေးခေါ်ရှင်ကြီးများ ဦးနှောက်တွင်ဦးစွာတွယ်ကပ်လာသောမေးခွန်းမှာ–

'ခပ်သိမ်းသောအရာဝတ္ထုမှန်သမျှတို့၏ အဆုံးစွန်၌တည်သော အမှန်တရား[၂] ကြီးသည် အဘယ်နည်း'

ဟူသောမေးခွန်းဖြစ်သည်။ တစ်နည်းဆိုသော် ကျွန်ုပ်တို့ ထိတွေ့မြင်သိ အာရုံကျက်စားရာဖြစ်သော ဤလောကကြီးသည် အမြဲဖောက်ပြန်ပြောင်းလဲ မတည်မြဲသည်ဖြစ်၍ ထိုလောကနောက်ကွယ်၌ အမြဲတည်၍ မဖောက်ပြန်သော အရာဝတ္ထုသည် ရှိရမည်။ ထိုအရာသည် အဘယ်နည်းဟူလို၏။

ဤအချိန်မှစ၍ ဖီလိုဆိုဖီသမိုင်းတွင် 'အမှန်တရား'ဟူသည် အဘယ်နည်းဟူသောမေးခွန်းသည် ကြီးကျယ်လာခဲ့လေသည်။ ထိုမီလီတပ်(စ်)မြို့သား တွေးခေါ်ရှင်များက ဤမေးခွန်းအတွက် အဖြေမျိုးစုံပေးကြသည်ကို နောက်အခန်းများတွင် တွေ့ကြရပေမည်။

မှတ်သားဖွယ်ကောင်းသော အချက်မှာ ထိုခေတ်က ထာဝရအမှန်တရားကို စူးစမ်းရှာဖွေကြသော တွေးခေါ်ရှင်များမှာ အနိစ္စသဘောနှင့် နိစ္စသဘော (ပြောင်းလဲခြင်းနှင့် မပြောင်းလဲခြင်း)ဆိုင်ရာ ပြဿနာများကိုလည်း လက်မလွှတ်ဘဲ စဉ်းစားနေကြလေပြီ။

သို့ရာတွင် သီးခြားပြဿနာတစ်ရပ်အနေနှင့်ကား တစ်ခန်း တစ်ကဏ္ဍထားကြသည်မဟုတ်ဘဲ ပြောင်းလဲပျက်စီးနေသောအရာများသည် အမှန်တရားမဟုတ်။ အမှန်တရားသည် နိစ္စ၊ ထာဝရ၊ မပြောင်းလဲပျက်စီးရစသဖြင့် အမှန်တရားဆိုင်ရာ ပြဿနာများနှင့်သာ ရောပေါင်းကာ စဉ်းစားအဖြေရှာခဲ့ကြလေသည်။

---

၁။ Substance – အမှန်ထာဝရဝတ္ထု

၂။ Ultimate Reality – အဆုံးစွန်၌တည်သော ထာဝရအမှန်တရား (မပြောင်းလဲသော နိစ္စထာဝရဝတ္ထု)

http://www.linhtet.com



မီလိတပ်(စ်)မြို့သား တွေးခေါ်ရှင်များမှာ အထင်အရှား (၃) ဦးရှိလေသည်။ ၎င်းတို့မှာ–

(၁) သေးလိ(စ်)[၁]

(၂) အနက္ကစီမန်ဒါး[၂] နှင့်

(၃) အနက္ကစီမင်နီး(စ်)[၃] တို့ဖြစ်၏။ ၎င်းတို့အား အနောက်တိုင်း ဖီလိုဆိုဖီသမိုင်းတွင် သဘာဝ (ရုပ်လောက)ဆန်သော တွေးခေါ်ရှင်များဟု မှတ်ယူကြသည်။ အကြောင်းမှာကား ထိုပုဂ္ဂိုလ်တို့သည် အမှန်တရားကို အဖြေထုတ်ကြရာ၌ ရုပ်လောက၊ သဘာဝလောကအတွင်းမှ ဝတ္ထုပစ္စည်းတို့ဖြင့် ထုတ်ဖော်ရှင်းလင်းခဲ့သောကြောင့်ပင်တည်း။

## ၃။ ‘အမှန်ထာဝရဝတ္ထု’ဆိုသည် အဆယ်နည်း။

## သေးလိ(စ်) THALES

## (၆၂၄–၅၈၄)

**သေးလိစ်**။ ။ မီလိတပ်စ်မြို့သားဖြစ်သည်။ ဘီစီ ၆၂၄ ခန့်တွင် ဖွားမြင်သည်။ ဘီစီ ၅၅၄ နှင့် ၅၄၈ အတွင်း အနိစ္စရောက်သည်ဟု ခန့်မှန်းရသည်။ သူ့ကို နိုင်ငံရေးသမားအဖြစ်လည်းကောင်း၊ သင်္ချာပါရဂူအဖြစ်လည်းကောင်း၊ နက္ခတ္တဗေဒဆိုင်ရာ ပညာကျော်အဖြစ်လည်းကောင်း၊ ဖီလိုဆိုဖီ (ခေါ်မ)၏ ဖခင်ကြီးအဖြစ် အသိအမှတ်ပြုကြရလေသည်။ သူသည် ဘီစီ ၅၈၅ မေလ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သော နေကြတ်ခြင်းကို ကြိုတင် ဟောကြားနိုင်ခဲ့သည်ဟု အဆိုရှိလေသည်။

သေးလိစ်အား ခေါ်မ ဖီလိုဆိုဖီကို စနစ်တကျစတင်သူအဖြစ်လည်းကောင်း၊ ရှေးက စိတ်ကူးယဉ်သော မရေမရာအတွေးအခေါ်များ၊ ယုတ္တိမရှိသော အကြောင်းရှာ ယုံကြည်မှုမျိုးများမှ လုံးဝကင်းလွတ်သည်အလျောက်

---

၁။ Thales – သေးလိစ်

၂။ Anaximanda – အနက္ကစီမန်ဒါး

၃။ Anaximenes – အနက္ကစီမင်နီးစ်

http://www.linhtet.com



သဘာဝတ္တလောကအခြေခံပေါ်တွင် ဖီလိုဆိုဖီကို စနစ်တကျတည်ဆောက် ပေးသူအဖြစ်လည်းကောင်း အသိအမှတ်ပြုကြရပေသည်။ ဖီလိုဆိုဖီဆိုင်ရာ ပြဿနာများအတွက် အဖြေရှာရာ၌ သေးလိစ်သည် ဒဿနိကပုံပြင်ဆန်သော အတွေးအခေါ်များကို ရှောင်ဖယ်ခဲ့သူဖြစ်၏။ ဤအချက်ကပင် ဖီလိုဆိုဖီ သမိုင်း၌ သူ့ကို ထင်ရှားစေလေသည်။ အမှန်ထာဝရဝတ္ထုဆိုသည် အဘယ် နည်းဟူသော မေးခွန်းအတွက် သေးလိစ်သည် အဖြေတစ်မျိုး ရှာပေးခဲ့သူ ဖြစ်၏။ ၎င်း၏အလိုအရ လောက၌ အမြဲမပြောင်းလဲ မဖောက်ပြန်ဘဲ ထာဝရအမှန်ဖြစ်သောဝတ္ထုမှာ 'အာပေါဓာတ်' ရေဓာတ်ဖြစ်ကြောင်း ထုတ် ဖော်ဟောကြားခဲ့လေသည်။ သေးလိစ် လက်ခံထားသော 'ရေ' သဘောမှာ ကျွန်ုပ်တို့ နေ့စဉ်တွေ့နေရသော ရေမျိုးမဟုတ်၊ မဟာဘုတ်ဓာတ်ကြီးလေးပါး ဖြစ်သော ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်၊ မြေဓာတ်တို့ကဲ့သို့ အရာခပ်သိမ်း ၏ မူလအခြေခံဓာတ်[၁] ကိုသာ ဆိုလိုသည်။ 'ရေ'သည်သာလျှင် အမှန်တရား[၂] ဆိုရာ၌ ရေသည် ဘယ်သောအခါမျှ အခြေခံအားဖြင့် မပြောင်းလဲရုံသာမက အခြားသောအရာဝတ္ထုမှန်သမျှမှာ ရေ၌သာ အခြေခံရသည်ဟုဆိုခြင်းဖြစ် သည်။ တစ်နည်းဆိုရလျှင် မည်သည့်အရာဝတ္ထုမဆို ရေကြောင့် ရှင်သန် ဖြစ်ပွားနေရ၏။ ရေသည် အစိုင်အခဲသို့လည်းကောင်း၊ အခိုးအငွေ့သို့လည်း ကောင်း၊ အရည်သို့လည်းကောင်း ပြောင်းလဲနိုင်၏။ ပိုမိုရှင်းလင်းစွာ ဖော်ပြရပါမူ ရေ (အာပေါဓာတ်)သည် အပူ (တေဇောဓာတ်) သို့လည်း ကောင်း၊ အခိုးအငွေ့ (ဝါယောဓာတ်)သို့လည်းကောင်း မြေပေါ်သို့ကျ၍ အတွင်းသို့ စိမ့်ဝင်သွားသောအခါ၌ မြေ (ပထဝီဓာတ်သို့လည်းကောင်း) ပြောင်းလဲနိုင်၏။ သေးလိစ်၏ သဘောတရားများအရ လောက၌ ရှိရှိသမျှ သော အရာခပ်သိမ်းတို့သည် ရေမှစတင်ရှင်သန်ပေါက်ပွား ကြီးထွားလာ ကြရပြီး နောက်ဆုံးတွင် ရေသို့ပင် ပြန်ပြောင်းကြရမည်။ သို့ရာတွင် သေးလိစ်က ထိုအရာခပ်သိမ်းတို့သည် ရေမှ မည်သို့စတင်ပေါ်ပေါက်ဖြစ် ထွန်းကြသည်ကိုမူ ရှင်းပြနိုင်ခဲ့ခြင်းမရှိချေ။ မည်သို့ပင်ဆိုစေ၊ ရှေးခေတ် ခေါ်မတွေးခေါ်ရှင်များ ယုံကြည်လက်ခံကြသကဲ့သို့ သေးလိစ်သည်လည်း

---

၁။ The basic element (Staff) – မူလအခြေခံဓာတ်၊

၂။ Water is real – ရေသည်သာလျှင် အမှန်တရား၊

http://www.linhtet.com



အရာဝတ္ထုတစ်ခုမှ အခြားအရာဝတ္ထုတစ်ခုသို့ ဘဝပြောင်းသည့်သဘောကို လက်ခံထားကြောင်းမှာ ထင်ရှား၏။ တစ်နည်းဆိုရလျှင် သူသည် သဘာဝ တရားကြီးအား ရှုမြင်ရာ၌ အမြဲလှုပ်ရှားပြောင်းလဲနေသော သဘောတရား အဖြစ် မြင်ထားခြင်းမှာ ထင်ရှားလှပေသည်။

## အနက္ကစီမန်ဒါး ANAXIMANDA
## (၆၁၀–၅၄၇ ဘီစီ)

**အနက္ကစီမန်းဒါး**။ ။ (၆၁၀–၅၄၇ ဘီစီ) သေးလိ(စ်)သည် ဖီလိုဆိုဖီနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ရေးသားခဲ့ခြင်းမရှိသော်လည်း အနက္ကစီမန်ဒါးကမူ ဖီလိုဆိုဖီနှင့်ပတ်သက်သော စာပေများကို ဦးစီးပြုစုသူဖြစ်၏။ သေးလိစ်၏တပည့်ရင်းဖြစ်သည်။ နက္ခတ်ဗေဒအတွက် အသုံးပြုသော ကိရိယာကို စတင်တီထွင်သူဖြစ်သည်။

သူ၏သဘောတရားများမှာ သေးလိစ်နှင့်နှိုင်းစာလျှင် အနည်းငယ် ပို၍နက်ရှိုင်းသည်ဟု ဆိုရပေမည်။ သေးလိစ် ယူဆယုံကြည်လက်ခံခဲ့သော "ရေသည် လောကထာဝရအမှန်တရား"ဆိုသော သဘောတရားကို အနက္ကစီမန်ဒါးက ငြင်းဆိုခဲ့၏။ သူ့အမြင်မှာ လောက၏ အမှန်ထာဝရဝတ္ထုသည် ရေဟုဆိုလျှင် ရေ (အာဘောဓာတ်)သည် အဆုံးအစမရှိသော သဘောတစ်ခုသာဖြစ်သောကြောင့် "အဆုံးအစကင်းမဲ့သော သဘောကြီး" တစ်ခုသာလျှင် အမှန်ထာဝရဝတ္ထုဖြစ်၏။ ထို "ဆုံးစမဲ့သောအရာ"၌ တစ်စုံတစ်ရာ ကွဲပြားခြားနားခြင်းမရှိသော်လည်း ထိုအရာကမှ လောကရှိ ခပ်သိမ်းသောအရာဝတ္ထုများ ပေါ်ပေါက်လာရသည်ဟုဆိုခဲ့သည်။

အနက္ကစီမန်းဒါး၏ ထို "ဆုံးစမဲ့သောအရာ"ဆိုသော သဘောတရား တစ်ခုကို အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြရာ၌ ဘားနက်ဆိုသူက (၁) "ဆုံးစ

---

၁။ Boundless Something or Infinite One – အဆုံးအစမထင်သောအရာ

Burnet- Early Gaccek Philosophy- p 59

၂။ Mixture – ဓာတ်ရော၊

မဲ့သောထိုအရာ"သည် ဓာတ်ရော[၂] သဘောတစ်မျိုးပင်ဖြစ်၍ ထိုအရာဆီမှ ကျန်လောကရှိဝတ္ထုပစ္စည်းများ ကွဲပြားခြားနားစွာ ပေါ်ပေါက်လာကြသည်။

(၂) "ဆုံးစမဲ့သောထိုအရာ" ဒိဋ္ဌမုချ ပြောမဖြစ်သောအရာသာဖြစ်၏။ အကြောင်းမှာ ထိုအရာ၌ တစ်စုံတစ်ရာ အရည်အသွေး၊ ဂုဏ်၊ လက္ခဏာ၊ အချင်းအရာ ကွဲပြားခြားနားမှုလည်းမရှိသောကြောင့်ပင်တည်း။

ထို "ဆုံးစမဲ့သောအရာ"၏ အတိုင်းအဆသည် ခန့်မှန်းယူ၍ရသည် မဟုတ်သောကြောင့် အနာဒိ (အစလည်းမရှိ) အနန္တ (အဆုံးလည်းမရှိ)ဟု ဆိုရလေသည်။ အနက္ကစီမန်ဒါး၏ သဘောတရား၊ အတွေးအခေါ်များအရ အရာခပ်သိမ်း၏ မူလအစသည် ဆိုခဲ့ပြီးသော ဆုံးစ မရှိမှုသာဖြစ်ပြီး ထိုသဘာဝကြီးမှ ဂြိုလ်၊ နက္ခတ်၊ တာရာများ ဖြစ်ပေါ်လာခဲ့သည်။ ထိုနည်းတူစွာ သက်ရှိပစ္စည်းမှန်သမျှမှာလည်း ထိုဆုံးစမထင် မသဲကွဲသော သဘာဝတရားကြီးမှ ပေါ်ပေါက်လာရသည်ဟူ၏။ ရှေးကျသော ခေါမတွေးခေါ်ရှင်များ၏ **မျှော်ခေါ်တွေးတောမှု**[၁]သည် ကျွန်ုပ်တို့အဖို့ ခေတ်မမီ၊ ယုတ္တိမတန် တော့ပြီဖြစ်သော်လည်း ဖိလိုဆိုဖီသမိုင်းစဉ်တစ်လျှောက်၌ တဖြည်းဖြည်း နက်နဲကျယ်ပြန့်လာသော တွေးခေါ်မှုအစဉ်မှာကား သုတေသီများအဖို့ လေ့လာဖွယ်ကောင်းသော ကိစ္စတစ်ရပ်ဖြစ်၏။

သေးလိ(စ်)နှင့် နှိုင်းစာကြည့်မည်ဆိုပါက အနက္ကစီမန်ဒါး၏ အတွေးအခေါ်များမှာ ပိုမိုတိုးတက်လာသည်ကို တွေ့ရသည်။ သေးလိ(စ်)က ရေ (အာဘောဓာတ်)ကို မူလအခြေခံပင်မဓာတ်အဖြစ် လက်ခံခဲ့သော်လည်း အနက္ကစီမန်ဒါးကမူ ရေကို **မူလအရှိတရား**[၂] အဖြစ် လက်မခံတော့ဘဲ **အဖြစ်တရား**[၃] အနေနှင့်သာ လက်ခံခဲ့သည်။ ထို့ပြင် အဖြစ်တရားတို့ ဖြစ်ပေါ်ပြောင်းလဲပုံအဆင့်ဆင့်ကို ဖော်ပြရာ၌လည်း အနက္ကစီမန်ဒါးက သေးလိ(စ်)ထက် ပိုမိုစနစ်ကျလာသည်ကို တွေ့ရသည်။

---

၁။ Speculation – မျှော်ခေါ်တွေးတောမှု၊

၂။ Being or primary Substance – မူလအရှိတရား၊

၃။ Becoming – အဖြစ်တရား၊

၄။ Indestructibility of mater – ရုပ်ဝတ္ထုတို့၏ချေဖျက်၍ မရနိုင်သောသဘော၊

http://www.linhtet.com



ဆုံးစမရှိသော ထိုသဘာဝကြီးတစ်ခုကို မြော်ခေါ်စဉ်းစားလက်ခံရာ၌ အနက္ကစီမန်ဒါးသည် ရုပ်ဝတ္ထု၏ **ချေဖျက်၍မရသောသဘော**[၄] တစ်ခုကိုပါ သတိပြုနေမိပြီဖြစ်ကြောင်း တွေ့ရသည်။

## အနက္ကစီမင်နီးစ်
## (၅၈၈-၅၂၄ ဘီစီ)

အနက္ကစီမင်နီး(စ်) မှာလည်း မီလီတပ်(စ်)မြို့သား တွေးခေါ်ရှင်တစ်ဦးပင်ဖြစ်သည်။ အနက္ကစီမန်ဒါး၏ တပည့်ရင်းတစ်ဦးဖြစ်သည်ဟု အဆိုရှိသည်။ အရာဝတ္ထုတို့၏ ပြောင်းလဲမှုဖြစ်စဉ်ကို သိပ်သည်းမှု၊ ပြန့်ကားမှုသဘောတို့ဖြင့် ပြဆိုရှင်းလင်းခဲ့သူဖြစ်သည်။ အရာခပ်သိမ်းတို့၏ မူလအခြေခံ ထာဝရဝတ္ထုကို သဘာဝတ္ထလောကအတွင်း၌ ရှာခဲ့သူ (၃)ဦးအနက် တစ်ဦးအပါအဝင်ဖြစ်လေသည်။

သေးလိ(စ်)နှင့် အနက္ကစီမန်ဒါးတို့၏ တွေးခေါ်ပုံများကို စဉ်းစားခဲ့ကြရာ၌ ထင်ရှားသောအချက်အနေနှင့် တွေ့ခဲ့ရသည်မှာ သူတို့နှစ်ဦးစလုံးပင် သဘာဝတရားကြီး၏ **မူလအခြေခံထာဝရဝတ္ထု (ဓာတ်)**[၁] ကို စူးစမ်းတွေးခေါ်ခြင်းပင်ဖြစ်သည်။ အပေါ်ယံမြင်အခြင်းအရာ ရုပ်သဏ္ဌာန်တို့၏ နောက်ကွယ်၌ မပြောင်းလဲ၊ မပျက်စီးသော ထာဝရရုပ်ဓာတ်တစ်ခုသည် ရှိရမည်။ ထို **အမြုတေဓာတ်**[၂] သည် အဘယ်အရာနည်းဆိုသော မေးခွန်းအတွက် အဖြေများလည်း တစ်ယောက်တစ်မျိုးပေးခဲ့ကြပြီ။

ယခု အနက္ကစီမင်နီးစ်လက်ထက်တွင်လည်း ထိုအမြုတေဓာတ် (ဝါ) မူလထာဝရဝတ္ထုကိုပင် တစ်နည်းတစ်ဖုံ ကြံဆပြန်လေသည်။ သူလည်း မူလထာဝရဝတ္ထုသည် အမျိုးအမည်အားဖြင့် တစ်မျိုးတစ်စားတည်း တစ်ခုတည်းသာဖြစ်၍ ကျန်ဝတ္ထုပစ္စည်းမှန်သမျှ အန္တိမ မူလအခြေခံ ထာဝရဝတ္ထုပေါ်တွင် တည်၍ ဖြစ်ရသည်ဟု ယုံကြည်လေသည်။ သို့ရာတွင် အနက္ကစီ

---

၁။ Underlying Substance – မူလအခြေခံထာဝရဝတ္ထု၊

၂။ Essential Elemeht – အမြုတေဓာတ်၊

http://www.linhtet.com



မန်ဒါး ယုံကြည်သကဲ့သို့ ထိုမူလအခြေခံထာဝရဝတ္ထုမှာ တိတိကျကျ ဖော်ပြရန်ခက်သော "ဆုံးစမထင်သောအရာ"မဟုတ်၊ အရာခပ်သိမ်း၏ မူလ အခြေခံ ထာဝရဝတ္ထုသည် လေ (ဝါယောဓာတ်)ဖြစ်သည်ဟု အနက္ကစီ မင်နီး(စ်)က ထုတ်ဖော်ဟောကြားခဲ့သည်။ အနက္ကစီမင်နီး(စ်) အနေနှင့် 'လေ' (ဝါယောဓာတ်)ကို မူလ ထာဝရဝတ္ထုအဖြစ် ရွေးချယ်တင်ပြခြင်းမှာ 'လေ'သည် ခြောက်သွေ့ပြီး အအေးဓာတ်ရှိသောကြောင့် ဖြစ်ပေသည်။ 'မီး' (တေဇောဓာတ်)သည် ပူ၍ ခြောက်သွေ့သောသဘောရှိ၏။ 'ရေ' (အာပေါဓာတ်) သည် အေး၍ စွတ်စိုသောသဘောရှိ၏။ သို့သော် 'လေ' (ဝါယောဓာတ်) မှာမူ ခြောက်သွေ့၍ အေးမြသောသဘောနှစ်ခုစလုံးရှိရကား မီးဓာတ်နှင့် ရေဓာတ်ပေါင်းစပ်ပါဝင်ရာဖြစ်၏ ထို့ကြောင့် လေဓာတ်သည် သာလျှင် အရာခပ်သိမ်း စတင်ဖြစ်ပွားရာ အခြေခံရုပ်ဓာတ်ဖြစ်သည်ဟူ၍ အနက္ကစီမင်နီး(စ်)က ယူဆခဲ့လေသည်။

ထို့ပြင် လေသည် **သက်ရှိသတ္တဝါတို့၏ရုပ်တည်ရာ အခြေခံဓာတ်** [၁] လည်း ဖြစ်ပေသည်။

# ပိုက်သဂိုရပ်စ်
## (၅၇၈–၅၀၀ ဘီစီ)

ပိုက်သဂိုရပ်(စ်)မှာ ဂဲသြမေ္ဒရီ သင်ဖူးသူတိုင်း သိသောပုဂ္ဂိုလ်ဖြစ်သည်။ ၅၇၈ ဘီစီလောက်က 'ဆားမော့(စ်)'ဒေသတွင် ဖွားမြင်သည်ဆို၏။ ဘီစီ ၅၂၉ လောက်တွင် အီတလီတောင်ပိုင်းရှိ ခေါ်မကိုလိုနီ နယ်ထဲသို့ ဝင်ရောက်နေထိုင်လေသည်။ ထိုသို့ တစ်နယ်မှတစ်နယ်သို့ ထွက်ပြေးနေထိုင်ရခြင်းမှာ ပိုက်သဂိုရပ်(စ်)၏ မင်းဆိုးဝါဒ မုန်းတီးမှုကြောင့်ပင်ဖြစ်၏။ အီတလီတောင်ပိုင်းရှိ 'ကရိုတိုနာ'မြို့တွင် အခြေစိုက်ကာ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး၊ လူ့ကျင့်နည်းဆိုင်ရာများနှင့်ပတ်သက်သော အသင်းတစ်သင်းကို တည်ထောင်သည် နိုင်ငံရေးကို လွန်စွာ စိတ်ပါဝင်စားသူလည်း ဖြစ်သည်။

၁။ Life-giving element – သက်ရှိဝတ္ထုတို့၏ရုပ်တည်ရာအခြေခံဓာတ်၊

http://www.linhtet.com



'ထောင့်မှန်တြိဂံတစ်ခု၏ ထောင့်မှန်ခံအနားပေါ်တွင်ရှိသော စတုရန်းသည် ကျန်အနားနှစ်ခုပေါ်တွင်ရှိသော စတုရန်း ၂ ခုနှင့် ညီမျှသည်' ဆိုသော သီယိုရမ်မှာ ပိုက်သဂိုရပ်စ်တီထွင်သော သီယိုရမ်ဖြစ်၏။ သူကား သင်္ချာပါရဂူသာမက နက္ခတ်ဗေဒနှင့် ဖီလိုဆိုဖီတွင် ထူးချွန်ပြောင်မြောက်သူတစ်ဦးလည်းဖြစ်လေသည်။ ပိုက်သဂိုရပ်စ်သည် ဘီစီ ၅၀၀ ခန့်တွင် ကွယ်လွန်အနိစ္စရောက်လေသည်။

လောကအလုံးရှိ အရာခပ်သိမ်းတို့၏ မူလအခြေခံရာ မဖောက်ပြန်၊ မပျက်စီးသော 'ထာဝရအမှန်တရား' (ဝါ) 'ထာဝရဝတ္ထု' အကြောင်းကို မီလိတပ်(စ်)မြို့သား တွေးခေါ်ရှင်တို့ တွေးခေါ်စဉ်းစားခဲ့ကြပြီ။ ထိုသူတို့၏ အတွေးအခေါ်များကို ခြုံ၍သုံးသပ်ကြည့်မည်ဆိုပါက **အမှန်တရား (ဝါ) မူလအခြေခံထာဝရဝတ္ထုသည် ဤသဘာဝရုပ်လောကကြီးအတွင်း၌သာ ရှိသည်** ဟူသောအယူအဆကို လက်ခံထားကြကြောင်းမှာ ထင်ရှားသည်။ (ဤခေတ် လောကသိပ္ပံပညာသည်လည်း သဘာဝရုပ်လောက၌ ရှိကြသည့် အမှန်တရားများကိုသာ စူးစမ်းသည်) ထို့ကြောင့် သူတို့သည် ထိုအချိန်အခါကပင် ဖီလိုဆိုဖီကို တွေးခေါ်စဉ်းစားရာ၌ လောကဓာတ်သိပ္ပံဆန်ဆန် စဉ်းစားခဲ့၏။ တစ်နည်းဆိုရလျှင် သဘာဝရုပ်လောကပေါ်၌သာ အတွေးအခေါ်ကို အခြေစိုက်မှုကြောင့် ဖီလိုဆိုဖီနှင့် လောကဓာတ်သိပ္ပံပညာမှာ ကောင်းစွာသရုပ်မကွဲသေးဘဲ ရှိခဲ့သည်ဟု ဆိုနိုင်သည်။

စိတ်ဝင်စားစရာအကြောင်းမှာကား အမှန်တရားဆိုင်ရာ ပြဿနာဖြစ်၏။ အမှန်တရားဟူသည် အပေါ်မြင်အသွင်သဏ္ဌာန်များလား။ ထိုအသွင်အရိပ်သဏ္ဌာန်များ၏ နောက်ကွယ်တွင်ရှိရမည့် တစ်ခုတည်းသော ဧကထာဝရဝတ္ထုလားဟူသော မေးခွန်းသည် အလွန်ထင်ရှားသော မေးခွန်းဖြစ်ခဲ့သည်။ ထိုမေးခွန်းများအတွက် သဘာဝဝတ္ထုလောကနှင့် နီးနွယ်သော အဖြေများလည်း အမြောက်အမြား ပေးခဲ့ကြပြီ။

ယခုတစ်ဖန် 'ပိုက်သဂိုရပ်(စ်) လက်ထက်တွင်လည်း အဆိုပါမေးခွန်းများအတွက် အဖြေရှာပေးပြန်သည်။ သို့သော် ပိုက်သဂိုရပ်(စ်)မှာ ရှေးကမီလိတပ်(စ်)မြို့သားများကဲ့သို့ သဘာဝဝတ္ထုလောက၌ အခြေစိုက်သူမဟုတ်ရကား သူ့အဖြေမှာလည်း တစ်နည်းတစ်ဖုံ ဆန်းသစ်လာသည်။

http://www.linhtet.com



ပိုက်သဂိုရပ်(စ်)သည် သင်္ချာပါရဂူ သိပ္ပံပညာရှင်တစ်ဦးလည်း ဖြစ်၏။ ထို့ကြောင့် သူရှာခဲ့သော အမှန်တရားမှာ ယခင် မီလီတပ်(စ်) တွေးခေါ်ရှင်များကဲ့သို့ အလုံးအထည် ဒြပ်သဘောရှိသော မူလအခြေခံ ထာဝရဝတ္ထုမဟုတ်ချေ။ သူ့အဖို့ လောက၌ ထာဝရတည်၍ မပြောင်းလဲဘဲ မှန်ကန်သော အမှန်တရားမှာ အရာဝတ္ထုတို့၏ ယေဘုယျပုံစံနှင့် ၎င်းတို့၏ **ဆက်စပ်မှုသဘော**[၁] သာဖြစ်လေသည်။ သင်္ချာဗေဒဆိုင်ရာ ပညာရှင်ဖြစ်သောကြောင့် အဆိုပါအရာဝတ္ထုတို့၏ ယေဘုယျပုံစံနှင့် ၎င်းတို့၏ အဆက်အစပ်သဘောကို တွေးခေါ်ရာ၌ ထိုအရာတို့၏ အရည်အချင်းသဘောထက် **အရေအတွက်သဘော**[၂] ကိုသာ ပိုမိုစိတ်ဝင်စားခဲ့လေသည်။ အရေအတွက်သဘောဆိုရာမှာလည်း **ချိန်တွယ်တိုင်းဆနိုင်သည့်သဘော**[၃] **အမြဲသဘောသွားညီညွတ်မှု**[၄] **အချိန်မှန်စွာဖြစ်မှုသဘော**[၅] တို့ကိုပါ ပေါင်းခြုံစဉ်းစားခဲ့ခြင်းဖြစ်သည်။

ပိုက်သဂိုရပ်(စ်)၏ အလိုအားဖြင့် သဘာဝဆိုသည့်တရားကြီးသည် ပင် ဆန့်ကျင်ဘက်တရားများဖြစ်ကြသော စုံ၊ မ လက်ဝဲ၊ လက်ျာ၊ အလင်းအမှောင်၊ အပူအအေး၊ အကောင်းအဆိုးတို့၏ ပေါင်းဆုံဖွဲ့စည်းခြင်းဖြစ်သည်။ **အဆုံးရှိခြင်းနှင့် အဆုံးမရှိခြင်း**[၆] သဘောတရားတို့တွင် အဆုံးမရှိသော သဘောတရားမှ အဆုံးရှိလာရသည်။ အဆုံးမဲ့သော အာကာသကြီးမှ အဆုံးရှိသော (ဝါ) ပိုင်းခြားကန့်သတ်မှုရှိသော ပုဂ္ဂိုလ်ဝတ္ထုပစ္စည်းများ ပေါ်ပေါက်လာရ၏။

ဤရုပ်လောကကြီး တစ်ခုလုံးသည်လည်း အရေအတွက်သင်္ချာမျှသာဖြစ်သည်။ မည်သည့်အရာဝတ္ထုကိုမဆို သုံးသပ်ကြမည်ဆိုလျှင် မည်သို့

---

၁။ Forms and Relations of things – အရာဝတ္ထုတို့၏ ယေဘုယျပုံစံနှင့် အဆက်အစပ်သဘော၊
၂။ Quantitative – အရေအတွက်၊
၃။ Measurable – ချိန်တွယ်တိုင်းဆနိုင်သော၊
၄။ Uniformity – သဘောသွားညီညွတ်မှု၊
၅။ Regularity – အချိန်မှန်စွာဖြစ်ပေါ်မှု၊
၆။ Limited and Unlimited – အဆုံးရှိခြင်းနှင့် အဆုံးမရှိခြင်း၊

http://www.linhtet.com



သော ပုံသဏ္ဍာန်ပင်ဖြစ်စေ မျဉ်းကြောင်းများနှင့် မျက်နှာပြင် ရှိနေမည်သာ ဖြစ်၏။ မျဉ်းကြောင်းမရှိ၊ မျက်နှာပြင်မပါသော အရာသည် မည်သို့သော ရုပ်ဝတ္ထုမျိုးမျှ ဖြစ်နိုင်မည်မဟုတ်ချေ။ သို့ရာတွင် ဝတ္ထုပစ္စည်းမရှိသော်လည်း၊ မျဉ်းကြောင်းသဘော၊ မျက်နှာပြင်သဘောတို့ကား ရှိမည်ဖြစ်၏။ မျဉ်းကြောင်း၊ မျက်နှာပြင်တို့သည် အဆုံးမရှိသောသဘောမျှသာဖြစ်၍ ရုပ်ဝတ္ထုတို့မှာ အစအဆုံးရှိကြသည်သာဖြစ်၏။ ဤနေရာ၌ အဆုံးရှိသော အရာနှင့် အဆုံးမရှိသောအရာတို့၏ ပေါင်းစပ်ဖွဲ့စည်းပုံကို ဆင်ခြင်ရာသည်။

## ၄။ ပြောင်းလဲခြင်း (သင်္ခါရ) သဘော
## မြဲခြင်း မမြဲခြင်း(၁)ထာဝရနှင့် သင်္ခါရ(၂)

အိုင်အိုနီယန် ရူပဗေဒပညာရှင်တို့သည် အရာဝတ္ထုတို့၏ ထာဝရတည်နေမှုသဘောပေါ်တွင် စိတ်ဝင်စားကြသည်ကိုလည်းကောင်း၊ ပိုက်သဂိုရပ်(စ်)နှင့် သူ၏နောက်လိုက်တပည့်များက အရေအတွက်၊ အဆက်အစပ်ပေါင်းစည်းဖြစ်ပေါ်မှုပေါ် သချ်ာသဘောတို့ကိုသာ စိတ်ပါဝင်စားခဲ့ကြကြောင်းကို လေ့လာပြီးခဲ့ကြပေပြီ။

စိတ်ဝင်စားဖွယ်၊ လေ့လာမှတ်သားဖွယ်ကောင်းသော အခြားပြဿနာ တစ်ရပ်မှာကား ပြောင်းလဲခြင်း (သင်္ခါရ)သဘော၊ (ဝါ) ဖြစ်ပေါ်မှုဆိုင်ရာ ပြဿနာပင်ဖြစ်လေသည်။

ရှေးက တွေးခေါ်ရှင်များလည်း ဤပြောင်းလဲ ပျက်စီးဖြစ်ပေါ်ချုပ်ငြိမ်းခြင်းသဘောတရားတို့ကို ရမ်းဆတွေးခေါ်ခဲ့ဖူးကြလေပြီဟု ဆိုနိုင်ပေသည်။ သူတို့၏ အတွေးအခေါ်များတွင် အရာဝတ္ထုများ မည်သို့ဖြစ်ပေါ်တိုးတက်ပြောင်းလဲသွားကြသည်ကို ဖော်ပြခဲ့ကြလေသည်။

သို့ရာတွင် ထိုသူများသည် ဤသို့လျှင် သဘာဝထဲ၌ ပြောင်းလဲဖြစ်ပေါ်နေခြင်း သင်္ခါရသဘောကိုကား ကောင်းစွာလေ့လာမိခြင်း မရှိခဲ့ကြချေ။ ယခု သင်္ခါရသဘောကို အခြေခံထား၊ ဗဟိုပြု၍ စဉ်းစားတွေးခေါ်သော

---

၁။ Permanence and Change – မြဲခြင်းနှင့် မမြဲခြင်း၊

၂။ Heraclitus – ဟီရာကလိုက်တပ်(စ်)

ပညာရှင်တစ်ဦးသည် ခေါ်မလူမျိုးတို့တိုင်းတွင် ပေါ်ပေါက်လာခဲ့လေသည်။ ထိုသူမှာကား အခြားမဟုတ် **ဟီရာကလိုက်တပ်(စ်)**[၂] ဆိုသူပင်ဖြစ်လေသည်။ သူသည် သင်္ခါရတရားကြီးကို ကောင်းစွာသုံးသပ်မိပြီဖြစ်ရကား ယခင်က တွေးခေါ်ရှင်များ မျှော်လင့်တောင့်တရှာဖွေခဲ့သော ထာဝရ (မြဲခြင်း) သဘောသည် ဤလောက၌ မရှိ၊ သင်္ခါရ (မမြဲခြင်း)သည်သာ အမှန်တရားဖြစ်ကြောင်း ထုတ်ဖော်ဟောကြားခဲ့လေသည်။

ဤအချိန်မှစ၍ တွေးခေါ်မှုသမိုင်းစဉ်တွင် မြဲခြင်းနှင့် မမြဲခြင်း (ထာဝရနှင့် သင်္ခါရ) သဘောတရားဆိုင်ရာ ပြဿနာကြီးသည် အဆောက်အအုံကြီးမားစွာဖြင့် ပေါ်ပေါက်လာလေတော့သည်။

ရှေးက ပညာရှင်တို့ကမူ ထာဝရသဘောသာ အမှန်ဖြစ်ရမည်။ ပြောင်းလဲပျက်စီးခြင်းမှာ မှန်သောတရားမဟုတ်၊ အထင်မှားမှု အရိပ်သဏ္ဍာန်သာဖြစ်သည်ဟု ဆိုခဲ့ကြသည်။ ယခု ဟီရာကလိုက်တပ်(စ်)ကမူ သင်္ခါရ (မမြဲခြင်း) တရားသာ အမှန်ဖြစ်၍ ထာဝရရှိသည်ဆိုခြင်းမှာ အထင်မှားမှု အမြင်မှားမှုသာဖြစ်သည်ဟု ထုတ်ဖော်ဟောကြားပြန်သည်။ ဤအချိန်မှစ၍ အတွေးအခေါ်ဆိုင်ရာ ပြဿနာကြီးတစ်ခုမှာလည်း ထင်ရှားပေါ်လွင်လာပြီဟု ဆိုရပေတော့မည်။ ဤပြဿနာကို မလေ့လာသေးမီ ဟီရာကလိုက်(စ်) အကြောင်းနှင့် သူ၏အတွေးအခေါ်များကို ဦးစွာ လေ့လာသင့်ပေသည်။

## ဟီရာကလိုက်တပ်(စ်)
## (၅၃၅–၄၇၅ ဘီစီ)

စီရာကလိုက်တပ်(စ်)ကို အက်ဖီးဆပ်မြို့တွင် ဖွားမြင်သည်။ မှူးမျိုးမတ်နွယ်မှ ဆင်းသက်သူဖြစ်သည်။ သူ၏ သက်တမ်း တစ်လျှောက်လုံးတွင်လည်း သူကောင်းမျိုးတို့ နေထိုင်ပုံအတိုင်း နေထိုင်ဆက်ဆံခဲ့လေသည်။ ပင်ကိုစိတ်ဓာတ်ကပင် ခက်ထန်သူဖြစ်ရကား အတွေးအခေါ်တွင်လည်း တစ်ဖက်သတ်ကျသည်များကို တွေ့ရသည်။ လူကိုရှုမြင်သောအမြင်သည် ဟီရာကလိုက်တပ်(စ်)၏ အမြင်များမှာ လွတ်လပ်မှုရှိသည်ဆိုရသော်လည်း တရားသေဝါဒများလည်း စွဲကပ်

http://www.linhtet.com



နေသည်ကို တွေ့ရသည်။ စိတ်ဓာတ်အားဖြင့် အလွန်ဝင့်ဝါလိုသည့် ပြင်၊ အမှားဖမ်းချင်သော အပြစ်ရှာလိုသော သဘောရှိသည်။ ဒီမို ကရေစီကို မနှစ်သက်သူလည်းဖြစ်ပေသည်။

မည်သို့ပင်ဆိုစေ၊ ဟီရာကလိုက်တပ်(စ်)သည် သူ၏အရေးအသားများ ဖြင့် ခေတ်အဆက်ဆက်ကို လွှမ်းမိုးနိုင်သောပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ ပင်ကို အတွေးအခေါ်သစ်များကြောင့်လည်း ထင်ရှားလေသည်။ သူရေးသားခဲ့သည့် ကျမ်းများအနက် **သဘာဝကျမ်း**[၁] မှာ အထင်ရှားဆုံးဖြစ်သည်။ ထိုကျမ်းတွင် အပိုင်း(၃)ပိုင်းခွဲခြားကာ (၁) ရူပဗေဒ၊ (၂) ဓာရဏတ္တဗေဒ၊ (၃) နိုင်ငံ ရေးဗေဒများကို ဆွေးနွေး တင်ပြခဲ့လေသည်။

## ၄။ မီးဓာတ်နှင့် ယေဘုယျပြောင်းလဲမှုဖြစ်စဉ်

ခပ်သိမ်းသောလောကတို့၏ ပြောင်းလဲမှုဖြစ်စဉ်သဘောကို ဖော်ပြရာ ၌ ဟီရာကလိုက်တပ်(စ်)သည် မီးဓာတ် (အပူနှင့် အအေး)ကို မူလအခြေခံ အကြောင်းတရားအဖြစ် ဖော်ပြခဲ့လေသည်။

လွယ်လွယ်နားလည်ရန် ဖော်ပြရပါမူ မီးဓာတ်သည်သာ အမှန်တရား ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။ သို့ရာတွင် မီးဓာတ်သည် အမှန်တရား ဆိုရာ၌ ရှေ့ပိုင်းတွင် လေ့လာခဲ့သော တွေးခေါ်ရှင်များကဲ့သို့ ထာဝရဝတ္ထု ပစ္စည်းကြီးတစ်ခုအနေနှင့် ဖော်ပြလိုရင်းမဟုတ်မူဘဲ မရပ်နားသောပြောင်းလဲ ဖြစ်ပေါ်လှုပ်ရှားမှုဖြစ်စဉ်သဘောကို သရုပ်ဆောင်ရန် ဖော်ပြခြင်းမျှသာဖြစ် သည်ဟု မှတ်ယူရသည်။ ဟီရာကလိုက်တပ်(စ်)သည် ထာဝရဝတ္ထု အမှန်ရှိ သည်ဟူသောသဘောတရားကို အပြီးသတ်ဆန့်ကျင်တိုက်ခိုက်သောပုဂ္ဂိုလ် သာဖြစ်လေသည်။

သူ၏အယူအဆမှာ မီးဓာတ်သည် အခြားသောဓာတ်များသို့ အစဉ် တစိုက် ပြောင်းလဲဖြစ်ပေါ်နိုင်သောသဘောရှိသည်ဖြစ်၍ မီးဓာတ်သည် မူလဓာတ်၊ အခြေခံဓာတ်ကြီးဖြစ်သည်ဟု ယုံကြည်သည်။

ဟီရာကလိုက်တပ်(စ်)၏ အဓိကသဘောတရားမှာကား ဤစကြာ

---

၁။ On Nature – သဘာဝကျမ်း၊

http://www.linhtet.com



ဝဋ္ဋာကြီးတစ်ခုလုံးသည် ခိုင်မြဲရပ်တည်နေသည်မဟုတ်၊ အစဉ်တစိုက်ပြောင်းလဲဖြစ်ပေါ်နေသည်ဆိုသည့် သဘောတရားဖြစ်သည်။

ဟီရာကလိုက်တပ်(စ်)က 'တစ်စုံတစ်ယောက်သောသူသည် တစ်ခုတည်းသောမြစ်ထဲသို့ နှစ်ကြိမ်ဆင်း၍မရ'ဟု ဟောကြားခဲ့သည်။ အဓိပ္ပာယ်မှာကား လူတစ်ဦးသည် မြစ်တစ်ခုထဲသို့ ပထမအကြိမ်ဆင်းပြီး နောက်တစ်ကြိမ် ထပ်၍ဆင်းပြန်သောအခါ သူထပ်မံဆင်းသက်သောမြစ်သည် ပထမအကြိမ်ဆင်းသက်သောမြစ် အလျဉ်းမဟုတ်တော့ချေ။

အဘယ့်ကြောင့်ဆိုသော် မြစ်ရေသည် အစဉ်စီးဆင်းနေရကား ပထမဆင်းလိုက်သောအချိန်က တွေ့ရသောရေသည် ဒုတိယဆင်းသောအချိန်တွင် တွေ့ရသောရေမဟုတ်တော့သောကြောင့် ဖြစ်၏။ သို့ဖြစ်ရကား ထိုသူသည် မြစ်ထဲသို့ နှစ်ကြိမ်ဆင်းရာ၌ တွေ့ရသောမြစ်မှာ တစ်ခုတည်းမဟုတ်၊ နှစ်မျိုးနှစ်စားဖြစ်နေပြီကို ဆင်ခြင်ကြည့်ရာသည်။

## ၆။ ဆန့်ကျင်မှုနှင့် ညီညွတ်မှု

ညီညွတ်မှုပေါင်းစည်းမှုမှန်သမျှမှာ အစဉ်တစိုက်ပြောင်းလဲမှုဖြစ်စဉ်ထဲတွင်သာ ရှိသည်။ အဖြစ်ရှိလျှင် အပျက်ရှိရမြဲဖြစ်သကဲ့သို့ အပျက်ရှိသောကြောင့်သာ အဖြစ်တရားများရှိလာရသည်။

ဟီရာကလိုက်တပ်(စ်)အမြင်မှာ အရာဝတ္ထုတိုင်း ပြောင်းလဲသည်ဆိုခြင်းမှာ ထိုအရာဝတ္ထုတို့သည် မိမိတို့၏မူလပုံစံမှ ဆန့်ကျင်ဘက်ပုံစံကို ယူသွားခြင်းသာဖြစ်သည်။ (ဥပမာ အကြီးမှပြောင်းလဲသွားသောအခါ အငယ်သို့ရောက်၍ အပူမှပြောင်းသော် အအေးသို့ရောက်သည်။) ထို့ကြောင့် မည်သည့်ဝတ္ထုမဆို ဆန့်ကျင်ဘက်တရားတို့၏ အပေါင်းအစည်း၊ အစုအဝေးမျှသာ ဖြစ်ကြသည်။ ကြီးရာမှ ငယ်သွားသောဝတ္ထုတွင် ကြီးခြင်းသဘောနှင့် ငယ်ခြင်းသဘောတရား (၂) ရပ်စလုံး ပါဝင်ပေါင်းစပ်နေခြင်းမျိုးကို ဆိုလိုသည်။

ဤလောက၌ အမြဲတည်နေနိုင်သည့် ဂုဏ်သတ္တိဟူ၍ တစ်စုံတစ်ရာမရှိရကား မည်သည့်အရာမျှ ထာဝရမတည်နိုင်။ အားလုံး ပြုပြင်ပြောင်းလဲနေရသည်သာ အမှန်ဖြစ်လေသည်။ ထို့ကြောင့် သဘာဝဆိုသော တရား

http://www.linhtet.com



ကြီးမှာလည်း အခြေအနေတစ်ရပ်မှ အခြားအခြေအနေတစ်ရပ်သို့ ပြောင်းလဲနေရသောဖြစ်စဉ်ကြီးသာဖြစ်ပေသည်။

## ပါမီနိုင်းဒီး(စ်)

ပါမီနိုင်းဒီး(စ်)သည် အီတလီပြည်နောင်ပိုင်းသားဖြစ်သည်။ **အီလီယာ**[၂] မြို့တွင် ဘီစီ ၄၀၀ ကျော်ခန့်က ဖွားမြင်သည်ဟု မှတ်သားရသည်။ ဆိုကရေးတီး(စ်)နှင့် ပလေတိုတို့သည် ငယ်ရွယ်စဉ် (ဘီစီ ၄၅၀)ခန့်က ပါမီနိုင်းဒီး(စ်)နှင့် တွေ့ကြုံကြပြီး သူ့ထံတွင် တပည့်ခံကြသည်ဟူ၏။ ရာဇဝင်ကြောင်းအရ ပလေတိုသည် ပါမီနိုင်းဒီး(စ်)ထံတွင် တပည့်ခံခြင်းမှာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ပလေတို၏အတွေးအခေါ်များတွင် ပါမီနိုင်းဒီး(စ်)၏ အတွေးအခေါ်များ လွှမ်းမိုးနေသည့်အချက်မှာကား အထင်အရှားဖြစ်ပေတော့သည်။

ရှေးခေတ် ခေါမအတွေးအခေါ်များကို ဤမျှလောက်လေ့လာခဲ့ပြီးသောအခါ ထိုခေတ်တွေးခေါ်ရှင်များရင်ဆိုင်နေရသော ပြဿနာတစ်ခုကိုလည်း တွေးမြင်သိရှိနိုင်လောက်ပေပြီ။ ထိုပြဿနာကား အခြားမဟုတ် 'အမှန်တရား' သည် (အမြဲထာဝရ) လား၊ သို့တည်းမဟုတ် မမြဲသော (သခ်ါရ) သဘောတရားလားဆိုသည့် ပြဿနာပင်ဖြစ်ပေသည်။

ဟီရာကလိုက်တပ်(စ်) ဆိုသူသည် သခ်ါရသဘောတရားကိုသာလျှင် အမှန်တရားအဖြစ် မှတ်ယူခဲ့ကြောင်း အထင်အရှားတွေ့ခဲ့ရပြီ။

ယခုလေ့လာအံ့သော 'ပါမီနိုင်းဒီး(စ်) မှာကား' ဟီရာကလိုက်တပ်(စ်)နှင့် လုံးဝဆန့်ကျင်သော တွေးခေါ်ရှင်တစ်ဦးဖြစ်ပေသည်။

ဆန့်ကျင်သည်ဟုဆိုရခြင်းမှာ ပါမီနိုင်းဒီး(စ်)၏ အခြေခံအတွေးအခေါ်များမှာ ဟီရာကလိုက်တပ်စ်၏ အခြေခံအတွေးအခေါ်များနှင့် ဆန့်ကျင်နေသောကြောင့် ဖြစ်၏။

---

၁။ Parmindies – ပါမီနိုင်းဒီး(စ်)၊

၂။ Elea – အီလီယာမြို့၊

http://www.linhtet.com



ဟီရာကလိုက်တပ်စ်သည် အမှန်တရားကို သင်္ခါရအဖြစ် မြင်ခဲ့၏။ ပါမီနိုင်းဒီး(စ်)ကမူကား အမှန်တရားသည် ထာဝရသဘောတရားဖြစ်ရမည်ဟု အပြီးသတ်ယုံကြည်လေသည်။

ဟီရာကလိုက်တပ်စ်နှင့် ဆန့်ကျင်သော သဘောတရားရေးအမြင်များကို ယုံကြည်လက်ခံခဲ့ရာ၌ ပါမီနိုင်းဒီး(စ်)၏ တွေးခေါ်မြော်မြင်ပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

သူ၏ ပထမမေးခွန်းမှာ 'အရာဝတ္ထုတစ်ခုသည် တစ်ချိန်တည်း၌ ရှိလည်းရှိ၊ မရှိလည်းမရှိခြင်းမှာ အဘယ်နည်းနှင့် ဖြစ်နိုင်ကောင်းပါသနည်း' ဟူသော မေးခွန်းဖြစ်သည်။

အခြားတစ်နည်းအားဖြင့် ဆင်ခြင်ဦးမည်ဆိုပါက စဉ်းစားတွေးခေါ်အပ်သော အချက်တစ်ချက်မှာ–

အရာဝတ္ထုတစ်ခုသည် လက်ရှိအခြေအနေမှ ပြောင်းလဲဖြစ်ပေါ်သည်ဆိုပါစို့၊ ထိုသို့ အရှိမှ အဖြစ်သို ပြောင်းသောအခါ (၁) မရှိခြင်းမှ ရှိခြင်းသို့ ဖြစ်လာခြင်းဖြစ်လည်းကောင်း၊ (၂) သို့မဟုတ် အရှိမှ အရှိသို့လည်းကောင်း ပြောင်းလဲဖွယ်ရာသာရှိ၏။ သို့ရာတွင် ဘာမျှမရှိသော အခြေအနေက အရှိအရရာများဖြစ်ပေါ်လာနိုင်သည်ဆိုခြင်းမှာ စဉ်းစား၍ပင်ရကောင်းသောအရာမျိုး မဟုတ်ချေ။ ဥပမာ ရွှံ့မရှိဘဲ မြေအိုးအဘယ်သို့ဖြစ်လာနိုင်ပါမည်နည်း။

ထို့ကြောင့် ပြောင်းလဲသည်ဆိုရာ၌ အရှိသဘောမှ အရှိသဘောသို့သာ ပြောင်းလဲဖြစ်ပေါ်နိုင်ပေသည်။ သို့ရာတွင် အရှိနှင့် အရှိသည် အတူတူဖြစ်ရကား ပြောင်းလဲသည်ဟု မဆိုသာချေ။ ရွှံ့စေးမှ အိုးဖြစ်လာရာ၌ အိုးသည်လည်း မြေစေးသာဖြစ်ရကား မူလဘူတသဘောမှာ မပြောင်းလဲချေ။

ဤမျှနှင့်ပင် စာဖတ်သူ စာနာသူတို့သည် အရှိသဘောမှသာ အရှိသဘောဆီသို့ ပြောင်းလဲနေကြကြောင်း အထင်အရှားသိမြင်နိုင်ပေပြီ။

ထို့ကြောင့် အမှန်တရားမည်သည် ပြောင်းလဲသည်မဟုတ်။ အမြဲတစ်သဘောတည်းခိုင်မြဲစွာရှိကြောင်း သိသာ၏။

ပါမီနိုင်းဒီးစ်၏အမြင်၌ ထို့ကြောင့်လည်း ထာဝရသဘောကိုသာ အမှန်တရားအဖြစ် လက်ခံခဲ့လေသည်။

ပိုမိုနက်ရှိုင်းသောအမြင်၌ ပါမီနိုင်းဒီးစ်က အရှိတရားမှန်သမျှသည်

http://www.linhtet.com



အသိတရားများဖြစ်ကြသည်ဟု ဆိုလေသည်။ တစ်နည်းဆိုသော် အရှိတရား နှင့် အသိတရားသည် အတူတူဖြစ်သည်ဟု ဆိုလိုသည်။ အဘယ်ကြောင့် ဆိုသော် မရှိသောအရာကို မသိနိုင်သောကြောင့်ပင်တည်း။

ကျွန်ုပ်တို့သိနိုင်သော အရာဝတ္ထုမှန်သမျှမှာလည်း ရှိနေကြသော ကြောင့်သာ သိနိုင်ခြင်းဖြစ်လေသည်။

အမှန်တရား သို့မဟုတ် အရှိတရား၌ ကွဲပြားခြားနားမှုမထင်၊ အစဉ် တစ်သဘောတည်းရှိသည်ဟုလည်း ယူဆခဲ့၏။

သိမှုဆိုင်ရာ သဘောတရား၌မူကား ပါမီနိုင်းဒီးစ်သည် အတွေ့အကြုံ ထက် အတွေးအခေါ်က ပို၍မှန်ကန်သောအသိကို ဖြည့်စွမ်းနိုင်သည်ဟု ယုံကြည်လေသည်။ အကြောင်းမှာ အတွေ့အကြုံအားဖြင့် သိရသော အသိ တရားတို့သည် အာရုံများမှတစ်ဆင့် သိမြင်သော အသိတရားမျိုးဖြစ်၏။ သို့သော် အာရုံတို့သည် အမြဲပြောင်းလဲနေရကား ထိုအာရုံမှ သိရသော အသိတရားများမှာလည်း မှန်ကန်တိကျခြင်းမရှိနိုင်ချေ။ ပါမီနိုင်းဒီးစ်၏ အတွေးအခေါ်နှင့် သွန်သင်မှုများအနက် ဝိတက္က၊ ဝိစာရဏနည်းအားဖြင့် တွေးခေါ် မြော်မြင်မှုမှန်သမျှသည် ကျွန်ုပ်တို့က လောကအလုံးကို တစ်သဘော တည်း မဖောက်မပြန် မပြောင်းမလဲဘဲရှိကြောင်း သိမြင်စေသည်ဟူသော ဟောကြားချက်မှာ မှန်ကန်သောဟောကြားချက်တစ်ရပ် ဖြစ်ပေသည်။

## ၇။ အရေအတွက်ဆိုင်ရာသဘောတရားများ

ရှေ့ပိုင်းကဆိုခဲ့ပြီးသော သင်္ခါရသဘောတရားဆိုင်ရာ ပြဿနာများ ကို ယခုလေ့လာအံ့သော 'အရေအတွက်ဆိုင်ရာသဘောတရားများ' တွင် တစ်နည်းတစ်လမ်းအားဖြင့် အဖြေထုတ်ဖော်ပေးစွမ်းနိုင်ခဲ့၏။ အမှန်တရားဟူ သည် ထာဝရလား။ သင်္ခါရလားဟူသောမေးခွန်းမှာ ဆက်လက်၍ ပြဿနာ ဖြစ်ဖွယ်ရာအကြောင်းမရှိတော့ဘဲ တစ်ခန်းရပ်သွားသည်။

ပြောင်းလဲခြင်း (သင်္ခါရ)တရားသည် အရှိတရားများ အစဦးစွာမရှိဘဲ သီးခြားတစ်သဘောတည်း ရပ်တည်၍မရချေ။ မရှိခြင်းက ရှိခြင်းဖြစ်လာနိုင် သည်ဆိုခြင်းမှာ စဉ်းစား၍ပင်မရနိုင်သောကိစ္စသာဖြစ်၏။ ထို့ကြောင့် ပြောင်း လဲခြင်းသည် တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေရသော အညမညသဘော တရားသာလျှင်ဖြစ်သည်။

# အင်ပီဒေါ့ကလိစ်
## (၄၉၅–၄၃၅ ဘီစီ)

စစ္စလီကျွန်းတောင်ပိုင်း အာဂရီဂျင်တမ်မြို့တွင် အင်ပီဒေါ့ကလိစ်အား ဘီစီ ၄၉၅ တွင်ဖွားမြင်သည်။ မျိုးရိုးဇာတိအားဖြင့် လူကုံထံသားဖြစ်၏။ သို့သော် သူ့မျိုးရိုးမှာ လူထုလူတန်းစားစိတ်ဓာတ်ရှိသူများသာဖြစ်သည်။ ကြီးပြင်းလာသောအခါ၌ သူ၏ဒေသခံတိုင်းရင်းသားများ၏ ဒီမိုကရေစီအခွင့်အရေးနှင့်ပတ်သက်၍ အမြဲခေါင်းဆောင်ခဲ့သည်။ နိုင်ငံရေးခေါင်းဆောင်၊ ရူပဗေဒပညာရှင်၊ ကဗျာဆရာ၊ တွေးခေါ်ရှင်ကြီးအဖြစ် ထင်ရှားသောပုဂ္ဂိုလ်ကြီးဖြစ်လေသည်။ ဘာသာရေးတွင်လည်း ထိရောက်စွာခေါင်းဆောင်ခဲ့လေသည်။

အင်ပီဒေါ့ကလိစ်၏ အယူအဆ အတွေးအခေါ်များအရ အစနှင့်အဆုံးဟူသည် သီးခြားရှိနေကြသည်မဟုတ်။ ဇာတိနှင့် အဇာတိဟူ၍လည်း သီးသီးသန့်သန့်မရှိချေ။ အင်ပီဒေါ့ကလိစ်သည် (မြန်မာတို့လက်ခံယုံကြည်သော) မဟာဘုတ်ဓာတ်ကြီးလေးပါးကို အရှိတရားကြီးများအဖြစ် လက်ခံခဲ့လေသည်။

ထိုမဟာဘုတ်ဓာတ်ကြီးများမှာ ရေဓာတ်၊ မီးဓာတ်၊ မြေဓာတ်၊ လေဓာတ်တို့ဖြစ်ကြသည်။ ထိုဓာတ်များမှာ မူလဓာတ်ကြီးများဖြစ်ရကား ပြောင်းလဲဖျက်ဆီး၍မရနိုင်ချေ။ ကာယဟုခေါ်ရမည့် ဝတ္ထုကိုယ်ထည်မှန်သမျှ ထိုဓာတ်ကြီးလေးပါး ရောယှက်ပေါင်းစပ်မှုမှ ပေါ်ပေါက်ဖြစ်ထွန်းရကြောင်း၊ ထိုဓာတ်များအချင်းချင်း ခွဲခွာကြသောအခါ ဝတ္ထုကိုယ်ထည်များ ပျက်စီးဆုံးရှုံးရကြောင်း ဟောကြားခဲ့သည်။

ထို့ကြောင့် ဇာတိသည် ပေါင်းစပ်မှုဖြစ်ပြီး ချုပ်ငြိမ်းမှုမှန်သမျှမှာ ဓာတ်လေးပါးကင်းကွာမှုကြောင့် ဖြစ်ရသည်ဟူ၏။

http://www.linhtet.com



## ဒီမိုကရိတပ်(စ်)နှင့် အနုမြူ

အနုမြူအကြောင်းကို တွေးတောကြံစည်ခဲ့သော အတွေးအခေါ် ခေတ်ကို စတင်တီထွင်ပေးခဲ့သောပုဂ္ဂိုလ်များ **လူစီပတ်**[၁] နှင့် သူ၏ တပည့် **ဒီမိုကရိတပ်စ်**[၂] တို့ဖြစ်သည်။ သို့ရာတွင် လူစီပတ်နှင့် ပတ်သက်၍ ကျွန်ုပ်တို့ အလှမ်းမမှီ။ ခရီးဝေးလှသဖြင့် ချန်လှပ်၍ ထားရပေမည်။

ဒီမိုကရိတပ်စ်မှာ အက်(ဗ)ဒီရာမြို့၌ ဘီစီ ၄၆၀ တွင် ဖွားမြင် သည် သက်တမ်းတစ်လျှောက်လုံးတွင် ဒီမိုကရိတပ်စ်သည် အရပ် အနှံ့အပြားသို့ ခရီးလှည့်လည်၍ စာအုပ်များစွာကို ရေးသားခဲ့သည်။ ရူပဗေဒ၊ သဘာဝတ္တဗေဒ၊ လောကနီတိ၊ ရာဇဝင်ဘာသာရပ်မျိုးစုံကို ရေးသားခဲ့၏။ ဒီမိုကရိတပ်စ်မှာ သင်္ချာပါရဂူအဖြစ်လည်း ထင်ရှားသူ ဖြစ်သည်။ ဒီမိုကရိတပ်စ်သည် ဘီစီ ၃၇၀ တွင် အနိစ္စရောက်သည်။ အနောက်တိုင်းသိပ္ပံပညာနှင့် တွေးခေါ်မှုသမိုင်းတွင် အနုမြူကို စတင် တွေ့ရှိသူဖြစ်သောကြောင့် များစွာထင်ရှားလှသည်။

ယခင်ခေတ်သိပ္ပံပညာတွင် လွန်စွာရေပန်းစားလျက်ရှိသော အနုမြူ သဘောတရားများကို စတင်လေ့လာတွေးတောခဲ့သူမှာ ဒီမိုကရိတပ်စ်ဖြစ်လေ သည်။

ယခင်က ရေ မြေ လေ မီးဓာတ်ကြီးများကို လောကထာဝရ မူလ အခြေခံဓာတ်ကြီးများအဖြစ် လက်ခံလာကြရာမှ ဒီမိုကရိတပ်စ်လက်ထက်သို့ ရောက်သောအခါ ထာဝရဝတ္ထု(ဝါ) အခြေခံရုပ်ဝတ္ထုမှာ အနုမြူသာလျှင် ဖြစ်သည်ဟု စွဲမြဲစွာ ယုံကြည်လာလေသည်။ အနုမြူသာအမှန်တရား၊ ပြောင်းလဲဖျက်ဆီး၍မရသော အခြေခံရုပ်ဓာတ်ဖြစ်ကြောင်း ယုံကြည်သူတို့ အား အတွေးအခေါ်သမိုင်းတွင် အနုမြူသမားများဟု သမုတ်ကြသည်။

---

၁။ Leucippus – လူစီပတ်၊

၂။ Democritus – ဒီမိုကရိတပ်(စ်)

http://www.linhtet.com



ဒီမိုကရိတပ်စ်နှင့် သူ၏နောက်လိုက်များမှာ ရုပ်ဝါဒအခြေခံပေါ်တွင် အနုမြူသာလျှင် ပြောင်းလဲပျက်စီးခြင်းကင်းမဲ့သော အရာဝတ္ထုအဖြစ် လက်ခံကြ၏။ ဒီမိုကရိတပ်စ်သည် ယခင်ခေါမတွေးခေါ်ရှင်များကဲ့သို့ တစ်ဖက်သတ် တစ်ယူသန်သောအမြင်ရှိသူမဟုတ်ချေ။ မူလအခြေခံရုပ်ဓာတ်သည် ပြောင်းလဲပျက်စီးခြင်းကင်းမဲ့သည်ဟု ယုံကြည်သော်လည်း ထိုအခြေခံဓာတ်ဖြစ်သော အနုမြူအဖွဲ့အစည်း (ရုပ်ဝတ္ထုကြီးငယ်)တို့မှာကား ပြောင်းလဲပျက်စီးနေကြရသည်ဟု တွေးခေါ်မြော်မြင်ခဲ့လေသည်။

ယခင်တွေးခေါ်ရှင်များသည် သင်္ခါရ (ပြောင်းလဲဖြစ်ပျက်နေခြင်း) သည်သာ အမှန်တရားဖြစ်သည်ဟူ၍လည်းကောင်း၊ နိစ္စထာဝရ (မပြောင်းလဲ မပျက်စီးခြင်း)သည်သာလျှင် အမှန်တရားဖြစ်သည်ဟူ၍လည်းကောင်း အငြင်းပွားခဲ့ကြ၏။ ထိုအငြင်းပွားမှုကို ဒီမိုကရိတပ်စ်က တစ်နည်းအားဖြင့် အဆုံးသတ်နိုင်ခဲ့သည်ဟု ဆိုရပေမည်။

ဒီမိုကရိတပ်စ်အလိုအားဖြင့် အမှန်တရား (ဝါ) အနုမြူသည် **အရေအတွက်**[၁] အားဖြင့် ပြောင်းလဲနေသည်ကား မှန်၏။ သို့သော် **အရည်အချင်း**[၂] အားဖြင့် ပြောင်းလဲပျက်စီးခြင်းမရှိဟု ယုံကြည်လက်ခံခဲ့လေသည်။ ထို့ကြောင့် အမှန်တရားမှာ တစ်နည်းအားဖြင့် ပြောင်းလဲသော (သင်္ခါရ) သဘောလည်းရှိပြီး မပြောင်းလဲသော (ထာဝရ)သဘောလည်း အမှန်ရှိလေသည်။

## ၈။ စကြာဝဠာ၏အစ

ဒီမိုကရိတပ်စ်၏ အနုမြူသဘောတရားကို တစ်နည်းအားဖြင့် ယခုခေတ် အခေါ်အဝေါ်အရ ရုပ်ဝါဒဟု ဆိုနိုင်သည်။

ရုပ်ဝါဒအရ ထာဝရတည်မြဲမှုတစ်ခုတည်းသော်လည်းကောင်း၊ သင်္ခါရသဘောအရ ပြောင်းလဲပျက်စီးနေခြင်းတစ်ခုတည်းသော်လည်းကောင်း သီးခြားတည်နေခြင်းမရှိချေ။ ထို့အတူပင် ရုပ်ဝတ္ထုတို့၏ အမြဲတစေ လှုပ်ရှား

---

၁။ Quantitatively – အရေအတွက်အားဖြင့်၊

၂။ Qualitatively – အရည်အချင်းအားဖြင့်၊

http://www.linhtet.com

ပြောင်းလဲနေမှုသည် အမှန်ရှိသည်။ ရုပ်ဓာတ်တို့၏ အန္တိမသဘော၌ ထာဝရ တည်မြဲမှုသည်လည်း အမှန်ရှိပေသည်။ ဆိုလိုသည်မှာ ရုပ်ဓာတ်တို့သည် ပျက်စီးချုပ်ငြိမ်းခြင်းမရှိ၊ အမြဲတည်ရှိကြသည်ဟု ဆိုလိုသည်။

ထိုသို့ လှုပ်ရှားပြောင်းလဲနေသော ရုပ်ဝတ္ထုတို့ လှုပ်ရှားနေရန်မှာ **အာကာသ**[၁] ရှိမှ ဖြစ်နိုင်သည်။ အနုမြူဝါဒီတို့သည် ထိုအာကာသကြီးကို အရှိတရားအဖြစ် လက်ခံသည်။

ထိုအာကာသကြီးသည် လဟာပြင်ကြီးဖြစ်၍ ထိုလဟာပြင်ထဲတွင် အနုမြူများ လှုပ်ရှားပြောင်းလဲနေကြရသည်။ လည်ပတ်သွားလာနေကြသည်။ အနုမြူသဘောတရား၌ ရုပ်ဓာတ်တို့သည် ရုပ်ဝတ္ထု (ကာယ) ဒြပ်သဘော မရှိဘဲနှင့်လည်း ရပ်တည်နေကြသည်။ ရပ်တည်နိုင်ခွင့်လည်းရှိသည်။ အနုမြူ ကလေးများသည် ရုပ်ဓာတ်သဘောများဖြစ်ကြပြီး ထိုရုပ်ဓာတ်ကိုချေဖျက်၍ မရချေ။ ထွင်းဖောက်ခွဲစိတ်၍လည်းမရချေ။ အကြောင်းမူ ထိုဓာတ်တို့မှာ မူလဓာတ်ခံ (ဝါ) ဓာတ်စင်များဖြစ်ကြသောကြောင့်တည်း။ ထို့ကြောင့် အနုမြူကလေးများကို ခွဲစိတ်ချေဖျက်၍မရနိုင်ချေ။

အနုမြူကလေးများသည် အချင်းချင်း အရည်အချင်းအားဖြင့် တူညီကြ၏။ သို့ရာတွင် တစ်ခုနှင့်တစ်ခု အရွယ်အစားပုံစံနှင့် အလေးချိန်စသည် အရေအတွက် သဘောတွင်သာ ကွာခြားသည်။ ဂုဏ်ရည်ချင်းကား အတူတူ ချည်းဖြစ်ကြသည်။ ရုပ်ဝါဒီများအလိုအရ စကြာဝဠာ၏အစကို စူးစမ်းသော အခါ အနုမြူကလေးများသည် အရေအတွက်အားဖြင့် ကွဲပြားခြားနားစွာဖြင့် အာကာသကြီးထဲတွင် လည်ပတ်လှုပ်ရှားနေကြသည်။ ထိုသို့ လှုပ်ရှားနေ ကြရာမှ ကျွန်ုပ်တို့ တွေ့မြင်နေကြရသော ရုပ်ဝတ္ထုများ ဖြစ်ပေါ်လာကြ ရသည်ဟု ဆိုလေသည်။

## ၉။ ရုပ်ဝတ္ထုများမည်သို့ဖြစ်ပေါ်လာကြပါသနည်း

ရုပ်ဝါဒီများ၏အလိုအရ အစကနဦးက ဤအာကာသကြီးထဲတွင် အနုမြူကလေးများသည် တစ်နေရာမှတစ်နေရာသို့ စက်ဝိုင်းသဏ္ဍာန် လည်

---

၁။ Space – အာကာသ၊

http://www.linhtet.com



ပတ်လှုပ်ရှား သွားလာနေကြသည်။ ထိုသို့ သွားလာလှုပ်ရှားရာမှ အကြောင်း အားလျော်စွာ တစ်ခုနှင့်တစ်ခု ပေါင်းစုံသွားကြသည်။ တဖြည်းဖြည်း ထိုသို့ စုစည်းမိကြရာ **အနုမြူဓာတ်စု**[၁] ကလေးများ ဖြစ်ပေါ်လာ၏။ ထိုအနုမြူဓာတ် စုအား ဤစကြာဝဠာကြီး၏အစ၊ ဂြိုလ်၊ နက္ခတ်၊ တာရာများ၏အစပင် တည်း။

သို့ရာတွင် အနုမြူဓာတ်စုကလေးများမှာ တစ်ခုနှင့်တစ်ခု မတူကြ ချေ။ မတူပုံမှာ တစ်ခုတွင်ပါသော အနုမြူအရေအတွက် အချိုးအစားနှင့် အခြားတစ်ခုတွင်ပါသော အချိုးအစားချင်း မတူခြင်းဖြစ်၏။ ထိုမှစ၍ ရုပ်ဝတ္ထုများလည်း တစ်ခုနှင့်တစ်ခုမတူ၊ ကွဲပြားခြားနားစွာ ဖြစ်ပေါ်လာသည် ဟုဆိုလေသည်။

အနုမြူသဘောတရားအရ အနုမြူဓာတ်စုများဖြစ်ကြသော ရုပ်ဝတ္ထု များသည် အစဉ်ပြောင်းလဲပျက်စီးဖြစ်ပေါ်နေကြရ၏။ သို့ရာတွင် အနုမြူ ဓာတ်သက်သက်မှာကား ဘယ်သောအခါမျှ ပြောင်းလဲပျက်စီးခြင်းမရှိဘဲ၊ အမြဲတည်ရှိလေသည်။ ထို့ကြောင့် ဤအနုမြူသဘောတရားတွင် (ဒီမိုကရိ တပ်(စ်) အလိုအားဖြင့်)မြဲခြင်းသဘောနှင့် မမြဲခြင်းသဘောနှစ်ရပ်စလုံး ပေါင်းဆုံဖြစ်ပျက်လျက်ရှိသည်ဟု ယုံကြည်လေသည်။

ခေတ်သစ်ရုပ်ဝါဒများတွင် ရုပ်ဝတ္ထုများ၌ အရေအတွက်မှ အရည် အချင်းသို့ ပြောင်းလဲပုံသဘောတရားသည် ဤအခြေခံပေါ်တွင်တည်ကြောင်း မှတ်သားရာသည်။

---

၁။ Atom Gomple – အနုမြူဓာတ်စု၊

http://www.linhtet.com

# အခန်း(၃)
# သိမှုနှင့် လူ့ကျင့်ဝတ်ဆိုင်ရာပြဿနာ

## ၁။ ဆိုဖစ်များခေတ်

ခေါ်မလူမျိုးတို့၏ တွေးခေါ်မှုသမိုင်းတွင် **ဆိုဖစ်များ**[၁] ခေတ်သည် ခေတ်ပြောင်းတော်လှန်ရေးတစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်သည်။

ယခင်က အတွေးအခေါ်ပုံစံနစ်ကြီးများကို တည်ဆောက်ကြသော တွေးခေါ်ရှင်များ၏ ခေတ်၊ ဤတွင်တစ်ပိုင်းပြတ်သွားသည်ဟုလည်း ဆိုနိုင်သည်။

တစ်နည်းအားဖြင့်ဆိုလျှင် ရှေးက တွေးခေါ်ရှင်များသည် တချို့ လောကသိပ္ပံပညာဘက်သို့လည်းကောင်း၊ အချို့ကမူ ဆေးပညာဘက်သို့ လည်းကောင်း၊ ကျန်အချို့မှာမူ လူတို့၏စိတ်နေသဘောထား၊ လူ့ကျင့်ဝတ်ဆိုင်ရာပြဿနာ၊ နိုင်ငံရေးနှင့် ဥပဒေရေးရာများဘက်သို့လည်းကောင်း အသီးသီးပြောင်း၍ စဉ်းစားလာကြသည်။

ဤပုဂ္ဂိုလ်များ၏ တွေးခေါ်မြော်မြင်စူးစမ်းလေ့လာမှု နယ်ပယ်မှာလည်း တစ်စတစ်စ ကျယ်ပြန့်လာရကား သူတို့သည် လူမှုပြဿနာအားလုံးကိုပင် စဉ်းစားစပြုလာကြသည်။ တိုင်းရေးပြည်ရေး ဘာသာရေး လူမှုရေး အနုပညာ စာပေနှင့် ပညာရေးကိစ္စအဝဝကို စူးစမ်းလာကြပြန်လေသည်။ ယခုဖော်ပြအပ်သော သဘောတရားများမှာကား ဘီစီ ၅ ရာစု၏ ဒုတိယနှစ်ဝက်ပိုင်းတွင် ခေါ်မတွေးခေါ်ရှင်များ တွေးခေါ်ကြသော သဘောတရား

---

၁။ Aophists – ဆိုဖစ်များ၊

http://www.linhtet.com



များဖြစ်၏။ ဤသဘောတရားများမှာ ခေါမလူမျိုးတို့၏ သမိုင်းစဉ်နှင့် ယဉ်ကျေးမှုစသည့် လူနေမှုပုံစနစ်များအားလုံးတွင် များစွာအကျိုးသက်ရောက်မှုရှိခဲ့လေသည်။

## ၂။ ဆိုဖစ်များ

"ဆိုဖစ်"ဆိုသောစကားမှာ ပညာရှိ၊ သုခမိန်၊ ကျွမ်းကျင်လိမ္မာသူများဟူ၍ အဓိပ္ပာယ်ရသည်။ သို့သော် နောင်သောအခါ ဆိုဖစ်များသည် ကြေးစားဆရာများ၊ စာပေဟောပြောသူများ ဖြစ်လာကြသည်။

ပရိုတာဂိုရပ်(စ်) ဆိုသူမှာ ဆိုဖစ်ဂိုဏ်း၏ ခေါင်းဆောင်ကြီးဟူ၍ ဆိုနိုင်သည်။

ဆိုဖစ်များမှာ အထူးသဖြင့် သဘာဝတ္တလောကကြီးတစ်ခုလုံးကို စူးစမ်းကြသူများမဟုတ်ဘဲ လူရေးလူရာ ဖီလိုဆိုဖီမျှကိုသာ ကွင်းကွင်းကွက်ကွက် လေ့လာကြသူများဖြစ်ကြသည်။

သို့ရာတွင် သူတို့စူးစမ်းလေ့လာမိကြသော သဘောတရားနယ်ပယ်မှာကား ကျဉ်းမြောင်းသည်ဟု မဆိုသာချေ။

ယခင်က တွေး ခေါ်ရှင်ကြီးများသည် သဘာဝလောကကြီးတစ်ခုလုံးကို ခြုံကြည့်ပြီး အမှန်တရားဆိုသည်မှာ ရေဖြစ်သည်ဟူ၍လည်းကောင်း၊ လေဖြစ်သည်ဟူ၍လည်းကောင်း အမျိုးမျိုးတွေးတောပြောဆိုကာ အငြင်းပွားခဲ့ကြပေသည်။

သို့ရာတွင် ထိုပုဂ္ဂိုလ်တို့သည် မိမိတို့အချင်းချင်း အဘယ့်ကြောင့် ထိုကဲ့သို့ အငြင်းပွားရသနည်းဟူသောအချက်ကို စဉ်းစားခြင်းမရှိခဲ့ကြပေ။ အမှန်မှာ ထိုကဲ့သို့ ဖြစ်ရခြင်းသည် မိမိတို့၏ အဇ္ဈတ္တသဏ္ဌာန်မှ အမှန်တရားများကို မလေ့လာဘဲ ပြင်ပလောကဖြစ်သော ဗာဟိရသဏ္ဌာန်များကိုသာ စူးစမ်းလေ့လာသောကြောင့် ဖြစ်ရလေသည်။

လူသား၏ အသိဉာဏ်နယ်ပယ်သည် မည်မျှကျယ်ဝန်းပါသနည်း။

---

၁။ Protagoras – ပရိုတာဂိုရပ်(စ်)၊

http://www.linhtet.com

www.linhtet.com



မိမိတို့၏ ပိုင်းခြားကန့်သတ်မှုများဖြင့် တိုတောင်းလှသော အသိဉာဏ် အားကိုးနှင့် လောကသဘာဝကြီး၏ အမှန်တရားများကို ထုတ်ဖော်ပြော ရန်မှာ မှန်ကန်တိကျခြင်းမရှိနိုင်ချေ။ ထို့ကြောင့် ဆိုဖစ်များလက်ထက်တွင် ဖီလိုဆိုဖီသည် ပြင်ပလောကမှ အရာဝတ္ထုများကို ဝေဖန်ခြင်းမဟုတ်မူ၍ မိမိကိုယ်ကို ပြန်လည်ဝေဖန်ဆန်းစစ်သော သဘောတရားဖြစ်လာသည်။

ဗာဟီရသဏ္ဍာန်ကိုသာ စိတ်ဝင်စားခဲ့ကြသောသူများကို တော်လှန်၍ ဖီလိုဆိုဖီ၏ အခြေခံကို လူသား၏ အဇ္ဈတ္တသဏ္ဍာန်သို့ ပြောင်းလဲခဲ့ကြသူများ မှာ ဆိုဖစ်များဖြစ်ကြသည်။

သူတို့၏ဆောင်ပုဒ်မှာ **"လူသာလျှင် အရာခပ်သိမ်း၏ အတိုင်းအတာ ဖြစ်သည်"** ဟူ၍ဖြစ်၏။ ဆိုဖစ်ဝါဒအရ သိမှု နားလည်မှုမှန်သမျှသည် သိသူပုဂ္ဂိုလ်၏ သိမြင်ပုံပေါ်တွင် တည်ရကား သူ့အသိတွင် မှန်သည်ဟု ထင်မြင်သမျှသည် မှန်သည်ချည်းဖြစ်၍ မှားသည်ထင်သမျှလည်း မှားနေ သည်သာဖြစ်၏။ ဤလောကတွင် အမှန် အမှား ကိစ္စမှန်သမျှမှာ ဓမ္မဓိဋ္ဌာန် ပြော၍မရ။ အလုံးစုံသော ကိစ္စမှန်သမျှ ပုဂ္ဂလဓိဋ္ဌာန်ချည်းသာဖြစ်သည်။

အရာဝတ္ထုတို့၏ အကောင်းအဆိုး အကျိုးအပြစ် အကြီးအငယ် မှန်သမျှ လူပုဂ္ဂိုလ်၏ သိမြင်ပုံပေါ်တွင် တည်နေ၏။

လောကတွင် မသိနိုင်သောအရာကို ရှိပါသည်ဟူ၍ မပြောနိုင်ချေ။ ထို့ကြောင့် ဤလောကတစ်ခုလုံးမှာ ရှိရှိသမျှ ဖြစ်သမျှတိုင်းသည် ပုဂ္ဂလ ဓိဋ္ဌာန်သဘောမျှသာဖြစ်သည်ဟု ဆိုဖစ်များက ယုံကြည်ကြသည်။

ထို့ကြောင့်လည်း သူတို့၏ဝါဒတွင် လူသာလျှင် အရာခပ်သိမ်းတို့ ၏ အတိုင်းအတာဖြစ်သည်။ လူထက် အရေးကြီးသောအရာသည် မရှိ။ လူက မှန်သည်ထင်သမျှ မှန်ပြီး၊ မှားသည်ထင်သမျှ မှားနေရသည်သာ ဖြစ်လေသည်။

ထို့ကြောင့် အမှန်တရားဟူသည် ဓမ္မဓိဋ္ဌာန်သဘောတရားမဟုတ်၊ ပုဂ္ဂလဓိဋ္ဌာန်သဘောသာဖြစ်သည်။

ဤဝါဒအရ လုံးဝဆန့်ကျင်သောအရာ (၂) ခုပင်လျှင်၊ တစ်ခုမှန်လျှင်

---

၁။ Man is the Measure of Everything – လူသာလျှင် အရာ ခပ်သိမ်း၏အတိုင်းအတာဖြစ်သည်၊

http://www.linhtet.com



တစ်ခု မမှားနိုင်ချေ။ (၂) ခုစလုံး မှန်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် မတူညီသောပုဂ္ဂိုလ် နှစ်ဦးက (၂) ခုစလုံးကို မှန်သည်ဟု ယူဆနိုင်သော ကြောင့်ဖြစ်၏။

ဤဆိုဖစ်ဝါဒမှာ ကျွန်ုပ်တို့အဖို့ လက်ခံနိုင်သည်၊ မခံနိုင်သည်မှာ ဆင်ခြင်စဉ်းစားမှုဆိုင်ရာ ပြဿနာသာဖြစ်သည်။

သို့ရာတွင် ဤဝါဒ၏ ထူးခြားချက်မှာကား ဖီလိုဆိုဖီခေါ်သော တွေးခေါ်မှုပညာကို အခြေခံပြောင်း၍ စဉ်းစားတွေးခေါ်ခဲ့ခြင်းပင် ဖြစ်လေသည်။

ယခင်က တွေးခေါ်ရှင်တို့သည် သဘာဝတ္တလောကကြီးပေါ်တွင်သာ ဖီလိုဆိုဖီကို အခြေစိုက်ခဲ့ကြ၏။ ယခု ဆိုဖစ်များကမူ လူ့သဘာဝပေါ်တွင် ဖီလိုဆိုဖီကို အခြေခံခဲ့လေသည်။ တစ်နည်းဆိုလျှင် လူသည် တွေးခေါ်သူ ဖြစ်၍ တွေးခေါ်သူသည် မိမိ၏အဇ္ဈတ္တသဏ္ဌာန်ကို ဦးစွာနားလည်အောင် မကြိုးစားဘဲ အပြင်ပလောကဖြစ်သော ဗာဟီရသဏ္ဌာန်များကိုသာ ဦးစားပေးစဉ်းစားနေခြင်းမှာ အကျိုးမရှိဟူ၍ ဆိုဖစ်များကမြင်ခဲ့၏။ ထို့ကြောင့် သူတို့၏လက်ထက်တွင် လူကို အဓိကပဓာနထားသော သဘောတရားများ ပေါ်လာခဲ့ခြင်းဖြစ်၏။ တွေးခေါ်မှုသမိုင်းတွင် သဘာဝလောကဆိုင်ရာ တွေးခေါ်မှုမျိုးမှ ဤခေတ်သို့ ရောက်သောအခါ လူရေးလူရာ တွေးခေါ်မှုများ သို့ ရောက်ရှိလာခဲ့လေသည်။

ထူးခြားချက်တစ်ရပ်လည်း ရှိသေး၏။ ထိုအချက်မှာကား ဖီလိုဆိုဖီတွင် 'အမှန်တရားသည် အဘယ်နည်း'ဟူသောမေးခွန်းများအပြင် 'အမှန်တရားကို လူသားသည် မည်သည့်နည်းနှင့် သိနိုင်ပါသနည်း' ဟူသော မေးခွန်းနှင့် စူးစမ်းမှုမျိုးလည်း ဤဆိုဖစ်များခေတ်တွင် ပေါ်ပေါက်လာခဲ့လေသည်။

စင်စစ် ထိုမေးခွန်းမှာ ဖီလိုဆိုဖီပညာရပ်တွင် ပဓာနအကျဆုံးမေးခွန်း ဖြစ်၏။ ဤကား သိမှုဆိုင်ရာသဘောတရားများ၏ လမ်းစပင်ဖြစ်သည်။ အမှန်တရားရှိ၏ ဟုဆိုသော် ထိုအမှန်တရားကို သိရပေဦးမည်။ သိပြီးမှ

http://www.linhtet.com



ရှိသည်မရှိသည်ကို ဆိုနိုင်ပေမည်။ သို့ဖြစ်ရာ ထိုအမှန်တရားများကို အဘယ်နည်းနှင့် သိနိုင်ပါသနည်းဆိုသောအချက်သည် အရေးကြီးလှပေ၏။

ဤတွင် ဆိုဖစ်များက ''သိသူ' (Knower) ဖြစ်သော လူကိုသာ ဦးစားပေး စဉ်းစားခဲ့ခြင်းဖြစ်ပေသည်။

၁။ Humanism- လူမှုရေးဝါဒ၊

# အခန်း (၄)
# ဆိုကရေးတီး(စ်) ခေတ်
(၃၆၉–၃၉၉ ဘီစီ)

ဆိုကရေးတီး(စ်)ကို ဘီစီ ၃၆၉ တွင် အေသင်မြို့၌ ဖွားမြင်သည်။ ဆင်းရဲသား လက်လုပ်လက်စားမျိုးရိုးမှ ဆင်းသက်သူဖြစ်၏။ ဖခင်မှာ ပန်းပုဆရာဖြစ်သည်။ သူ မည်သည့်အရပ်၌ မည်သူ့ထံပါးတွင် ပညာဆည်းပူးသည်ကိုကား အထောက်အထား လုံလောက်စွာ မရှိ၍ မပြောနိုင်သော်လည်း ထိုစဉ်က အေသင်မြို့မှာ အနောက်ကမ္ဘာတွင် ယဉ်ကျေးမှု အထွန်းကားဆုံးဒေသဖြစ်သည့်ပြင် ပညာရေး၌ လေ့လာလိုက်စားသူ ပေါများရကား သူ့အဖို့ အတွေးအခေါ်နှင့် အခြားပညာရပ်များကို လေ့လာလိုက်စားရေးအတွက် လွယ်ကူသောဒေသဖြစ်၏။ ဆိုကရေးတီး(စ်)၏ သက်တမ်းတစ်လျှောက်လုံးတွင် ဈေးနှင့် လူစည်ကားရာအရပ်ဒေသများတွင် ဟောပြောဆွေးနွေးရင်း အချိန်ကုန်ခဲ့လေသည်။

ဟောပြောသော ဘာသာရပ်များမှာ စစ်ရေး၊ နိုင်ငံရေး၊ အိမ်ထောင်ရေး၊ အချစ်ရေးမှအစ၊ ဘာသာရေး၊ သိပ္ပံနှင့် အတွေးအခေါ်ပါမကျန် ရကား လူရေးလူရာမှန်သမျှမှာ သူဟောသောတရားများနှင့် ကင်းလွတ်နိုင်မည်မဟုတ်ချေ။ သူကား စွယ်စုံပညာရှင်ကြီးတစ်ဦးဖြစ်သော်လည်း သူ၏ သက်တမ်းတစ်လျှောက်လုံးတွင် စာအုပ်တစ်စုံတစ်ရာ ရေးသားခဲ့ခြင်းမရှိပေ။ ပလေတို၏ ဆွေးနွေးခန်း ကျမ်းကြီးထဲတွင်သာ ဆိုကရေးတီး(စ်)၏ သဘောတရားများကို အမြောက်အမြား တွေ့ရသည်။

http://www.linhtet.com



ဆိုကရေးတီး(စ်)ကား လူသာမန်တို့၌ ရှိခဲလှသော သိက္ခာ သမာဓိနှင့် ပြည့်စုံသည်သာမက မိမိ၏ဣန္ဒြိယသံဝရသီလကိုလည်း လွန်စွာစောင့်ထိန်းနိုင်သူဖြစ်၏။ လိုဘ နည်းခြင်း၊ သည်းခံခြင်းနှင့် ဖွဲ့ကောင်းရာ၌ ဆိုကရေးတီး(စ်)ကို ယှဉ်နိုင်သူမရှိချေ။

အသက်(၇၀)အတွင်း ဆောင်ရွက်ခဲ့သမျှနှင့် နောက်ဆုံးသေခါနီးတွင် တိုင်းပြည်အစိုးရအပေါ် သစ္စာရှိကြောင်း လက်တွေ့ပြသသွားပုံမှာကား ခေတ်အဆက်ဆက် လူသားတို့ မမေ့နိုင်သော အချက်များ ဖြစ်ခဲ့သည်။

သူ့အား အေသင်မြို့ရှိလူငယ်များကို ဖျက်ဆီးနေသူဟူ၍ စွပ်စွဲကာ အဆိပ်တိုက်၍ သတ်ခြင်းမှ လွတ်မြောက်အောင် ပြေးမည်ဆိုပါက ပြေးနိုင်သော အခြေအနေ အခွင့်အရေးများစွာရှိသော်လည်း သူကား ယုံကြည်မှုအတွက် အသက်ကို ရဲဝံ့စွာ ပေးလှူခဲ့သော ယောက်ျား အာဇာနည်ကြီးဖြစ်လေသည်။

ဆိုကရေးတီး(စ်)၏ အဓိကရည်ရွယ်ချက်မှာ ဆိုဖစ်ဝါဒကို တိုက်ဖျက်ရန် ဖြစ်သည်ဟု ဆိုနိုင်သည်။ အတွေးအခေါ်ပညာ၏ မြော်မြင်မှု၊ စူးစမ်းမှု မှန်သမျှသည် အချိန်အခါနှင့် လိုက်လျောသော လက်တွေ့လုပ်ငန်းစဉ် တစ်ရပ်သာဖြစ်ရပေမည်။ သို့မဟုတ်မူ၍ လောကကြီးတစ်ခုလုံးကိုကြည့်ကာ မိမိတို့ထင်သလို ပြောဆိုနေမှုများသည်လည်းကောင်း၊ အမှန်တရားဟူသည် အဆောက်အအုံနှင့် ရှိသည်မဟုတ်၊ မိမိတို့ထင်သလို မှန်နေကြခြင်းသာဖြစ်သည်။ ကိုယ်ထင်လျှင် အမှန်ချည်းဖြစ်ရမည်စသည့် **သံသယဝါဒ**[၁] ကြီးကိုသာစွဲကာ တစ်ယောက်တစ်မျိုးပြောဆို ဆုံးဖြတ်နေကြမည်ဆိုလျှင် တစ်နေ့တွင် အတွေးအခေါ်ပညာသည် **သုညဝါဒ**[၂] ၌သာ လမ်းဆုံးသို့ ရောက်ရပေတော့မည်။

ဤချက်ကို သိမြင်သဘောပေါက်သည်ဖြစ်ရကား ဆိုကရေးတီး(စ်)

---

၁။ Skepticism – သံသယဝါဒ၊

၂။ Nihilism – သုံညဝါဒ၊

http://www.linhtet.com



သည် သူ၏အတွေးအခေါ်များတွင် လက်တွေ့ကျ အသိပညာ၏ နည်းနိသယများကို စူးစမ်းလေ့လာခဲ့လေသည်။

သူ၏ရည်ရွယ်ချက်မှာ ရှေးက တွေးခေါ်ရှင်များကဲ့သို့ ဖီလိုဆိုဖီစနစ်ကြီးများကို တည်ဆောက်ရန် မဟုတ်ချေ။ သို့သော် လူသားတို့၏အဓ္ဓတ္တသဏ္ဍာန်၌ အမှန်ကို စူးစမ်းရှာဖွေလိုသောစိတ် ကိန်းဝပ်လာရေးနှင့် အတွေးအခေါ်လမ်းကြောင်း မှန်ကန်ရေးကိုသာ အဓိကထားခဲ့လေသည်။

ဆိုကရေးတီး(စ်) အနေနှင့် ရှေးက တွေးခေါ်ရှင်များကဲ့သို့ အမှန်တရားဟူသည် ဤသို့တည်း၊ ထိုသို့တည်း စသည်ဖြင့် လက်တွေ့မပါသော မြော်မြင်တွေးတောမှုသက်သက်ဖြင့် ပြောဆိုခြင်းမျိုး အလျဉ်းမရှိ။ အမှန်တရားကို ရှာဖွေရာ၌ လက်တွေ့ကျသောနည်းလမ်းသည် ရှိရမည်။ ထိုနည်းလမ်းကို စူးစမ်းခြင်းသည်သာလျှင် ဆိုကရေးတီး(စ်)၏ လုပ်ငန်းဖြစ်လေသည်။

အမှန်တရားကို စူးစမ်းရှာဖွေသူသည် ဦးစွာပထမ၌ မိမိတို့ဦးနှောက်တွင်းသို့ ရောက်ရှိလာသောအခါ အခွင့်သင့်သလို ဖြစ်ပေါ်တတ်သည့် အထင်အမြင်များကို ယုံကြည်လက်ခံခြင်းမရှိ၏။ ထိုသို့ မိမိတို့အတွေးတွင်ပေါ်လာသမျှ အထင်အမြင်ကို ယုံကြည်လက်ခံပြီး အမှန်တရားကြီးဖြစ်သည်ဟု မမိုတ်မသုံ ယုံကြည်ခြင်းသည် ဘယ်သောအခါမျှ အမှန်တရားသို့မရောက်နိုင်ဘဲ အမှားသို့သာ ရောက်တတ်သည်။ စင်စစ် လူသား၏တွေးခေါ်မှုတွင် စိစစ်ခြင်း ဝေဖန်ပိုင်းခြားခြင်းနှင့် စစ်ဆေးခြင်းမရှိသေးသော အထင်အမြင်များသည် ရှုပ်ထွေးနေတတ်သည်။ သရုပ်ကွဲခြင်းမရှိချေ။ လူသားသည် အကြောက်တရား အခြောက်တရားတို့မှ ပေါ်ပေါက်လာသော လိုလားမှုစသည့် စေတသိက်တို့ကြောင့် မိမိအထင်အမြင်များမှ စစ်မှန်သည်ဟု မဆိုသာချေ။

ထို့ကြောင့် စစ်မှန်သော အသိအမြင်ကိုရရှိရန် မဖြစ်နိုင်ချေ။ သို့ဖြစ်ရကား ဦးစွာဖြစ်ပေါ်လာသော အထင်အမြင်အယူအဆများကို အနုလုံပဋိလုံစီစစ်၍ အရှင်းသားထင်လာမြင်လာအောင် ဆောင်ရွက်ရပေဦးမည်။ ထိုသို့ ဆောင်ရွက်ပြီးပါက မိမိယူဆချက်ကို ကောင်းစွာသရုပ်ခွဲ၍ အဓိပ္ပာယ်

http://www.linhtet.com



သတ်မှတ် ဖော်ပြရမည်။ သို့မှသာ မိမိဆိုလိုရင်းသဘောအမှန်ကို တိကျစွာ သိမြင်နိုင်ပေမည်။

ထိုကဲ့သို့ မိမိ၏အသိကို အဓိပ္ပာယ်ပိုင်းခြားသတ်မှတ်နိုင်မည်ဆိုလျှင် ဆိုဖစ်များယူဆသကဲ့သို့ လူတစ်ကိုယ် ထင်တစ်လုံးဝါဒ၊ ကိုယ်ထင်လျှင် အမှန်ချည်းဖြစ်သည်ဟူသော အတ္တနောမတိဝါဒကြီးသည် ပျောက်ပျက်သွားရပေမည်။

ဥပမာ 'သူသည် တိုင်းသူပြည်သားကောင်းတစ်ဦးသည်' ဆိုရာ၌ ပြောဆိုသူသည် 'တိုင်းသူပြည်သားကောင်း' ဆိုသောစကား၏ အနက်ရင်းကို တိကျစွာ သိထားမည်။ ထိုစကား၏အဓိပ္ပာယ် အတိအကျကို သိထားမည်ဆိုပါက တစ်ဦးနှင့်တစ်ဦး ဝိဝါဒကွဲပြားစရာအကြောင်းအလမ်း မရှိတော့ပေ။

ထို့ကြောင့် အသိပညာရရှိကြောင်းနှင့် နည်းကောင်းတစ်ခုတွင်

(၁) မည်သည့်အယူအဆကိုမျှ ဦးစွာလက်ခံယုံကြည်ခြင်း မပြုရ။ သံသယပြု၍ စီစစ်ရမည်။

(၂) စီစစ်ပြီးလျှင် မိမိအယူအဆ အထင်အမြင်ကို အဓိပ္ပာယ်ပိုင်းခြားဖော်ပြရမည်။

(၃) ထိုသို့ အဓိပ္ပာယ်သတ်မှတ်ချက်သည် ယေဘုယျသာဖြစ်၍ ထိုသဘောမှန်မမှန်ကို ၎င်း၏အဆွယ်အပွားရလဒ်များဖြင့် စစ်ဆေးရမည်။

ဥပမာ 'မိုးရွာလျှင် ရေရှိရမည်ဆိုသော ယေဘုယျကား မှန်မမှန်ကို မိုးရွာသောအခါ၌ ရေရှိမရှိ ကြည့်ရှုစစ်ဆေးရမည်ဟူလို' အဘယ့်ကြောင့်ဆိုရလျှင် မိုးရွာပြီး ရေမရှိပါက မိုးရွာသည်ဆိုသောစကားသည် အဓိပ္ပာယ်မရှိတော့ပေ။ ဤကား တက္ကဗေဒပညာ၌ **အခြေပြုအဆို**[၁] ဆိုသည့် အခြေခံမူတစ်ခုကို ဆိုကရေးတီး(စ်) ရှာဖွေတွေ့ရှိခြင်းဖြစ်၏။

ဆိုကရေးတီး(စ်)သည် လက်တွေ့စမ်းသပ်တွေ့ရှိနိုင်သော နည်းလမ်းဖြင့်သာ အသိပညာကို ရှာကြံခဲ့၏။ ထို့ကြောင့် နည်းမှန်လမ်းမှန် စဉ်းစား

---

၁။ Conditionsl Proposition – အခြေပြုအဆို၊

http://www.linhtet.com



တွေးခေါ်မှု၌ ဝိဝါဒကွဲပြားစရာ အကြောင်းအလမ်းမရှိတော့ဘဲ အမှန်ကို အမှန်အတိုင်း တွေးခေါ်မြော်မြင်နိုင်၏။

အလုံးစုံခြုံ၍လေ့လာကြည့်မည်ဆိုပါက ဆိုကရေးတီး(စ်)သည် ဓမ္မ ဓိဋ္ဌာန်ကျသော အသိပညာမျိုးကိုသာ လိုလားပြီး ပုဂ္ဂလဓိဋ္ဌာန်ဝါဒကို များစွာ မုန်းတီးသူဖြစ်၏။

သူ၏အလိုအားဖြင့် 'အသိပညာသည် ကောင်းမြတ်သော အရည် အချင်းသာဖြစ်သည်'ဟူ၍ ဟောကြားခဲ့၏။

သူ၏အသိပညာရှိကြောင်း နည်းလမ်းမှာလည်း **မြော်မြင်မှန်းဆမှု**[၁] **စီစစ်စူးစမ်းလေ့လာမှု**[၂] နည်းများသာဖြစ်ပေသည်။

(ဤစာအုပ်မှာ ဖီလိုဆိုဖီ၏ အခြေခံသဘောတရားများကိုသာ လေ့ လာတင်ပြရသည်ဖြစ်၍ ဆိုကရေးတီး(စ်)၏ နိုင်ငံရေး၊ လူမှုရေး၊ လူ့ကျင့် ဝတ်ဆိုင်ရာ စာရဏတ္တဗေဒစသည့် သဘောတရားများကို ချန်လှပ်ထားခဲ့ရ ပါကြောင်း)

---

၁။ Hypothetical – မြော်မြင်မှန်းဆမှုနှင့်စပ်ဆိုင်သော၊

၂။ Analytical – စိစစ်စူးစမ်းလေ့လာမှုနှင့်ဆိုင်သော၊

# အခန်း(၅)
# ပလေတို
(၄၂၈-၃၄၇ ဘီစီ)

ခေါမနိုင်ငံ အလက်ဇစ်ဒီးယားခေတ် မော်ကွန်းထိန်း "အီရာတော့သီနီးစ်"၏ မှတ်တမ်းများအရ ပလေတို မေးနှစ်မှာ ဘီစီ ၄၂၈ သို့မဟုတ် ၄၂၇ ဖြစ်ပြီး ကွယ်လွန်သောနှစ်မှာ ဘီစီ ၃၄၈ သို့မဟုတ် ဘီစီ ၃၄၇ ဖြစ်မည်ဟု ခန့်မှန်းရကြောင်း ရေးသားဖော်ပြခဲ့သည်ကို ပင် အမှန်ဆုံးအဖြစ် ယူဆကြပေသည်။ ၎င်းမွေးဖွားသောအချိန်မှာ ပီလိုပိုနီရှန် စစ်ပွဲများ စတင်ဖြစ်ပွားနေသောအချိန်ဖြစ်သည်။

ပလေတို၏မိဘမျိုးရိုးမှာ မူးမျိုးမတ်နွယ်ဖြစ်၍ ချမ်းသာကြွယ်ဝသူများဖြစ်ကြသည်။ အဘ 'အာရစ္စတန်'နှင့် အမိ 'ပါရစ်ရှုန်း'တို့မှ ဖွားမြင်ခဲ့သော ထူးခြားသော သားယောကျာ်းဖြစ်သည်။ ငယ်စဉ်က ရိုးရာဓလေ့ထုံးစံအတိုင်း ကဗျာလင်္ကာနှင့် ဂီတများကို လေ့လာသင်ကြားခဲ့ရသောကြောင့် ကဗျာနှင့် ဂီတကို မြတ်နိုးစွဲငြိနေခဲ့လေသည်။ အသက် ၂၀ နှစ်အရွယ်တွင် ဆိုကရေးတီး(စ်)နှင့် တွေ့ဆုံပြီး သူ၏တပည့်ဖြစ်လာသောအခါမှ ကဗျာနှင့် ဂီတကို စွန့်လွှတ်ပြီး အတွေးအခေါ်နယ်ပယ်တွင်းသို့ ရောက်ရှိသွားသည်။

ပလေတို၏ဘဝရှေ့ပိုင်းကား ထူးခြားမှုမရှိ၊ သူလိုငါလိုပင်ဖြစ်ပေသည်။ ငယ်စဉ်ကပင် ဖခင်ကွယ်လွန်သောကြောင့် မိခင်က နောက်အိမ်ထောင်ပြုရာ ပထွေးနှင့် အတူနေခဲ့ရလေသည်။

ဆိုကရေးတီးစ်၏ တပည့်ဖြစ်လာသောအခါမှ ဆိုကရေးတီးစ် အတွေးအခေါ်နှင့် သွန်သင်ညွှန်ပြမှုများကို အမြဲလေ့မှတ်တွေးတောရင်း ဆိုကရေးတီးစ်အား လွန်စွာချစ်ခင်လေးစားလာလေတော့သည်။ ထို့ကြောင့်

http://www.linhtet.com



ပလေတိုသည် အေသင်၏ ဒီမိုကရေစီစနစ်က ဆိုကရေးတီးစ်ကို သတ်လိုက်သောအခါ ဒီမိုကရေစီစနစ်ကို အလွန်မုန်းတီးသွားသည်။

ဆိုကရေးတီးစ်အပေါ်တွင် အလွန်သံယောဇဉ်ကြီးသည့်အလျောက် ပလေတိုသည် သူ၏ ဒိုင်ယာလော့(ဂ်)ခေါ် 'ဆွေးနွေးခန်းများ' ကျမ်းတွင် ဆိုကရေးတီးစ် သေအံ့ဆဲဆဲအချိန်ကို ဆွတ်ပျံ့ဖွယ် ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

ထို့နောက် ပလေတိုက 'ကျွန်ုပ်ရိုးသားစွာဆိုရပါလျှင် ဆိုကရေးတီးစ်ကား သူ့ခေတ်တွင် ပေါ်ပေါက်ခဲ့သော လူများထဲတွင် ပညာဉာဏ်အရှိဆုံး၊ တရားမျှတမှုအရှိဆုံးနှင့် အမှန်မြတ်ဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်' ဟူ၍လည်း ဆိုကရေးတီးစ်အား ချီးကျူးခဲ့လေသည်။

ဆိုကရေးတီးစ် ကွယ်လွန်အနိစ္စရောက်သောအခါ ပလေတိုသည် အသက် ၂၈ နှစ် ရှိပြီဖြစ်၏။

ဆိုကရေးတီးစ် ဆုံးရှုံးခြင်းကိုအကြောင်းပြု၍ လူပြိန်းလူညံ့တို့ကြီးစိုးသော ဒီမိုကရေစီ အစိုးရစနစ်ကို ရွံမုန်းသွားသည်။ တွေးခေါ်ရှင်ကြီးများကြီးစိုးသော ပညာဉာဏ် အမြော်အမြင်နှင့် ပြည့်စုံသော အစိုးရစနစ်သို့ ပြောင်းလဲချင်သောစိတ် ပေါ်ပေါက်လာလေတော့သည်။

ဘီစီ ၃၉၉ တွင် ပလေတိုဘဝ၌လည်း ပြောင်းလဲမှုကြီးများ ပေါ်ပေါက်လာသည်။ ဆိုကရေးတီးစ်အား အေသင်မြို့နိုင်ငံ ဒီမိုကရေစီစနစ်ကြီးက သတ်ဖြတ်လိုက်သောကိစ္စနှင့်ပတ်သက်၍ ဆိုကရေးတီးစ် အသက်ချမ်းသာရရှိရေးအတွက် ကြိုးစားသူများအနက် ပလေတိုသည် အပေါ်လွင်ဆုံးဖြစ်ခဲ့လေသည်။ ထို့ကြောင့် ဒီမိုကရေစီအုပ်စု ခေါင်းဆောင်များက ပလေတိုအပေါ်တွင် သက်ာမကင်းဖြစ်လာသည်။ ဤအကြောင်းကို သိသောအခါ ပလေတို၏ မိတ်ဆွေအပေါင်းအသင်းများက အေသင်တွင် ဆက်လက်နေထိုင်မည်ဆိုပါက သူ့အတွက် အသက်အန္တရာယ် စိုးရိမ်ရသည်ဆိုသောကြောင့် ပလေတိုသည် အေသင်မြို့မှ ထွက်ခွာသွားလေသည်။

လက်လှမ်းမှီသရွေ့ သူ၏ကျမ်းကြီးကျမ်းငယ်များမှ လေ့လာရသည်မှာကား ပလေတိုသည် အေသင်မြို့မှ ထွက်ခွာ၍ အီဂျစ်ပြည်သို့သွားသည်။ ထိုမှတစ်ဖန် စစ္စလီသို့ ရွက်လွှင့်ခဲ့ပြီးနောက် စစ္စလီမှ အီတလီသို့ ခြေဆန့်ခဲ့ပြန်သည်။ ဒေသအနှံ့အပြားသို့ သွားရောက်နေထိုင်ခဲ့ရသော ထို ၁၂

http://www.linhtet.com



နှစ်သောအချိန်ကာလကြောင့်ပင် ပလေတို၏ဘဝတွင် လူအမျိုးမျိုး လူ့စနစ်အမျိုးမျိုး အကြောင်းအရာအဖြာဖြာကို သိနားလည်ခဲ့ရသည်။ အီတလီသို့ ရောက်သောအခါ 'ပိုက်သဂိုရပ်စ်' တည်ထောင်ထားသော ကျောင်းတော်ကြီးတွင် ပညာဆည်းပူးသေးသည်။ ထို ၁၂ နှစ်အတွင်း ရောက်ရာအရပ်များတွင် ဘုရား ကျောင်း သခ်မ်းများသို့ ဝင်ရောက်လေ့လာခြင်း၊ လူတို့၏ အယူဝါဒအမျိုးမျိုးကို သုတေသနပြုနေခဲ့သည်။ ဘီစီ ၃၈၇ တွင် အေသင်သို့ ပြန်လည်ရောက်ရှိလာသောအခါ အသက် ၄၀ ရှိပြီဖြစ်၍ စိတ်ဓာတ်တည်ငြိမ်ရင့်ကျက်မှုလည်း ရှိနေလေပြီ။

ပလေတို၏ ငယ်စဉ်က ချစ်ကျွမ်းဝင်ခဲ့သူတစ်ဦးမှာ ရှယ်လီဆိုသူဖြစ်၍ သူမက ပလေတိုသည် ဂီတနှင့်ကဗျာကို အချစ်ဆုံးလူတစ်ယောက်ဖြစ်သည်ဟူ၍ ထုတ်ဖော်ပြောကြားဖူးသည်။

ပလေတိုသည် အေသင်မြို့သို့ ပြန်လည်ရောက်ရှိပြီးနောက် သူ့ဘဝတွင် အရေးကြီးသော မှတ်တိုင်ဟုဆိုရမည့် 'အကယ်ဒမီ'ကျောင်းတော်ကြီးကို တည်ထောင်လေသည်။ အကယ်ဒမီကျောင်းတော်ကြီးသည် လောကဓာတ် သိပ္ပံပညာမဟာဌာနကြီးဖြစ်လာပြီး နောင်သောအခါ ပလေတို၏ စိတ်ကူးယဉ် စံပြ သမ္မတနိုင်ငံကြီးအတွက် ပြည်သူ့ဝန်ထမ်းများနှင့် ဥပဒေပြုပုဂ္ဂိုလ်များ မွေးထုတ်ရာ တက္ကသိုလ်ကျောင်းမဟာကြီး ဖြစ်လာလေတော့သည်။

ပလေတို အသက် ၆၀ အရွယ် ဘီစီ ၃၆၇ တွင် ဆိုင်ရာကျူးနယ် ပဒေသရာဇ်မင်းဆိုး ပထမ ဒိုင်အိုနီးယတ် ကွယ်လွန်သောကြောင့် ၎င်းရာထူးကို ဒုတိယ ဒိုင်အိုနီးယတ်က ဆက်ခံသည်။ သို့သော် ရာထူးဆက်ခံသောမင်းမှာ ပညာအမြော်အမြင်နည်းပါးရကား ၎င်း၏ယောက်ဖတော် ဒိုင်အွန်ဆိုသူ တန်ခိုးသြဇာကြီးမားလာသည်။ ဒိုင်အွန် ဆိုသူမှာ ပလေတို၏ အတွေးအခေါ် အယူအဆများကို နှစ်သက်ယုံကြည်သည့်ပြင် အလွန်ရင်းနှီးသော မိတ်ဆွေတစ်ဦးလည်း ဖြစ်လေရာ ဒိုင်အွန်က ပလေတိုအား သူ၏ ယောက်ဖတော်ကို လာရောက်ပညာသင်ကြားပေးပါရန် ဖိတ်ခေါ်လေ၏။

ပလေတိုသည် စဉ်းစဉ်းစားစားနှင့် လက်ခံပြီး ဒိုင်အိုနီစီးယတ်အား ဦးစွာ သူ၏ဂဲသြမေဌရီ ဘာသာရပ်ကို သင်ပြသည်။ သို့ရာတွင် တိုင်းရေးပြည်ရေး အရှုပ်အထွေးများကြောင့် ဒိုင်အိုနီးစီယတ်မှာ ပညာသင်ကြားရေး

http://www.linhtet.com



တွင် ထင်တိုင်းမပေါက် ခရီးမရောက်ဘဲ ရှိနေရာ ပလေတိုလည်း စိတ်ပျက်ပြီး အေသင်သို့ ပြန်ခဲ့လေတော့သည်။ သို့သော်လည်း ပလေတိုသည် ဆိုက်ရာကျူးသို့ ဘီစီ ၃၆၁ တွင် ထပ်မံသွားရသေးသည်။ ဤတစ်ကြိမ်တွင် ပလေတိုသည် ခေါမမြို့နိုင်ငံများ စုပေါင်းဖွဲ့စည်းသော 'ပြည်ထောင်စုနိုင်ငံ'၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ တစ်စောင်ရေးသားရန် ကြံစည်သေးသည်။ နိုင်ငံရေးပါတီအချို့၏ အနှောင့်အယှက်ပေးမှုကြောင့် ဤအကြံကိုလည်း လက်လျှော့လိုက်ရသည်။ ဘီစီ ၃၆၀ တွင် အေသင်သို့ ပလေတို ပြန်လာခဲ့လေတော့သည်။

ပလေတို ဘဝသက်တမ်းတစ်လျှောက်လုံးတွင် လောကခံရေလှိုင်းမုန်တိုင်းတို့ကြားတွင် စုန်ရင်း ဆန်ရင်း ကျွန်ုပ်တို့ လူသားကမ္ဘာအတွက် အဖိုးအနဂ္ဃ ထိုက်တန်သော ရတနာများကို ရှာမှီးထားပေးခဲ့လေသည်။ စွယ်စုံပညာရှင်တစ်ဦးပီပီ ပလေတို၏အတွေးအခေါ်များထဲတွင် သိပ္ပံပညာ အနုပညာ သဘာဝတ္တဗေဒ၊ တက္ကဗေဒ၊ စိတ္တဗေဒ၊ နိုင်ငံရေး သိပ္ပံမှုမကျန် အတတ်ပညာမျိုးစုံကို လေ့လာတွေ့ရှိရပေသည်။

ဘီစီ (၃၄၈–၇)တွင် ပလေတို ကွယ်လွန်အနိစ္စရောက်ခဲ့၏။ သူ၏အတွေးအခေါ်နှင့် ပညာများကို ဆက်ခံ၍ ခေတ်သစ်ကမ္ဘာသို့ရောက်အောင် ပေါင်းကူးတံတား ခင်းပေးသူမှာကား ခေါမတွေးခေါ်ရှင်ကြီး အာရစ္စတိုတယ်ပင်ဖြစ်သည်။

## ၁။ ပလေတို၏အတွေးအခေါ်မြစ်များခံရာဒေသများ

ပလေတို၏အတွေးအခေါ် စတင်ရာ အခြေခံများကို လေ့လာကြည့်သောအခါ အောက်ပါအတိုင်း တွေ့ရသည်။

(၁) ပလေတို၏ ရှေ့ပိုင်း အတွေးအခေါ်များသည် အများအားဖြင့် ပိုက်သဂိုရပ်(စ်)၏ အယူအဆများ လွှမ်းမိုးနေကြောင်း တွေ့ရသည်။ ပိုက်သဂိုရပ်(စ်) ထံမှ နက်နဲသောသဘာဝတ္တ အတွေးအခေါ်များ၊ ဘာသာရေးဆိုင်ရာ အတွေးအခေါ်များ၊ နိစ္စထာဝရသဘောတရားနှင့် သင်္ချာဗေဒများကို ရရှိခဲ့သည်။

(၂) ထို့နောက် ပါမီနိုင်းဒီး ဆိုသူထံမှ (အမှန်တရား (သစ္စာ)

http://www.linhtet.com



ဆိုသည်မှာ အမြဲထာဝရ မဖောက်မပြန် ဇေကန်မုချတည်ရှိသော သဘောပင်ဖြစ်သည်။ အမှန်တရားတွင် အချိန် (ကာလ) မရှိ။ ဖောက်ပြန်ပြောင်းလဲခြင်းမရှိ။ ပြောင်းလဲခြင်းတို့သည် စိတ်၏အထင်မှား အမြင်မှားမှုမျိုးသာဖြစ်သည်)ဆိုသော သဘောတရားကို ပလေတို ရသည်။

(၃) ဟီရာကလိုက်တပ်စ် ဆိုသော ပညာရှိတစ်ဦးထံမှမူကား အထက်ပါ 'ပါမီနိုင်းဒီး' အယူအဆနှင့် ဆန့်ကျင်သောဝါဒတစ်ခု ရရှိပြန်သည်။ထိုဝါဒမှာကား 'ကမ္ဘာပေါ်ရှိ မည်သည့်ဝတ္ထုပစ္စည်းမျိုးမဆို အမြဲထာဝရဟူ၍ မရှိ။ အားလုံး ပြောင်းလဲနေသော အရာချည်းသာ ဖြစ်သည်'ဟူသော အယူအဆဖြစ်၏။

ပလေတိုသည် အထက်ဖော်ပြပါ ဆန့်ကျင်ဘက် အယူအဆနှစ်မျိုးကို ပေါင်းစပ်လိုက်သည်။ ထိုနောက် သူ၏ကိုယ်ပိုင်အတွေးအခေါ်ကို ထုတ်ဖော်ယူလေသည်။ ထိုအယူအဆမှာကား 'သိပ္ပံပညာကို တွေ့ထိခံစားခြင်းတည်းဟူသော အာရုံငါးပါးဖြင့် မသိနိုင်၊ မရနိုင်။ အသိပညာကိုလိုလျှင် အရာခပ်သိမ်းကို ဆင်ခြင်သုံးသပ်တွေးတောနိုင်သောဉာဏ် (တိဟိတ်-ဉာဏ်)ဖြင့်သာ ဆင်ခြင်၍ 'သိနိုင်ရနိုင်သည်' ဟူသော အယူအဆဖြစ်လေသည်။

(၄) ထို့နောက် 'အက်သစ်'ခေါ်သော လောကနီတိသဘောတရားများကို သူ့ဆရာ ဆိုကရေးတီးစ်ထံမှ ရရှိခဲ့သည်။

အမှန်အားဖြင့် အတွေးအခေါ်ပညာရှင်တစ်ဦး၏ အဖြစ်အပျက်အတွေးအခေါ်များကို လေ့လာရာ၌ ၎င်းတို့ကိုနားလည်ရန်မှာ ထိုပုဂ္ဂိုလ်နေထိုင်ဆက်ဆံလာရသော လူမှုပတ်ဝန်းကျင်အခြေအနေ အချိန်ကာလကို အတိအကျ သိရန်လိုသည်။ ထို့ကြောင့် ဖော်ပြခဲ့ပြီးသော အချက်အလက်များသည် ပလေတို အတွေးအခေါ်များကို လေ့လာသူများအဖို့ ဆက်စပ်တွေးတောဖွယ်ရာ နောက်ခံကားများဖြစ်ကြလိမ့်မည်ဟူ၍လည်း ယုံကြည်မိပါသည်။

ဆိုကရေးတီးစ်က 'ဆင်ခြင်တုံတရားပြည့်ဝ၍ ကောင်းမွန်မြင့်မြတ်

http://www.linhtet.com



သော လူတစ်ဦးအဖြစ် အသက်ရှင်နေထိုင်နိုင်ရေးမှာ ကျွန်ုပ်တို့၌ ကောင်းမွန်မြင့်မြတ်ခြင်းတည်းဟူသော ယေဘုယျသဘောကိုသိသော အသိဉာဏ်ရှိမှ သာဖြစ်နိုင်သည်'ဟု သွန်သင်ညွှန်ပြခဲ့သော်လည်း 'ကောင်းမွန်မြင့်မြတ်ခြင်း' သဘောကို သိနိုင်သောအသိဉာဏ်ကို ဘယ်ပုံဘယ်နည်း ရနိုင်သည်ဟူသော နည်းလမ်းကို ဖော်ပြခြင်းမရှိခဲ့ချေ။

ထို့ကြောင့် ပလေတိုသည် ထိုနည်းလမ်း ရရှိရေးကို များစွာအားထုတ်ခဲ့လေသည်။ လူတိုင်း လက်ခံနိုင်စေမည့် စည်းစနည်းများကိုပါ စဉ်းစားတွေးခေါ်ခဲ့သည်။ သို့သော် ပလေတို ရေးခဲ့သောကျမ်းများတွင် ဤအတွေးအခေါ်များကို သီးခြားအပိုင်းခွဲ၍ ရေးသားခြင်းမရှိရများ ဤစာအုပ်တွင် ကဏ္ဍခွဲ၍ တင်ပြလိုသည်။

## ၂။ ဆန့်ကျင်ဖြစ်ထွန်းရာအကြောင်းတရား

ဒိုင်ယာလက်တစ်ဆိုသော အင်္ဂလိပ်စကားလုံးသည် ခေါမဘာသာစကား (Dialegein) ဒိုင်ယာလီဂျိယင်ဟောပြောချက် ဆိုသောစကားမှ ဆင်းသက်လာသောစကားဖြစ်၍ ယခင်မြန်မာဘာသာပြန်သူတို့က 'အနုပဋိလောမ'ဟူ၍ ပါဠိဖြင့် ပြန်ဆိုသောစကားဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့ကမူ မြန်မာစကားသက်သက်ဖြင့် ဒိုင်ယာလက်တစ်ကို 'ဆန့်ကျင်ဖြစ်ထွန်းကြောင်းတရား'ဟူ၍ ပြန်ဆိုရေးသားလိုက်သည်။ အဘယ့်ကြောင့်ဟူမူကား ဆန့်ကျင်ဘက်နှစ်ခု ပေါင်းစပ်ခြင်းဖြင့် နောက်ထပ်အသစ်တစ်ခု ထပ်မံဖြစ်ထွန်းလာခြင်း သဘောရှိသောကြောင့်ပင် ဖြစ်၏။ ဤဆန့်ကျင်ဖြစ်ထွန်းတရားကို နားလည်ရန်အတွက် အောက်ပါအတိုင်း ဖော်ပြလိုသည်။

ခေါမတိုင်းသား တွေးခေါ်ရှင်တစ်ဦးဖြစ်သူ ဟီရာကလီတပ်(စ်)က အရာဝတ္ထုတို့သည် တစ်ချိန်တည်းတွင် ' ရှိခြင်းသဘော'နှင့် 'မရှိခြင်းသဘော' နှစ်ခုစလုံး တစ်ပြိုင်နက် ဖြစ်နေသည်ဟုဆိုသည်။ ဤကမ္ဘာပေါ်ရှိ ရုပ်ဝတ္ထုမှန်သမျှကို လေ့လာကြည့်ပါက ရုပ်ဝတ္ထုတိုင်းတွင် ဆန့်ကျင်ဘက်ဖြစ်သော (ပဋိပက္ခ)သဘောများ အမြဲရှိသည်ကို တွေ့ရသည်။ ဥပမာ အပူနှင့်အအေး၊ အဖိုနှင့် အမ၊ အကြီးနှင့် အငယ်၊ အကောင်းနှင့် အဆိုး စသည်ဖြစ်၏။ လောကတွင်းရှိ ပေါ်ပေါက်ဖြစ်ထွန်းလာသော အခြင်းအရာခပ်သိမ်းသည် ဆန့်ကျင်ဘက် (ပဋိပက္ခ) နှစ်ခုမှ ပေါက်ဖွားဖြစ်ထွန်းခြင်း

http://www.linhtet.com



များသာဖြစ်ပေသည်။ အပုနှင့်အအေးသည် (ပဋိပက္ခ) နှစ်ခုဖြစ်သဖြင့် ပို၍အေးလာခြင်းမှာ ထိုဆန့်ကျင်ဘက် နှစ်ခုကြောင့် ဖြစ်ပေါ်လာသော တတိယအခြင်းအရာဖြစ်သည်။ ပို၍လွယ်ကူစွာ နားလည်ရန်မှာ ဆန့်ကျင်ဘက်ဖြစ်သော ဖိုဓာတ်နှင့် မဓာတ် ဆက်ဆံပေါင်းသင်းမှ လူမျိုးဆက်တိုးပွားလာခြင်းမျိုးဖြစ်၏။ ထိုနောက် ပလေတိုက ဤလောကတွင် မည်သည့်အသိပညာမျိုးမှ တကယ်တမ်းမှန်ကန်သော အသိပညာ မဖြစ်နိုင်ဟူ၍ ဆိုသည်။ တွေ့ထိခံစားခြင်းမှရသော ရုပ်မှတ်သိခြင်း(Perception)သည် တကယ်မှန်ကန်သော အသိမဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ အာရုံများသည် မှန်ကန်ခြင်းမရှိသောကြောင့်ပင်ဖြစ်၏။

မျက်စိနှင့် မြင်ရသောအရာများကို ကျွန်ုပ်တို့က ဟုတ်လှပြီ မှန်လှပြီဟု ထင်တတ်ကြ၏။ သို့သော် မျက်စိနှင့်မြင်ရတိုင်း မှန်သည်ဟု မဆိုနိုင်။ ဥပမာ မျက်စိသည် ဖြောင့်တန်းသော တုတ်တစ်ချောင်းကို ရေထဲသို့ ထိုးထည့်လိုက်ပြီးကြည့်လျှင် ကွေးကောက်စွာမြင်ရမည်။ ရှည်လျားသောလမ်းကို မြော်ကြည့်လျှင် အဖျားသွယ်နေသည်ကို မြင်ရမည်။ သို့သော် အမှန်တကယ်မှာ မြင်ရသည့်အတိုင်းမဟုတ်ချေ။ ထိုထက်အနည်းငယ် နက်နဲစွာ ဆင်ခြင်ကြည့်မည်ဆိုပါက မျက်စိသည် အရာဝတ္ထုတို့၏ လျင်မြန်ပြောင်းလဲ ပျက်စီးနေသောသဘောကို မမြင်နိုင်။ ဥပမာ မိမိလက်ထဲမှာ ကိုင်ထားသော စာအုပ်သည် မိမိကိုင်ထားစဉ်မှာပင် ပို၍ပို၍ ဟောင်းနွမ်းလာကာတဖြည်းဖြည်းနှင့် ပျက်စီးခြင်းဘက်သို့ လျှောကျနေ၏။ သို့ရာတွင် မျက်စိက ဤအခြင်းအရာကို မမြင်နိုင်။ အသိဉာဏ်ကသာ သိနိုင်ပေသည်။ ထို့ကြောင့် ပလေတိုက အာရုံနှင့် ထိတွေ့ခံစားနေရသော အရာများသည် အမှန်ထာဝရများမဟုတ်။ ပြောင်းလဲနေသော အရာများသာဖြစ်သည်။ မိမိတို့ အမှန်တကယ်ထင်နေခြင်းမှာ အရိပ်သဏ္ဍာန်ကို အမှန်ထင်နေခြင်းသာ ဖြစ်ရကား ထိုအထင်သည်လည်း အထင်မှား အမြင်မှားသာဖြစ်၏။ ထိုသို့ ထင်ယောင်ဝိုးဝါး အမြင်မှားမှုမှ ကင်းလွတ်၍ ထာဝရမှန်ကန်သော အသိပညာကိုရလိုသော အာသီသရှိရမည်။ သို့မှ လောကကြီးတစ်ခုလုံးကို ဖန်တီးနေသော အကြောင်းတရားကြီးဖြစ်သည့် ဆန့်ကျင်ဖြစ်ထွန်းကြောင်း တရားကို နားလည်မည်ဟူ၍ ပလေတို ဟောကြားခဲ့သည်။

http://www.linhtet.com



ဖော်ပြခဲ့ပြီးသော ဆန့်ကျင်ဘက်ဖြစ်ထွန်းကြောင်း တရားကို ပို၍ ယထာဘူတကျကျ သရုပ်ခွဲ၍ ဖော်ပြရလျှင် မည်သည့်အရာဝတ္ထုတွင်မဆို အရာဝတ္ထု၏ ပင်ကိုသဘာဝသည် 'မူလ'(Thesis)ဖြစ်၏။ ထိုအရာဝတ္ထုကို ဆန့်ကျင်ဘက်ပြုနေသော ဝတ္ထုပစ္စည်း တစ်စုံတစ်ရာသည် ပဋိပက္ခ (Amti-Thesis) ဖြစ်သည်။ ထိုဆန့်ကျင်ဘက်သဘော ၂ ခုကို ပေါင်းစပ်၍ ဆင်ခြင်ခြင်းအားဖြင့် ထပ်မံဖြစ်ထွန်းလာသော သဘာဝသည်ကား 'သမူဟ' (Synthesis)ဖြစ်သည်ဟု မှတ်ယူရသည်။

(ဤသဘောတရားကို ဟေဂဲလ် ခေါ် ဂျာမန်တွေးခေါ်ရှင်ကြီး၏ဘဝနှင့် အတွေးအခေါ်တွင် ပို၍ ရှင်းလင်းစွာ တင်ပြပါမည်)

## ၃။ ပလေတို၏ စိတ်ဝါဒနှင့် စိတ်ဝတ္ထုများ

"အိုက်ဒီယာလစ်ဇင်း"ဆိုသော အင်္ဂလိပ်စကားကို မြန်မာဘာသာအားဖြင့် စိတ်ဝါဒ သို့မဟုတ် နာမ်ဝါဒဟု ပြန်ဆိုနိုင်သည်။ သို့ရာတွင် အိုက်ဒီယာ (Idea)ကိုမူကား ပလေတို အတွေးအခေါ်များတွင် 'နာမ်'ဟု ပြန်ဆို၍မဖြစ်။ အဘယ့်ကြောင့်ဆိုသော် ပလေတိုသည် သူ၏အတွေးအခေါ်များထဲတွင် 'အိုက်ဒီယာ'ကို နာမ် သို့မဟုတ် နာမပညတ်တစ်ခုသာ ဖြစ်သည်ဟု မယူဆသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ပလေတို၏ဝါဒအတိုင်း အိုက်ဒီယာကို စိတ်ဝတ္ထုများဟု ပြန်ဆိုရမည်။

ပလေတို၏ စိတ်ဝတ္ထုများအကြောင်းကို မတင်ပြမီ သူ၏အသိပညာဆိုင်ရာ သဘောတရား (Theory of Knowledge)ကို လေ့လာရပေဦးမည်။ ဖီလိုဆိုဖီဟုခေါ်သော ဤအတွေးအခေါ်ပညာတွင် အသိပညာဆိုင်ရာ သဘောတရားကို 'အီပစ္စတီမိုလိုဂျီ'ဟုလည်းခေါ်သည်။

ဖော်ပြခဲ့ပြီးသော ဆန့်ကျင်ဘက် ဖြစနဲထွန်းကြောင်းတရားသည် 'စိတ်မှတ်သိမှု'ဆိုင်ရာ အတွေးအခေါ်နှင့်ပတ်သက်သော အတတ်ပညာတစ်ရပ်ဟု ဆိုနိုင်သည်။

**စိတ်မှတ်သိခြင်း** (Conception)ဆိုသည်မှာကား အရာဝတ္ထုပစ္စည်းတို့၏ ထာဝရမှန်ကန်သော သဘာဝကို အာရုံဖြင့် တွေ့ထိခံစားခြင်းမပြုရ

http://www.linhtet.com



သော်လည်း (ပြုလည်းမပြုနိုင်) အသိဉာဏ်အားဖြင့် ဆင်ခြင်စဉ်းစား တွေးခေါ်ကြည့်မှ အမှန်သဘောကို ထင်နိုင်မြင်နိုင်မှုမျိုးဖြစ်သည်။

**ရုပ်မှတ်သိခြင်း** (Perception)ဆိုသည်မှာကား အရာဝတ္ထုပစ္စည်းများကို အာရုံငါးပါးဖြင့် ထိတွေ့သိမှတ်ခြင်းပင်ဖြစ်သည်။ သို့ရာတွင် ပလေတိုက ဝတ္ထုပစ္စည်းတို့၏ ထာဝရမှန်ကန်သော သဘာဝကို ရုပ်မှတ်အသိဖြင့် မသိနိုင်၊ မမြင်နိုင်။ စိတ်မှတ်သိခြင်းဖြင့်သာ သိနိုင်မြင်နိုင်သည်ဟု ဟောကြားခဲ့သည်။ ဥဒါဟရဏ်အားဖြင့် လူတစ်ယောက်အား တရားသူ၊ သို့မဟုတ် မတရားသူဟူ၍ ပြောဆိုနိုင်ရန်မှာ ပြောသူအနေနှင့် တရားခြင်းသဘောနှင့် မတရားခြင်းသဘောအမှန်ကို ခွဲခွဲခြားခြား ပိုင်ပိုင်နိုင်နိုင်မသိဘဲ မဖြစ်နိုင်ဟု ပလေတိုက ဆိုသည်။ ထို့ပြင် 'တရားမျှတခြင်း'ဆိုသည်မှာလည်း အတွေ့အကြုံမှ ရလာသော အသိမျိုးမဟုတ်။ တရားမျှတမှုရှိသည်ဟု ထင်ရသော အမှုကိစ္စကလေးမှ ရရှိသော အတွေ့အကြုံများကို ပေါင်းစပ်ကာ ဆုံးဖြတ်ပြောဆိုချက်မျိုးလည်းမဟုတ်ချေ။ တရားမျှတခြင်းဆိုသည်ကား စိတ်မှတ်အသိဖြင့် သိနိုင်မြင်နိုင်သော စိတ်ဝတ္ထုတစ်ခုဖြစ်သည်။ ဤစိတ်မှတ်အသိသည် ဝိညာဉ်တွင် အမြဲတမ်းတွယ်ကပ်နေသော စိတ်ဝတ္ထုတစ်ခုသာဖြစ်၏။ 'တရားမျှတခြင်း'ဆိုသည်မှာ လူတစ်ယောက်ကဖြစ်စေ၊ လူတစ်စုကဖြစ်စေ၊ တရားမျှတသည်ဟုထင်သော 'စိတ်ထင်'လည်း လုံးဝမဟုတ်ဟု ပလေတို ဟောကြားခဲ့လေသည်။ လူတို့၏ဝိညာဉ်တွင် အမှန်တရားမှန်သမျှသည်လည်းကောင်း၊ အလုံးစုံသော စိတ်မှတ်သိခြင်းများသည်လည်းကောင်း၊ စိတ်ဝတ္ထုတို့သည်လည်းကောင်း ကိုယ့်ဘဝနှင့်ကိုယ် တသီးတခြား ရပ်တည်မှီခိုနေရကား ပလေတိုက လူသည် အရာခပ်သိမ်း၏ အတိုင်းအတာဖြစ်သည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အတွေ့အကြုံသည် စိတ်မှတ်သိခြင်းတို့ စတင်ဖြစ်ပွားရာ နေရာမဟုတ်၊ အာရုံတို့ဖြင့် ဖွဲ့နှောင်သော လောကအတွင်းမှ အတွေ့အကြုံများနှင့် အရာဝတ္ထုတို့၏ စစ်မှန်ခြင်း၊ ကောင်းမွန်ခြင်းသဘောတို့သည် တခြားစီဖြစ်သောကြောင့် အတွေ့အကြုံဖြင့် စိတ်ဝတ္ထုတို့၏ အမှန်ထာဝရသဘောကို မမြင်နိုင် မထင်နိုင်ဟု ပလေတို ယုံကြည်သည်။ စိတ်မှတ်သိ

http://www.linhtet.com



ခြင်းအားဖြင့်သာလျှင် မှန်ကန်သောအသိပညာကို ရရှိနိုင်သည်။ အမှန် ထာဝရသဘောကိုသိသော အသိဉာဏ်သာလျှင် မှန်ကန်သောအသိဉာဏ် ဖြစ်၏။ သစ္စာတရားဆိုသည်မှာလည်း မဖောက်မပြန် မပြောင်းမလွဲဘဲ ခိုင်မြဲသော ထာဝရသဘောပင်ဖြစ်သည်။ ဤအာရုံများဖြင့်ပြီးသော လောက ကြီးသည် အမှန်တကယ်မှချရှိသော လောကကြီးလည်းမဟုတ်။ မိနစ်စက္ကန့် နှင့်အမျှ ပြောင်းလဲပျက်စီးနေသော လောကကြီးဖြစ်သောကြောင့် ဤကမ္ဘာ လောကသည် ကျွန်ုပ်တို့အာရုံတွင် အထင်မှား အမြင်မှားဖြစ်နေသော အရိပ်သဏ္ဍာန်ကြီးတစ်ခုသာလျှင်ဖြစ်သည်။

မှန်ကန်သော အသိပညာကိုရရှိလိုလျှင် အမှန်ထာဝရ အမြဲတည်ရှိနေ သော အရာဝတ္ထုပစ္စည်းတို့၏ အနှစ်သာရသဘောကို သိဖို့လိုသည်။ လောက ၏ အနှစ်သာရသဘော၊ သစ္စာတရားစသည်ကို သိနိုင်သောအရာမှာ အတွေ့ အကြုံမဟုတ် အတွေးအခေါ်သို့မဟုတ် စိတ်မှတ်သိခြင်းသာလျှင် ဖြစ်သည်။ စိတ်ဝတ္ထုတို့သည် အမှန်ရှိ၏။ အမြဲရှိ၏။ ထိုသို့ ထာဝရအမြဲရှိနေသော စိတ်ဝတ္ထုများကို ပလေတိုက 'ထာဝရပုံစံများ' ဟူ၍ သမုတ်ထားခဲ့လေသည်။

## ၄။ ပလေတို၏စိတ်ဝတ္ထုများ

ပလေတိုသည် စိတ်ဝါဒသမားတစ်ဦးဖြစ်သည်။ စိတ်ဝါဒီဆိုသည်မှာ ကမ္ဘာလောကကြီးအတွင်းရှိ မြင်မြင်သမျှ အရာခပ်သိမ်းတို့တွင် ရုပ်သည် အဓိကမဟုတ်၊ သာမညသာဖြစ်၍ စိတ် (နာမ်)သည်သာလျှင် အဓိကဖြစ် သည်ဟု ယုံကြည်သူဖြစ်၏။ ရုပ်တို့သည် ဖောက်ပြန်နေကြသည်။ ပြောင်း လဲနေကြသည်။ သို့သော် နာမ်ကား မပြောင်းမလဲ အမြဲတည်နေ၏။

ပလေတိုသည် သူ့နာမ်ဝါဒအတွက် အိုက်ဒီယာကို စိတ်ဝတ္ထုများ အဖြစ် ယူဆသည်။ စိတ်ဝတ္ထုများသည် စိတ်အထင်အမြင်များ မဟုတ်၊ ရုပ်ဝတ္ထုများကဲ့သို့ ဝတ္ထုပစ္စည်းသဘောနှင့် တည်ရှိ၏။ သို့သော် ထိုဝတ္ထု ပစ္စည်းများကို ရုပ်မှတ်သိခြင်းဆိုသော အာရုံအတွေ့အကြုံတို့ဖြင့် မသိနိုင်၊ မမြင်နိုင်၊ စိတ်မှတ်သိခြင်းဖြင့်သာ သိနိုင်မြင်နိုင်သည်။ စိတ်ဝါဒကို ယုံ ကြည်သူများအနက် ပရမတ္ထအမြင်နှင့် ရှုကြည့်ဆင်ခြင်ရာတွင် ပလေတိုကား ထူးခြားသောပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟု ဆိုရပေမည်။

http://www.linhtet.com



ပလေတို၏ ယုံကြည်ချက်မှာ လောကအတွင်း ရှိနေတည်နေသော အရာခပ်သိမ်းတို့သည် တကွဲတပြား သီးခြားပုဂ္ဂလိကအသွင်ဖြင့် တည်နေကြသည်။ (ဥပမာ လူ၊ သစ်ပင်၊ မြစ်၊ ချောင်း၊ တောတောင်စသည် အကွဲကွဲအပြားပြား ဖြစ်နေပုံမျိုးဖြစ်၏။ လူဆိုရာ၌လည်း လူသည် တစ်ဦးတည်းမဟုတ်၊ မောင်ဘ၊ မောင်လှ၊ မမြဟူ၍ ကွဲနေကြ၏) သို့ရာတွင် ပလေတိုက ထိုသို့ကွဲပြားနေခြင်းမှာ အမှန်တကယ် ကွဲပြားနေခြင်းမဟုတ်၊ အာရုံတွင် အထင်မှား အမြင်မှားဖြစ်နေသော အရိပ်သဏ္ဌာန်များသာလျှင်ဖြစ်သည်။ ထိုကဲ့သို့ မောင်ဘ၊ မောင်လှ၊ မမြ၊ အင်္ဂလိပ်–မြန်မာစသည် ကွဲပြားသောအရိပ်သဏ္ဌာန်တို့သည် 'လူ'ချည်းဖြစ်သည်ဟူသော အစစ်အမှန်သဘောတွင် အတူတူဖြစ်၏။ ထိုသဘောကား မပြောင်းမလဲ အမြဲထာဝရရှိသော တူညီသည့်သဘာဝပင်ဖြစ်သည်။ 'လူ' ဆိုသော စိတ်ဝတ္ထုသည် ထာဝရ။ မောင်ဘ၊ မောင်လှ၊ မမြတို့သည် အနိစ္စများဖြစ်သည်။ ထို့ကြောင့် ထိုစိတ်ဝတ္ထုမျိုးကို ပလေတိုက 'ထာဝရ–ယေဘုယျပုံစံများ'ဟူ၍ သမုတ်လေသည်။ ထိုနည်းတူစွာ လောကရှိ အရာခပ်သိမ်းတို့သည် မိမိတို့အမျိုးအစားအလိုက် လောကထာဝရပုံစံတွင် အတူတကွ ပါဝင်နေကြရသည်။ ပလေတို၏ ဤသဘောတရားကို နားလည်ရန် မလွယ်ကူလှပေ။ သည့်ထက်ပို၍ ရှင်းလင်းစွာနားလည်ရန် ထပ်မံတင်ပြပါဦးမည်။ ပမာပုံဆိုရလျှင် ကျွန်ုပ်တို့သည် မြင်းတစ်ကောင်မြင်သည်ဆိုအံ့။ ကျွန်ုပ်တို့မြင်ရသောမြင်းသည် ပုဂ္ဂလိကမြင်နေရသော သတ္တဝါမြင်းတစ်ကောင်ဖြစ်၏။ သို့သော် ကျွန်ုပ်တို့ မမြင်နိုင်သောအရာမှာ ထိုသတ္တဝါမျိုးကို မြင်းဟုခေါ်ပါသည်ဆိုသော 'မြင်းဖြစ်ခြင်းသဘော' (Horse Ness)ဖြစ်၏။ မြင်းဖြစ်ခြင်းဆိုသည့် စိတ်ဝတ္ထုကိုကား ကျွန်ုပ်တို့မျက်စိနှင့် မမြင်နိုင်။ ကျွန်ုပ်တို့မြင်ရသောမြင်းတစ်ကောင်စီသည် အမှန်ထာဝရများမဟုတ်။ မွေးလိုက်၊ နေလိုက်၊ သေလိုက်ဖြစ်နေသော ဖြစ်တည်ပျက်လျက်ရှိသော သတ္တဝါများသာ ဖြစ်သည်။ မြင်းများ မည်မျှပင် မွေးသေ ပျက်စီးသော်လည်း မြင်းဆိုသော စိတ်ဝတ္ထုကား ဘယ်တော့မှ မပျက်မစီး၊ အမြဲတည်ရှိနေမည်သာဖြစ်၏။ ဤကား ပလေတို၏ ဝါဒဖြစ်သည်။

ထို့ကြောင့် စိတ်ဝတ္ထုတို့သည် ယေဘုယျ ထာဝရပုံစံများဖြစ်သည်။

http://www.linhtet.com



ဘယ်တော့မှ မပြောင်းလဲသော အရာဝတ္ထုများဖြစ်သည်။ ဘယ်တော့မှ မပြောင်းလဲသော အရာဝတ္ထုများဖြစ်သည်။ ပလေတိုအလိုအရ စိတ်ဝတ္ထုတို့သည် ရုပ်ဝတ္ထုပစ္စည်းများတည်ရှိနေသကဲ့သို့ ရုပ်မရှိသော (အရူပ) ကမ္ဘာ၌ ကိုယ့်အဆောက်အအုံနှင့်ကိုယ် တည်ရှိနေသော အရာများဖြစ်သည်ဟု မှတ်ယူရမည်။ စိတ်ဝတ္ထုအများအပြားရှိသည်ဟု ပလေတို ယုံကြည်သည်။ သူက ရုပ်ဝတ္ထုပစ္စည်းတို့၏ ဆက်ဆံနှီးနွှောမှု (Relation)သည် လည်းကောင်း၊ ထိုရုပ်ဝတ္ထုတို့၏ အရည်အချင်း (Quality)သည်လည်းကောင်း၊ ၎င်းတို့၏တန်ဖိုး (Value)သည်လည်းကောင်း စိတ်ဝတ္ထုများဖြစ်သည်ဟု ဖော်ပြခဲ့လေသည်။

ရုပ်ဝတ္ထုတို့၏ ယေဘုယျ စိတ်ဝတ္ထုဆိုသည်မှာ ဖော်ပြခဲ့သကဲ့သို့ လူ၊ စားပွဲ၊ သစ်ပင်စသည်များဖြစ်သည်။ ရုပ်ဝတ္ထုတို့၏ ဆက်ဆံနှီးနွှောမှု ယေဘုယျစိတ်ဝတ္ထုဆိုသည်မှာ ကြီးခြင်း ငယ်ခြင်း၊ တူညီခြင်း၊ ခြားနားခြင်း စသည်တို့ဖြစ်၏။ ရုပ်ဝတ္ထုတို့၏ အရည်အချင်း ယေဘုယျစိတ်ဝတ္ထုဆိုသည်မှာ အရောင်အဆင်း အနံ့အရသာ စသည်တို့ဖြစ်ပြီး ရုပ်ဝတ္ထုတို့၏တန်ဖိုး ယေဘုယျ စိတ်ဝတ္ထုများမှာ လှပခြင်း၊ မှန်ကန်ခြင်း၊ မွန်မြတ်ခြင်း စသည်များဖြစ်ပေသည်။

ထိုသို့ စိတ်ဝတ္ထုအမြောက်အမြား ရှိကြသော်လည်း ၎င်းတို့အားလုံးမှာ ***နာမ်ကမ္ဘာကြီး** အတွင်း၌ အစီလိုက်အစဉ်လိုက် ဖြစ်ပေါ်နေကြသည်ဟူ၍ ပလေတို ဟောကြားခဲ့သည်ကို လေ့လာရသည်။ ပလေတို၏ အတွေးအခေါ်များအနက် သူ၏ စိတ်ဝါဒနှင့် စိတ်ဝတ္ထုများသည် ထူးခြားသော အတွေးအခေါ်များဖြစ်သည်။ ပလေတိုသည် စိတ်ဝါဒသမားတစ်ဦးပီပီ ရုပ်ဝတ္ထုပစ္စည်းများသည် အရိပ်သဏ္ဍာန်များသာဖြစ်ပြီး စိတ်ဝတ္ထုတို့သာလျှင် အမှန်တကယ် ထာဝရပစ္စည်းများဖြစ်သည်ဟု ယုံကြည်လေသည်။

---

* The World of Subsistance – နာမ်ကမ္ဘာကြီး

# အခန်း(၆)
# အာရစ္စတိုတယ်
(၃၈၄–၃၂၂ ဘီစီ)

အာရစ္စတိုတယ်ကို စတာဂီရာမြို့၌ ဘီစီ ၃၈၄ တွင် ဖွားမြင်သည်။ မက်စီဒိုးဘုရင်မင်းမြတ် 'ဖိလစ်'၏ နန်းတွင်းသမားတော်ကြီးဖြစ်သော နီကိုမာကပ်(စ်)မှာ အာရစ္စတိုတယ်၏ ဖခင်ဖြစ်သည်။ ထို့ကြောင့် ဇာတိအားဖြင့် မင်းနားစိုးနားနီး အမျိုးအနွယ်ဝင်တစ်ဦးဖြစ်လေသည်။ အသက် ၁၇ နှစ်အရွယ်တွင် သူ၏ အာစရိယရင်းဖြစ်သူ ပလေတို တည်ထောင်ထားသော 'အကယ်ဒမီ'ကျောင်းတော်သို့ ဝင်ရောက်၍ ပညာလေ့လာဆည်းပူးသည်။ ထို့နောက် ရပ်ရွာအနှံ့အပြားသို့ လှည့်ပတ်သွားလာကာ ပညာရပ်များကို ရှာမှီးလေ့လာခဲ့ရာမှ အေသင်သို့ ပြန်ကာ အနုပညာကျောင်း တစ်ခုဖွင့်သည်ဟု အဆိုရှိသည်။

ဘီစီ ၃၄၂ တွင်မူ အာရစ္စတိုတယ်အား မက်စီဒိုးဘုရင်ကြီး ဖိလစ်က နန်းတွင်းသို့ခေါ်ယူပြီးလျှင် သားတော် အလက်ဇန္ဒားအား ပညာသင်ကြားပို့ချစေသည်။ မဟာအလက်ဇန္ဒားအား (၇) နှစ်တိုင်တိုင် ပညာသင်ကြားပေးပြီးနောက် အာရစ္စတိုတယ်သည် အေသင်မြို့သို့ ပြန်လာခဲ့သည်။ ဤတစ်ကြိမ် အေသင်သို့ ပြန်ရောက်သောအခါတွင် မူကား လိုင်စီယန်အပိုလို နတ်ဘုရားကို ရည်ညွှန်းပြီး ကိုယ်လက်ကြံ့ခိုင်ရေး အားကစားကျောင်းကြီးတစ်ခု ဖွင့်ပြန်သည်။ ဘီစီ ၃၂၃ တွင် မဟာအလက်ဇန္ဒားဘုရင် ရုတ်တရက် ကွယ်လွန်အနိစ္စရောက်ရသည်ကို အကြောင်းပြု၍ အာရစ္စတိုတယ်အား အလက်ဇန္ဒားကို ဆန့်ကျင်သည့်ဂိုဏ်းသားများကို အခါပေးသည်ဟု စွပ်စွဲကြသဖြင့်

http://www.linhtet.com



အသင်းမှထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။ နောက်ဆုံးတွင် ယူဘိုယာ နယ်တွင် ဆက်လက်နေထိုင်ရင်း ဘီစီ ၃၂၂ တွင် ထိုအရပ်မှာပင် ကွယ်လွန်အနိစ္စရောက်လေသည်။

အာရစ္စတိုတယ်ကား ပလေတို၏ တပည့်များစွာအနက် အထူးချွန် ဆုံး အထက်မြက်ဆုံးနှင့် အထင်ရှားဆုံးဖြစ်၏။ အလွန်သဘောထား မြင့်မြတ်သူ ဖြစ်သည့်အားလျော်စွာ လုပ်ကိုင်ဆောင်ရွက်ခဲ့သမျှ လုပ် ငန်းအားလုံးတွင် တရားမျှတမှု၊ သိက္ခာရှိမှု၊ မြင့်မြတ်သိမ်မွေ့မှု ရှိခဲ့သည်။ အမှန်ကို လွန်စွာမြတ်နိုးခဲ့သည်နှင့်အညီ သူ၏အတွေး အခေါ်နှင့် ဆုံးဖြတ်မှုများမှာ ဘက်လိုက်မှုမရှိ ပကတိဖြောင့်စင်း တည်ငြိမ်လေးနက်မှုရှိခဲ့၏။

ကမ္ဘာ့တွေးခေါ်မှုသမိုင်းတွင် အာရစ္စတိုတယ်၏အမည်ကား လွန် စွာထင်ရှား လူသိများလေသည်။ သူ၏ အတွေးအခေါ် (ဖီလိုဆိုဖီ) တွင်သာမက တက္ကဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရက္ခဗေဒ၊ နိုင်ငံရေး၊ သိပ္ပံမှစ၍ ဝတ္ထု ကဗျာလင်္ကာမကျန် ဇရာမစွယ်စုံပညာရှင်ကြီး တစ်ပါးဖြစ်သည်။

ပလေတိုသည် ခေါမတိုင်းသား တွေးခေါ်ရှင်များအနက် အထင်ရှားဆုံး သော ပုဂ္ဂိုလ်ဖြစ်ကြောင်း ကျွန်ုပ်တို့ သိခဲ့ကြပေပြီ။ သူ၏ ကြိုးပမ်းချက်အရ ထင်ရှားသိမြင်နိုင်သော ပလေတို၏ နာမ်ဝါဒသဘောတရားကြီးကိုလည်း ကျွန်ုပ်တို့ လေ့လာခဲ့ကြရပြီ။ သို့ရာတွင် သူ၏ အတွေးအခေါ်စနစ်ကြီးမှာ အခက်အခဲများ၊ သဘောယုတ္တိမတန်မှုများရှိခဲ့ပေရာ ထိုအခက်အခဲ၊ ထို ယုတ္တိမတန် အတွေးအခေါ်ပုံစံ မမှန်မှုများကို လွန်မြောက်နိုင်ရန် လိုအပ် ပေသည်။

ဤတာဝန်ကြီးမှာ အာရစ္စတိုတယ် ကြီးပြင်းလာသောအခါ၌ သူ၏ ပခုံးပေါ်သို့ ရောက်ရှိလာပေတော့သည်။ အာရစ္စတိုတယ်သည် ပလေတို၏ တွေးခေါ်မှုမှန်သမျှကို လက်တွေ့နည်းကျကျ ယုတ္တိတန် မှန်ကန်အောင် ကြိုးပမ်းခဲ့သူဖြစ်သည်ဟု ဆိုရပေမည်။

http://www.linhtet.com



အာရစ္စတိုတယ်အဖို့ ဦးစွာ ပြန်လည်သုံးသပ်ရမည့်အချက်မှာ အခြားမဟုတ်၊ ပလေတို၏ ရုပ်လောကကို လွန်သော နာမ်ဝတ္ထုများအကြောင်းပင် ဖြစ်သည်။

အာရစ္စတိုတယ်ကမူ ပလေတို၏ ရုပ်လွန် နာမ်ဝတ္ထုများ (ဝါ) ယေဘုယျထာဝရပုံစံများမှာ ဤလက်တွေ့ရုပ်လောက အတွေ့အကြုံလောက နှင့် တသီးတခြားဖြစ်နေခြင်းသည်လည်းကောင်း၊ တသီးတခြားဖြစ်အောင် ခွဲပြထားခြင်းသည်လည်းကောင်း ပလေတိုအနေနှင့် ထာဝရ အမှန်တရားမရှိသော ကမ္ဘာကြီးဖြစ်သည်ဟု ပြဆိုရန်သာဖြစ်သည်ဟု ဆိုလေသည်။

သို့ရာတွင် အတွေးအခေါ်၌ ကျန်ရှိနေသော ပြဿနာမှာကား ဤယေဘုယျပုံစံ (Form)နှင့် လက်တွေ့အကြောင်းအရာ (Matter) ကြားတွင် ရှိနေသော ကွက်လပ်ကြီးကို မည်သို့လျှင် ဆက်စပ်ရမည်နည်းဆိုသော ပြဿနာပင်ဖြစ်လေသည်။

အခြား ပြဿနာတစ်ရပ်မှာလည်း ပလေတိုယူဆတွေးခေါ်သကဲ့သို့ ထာဝရဝတ္ထုတို့သည်သာ အမှန်တရားများဖြစ်ကြပြီး ၎င်းထာဝရများမှာလည်း အရာဝတ္ထုများမဟုတ်။ ထိုအရာဝတ္ထုတို့၏ ယေဘုယျပုံစံ (ဝါ) နာမ်ဝတ္ထုများသာဖြစ်သည်ဆိုလျှင် အမြဲတစေ ပြောင်းလဲဖြစ်ပေါ်နေသော ဝတ္ထုပစ္စည်းများ၏ ယေဘုယျပုံစံများကို အဘယ်သို့ ယူဆပါမည်နည်းဆိုသောအချက်ပင်ဖြစ်၏။

ဆိုလိုသည်မှာ ပလေတို၏ အတွေးအခေါ်အရဆိုလျှင် ကျွန်ုပ်တို့မြင်တွေ့နေရသော ရုပ်ဝတ္ထုများမှာ အမြဲပြောင်းလဲပျက်စီးနေကြသည်ဖြစ်၍ အမှန်တရားများမဟုတ်ကြချေ။ သို့ရာတွင် ထိုဝတ္ထုတို့၏ပုံစံမှာကား ထာဝရဖြစ်၍ မပြောင်းလဲသည့် အမှန်တရားဖြစ်၏။

ဥပမာ ရုပ်နှင့် နာမ် တွဲစပ်နေသော လူတစ်ဦးစီသည် ပြောင်းလဲနေသော်လည်း "လူ"ဆိုသော သဘော၊ရုပ်၊ ပုံစံမှာ အမြဲရှိသည်။

http://www.linhtet.com



ဤအတိုင်းဆိုလျှင် အာရစ္စတိုတယ် သဘောတရားအရ လူ၌ ပြောင်းလဲနေသောသဘောသည်လည်းကောင်း၊ ပစ္စည်းများ၌ ပြောင်းလဲနေသော သဘောသည်လည်းကောင်း ယေဘုယျအားဖြင့် အမြဲရှိသည်ဖြစ်၍ အမှန်တရားဟု မခေါ်နိုင်ပြီလော။ ဤအချက်သည်လည်း စဉ်းစားစရာဖြစ်ပေသည်။

အာရစ္စတိုတယ်အနေနှင့် သူ့ဆရာပလေတို၏ ပြောင်းလဲပျက်စီးခြင်းကင်းမဲ့သော ထာဝရပုံစံများကို မငြင်းလိုသော်လည်း ထိုပုံစံတို့သည် ရုပ်ဝတ္ထုတို့လောကကိုလွန်၍ တသီးတခြား တည်နေကြသည်ဆိုသော သဘောကိုကား လုံးဝလက်မခံခဲ့ချေ။

သူ့အလိုအားဖြင့် ဝတ္ထုပစ္စည်းမှန်သမျှ၌ ကိုယ်စီကိုင ပုံစံတစ်ခုစီရှိကြသည်ကား မှန်၏။ သို့သော် ထိုပုံစံများသည် ထိုဝတ္ထုပစ္စည်းများမှ ကင်း၍ ရှိနေကြသည်မဟုတ်။ ပုံစံနှင့် ဝတ္ထုသည် အမြဲယှဉ်တွဲနေကြသည်။ ဝတ္ထုမရှိသောပုံစံသည်လည်းကောင်း၊ ပုံစံမရှိသော ဝတ္ထုသည်လည်းကောင်း ဤလောကတွင် တစ်စုံတစ်ရာ ရှာ၍မတွေ့နိုင်ချေ။ သို့ဖြင့် ပလေတို၏ အတွေးအခေါ်တွင် ဝတ္ထုနှင့် ပုံစံကို တခြားစီခွဲ၍ စဉ်းစားခြင်းကို ပယ်ဖျက်ပြီး ဝတ္ထုနှင့်ပုံစံကို တစ်သားတည်းဖြစ်အောင် တွေးခေါ်နိုင်ခဲ့လေသည်။

## ၁။ ဖီလိုဆိုဖီနှင့် သိပ္ပံပညာ

အာရစ္စတိုတယ်လက်ထက်တွင် ဖီလိုဆိုဖီသည် ရှေးက ပညာရှင်များ ယူဆတွေးခေါ်ခဲ့သကဲ့သို့ လက်တွေ့သဘောတရားမပါသော ဝါဒအလျှဉ်းမဟုတ်ချေ။ ဖီလိုဆိုဖီသည် သိပ္ပံပညာတစ်ရပ်သာဖြစ်၍ မည်သည့်သိပ္ပံပညာပင်ဖြစ်စေ ဖီလိုဆိုဖီနှင့် စတင်ရသည်သာဖြစ်၏။ သိပ္ပံဆိုင်ရာ စူးစမ်းရှာဖွေတွေးခေါ်မှုများတွင် အသုံးချသော နည်းလမ်းများမှာ တက္ကဗေဒဖြစ်သည်ဟု အာရစ္စတိုတယ်က ညွှန်ပြနိုင်ခဲ့လေသည်။

မည်သည့် နာမ်အဆောက်အအုံမဆို ဤလက်တွေ့မျက်တွေ့ လောကကြီးနှင့် ကင်းကွာမရှိနိုင်ချေ။ လက်တွေ့လောကနှင့် နာမ်လောကတို့ကား အမြဲယှဉ်တွဲနေကြသည်သာ ဖြစ်လေသည်။

http://www.linhtet.com



ပလေတိုယူဆသကဲ့သို့ ဤလက်တွေ့ကမ္ဘာလောကကြီးမှာ အပေါ်ယံ အရိပ်သဏ္ဌာန် ကမ္ဘာကြီးသက်သက်မဟုတ်ချေ။ ဤကမ္ဘာသည် တကယ့် အစစ်အမှန်ကြီးတစ်ရပ်သာဖြစ်သည်။

အသိပညာ၏ မူလဖြစ်ကြောင်းတရားသည်လည်း အတွေ့အကြုံသာ ဖြစ်ပေ၏။ ဤဟောကြားချက်သည် ဖီလိုဆိုဖီနှင့် သိပ္ပံပညာမှာ အတူတူ ဖြစ်ကြောင်း ဖော်ပြလျက်ရှိသည်။ အဘယ့်ကြောင့်ဆိုသော် သိပ္ပံပညာဆိုင်ရာ အခြေခံသဘောတရားမှာလည်း လက်တွေ့ (ဝါ) အတွေ့အကြုံမှရလာသော သဘောတရားများဖြစ်သောကြောင့်တည်း။

ထို့ကြောင့် အာရစ္စတိုတယ်၏ အတွေးအခေါ်များသည် လွန်စွာ လက်တွေ့သိပ္ပံနည်းကျရှိသည်ဟု ဆိုနိုင်ပေသည်။

အာရစ္စတိုတယ်သည် အတွေ့အကြုံကို လက်ခံသော်လည်း အတွေး အခေါ်ကိုလည်း မငြင်းခဲ့ပေ။ သူ့အဖို့ အမှန်တရားတို့သည် ယေဘုယျပုံစံ သဘောမျှချည်းသက်သက် မဟုတ်ကြဘဲ၊ ပုဂ္ဂလိက ဝတ္ထုပစ္စည်းများလည်း အမှန်တရားဖြစ်ကြောင်း လက်ခံခဲ့လေသည်။

အာရစ္စတိုတယ်အလိုအားဖြင့် ဤဖြစ်ပျက် ပြုပြင်ကမ္ဘာကြီး၏ ဖြစ် ပျက်မှုမှန်သမျှ၏ အန္တိမအကြောင်းတရားကို ရှာဖွေသော မည်သည့် ဖီလိုဆို ဖီဖြစ်စေ၊ သိပ္ပံပညာဖြစ်စေ၊ ကျယ်ပြန့်သောသဘော၌ ဖီလိုဆိုဖီများသာ ဖြစ်၏။ အရာဝတ္ထုများ၏ ဖြစ်ပျက်ပြုပြင်သဘောကို သီးသန့်လေ့လာသော ရူပဗေဒ၊ ဓာတုဗေဒစသည့် သီးသန့်သိပ္ပံပညာမှန်သမျှမှာ ဒုတိယတန်းစား ဖီလိုဆိုဖီများဖြစ်ကြသည်ဟု ဆိုလေသည်။

အာရစ္စတိုတယ်သည် ကဗျာ လင်္ကာမှအစ ဘာသာရပ်ပေါင်းစုံတွင် ကျွမ်းကျင်သော စွယ်စုံပညာရှင်ဖြစ်ကြောင်း ဖော်ပြခဲ့ပြီ။

သူ၏တွေးခေါ်မှုများအနက် အံ့သြလောက်အောင် ထင်ရှားသော ဆောင်ရွက်မှုမှာကား တွေးခေါ်မှုသမိုင်းတွင် တက္ကဗေဒဟူသော ဘာသာရပ် ကို တီထွင်ဟောကြားနိုင်ခဲ့ခြင်းပင်ဖြစ်လေသည်။

တက္ကဗေဒပညာ၌ ပုံစံမှန်တွေးခေါ်ဆင်ခြင်မှုမျိုးကို အာရစ္စတိုတယ်က စတင်ခဲ့သည်ဆိုသောအဆိုကို မည်သူမျှ ငြင်းနိုင်မည်မဟုတ်ချေ။ အာရစ္စတိုတယ် စတင်ခဲ့သော တက္ကဗေဒပညာရပ်ဆိုင်ရာ သဘောတရားသည် နှောင်းခေတ်တွေးခေါ်ရှင်များအပေါ်တွင် မယုံနိုင်လောက်အောင် လွှမ်းမိုးခဲ့လေသည်။

ရှေးကျသော တက္ကဗေဒသဘောများကို ခေတ်သစ်သို့ရောက်သောအခါ ဖရန်စစ်ဘေကွန်နှင့် သင်္ချာဗက်သို့ယိုင်သော တွေးခေါ်ရှင်အချို့က လမ်းခွဲ၍ စဉ်းစားခဲ့ကြသည်ကား မှန်၏။ သို့ရာတွင် ဤတော်လှန်မှု ၂ ရပ်မှလွဲ၍ ကျန်သောအပိုင်း၌ အာရစ္စတိုတယ်ကသာ လူသားတို့၏ ပုံစံမှန်တွေးခေါ်မှုမှန်သမျှတွင် လွှမ်းမိုးအုပ်စိုးနေခဲ့ပေသည်။

အာရစ္စတိုတယ်၏ အဓိကရည်ရွယ်ချက်မှာ တွေးခေါ်မှုပုံစံကို အနုစိတ်သုံးသပ်လေ့လာရန်နှင့် ထိုပုံစံနှင့်လိုက်ဖက်သော အကြောင်းအရာများကို သုံးသပ်ရန်ဖြစ်၏။ သို့မှသာ မည်သည့်တွေးခေါ်မှုမျိုးမဆို နည်းမှန်လမ်းမှန် ဖြစ်နိုင်ပေသည်။

အမှန်မှာ တက္ကဗေဒသည် မှန်ကန်စွာ တွေးခေါ်မှုနည်းလမ်းတစ်ရပ်သာဖြစ်လေသည်။ မည်သည့်အတွေးအခေါ်မျိုးတွင်မဆို ဆင်ခြင်သုံးသပ်မှုသည် ပါဝင်ရမြဲဖြစ်၏။ ထိုဆင်ခြင်ခြင်းမှာလည်း ပုံစံအားဖြင့် ယေဘုယျသဘောတရားမှ ပုဂ္ဂလိကသဘောတို့ကို ထုတ်နုတ်စဉ်းစားခြင်းပင်ဖြစ်သည်။

ဥပမာ–

'ငန်း'မှန်သမျှ အဖြူကောင်ချည်း ဖြစ်ကြသည်ဆိုသောသဘောကို မှန်မမှန်ကို ပုဂ္ဂလိက ငန်းတစ်ကောင်စီကို လက်တွေ့သုံးသပ်ကြည့်ခြင်းဖြင့် စိစစ်ရသည်။

တွေးခေါ်သုံးသပ်မှုမှန်သမျှတွင်လည်း ဆုံးဖြတ်ချက်ပါဝင်ရပေရာ စကားနှင့် ထုတ်ဖော်ပြောဆိုသောအခါ ထိုဆုံးဖြတ်ချက်သည် 'အဆို'* ဖြစ်လာသည်။

---

* Proposition – အဆို၊

http://www.linhtet.com



အာရစ္စတိုတယ်သည် တက္ကဗေဒ၏ လက်တွေ့စမ်းသပ်ပုံစနစ်ကိုပါ ဟောကြားခဲ့လေသည်။

အကြမ်းအားဖြင့် ယခုအခါ သာမည ဆင်ခြင်ပုံ ပုံစံ ခေါ်သော (Deductive System)မှာ အာရစ္စတိုတယ်၏ တက္ကဗေဒသဘောတရားပင် ဖြစ်လေသည်။

## အာရစ္စတိုတယ်၏ လေးဌာနအကြောင်းတရား

မည်သည့်ဖြစ်ပျက် ပြုပြင်မှုမျိုး၌မဆို အကျိုးတရားရှိလျှင် အကြောင်းတရား ရှိရမည်ဆိုသည်မှာ လူသာမန်တို့လက်ခံသော အယူအဆဖြစ်သည်။

တွေးခေါ်ရှင်တစ်ဦးအနေနှင့်ကား လူသာမန်တို့ သိမြင်သောအသိမှာ လက်ခံနိုင်ဖွယ်ရာရှိမည်မဟုတ်ချေ။ အကြမ်းအားဖြင့် အကျိုးတရားနှင့် အကြောင်းတရားသဘောကို လက်ခံသည်မှန်သော်လည်း အာရစ္စတိုတယ်၏ အမြင်မှာ ရှေးကတွေးခေါ်ရှင်များနှင့် ခြားနားသည်။ အာရစ္စတိုတယ်က အကျိုးတရားမှန်သမျှ၌ အကြောင်းတရားလေးမျိုး ပေါင်းဆုံနေသည်။ အကြောင်းတရားလေးမျိုး ပေါင်းဆုံမိမှသာ အကျိုးတရားတစ်ခု ရုပ်လုံးပေါ် လာရသည်ဟု ဆိုလေသည်။ အကြောင်းတရားတစ်ခုတည်းက အကျိုးတရား တစ်ခုဖြစ်စေနိုင်သည်ဆိုသော အယူအဆကို အာရစ္စတိုတယ် ငြင်းပယ်လိုက် သည်။

ထို့ကြောင့် အာရစ္စတိုတယ်၏ အကြောင်းတရားဆိုင်ရာသဘောတရား ကို လေးဌာနအကြောင်းတရားဟူ၍ ကျွန်ုပ်တို့က ဆီလျော်သလို ခေါ်ဝေါ် သုံးစွဲလိုက်ရပေသည်။

ထိုအကြောင်းတရား (၄) ပါးမှာ–

(၁) **ရုပ်ဝတ္ထုအကြောင်းတရား**– Material Cause.

(၂) **ပုံသဏ္ဍာန်အကြောင်းတရား**– Formal Cause.

(၃) **စွမ်းဆောင်မှုအကြောင်းတရား**– Efficient Cause.

(၄) **ရည်ရွယ်မှုအကြောင်းတရား**– Final Cause.

တို့ဖြစ်သည်။

အာရစ္စတိုတယ်၏ အလိုအားဖြင့် မည်သည့်အဖြစ်အပျက်တွင်မဆို ထိုအကြောင်းတရားတို့ ပေါင်းဆုံပါဝင်နေကြသည်ဟု ဆိုသည်။

http://www.linhtet.com



ဥပမာ ကျွန်ုပ်တို့စားရေးနေသော စားပွဲခုံကိုကြည့်ကြပါစို့၊ ဤစားပွဲခုံ ဖြစ်ပေါ်လာရေးတွင် ရုပ်ဝတ္ထုအကြောင်းတရားဖြစ်သော သစ်သားမရှိပါက မဖြစ်နိုင်ချေ။ ရုပ်ဝတ္ထုဖြစ်သောသစ်သားသည် အကြောင်းတရား (တစ်ခု အဖြစ် စားပွဲခုံဖြစ်ပေါ်လာရေးတွင် ပါဝင်နေလေသည်။

သို့ရာတွင် သစ်သားရှိကာမတ္တဖြင့်လည်း စားပွဲခုံဖြစ်လာသည်မဟုတ်၊ သစ်သားကို စားပွဲဖြစ်လာအောင် စားပွဲခုံပုံသဏ္ဍာန်သို့ ပြောင်းလဲရသည်ဖြစ်ရာ၊ အရာဝတ္ထုတို့၏ ပုံသဏ္ဍာန်မရှိဘဲလည်း မဖြစ်နိုင်သေးချေ။ သစ်သားကို စားပွဲအဖြစ် ပြုလုပ်ရာ၌ 'စားပွဲ'ဟူသော ယေဘုယျပုံစံသည်လည်း ရှိရပေဦးမည်။ ထို့ကြောင့် ဒုတိယအဆင့်အနေနှင့် အာရစ္စတိုတယ်၏ ဒုတိယ အကြောင်းတရားဖြစ်သော ပုံသဏ္ဍာန်အကြောင်းတရားသည်လည်း ပါဝင်ရဦးမည်။

သို့ဆိုလျှင် ရုပ်ဝတ္ထုပုံစံရှိလျှင် စားပွဲဖြစ်ပြီလော။ မဖြစ်သေးပေ။ ထိုသို့ဖြစ်အောင် စွမ်းဆောင်မည့် စွမ်းဆောင်မှုဆိုင်ရာ အကြောင်းတရားသည် ရှိရပေဦးမည်။ ထိုအကြောင်းတရားမှာကား အခြားမဟုတ်။ လက်သမားဆရာ၏ ကျွမ်းကျင်မှုဖြစ်သည်။ မည်သည့်ဝတ္ထုဖြစ်မှု၌မဆို စွမ်းဆောင်မှု မရှိဘဲ သူ့အလိုလို ဖြစ်လာခြင်းမရှိဟု အာရစ္စတိုတယ် ယုံကြည်သည်။ ဤလောကတွင် ဖြစ်ပျက်နေသမျှသည် သူ့အလိုအလျောက် ဖြစ်နေသည် မဟုတ်။ ဘုရားသခင်က ဖန်တီးနေခြင်းသာဖြစ်သည်ဟု ဆိုလေသည်။

ထိုသို့အကြောင်းတရားသုံးပါး ဆုံစည်းမိကာမျှဖြင့်လည်း အကျိုးတရားတစ်ခုသည် ပြီးပြည့်စုံစွာ ပေါ်ပေါက်လာနိုင်သည်မဟုတ်သေး။ ဥပမာ စားပွဲတစ်ခုကို သစ်သားပုံစံနှင့် လက်သမားဆရာ၏ ကျွမ်းကျင်မှုတို့ဖြင့် ဖန်တီးသည်ပင်ဆိုစေ ထိုစားပွဲကို အဘယ့်ကြောင့် ဖန်တီးရပါသနည်းဆိုသော (လိုအပ်မှု)သည်လည်း တစ်ကြောင်းရှိသေး၏။ အလိုမရှိဘဲ မည်သူမျှ ဖန်တီးမည်မဟုတ်ချေ။ ဖန်တီးဖြစ်ပေါ်လာသမျှတွင် လိုအပ်သောကြောင့်သာ ဖန်တီးရခြင်းဖြစ်သည်။

ထို့ကြောင့် အာရစ္စတိုတယ်၏အလိုအားဖြင့် အကျိုးတရားတစ်ခု ပြီးပြည့်စုံစွာ ပေါ်ပေါက်ဖြစ်ပေါ်လာရန် အဆိုပါအကြောင်းတရား (၄)ပါး ရှိရမည် ဆိုခြင်းဖြစ်သည်။

http://www.linhtet.com



အာရစ္စတိုတယ်၏ ဤဆောင်ရွက်ချက်မှာ ပလေတို ချန်လှပ်ထားခဲ့သော ရုပ်ဝတ္ထုပစ္စည်းနှင့် ယေဘုယျပုံစံကြားမှ ကွက်လပ်ကြီးကို အတွေးအခေါ် ပေါင်းကူးတံတား ခင်းပေးခဲ့ခြင်းဖြစ်ရုံသာမက သိပ္ပံပညာနှင့် ဖီလိုဆိုဖီကို ဆက်စပ်လိုက်ခြင်းလည်းဖြစ်ပေသည်။ လောကတွင် ကျွန်ုပ်တို့ အတွေ့အကြုံဖြင့် သိနိုင်သော ရုပ်ဝတ္ထုခပ်သိမ်းသည်လည်းကောင်း၊ အတွေးအခေါ်ဖြင့်သာ သိသာနိုင်သော ယေဘုယျ ထာဝရပုံစံတို့သည်လည်းကောင်း အမှန်တရားချည်းဖြစ်ကြသည်ဟု အာရစ္စတိုတယ်က ဆိုလေသည်။

သိပ္ပံပညာတွင် ယေဘုယျပုံစံများဖြစ်သော နိယာမ ဥပဒေသများ ရှိသည်။ ၎င်းတို့ကို အတွေ့အကြုံဖြင့် သိနိုင်သည်မဟုတ်။ အတွေးအခေါ်နှင့်သာ သိပြီး ထိုနိယာမတို့၏ မှန်ကန်မှုကို လက်တွေ့စမ်းသပ်ကြည့်ရသည်။ ထို့ကြောင့် အတွေ့အကြုံသည်လည်းကောင်း၊ အတွေးအခေါ်သည်လည်းကောင်း မှန်ကန်သောအသိဖြစ်ပေါ်မှု၏ မူလအခြေခံတရားများဖြစ်သည်။

ဥပမာအားဖြင့် 'သတ္တုမှန်သမျှကို အပူပေးလျှင် ကျယ်ပြန့်သည်'ဆိုသော ယေဘုယျနိယာမသဘောကို အတွေ့အကြုံအားဖြင့် သတ္တုတစ်ခုကို အပူပေးခြင်းဖြင့် စမ်းသပ်နိုင်သည်။

ပုံစံအားဖြင့်–

**၁။ အားလုံးသောသတ္တုများကို အပူပေးလျှင် ကျယ်ပြန့်ကြသည်။**

**၂။ ဤအရာသည် သတ္တုဖြစ်သည်။**

**၃။ ထို့ကြောင့် ဤအရာသည် အပူပေးက ကျယ်ပြန့်သည်။**

ဤပုံစံသည် အာရစ္စတိုတယ်၏ တက္ကဗေဒတွင် ကျင့်သုံးသော တွေးခေါ်မှုပုံစံပင် ဖြစ်လေသည်။

အာရစ္စတိုတယ်၏ စာရဏတ္တဗေဒသဘောတရား၊ နိုင်ငံရေးသိပ္ပံသဘောတရားနှင့် စိတ္တဗေဒသဘောတရားများကို ကျမ်းလေးအုံစီး၍ ချန်လှပ်ထားခဲ့ရပါသည်။ ဖီလိုဆိုဖီဆိုင်ရာ သဘောတရားများကိုသာ ဦးစားပေး၍ ဖော်ပြလိုက်ရပါကြောင်း။

# အခန်း (၇)
# ခေတ်သစ် ဖီလိုဆိုဖီ

## ရီနီကာဒေးကား
## (၁၅၉၆–၁၆၅၀)

ရှေးခေတ်ဟောင်း အတွေးအခေါ်များကို သိပ္ပံနည်းကျ အတွေးအခေါ်ဖြစ်အောင် တော်လှန်ကာ စနစ်ကျသော ခေတ်သစ်အတွေးအခေါ်ကို စတင်ခဲ့သူမှာ ပြင်သစ်တွေးခေါ်ရှင်ကြီး 'ရီနီဒေးကား' (၁၅၉၆–၁၆၅၀) ဖြစ်လေသည်။ ဒေးကားအား နှောင်းခေတ်တွေးခေါ်ရှင်များက ခေတ်သစ်အတွေးအခေါ်၏ ဖခင်ကြီးဟု သမုတ်ထားကြသည်။

ပလေတို၏ဘဝနှင့် အတွေးအခေါ်များတွင် ဖော်ပြခဲ့သကဲ့သို့ ခေတ်ဟောင်းက အတွေးအခေါ်သည် 'အံ့သြခြင်း'မှ စတင်ခဲ့သော်လည်း ခေတ်သစ်အတွေးအခေါ်များမှာ 'ဒွိဟ သံသယ'မှ စတင်ခဲ့ကြောင်းတွေ့ရသည်။ ဖီလိုဆိုဖီခေါ်သော ဤအတွေးအခေါ်များကို ဒေးကားသည် ဒွိဟ သံသယမှ စတင်တွေးခေါ်ခဲ့၏။

ရီနီဒေးကားကို ပြင်သစ်ပြည်၊ တိုရိန်းနယ်၊ ဟေးမြို့တွင် ၁၅၉၆ ခုနှစ်တွင် မွေးဖွားခဲ့လေသည်။ ထင်ရှားကျော်စောသော မူးမျိုးမတ်နွယ်မှ ဆင်းသက်သော အမျိုးကောင်းသားတစ်ဦးဖြစ်သည်။ ဒေးကား၏ ဖခင်မှာ ဘရစ်တန်နီ ပါလီမန်တွင် ကောင်စီဝင်လူကြီးတစ်ဦး

http://www.linhtet.com



ဖြစ်လေသည်။ ခရစ်သက္ကရာဇ် (၁၆၀၄) ခုနှစ်မှ (၁၆၁၂) ခုနှစ်အထိ ဂျက်စူးစပ်ကောလိပ်တွင် ပညာသင်ကြားသည်။ ထိုကောလိပ်တွင် နေစဉ်က ရှေးဟောင်းစာပေများကို လေ့လာလိုက်စားပြီး သင်္ချာဗေဒ အခြေခံများကိုပါ သင်ကြားလေ့လာခဲ့သည်။

၁၆၁၂ ခုနှစ် ဂျက်စူးဝပ်ကောလိပ်မှ ထွက်သောအခါ ဒေးကားသည် ပဲရစ်မြို့သို့ သွားရောက်ပြီး ဥပဒေပညာကို ဆက်လက်လေ့လာသည်။ ၁၆၁၆ ခုနှစ်တွင် ပဲရစ်မြို့မှာပင် ဒီဂရီရရှိသည်။ ဒီဂရီရပြီးနောက် ဒေးကားသည် မည်သည့်အလုပ်ကို လုပ်ရမှန်းမသိဘဲ စိတ်များနေခဲ့သည်။ ပထမတွင် ဖောဘား စိန့်ဂျာမိန်း ကျောင်းတွင် ဂဲသြမေဌရီကို ဆက်လက်လေ့လာရင်း ငြိမ်းငွေ့ဖွယ်ကောင်းသော လူ့အသိုင်းအဝိုင်းနှင့် အဆက်ဖြတ်နေခဲ့သည်။ သို့သော်လည်း သူ၏မိတ်ဆွေအပေါင်းအသင်းများက နှာခေါင်းရှုံ့သူရှုံ့ မျက်နှာပြောင်တိုက်၍ အနှောင့်အယှက်ပေးသူပေးနှင့် အမျိုးမျိုး ဒုက္ခပေးနေရကား လွတ်လပ်အေးငြိမ်းစွာနေလိုသော ဒေးကကားအဖို့ ပဲရစ်မြို့တွင် ဆက်လက်နေထိုင်ရန် ခက်ခဲလာလေတော့သည်။ ထို့ကြောင့် (၁၆၁၇) ခုနှစ်တွင် ဟော်လန်ပြည်သို့ ထွက်ခွာသွားပြီး စစ်ထဲသို့ ဝင်လိုက်သည်။ ထိုစဉ်က ဟော်လန်ပြည်မှာ စစ်မက်အေးငြိမ်းနေစဉ် ဖြစ်ရကား ဒေးကားအတွက် သင်္ချာဘာသာကို ဆက်လက်လေ့လာရန်နှင့် သူ လုပ်ချင်သော ဘာဝနာ ကမ္မဋ္ဌာန်းတရားအားထုတ်ရန် အချိန် ၂ နာရီမျှ ရနိုင်ခဲ့သည်။ ၁၆၁၉ ခုနှစ်တွင် ဥရောပတွင် အနှစ် ၃၀ စစ်ပွဲဖြစ်ပွားလာရာ ကမ္ဘာကြီးအကြောင်းကို လေ့လာလိုသော ဒေးကားသည် ဘာဗေးရီးယားစစ်တပ်သို့ ပြောင်းရွှေ့အမှုထမ်းသည်။ ဘာဗေးရီးယားတွင်ရှိနေခဲ့သော ထိုနှစ်ဆောင်းရာသီတွင် ဒေးကားသည် သူ၏အတွေးအခေါ်အစနှင့် ထိုအတွေးအခေါ်များ၏ အခြေခံမှုကို တွေ့ရလေသည်။ ဖြစ်ပျက်ပုံမှာ တစ်နေ့တွင် ခါတိုင်းထက် ပိုမိုအေးလှသဖြင့် ဒေးကားသည် နှင်းမှုန်များအောက်တွင် ဆက်လက်မနေနိုင်တော့ဘဲ နီးစပ်ရာတဲတစ်ခုအတွင်းသို့ဝင်ပြီး မီးပုံကြီးတစ်ခုဘေးတွင်ထိုင်ကာ မီးလှုံနေလေသည်။ တဖြည်းဖြည်း

http://www.linhtet.com



နွေးလာသောအခါ သူသည် ဆက်လက်၍ ကမ္ဘာ့ဌာန်းတရား အား ထုတ်သည်။ တစ်နေ့တာ ကုန်ဆုံးသွားသောအချိန်တွင် ဒေးကား သည် သူ့အတွေးအခေါ်များ၏ အခြေခံသဘောတရားဖြစ်သော 'ငါတွေးနေသည် ထို့ကြောင့် ငါရှိသည်'ဆိုသော သဘောတရားကို သူ့ခေါင်းထဲတွင် ပိုင်ပိုင်နိုင်နိုင် ရရှိသွားသည်။ ထိုအတွေးအခေါ်များ ကို ဒေးကားသည် သူ၏ 'နိဿျည်းကျမ်း' Discourse on Method တွင် ဖော်ပြခဲ့လေသည်။

၁၆၂၂ ခုနှစ်အထိ ဒေးကားသည် စစ်ထဲတွင် ဆက်လက်အမှုထမ်း သည်။ ထိုနောက် ပဲရစ်သို့ပြန်ပြီး နောက်နှစ်များတွင် အီတလီပြည် သို့ အလည်အပတ်သွားရောက်ခဲ့သည်။ အီတလီတွင် ၂ နှစ်နေပြီး ပြင်သစ်ပြည်သို့ ပြန်လာသည်။ သို့သော် အိမ်တွင်နေရသောဘဝ သည် ငြီးငွေ့ဖွယ်ကောင်းလှကြောင်း တွေ့ရသည်တစ်ကြောင်း၊ မိတ်ဆွေအပေါင်းအသင်းများက အနှောင့်အယှက်ပြုသည် တစ် ကြောင်းကြောင့် အေးချမ်းစွာနေထိုင်ပြီး မိမိစိတ်ရှိတိုင်း အလုပ်လုပ် နိုင်မည့် ဟော်လန်ပြည်သို့ ၁၆၂၈ ခုနှစ်တွင် ပြန်လည်ထွက်ခွာ သွားလေသည်။ ထိုနောက် ဖခင်ကွယ်လွန်စဉ်က ရထားခဲ့သော အမွေပစ္စည်းများအနက် မိမိပိုင်မြေအချို့ကို ရောင်းချလိုက်သော ကြောင့် ရသမျှငွေနှင့် ဒေးကားသည် လွတ်လွတ်လပ်လပ် သက် သောင့်သက်သာ နေနိုင်ခဲ့သည်။ ပြင်သစ်ပြည်သို့ နောက်ထပ် သုံးလေးကြိမ်သာ အလည်အပတ်ရောက်ရှိပြီး ဟော်လန်ပြည်မှာပင် ၂၁ နှစ်လုံးလုံး နေထိုင်ခဲ့၏။

ဒေးကားသည် ဘုရင်ဂိုဏ်းဘာသာဝင်တစ်ဦးဖြစ်သော်လည်း ဂလက် လီယို၏ သဘောတရားများကို လက်ခံခဲ့သည်။ ထိုစဉ်က ဂလက် လီယို၏ သဘောတရားများကို ဘုရင်ဂိုဏ်းကျောင်းတော်က မိစ္ဆာဒိဋ္ဌိ ဝါဒဟု စွပ်စွဲနေချိန်ဖြစ်သည်။

၁၇ ရာစုနှစ်များအတွင်း ကမ္ဘာပေါ်တွင် လွတ်လပ်စွာ တွေးခေါ်ခွင့် ရှိသောနိုင်ငံမှာ ဟော်လန်နိုင်ငံဖြစ်ရကား ဒေးကားကဲ့သို့ပင် အင်္ဂ လိပ်တွေးခေါ်ရှင်များဖြစ်ကြသော ဟော့(ဗ်)နှင့် လော့(က်) တို့ လည်း သူတို့၏အတွေးအခေါ်ဆိုင်ရာကျမ်းများကို ဟော်လန်ပြည်မှာ

http://www.linhtet.com



ပင် ထုတ်ဝေခဲ့ရကြောင်း တွေ့ရသည်။ ဒေးကားသည် ဟော်လန်ပြည်မှာပင် သူ၏အတွေးအခေါ်အလုပ်ကို ဆက်လက်လုပ်ကိုင်ကာ သူ၏အတွေးအခေါ်အလုပ်ကို ဆက်လက်လုပ်ကိုင်ကာ သူ၏ နည်းနာနိဿယများ ချမှတ်ခဲ့၏။ 'ကော်ပါနီးကပ်' ၏ တရားသဘောများကိုယူ၍ ရူပဗေဒပညာရပ်ကို စဉ်းစားခဲ့သေးသည်။ ဂလက်လီယို အသတ်ခံရကြောင်း ကြားသိရသောသတင်းကြောင့် ဒေးကားသည် ထိုစာအုပ်ကို ထုတ်ဝေခြင်းမပြုခဲ့တော့ပေ။

၁၆၃၇ ခုနှစ်သို့ရောက်သောအခါ ဒေးကားသည် သူ၏ဟောပြောချက်ကျမ်း (Discourse)ကို ထုတ်ဝေသည်။ ထိုကျမ်းတွင် သူ၏ထူးခြားသော ဂဲသြမေဌရီ သဘောတရားများပါဝင်သည်။ ထိုနောက် ၁၆၄၁ ခုနှစ်တွင် သူ၏ဘာဝနာကျမ်း (Meditations)ကိုလည်းကောင်း၊ ၁၆၄၄ ခုနှစ်တွင် အဘိဓမ္မာ၏ မူလသဘောတရားကျမ်းကိုလည်းကောင်း ဆက်တိုက်ထုတ်ဝေခဲ့၏။ ဤကျမ်းများ မင်းသမီးအယ်လီဇဘက်အား သီးခြားရည်ညွှန်းသောကျမ်းဖြစ်သည်။ ၁၆၄၉ ခုနှစ်တွင် ဝိညာဉ်၏ တပ်မက်စွဲလမ်းခြင်းဆိုင်ရာ စာတမ်းတစ်ခုကို ရေးသား၍ ထိုမင်းသမီးအား ဆက်သသည်။ ထိုနှစ်မှာပင် ဆွီဒင်ဘုရင်မ ခရစ်တီနာက ဒေးကား၏ ဆောင်ရွက်ချက်များကို နှစ်ခြိုက်စိတ်ဝင်စားပြီး စတော့ဟုန်းမြို့သို့ ကြွရောက်နေထိုင်ပါရန် ဖိတ်ကြားသည်။ ခရစ်တီနာသည် အသိပညာကို လေ့လာလိုက်စားသော ဘုရင်မတစ်ဦးဖြစ်ရကား သူမအား သဘာဝတ္တဗေဒ (ဖီလိုဆိုဖီ)ကို သင်ကြားပေးရန် ပြောကြားသည်။ သို့သော် သင်ပေးရမည့်အချိန်မှာ နံနက်လင်းအားကြီး ငါးနာရီတွင်ဖြစ်၏။ ဆွီဒင်ပြည် ဆောင်းရာသီ၌ နံနက်အစောကြီး အိပ်ရာမှထရမည့်အလုပ်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။ ဤအလုပ်မှာ ဒေးကားအတွက် ကြီးစွာသောဒုက္ခကြီးတစ်ခုလည်းဖြစ်သည်။ ထိုအချိန်တွင် ဒေးကား၏ သူငယ်ချင်းတစ်ဦးဖြစ်သော သံအမတ် 'ချနတ်' နာမကျန်းဖြစ်ရာ ဒေးကားက ပြုစုရသည်။ ဤတွင် သံအမတ်ကြီးကား ရောဂါသက်သာသွားပြီး ဒေးကားသည်သာလျှင် စွဲကပ်လာသော အဖျားရောဂါကို မလွန်ဆန်သာဘဲ ၁၆၅၀ ခုနှစ် ဖေဖော်ဝါရီလတွင် အနိစ္စရောက်ခဲ့ရလေသည်။

http://www.linhtet.com



ဒေးကားသည် တစ်သက်ပတ်လုံး အိမ်ထောက်သက်မွေးမှုမပြုခဲ့ဟု ဆိုသည်။ သို့သော်လည်း သူ့မှာ သဘာဝကပေးခဲ့သော သမီးကလေးတစ်ဦး ရှိခဲ့သည်ဟုလည်း အဆိုရှိသည်။ ထိုသမီးကလေးမှာ ငါးနှစ်သမီးအရွယ် ကပင် သေဆုံးသွားသည်။ ဤအဖြစ်အပျက်သည် သူ့ဘဝတွင် ဝမ်းနည်းစရာ အကောင်းဆုံးပဲဟု ဒေးကားက ထုတ်ဖော်ပြောဆိုခဲ့သည်။

ဒေးကား ကား အတွေးအခေါ်ပညာရှင်တစ်ဦး ဖြစ်ရုံသာမက သင်္ချာ နှင့်, သိပ္ပံပညာရှင်တစ်ဦးလည်းဖြစ်သည်။

သင်္ချာဗေဒနှင့် သဘာဝတ္တဗေဒပညာရပ်များတွင် ဒေးကား၏ အတွေး အခေါ်များသည် အရေးပါအရာရောက်လှသည်။ သူ၏ 'အဘိဓမ္မာ၏ မူလ သဘောတရားကျမ်း'တွင် သိပ္ပံပညာအကြောင်းများ ပါရှိသည်။

ဒေးကားက ကျွန်ုပ်တို့သည် ပလေတိုနှင့် အာရစ္စတိုတယ်တို့၏ အတွေးအခေါ် စာဒကများကို လေ့လာဖတ်ရှုရုံနှင့် ကျွန်ုပ်တို့ကိုယ်တိုင် တွေးခေါ်ရှင်များ ဖြစ်မလာနိုင်ဟု ဆိုလေသည်။ ကမ္ဘာပေါ်ရှိ လူအမျိုးမျိုး တို့၏ အယူအဆများကို လေ့လာလိုလျှင် သိပ္ပံပညာကို လေ့လာ၍မဖြစ်၊ ထိုလူတို့၏သမိုင်းစဉ်လာကို လေ့လာမှသာ ဖြစ်နိုင်ပေမည်။ ထိုနည်းတူစွာ ပင် စစ်မှန်တိကျသော အသိပညာကို ရရှိလိုလျှင်လည်း နည်းလမ်းများကို ဦးစွာရှာဖွေစိစစ်ရမည်။ သင်္ချာဗေဒတွင် ကျွန်ုပ်တို့သည် ပင်ကိုယ်အထောက် အထားပြု Self-Evident သဘောတရားများရှိသည်။ ဥပမာ နှစ်နှင့်နှစ် ပေါင်းလျှင် လေးဆိုသည့်သဘောတရားကို ထပ်ဆင့်အငြင်းပွားစရာမလို သကဲ့သို့ပင်ဖြစ်သည်။ တြိဂံတစ်ခုတွင် ထောင့်သုံးခုပေါင်းရခြင်းသည် ထောင့်မှန် နှစ်ခုနှင့် ညီမျှကြောင်းကိုလည်း အငြင်းပွားဖွယ်ရာမရှိချေ။

ထိုနည်းတူစွာ သဘာဝတ္တဗေဒတွင်လည်း ခိုင်မာသောပင်ကိုအထောက် အထားပြု သဘောတရားများ ရှိရမည်ဟု ဒေးကားက ယုံကြည်စွာ ဆိုခဲ့ သည်။ သို့မှသာ ကျွန်ုပ်တို့သည် သဘာဝတ္တဗေဒတွင် ဘုရားသခင် အမှန် ရှိကြောင်းကိုသော်လည်းကောင်း၊ ဝိညာဉ်၏ နိစ္စထာဝရသဘောတရား အမှန် ရှိကြောင်းကိုသော်လည်းကောင်း၊ ဤရုပ်ကမ္ဘာကြီး အမှန်ရှိကြောင်းကိုသော် လည်းကောင်း သက်သေပြနိုင်မည်ဟု ဆိုသည်။ သင်္ချာဗေဒတွင် 'ကိုးအော် ဒီနိတ်– ဂဲဩမေဋရီ'ကို တီထွင်ခဲ့သူမှာ ဒေးကားဖြစ်၏။

http://www.linhtet.com



## ၂။ ငါတွေးနေသည်၊ ထို့ကြောင့် ငါရှိသည်

ဒေးကား၏ နိဿျည်းကျမ်းနှင့် ဘာဝနာကျမ်းတို့တွင် သူ၏အဘိဓမ္မာ (သဘာဝတ္တဗေဒ)များကို လေ့လာရပေသည်။ ဒေးကားသည် ဤ (ငါတွေးနေသည်။ ထို့ကြောင့် ငါရှိသည်)ဆိုသော သဘောတရားကို သူ၏အတွေးအခေါ်တွင် အသိပညာဆိုင်ရာ အတွေးအခေါ်များ၏ အခြေခံမှုအဖြစ် အသုံးပြုခဲ့သည်။

ဘာဘေးရီးယန်းစစ်တပ်တွင် ဒေးကား အမှုထမ်းနေစဉ် ဆောင်းရာသီ၏ နေ့တစ်နေ့၌ ဤသဘောတရားကို တွေးခေါ်မိကြောင်း ဖော်ပြခဲ့ပေပြီ။

သူသည် လောကအတွင်း မြင်မြင်သမျှပစ္စည်းတို့သည် ကျွန်ုပ်တို့တွေ့ထိမြင်ရသည့်အတိုင်း တကယ့်တကယ်ရှိပါ၏လော။ အာရုံမှတစ်ဆင့်သိရသော အရာခပ်သိမ်းနှင့် စပ်ဆိုင်သော အကြောင်းအချက်တို့သည် တကယ့်တကယ် အမှန်အစစ်များဟုတ်ပါမည်လားဟုတွေးရင်း ဒွိဟသံသယဖြစ်လာသည်။ ထို့နောက် သူသည် သူ့ပတ်ဝန်းကျင်တွင်ရှိသော အရာဝတ္ထုပစ္စည်းများ တကယ့်တကယ်ရှိနေသည်ဟု မထင်တော့။ ၎င်းတို့သည် အာရုံငါးပါးတွင် ထင်ဟပ်နေသော ယုံမှားသံသယဖြစ်ဖွယ်ရာများသာ ဖြစ်သည်။ ထို့ကြောင့် 'ငါ ဤကဲ့သို့ မီးပုံဘေးတွင် အင်္ကျီရှည်ကြီးဝတ်ကာ ထိုင်နေခြင်းမှာ တကယ်ထိုင်နေခြင်းလား'ဟု တွေးကာ သံသယဖြစ်လာသည်။ တစ်ခါတစ်ရံ ငါသည် အိပ်ရာထဲတွင် ကိုယ်တုံးလုံးနှင့် အိပ်ပျော်နေစဉ် (ထိုစဉ်က ညဝတ်အင်္ကျီမပေါ်သေး) ယခုကဲ့သို့ပင် အင်္ကျီရှည်ကြီးဝတ်ကာ မီးပုံဘေးတွင် ထိုင်နေသည်ဟု မြင်မက်ဖူးသည်။ ထိုစဉ်ကလည်း ငါသည် အလားတူ အတွေ့အကြုံမျိုးကို တွေ့ထိခံစားရသည်ပင်ဖြစ်၏။ အိပ်မက်သည် တိုတောင်းသော အချိန်အတွင်းဖြစ်၍ နိုးလာသောအခါ အိပ်မက်ထဲမှာ ဖြစ်ခဲ့သမျှသည် အမှန်မဟုတ်ကြောင်း သိရသည်။ ယခုမူ ငါသည် အာရုံတို့၏ အနှောင်အဖွဲ့အောက်တွင် ရှိနေသောကြောင့် အာရုံများ၌ ထင်မြင်လာခြင်းကို အမှန်ဟူ၍အောက်မေ့နေခြင်းသာဖြစ်ရမည်။ အဘယ့်ကြောင့်ဆိုသော် မျက်စိနှင့်မြင်ရသောအရာတို့သည် တကယ့်တကယ် မှန်ကန်နေခြင်းမဟုတ်။ ဥပမာ (ရေထဲမှ တုတ်ကို မျက်စိက ကောက်ကွေးစွာ မြင်ရမည်။ ရှည်လျားသောလမ်းကို အဖျားသွယ်၍ မြင်ရသည်။ ထို့ပြင်

http://www.linhtet.com



အရာဝတ္ထုတို့ မိနစ်စက္ကန့်တိုင်းတွင် ဟောင်းနွမ်းပျက်စီးနေသည်ကို မျက်စိက မမြင်နိုင်။ ထို့ကြောင့် မျက်စိနှင့်မြင်ရတိုင်း မမှန်။ အလားတူပင် တခြားအာရုံများသည်လည်း မမှန်နိုင်ပေ)။

ဤချက်သည် ထင်ရှားပေပြီ။ ထို့ပြင်လည်း အိပ်မက်ဆိုသည်မှာ ပန်းချီဆရာတစ်ဦး၏ စိတ်ကူးနှင့်တူ၍ ထိုစိတ်ကူးကို သရုပ်ဖော်ရေးဆွဲတင်ပြသော ပန်းချီကားနှင့်လည်း တူပေသည်။ ဥပမာ (မြင်းပျံကို မမြင်ဖူးသော်လည်း မြင်းနှင့်အတောင်ပံကို မြင်ရသောအခါ မြင်းပျံပုံကို တွေးတောသရုပ်ဖော်နိုင်ကြမည်)။

ဤလောကအတွင်းရှိ ဝတ္ထုပစ္စည်းတို့သည် ပြန့်ကျယ်ခြင်း (Estension) နှင့် အရေအတွက်များသာဖြစ်ရကား တကယ်အမှန်ထာဝရပစ္စည်းဟူ၍ ယုံကြည်ဖွယ်အကြောင်းမရှိချေ။ စင်စစ် ရုပ်ဝတ္ထုပစ္စည်းများတွင် ပြန့်ကျယ်ခြင်းနှင့် အရေအတွက်တို့သာ အမှန်ဖြစ်ပြီး မျက်စိနှင့်မြင်ရသော အရာတို့သည် အိပ်မက်ထဲတွင် မြင်ခဲ့ရသော အရာများနှင့် ဘာမျှမခြားနားပေ။ ထို့ကြောင့် ရုပ်ဝတ္ထုတို့သည် အမှန်ထာဝရ ပစ္စည်းများမဟုတ်။ အာရုံအသီးသီး၌ ထင်လာသော အရိပ်သဏ္ဌာန်များသာ ဖြစ်သည်။ သို့ဖြင့် ဒေးကားသည် အရာခပ်သိမ်းကို သံသယဖြစ်လာသည်။

ထို့နောက် သူက 'လောကရှိ ပစ္စည်းမှန်သမျှအား အမှန်တကယ်ရှိသည်ဟု ငါမထင်လျှင် ဒေးကားဆိုသော "ငါ"ကား အမှန်တကယ်ရှိနိုင်မည်လောဟု တွေးမိပြန်သည်။ ငါလည်း အမှန်မဟုတ်နိုင်။ အဘယ့်ကြောင့်ဆိုသော် အိပ်မက်ထဲမှ ငါနှင့် ယခုငါသည် ဘာမျှခြားနားခြင်းမရှိသောကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် ငါအပါအဝင် လောကတစ်ခုလုံးရှိ ပစ္စည်းမှန်သမျှသည် အမှန်တကယ်ဖြစ်တည်နေကြခြင်းမဟုတ်နိုင်ဟု ငါသံသယဖြစ်မိသည်'ဟု ဆိုသည်။

ထိုသို့ဆိုလျှင် ငါမရှိဘဲ ယခုကဲ့သို့သံသယဖြစ်နေသော 'ငါ၏သံသယ' သည် အမှန်ရှိနိုင်ပါ၏လော။ သို့သော် သံသယမရှိဘဲ ငါသည် ယခုကဲ့သို့ စဉ်းစားနိုင်မည် မဟုတ်ချေ။ သံသယကား ရှိရပေမည်။ အမှန်စင်စစ် 'သံသယ'သည် ပင်ကိုအထောက်အထားပြု သဘာဝအဖြစ် အမှန်တကယ်

http://www.linhtet.com



ရှိ၏။ 'သံသယ'ရှိလျှင် ငါတွေးနေခြင်းမှာလည်း အမှန်ရှိရမည်။ ဤနေရာတွင် တစ်ခုစဉ်းစားဖွယ်ရှိ၏။ ၎င်းမှာ အကယ်၍ ဤရုပ်ကမ္ဘာကြီးသည် ငါ့ကို သံသယဖြစ်စေရအောင် ထင်ယောင်ဝိုးဝါး အရိပ်သဏ္ဍာန်ကြီးပမာ ထင်နေခြင်းသည် မာရ်နတ်တို့ နှောင့်ယှက်နေသောကြောင့် ဖြစ်ရသည်ဟု ငါအထင်ရှိသည်ဆိုစေ၊ အကယ်၍ ငါသာလျှင် ဘဝနှင့် ရုပ်တည်၍မရှိပါက မာရ်နတ်လည်း အဘယ်နည်းနှင့်မျှ ငါ့ကိုနှောင့်ယှက်နိုင်မည်မဟုတ်ပေ။ အကယ်၍ ငါသည် တခြားရုပ်ဝတ္ထုပစ္စည်းတို့ကို မှားယွင်းသော အထင်အမြင် အရိပ်သဏ္ဍာန်များဟူ၍ တွေးနေသည်ဆိုအံ့။ ထိုစဉ်းစားတွေးတောမှုကို ပြုရန် "ငါ"မရှိဘဲလည်း မဖြစ်နိုင်ယောင်တကား။ ထို့ကြောင့် ငါ သည် အမှန်ရှိ၏။

ထိုနည်းဖြင့် နောက်ဆုံးတွင် သူ၏အတွေးအခေါ်အခြေခံမှုဖြစ်သော 'ငါတွေးနေသည်၊ ထို့ကြောင့် ငါရှိသည်'ဆိုသော သဘောတရားကို တွေ့ရှိခဲ့လေတော့သည်။ ဤကား ဒေးကား၏ အသိပညာဆိုင်ရာ အတွေးအခေါ်များဖြစ်၏။ အနှစ်သာရသဘောတရား တစ်ရပ်ပင်တည်း။

ဤသို့ ငါရှိကြောင်းတွေ့ရသောအခါမှ ဒေးကားသည် "ငါ"တည်သော ရုပ်ကမ္ဘာကြီး အမှန်ရှိကြောင်း။ ဤရုပ်ကမ္ဘာကြီး အမှန်ရှိလျှင် ဤကမ္ဘာကြီးကို ပြုပြင်ဖန်တီးနေသော အလုံးစုံ ပြီးပြည့်စုံသောသဘောရှိ၍ အဆုံးမဲ့ထာဝရတန်ခိုးတော်ရှင် ဘုရားသခင်ရှိကြောင်း ဆက်လက်သက်သေပြနိုင်ခဲ့သည်။

## ၃။ ရုပ်နှင့်စိတ်

"ငါတွေးနေသည်၊ ထို့ကြောင့် ငါရှိသည်'ဆိုသော ဒေးကား၏သဘောတရားသည် ရုပ်ထက် စိတ်က ပို၍အရေးပါအရာရောက်ကြောင်း ဖော်ပြသလိုဖြစ်နေသည်ဟု ဒေးကားအား ဘာထရန့်ပ်ဆယ်က ဝေဖန်သည်။ သို့သော် ဒေးကားက စိတ်နှင့်ရုပ်တို့သည် တိုက်ရိုက်ဆန့်ကျင်ကြောင်း ဖော်ပြခဲ့သည် သူတို့သည် သီးခြားအရာဝတ္ထုနှစ်ခုဖြစ်ကြောင်းသာ ဆိုခဲ့လေသည်။ ရုပ်၏ အဓိကဂုဏ်အင်္ဂါလက္ခဏာမှာ ပြန့်ကျယ်ခြင်း၊ (ကြီး

http://www.linhtet.com



ခြင်း ငယ်ခြင်းဖြစ်၍ စိတ်၏ အဓိကဂုဏ်အင်္ဂါလက္ခဏာမှာ တွေးတောခြင်း ဖြစ်သည်။ စိတ်ကို ဖော်ပြရာ၌ ဒေးကားက တွေးတောခြင်းမရှိဘဲ ဘယ်နည်းနှင့်မျှ (စိတ်)ကိုသော်လည်းကောင်း၊ ဝိညာဉ်ကိုသော်လည်းကောင်း မမြင်နိုင် မထင်နိုင်။ ငါသည်လည်း စဉ်းစားတွေးတောပြီးမှသာ 'ငါ'ဆိုသော (အတ္တ)ကို သိမြင်လာရသည်။ ထိုအတ္တသည်လည်း ဒြပ်ရှိသောအရာမဟုတ်။ ငါသို့မဟုတ် အတ္တတွင် ကြီးခြင်းလည်းမရှိ၊ ငယ်ခြင်းလည်းမရှိ၊ ငါဆိုသော ထိုအတ္တသည် ငါ၏စိတ်အစဉ် (ဝါ) တွေးတောထင်မြင်မှု တစ်ရပ်သာ ဖြစ်သည်။ ထို့ကြောင့် 'ငါ'ဆိုသည်မှာ 'ငါ၏စိတ်'ဖြစ်၍ ထိုငါ၏စိတ်ကြောင် ငါ-ငါ ဟု ထင်မြင်နေရခြင်းလည်းဖြစ်ပေသည်။ သို့ဖြစ်ရကား 'ငါ'သည် ငါ၏ကိုယ် (ကာယ) ရုပ်အစုနှင့် ဘာမျှမဆိုင် တသီးတခြား ဖြစ်ကြောင်း ထင်ရှားသိသာပေသည်။

ဒေးကားသည် သူ၏နိဒါန်းကျမ်းတွင် 'တွေးတောခြင်း'ကို အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ဆိုခဲ့သည်။ တွေးတောခြင်းဆိုသည်မှာ ဒွိဟသံသယဖြစ်ခြင်း။ သဘောပေါက် နားလည်ခြင်း။ ယုံကြည်လက်ခံခြင်း။ သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ ဆန္ဒပြုခြင်း၊ စေ့ဆော်ခြင်း၊ လိုလားခြင်း၊ ခံစားခြင်း အားလုံးကို ဆိုလိုခြင်းဖြစ်ကြောင်း ဒေးကားက ဖော်ပြခဲ့သည်။

ထိုနောက် ရုပ်ဝတ္ထု (ဝါ) ကာယနှင့် စပ်ဆိုင်သော ပြဿနာများကို စဉ်းစားရာ၌ သူက ပျားဖယောင်းတစ်တုံးကို ဥပမာပေး၍ စဉ်းစားခဲ့သည်။

ဖယောင်းတုံတစ်တုံးကို ကြည့်မည်ဆိုပါက အာရုံတွင် ထိုပစ္စည်းကို ရုပ်ဒြပ်ရှိသော အစိုင်အခဲတစ်ခုအဖြစ် တွေ့ရမည်။ ထိုဖယောင်းတုံးတွင် ပျား၏ ချိုမြသောအရသာလည်းရှိ၏။ ပန်းရနံ့လည်းရှိ၏။ မြင်သာသော အရောင်အဆင်းလည်းရှိ၏။ အရွယ်အစားနှင့် ပုံပန်းသဏ္ဌာန်လည်း ရှိပေသည်။ ထို့ပြင် မာကျောခြင်း၊ အေးခြင်း၊ ထုလျှင် အသံမည်ခြင်းစသော အင်္ဂါရုပ်များလည်း ရှိသေးသည်။ သို့သော် ထိုဖယောင်းကို မီးမှာကင်လိုက်ပါက ဆိုခဲ့ပြီးသော ဂုဏ်အင်္ဂါ အခြင်းအရာအားလုံး ပြောင်းလဲသွားပေမည်။ သို့သော် ဖယောင်းသည် နဂိုအတိုင်း ကျန်နေမည်။

ဖယောင်းကား ပျောက်ပျက်၍မသွားချေ။ ထို့ကြောင့် အရာဝတ္ထုတစ်ခုသည် အာရုံ၌ထင်လာလျှင် ထိုထင်မြင်လာသောအရာမှာ ထိုအရာဝတ္ထု၏

http://www.linhtet.com



မူလသဘောမဟုတ်၊ ထိုအရာဝတ္ထု၏ ဂုဏ်အင်္ဂါလက္ခဏာများသာ ဖြစ်ကြောင်း သိသာထင်ရှားသည်။

ထို့ပြင် ဖယောင်းသည် မိမိ၏ဂုဏ်အင်္ဂါလက္ခဏာများကို သိနိုင်ခြင်းမရှိ။ ထိုအခြင်းအရာများကို သိနိုင်သောအရာမှာ စိတ်သာလျှင်ဖြစ်၏။ ထို့ကြောင့် ရုပ်ခန္ဓာ၌ တစ်စုံတစ်ရာကို သိနိုင်သောသတ္တိ မရှိသောကြောင့် ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် ရုပ်ဝတ္ထုတို့ကို ဘယ်တော့မှ မမြင်နိုင်မတွေ့နိုင်။ ကျွန်ုပ်တို့က ရုပ်ဝတ္ထုဟု ထင်သောအရာများသည် ရုပ်ဝတ္ထုများမဟုတ်။ ၎င်း၏ အရည်အချင်းများသာဖြစ်၏။ ဥပမာ မဲသော ကျောက်တုံးတစ်ခုကို ကျွန်ုပ်တို့မြင်လျှင် တကယ့်ရုပ်ဝတ္ထုကို မြင်သည်ဟု ထင်ကြ၏။ အမှန်မှာ ကျွန်ုပ်တို့မြင်ရသည်ကား ရုပ်ဝတ္ထုမဟုတ်ဘဲ မည်းခြင်းဆိုသော ရုပ်၏အရည်အချင်းနှင့် ကျွန်ုပ်တို့ တွေ့သောအရာမှာ မာကျောခြင်း၊ ကြမ်းတမ်းခြင်း၊ လေးလံခြင်း စသည့်အခြားသောအရည်အချင်းများသာ ဖြစ်၏။ မည်းခြင်းသည် ရုပ်မဟုတ်၊ မာကျောခြင်းသည်လည်း ရုပ်မဟုတ်။

ထိုအင်္ဂါ အခြင်းအရာတို့သည် ရုပ်ဝတ္ထုအပေါ်တွင် မှီတွယ်နေကြသော အခြင်းအရာများသာဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ရုပ်ကို ဘယ်တော့မှ မတွေ့နိုင်၊ မမြင်နိုင်ပေ။ သို့သော် ရုပ်ကို စိတ်မှတ်သိခြင်းဖြင့်လည်းကောင်း၊ ဆင်ခြင်စဉ်းစားမှု အစွမ်းသတ္တိဖြင့်လည်းကောင်းသာလျှင် သိနိုင်ပေတော့သည်။

သို့ဖြင့် ဒေးကားသည် စိတ်နှင့်ရုပ်ကို တသီးတခြား ခွဲပြထားခဲ့လေသည်။

လူ၏ခန္ဓာကိုယ်သည် စက်ယန္တယားကြီးတစ်ခုသဖွယ် လှုပ်ရှားနေသည်ဟု ဒေးကား ယုံကြည်သည်။ ကိုယ်ခန္ဓာ၏လှုပ်ရှားမှု မှန်သမျှသည် ကိုယ်တွင်ရှိ စီမံဖွဲ့စည်းထားသော ကိုယ်အင်္ဂါအစိတ်အပိုင်းများ၏ စီမံမှုအတိုင်း အလိုက်သင့် လှုပ်ရှားဖြစ်ပျက်နေခြင်းဖြစ်သည်။ နာရီတစ်ခုတွင် သံပတ်နှင့် အခြားအစိတ်အပိုင်းများ လှုပ်ရှားနေသကဲ့သို့ပင် ဖြစ်သည်။ သို့ဆိုပါမူ စိတ်နှင့်ရုပ်တို့သည် တစ်ခုနှင့်တစ်ခု အကြောင်းအကျိုး ဆက်စပ်၍ အပြန်အလှန် ထိခိုက်လှုပ်ရှားမှု မရှိနိုင်ဆိုသောသဘောသို့ ဆိုက်

http://www.linhtet.com



ရောက်သွားဖွယ်ရာ ရှိသည်။ သို့သော် ဒေးကားသည် သူ၏ဒွိတ္တဝါဒ (Dualism)တွင် စိတ်နှင့်ရုပ် အပြန်အလှန် ထိခိုက်လှုပ်ရှားမှုသဘော (Interactionism) ရှိကြောင်း ဖော်ပြခဲ့သည်။

## ၄။ အပြန်အလှန်ထိခိုက်လှုပ်ရှားမှုသဘောတရား

ဒေးကားက စိတ်နှင့်ရုပ်တို့သည် တစ်ခုနှင့်တစ်ခု မတူညီသော ဝတ္ထုပစ္စည်း နှစ်ခုပင်ဖြစ်သော်လည်း တစ်ခုအပေါ်တွင် တစ်ခု 'အင်တာဂျက်ရှင်းခေါ်သော' အပြန်အလှန် ထိခိုက်လှုပ်ရှားခြင်းရှိကြောင်း ဟောကြားခဲ့လေသည်။ စိတ်သည် ရုပ်၏လှုပ်ရှားပြောင်းလဲမှုများကို ဖြစ်စေနိုင်သကဲ့သို့ ရုပ်သည်လည်း စိတ်၏ပြောင်းလဲလှုပ်ရှားမှုများကို ဖြစ်စေနိုင်လေသည်။

စိတ်၏ အခြင်းအရာများဖြစ်သော စိတ်လှုပ်ရှားခြင်း၊ ဒေါသထွက်ခြင်း၊ ဆာလောင်ခြင်း၊ ငတ်မောခြင်းစသည်တို့သည် စိတ်ကိုသာထိခိုက်လှုပ်ရှားစေသည်မဟုတ်၊ ရုပ်ကိုပါ ထိခိုက်စေသည်။ ထိုနည်းတူစွာပင် ရုပ်၏အခြင်းများဖြစ်သော နာကျင်ခြင်း၊ လှပခြင်း၊ အရောင်အဆင်း၊ အလင်းအမှောင်၊ အသံစသည်တို့သည် စိတ်ကိုပါ လှုပ်ရှားစေနိုင်သည်ဟု ဒေးကားက ဖော်ပြခဲ့သေးသည်။

မူလက သူ၏ 'ကာတကစ်ီယန်ဝါဒ'ဟုခေါ်သော "ငါတွေးနေသည် ထို့ကြောင့် ငါရှိသည်'ဆိုသောသဘောကို စဉ်းစားစဉ် ငါ၏စိတ်သည်လည်းကောင်း၊ ငါ၏ရုပ်သည်လည်းကောင်း အမှန်ရှိကြောင်း တွေ့ရ၏။ ထို့ကြောင့် ငါ့ကိုဖန်ဆင်းသော ဘုရားသခင်လည်း အမှန်ရှိကြောင်း ဒေးကားလက်ခံခဲ့သော်လည်း သူ၏ 'အပြန်အလှန်ထိခိုက်လှုပ်ရှားမှု' သဘောတရားတွင်မူကား စိတ်နှင့်ရုပ်တို့ အပြန်အလှန် ထိခိုက်လှုပ်ရှားနေခြင်းသည် ဘုရားသခင်ကြောင့်မဟုတ်ဟု ဆိုခဲ့ပြန်သည်။ ဒေးကားက စိတ်နှင့်ရုပ် အပြန်အလှန် ထိခိုက်လှုပ်ရှားနေရခြင်းမှာ စိတ်အဖွဲ့အစည်းကို ရုပ်အဖွဲ့အစည်းကြီးက အနှောင့်အယှက်ပြုနေခြင်းကြောင့်သာဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့လေသည်။

http://www.linhtet.com



## ၅။ ဇာတိစိတ်ဝတ္ထုများ

"အင်းနိတ်အိုက်ဒီယာ"ဆိုသော အင်္ဂလိပ်စကားမှာ မွေးကတည်းက လူတို့၏ဦးနှောက်ထဲတွင် ပါလာသောအသိ (ဝါ) စိတ်ဝတ္ထုကလေးများ ဖြစ်ရကား ၎င်းတို့ကို ဇာတိစိတ်ဝတ္ထု (ဝါ) မွေးရာပါအသိဟူ၍ ခေါ်ဆိုနိုင်သည်။ ဒေးကားသည် သူ၏အသိပညာဆိုင်ရာ သဘောတရားကို ဖော်ပြရန်အတွက် ဤဇာတိစိတ်ဝတ္ထု (ဝါ) မွေးရာပါအသိဆိုသော သဘောတရားတစ်ခုကို ဆွဲသွင်းဖော်ပြခဲ့ခြင်းဖြစ်ပေသည်။

ဒေးကားသည် သူ၏သာဘာဝတ္ထဗေဒတွင် စစ်မှန်ခိုင်မြဲသော အသိပညာသို့ ပေါက်မြောက်ထင်မြင်လိုသည်။ သို့မှသာ သင်္ချာဗေဒနှင့် အဘိဓမ္မာ (သဘာဝတ္ထဗေဒ)သို့ သွားရာလမ်းတွင် သူ့အတွက် နည်းကောင်းလမ်းမှန်များ ရရှိနိုင်ပေလိမ့်မည်။ တိကျမှန်ကန်ခြင်းသည်သာလျှင် အစစ်အမှန်တရား၏ အရေးကြီးသော အခြင်းအရာတစ်ရပ်ဖြစ်ကြောင်း ဒေးကားနားလည်သည်။

ထို့ပြင် ဆိုခဲ့ပြီးသည့်အတိုင်း အရာဝတ္ထု၏ အစစ်အမှန် (ဝါ) မုချထာဝရ သဘောတို့ကိုလည်းကောင်း၊ စစ်မှန်သော အသိပညာကိုသော်လည်းကောင်း၊ ကျွန်ုပ်တို့အာရုံတို့ဖြင့် ထိတွေ့ခံစားကြည့်ရုံနှင့် ထင်မြင်ပေါက်မြောက်ခြင်းမရှိ။ တွေးတောဆင်ခြင်ခြင်း၊ စိတ်မှတ်သိခြင်းတို့ဖြင့်သာ သိနိုင်- ထင်နိုင်- မြင်နိုင်ပေသည်။ ဤတွင် ဒေးကားက တကယ်တမ်း စစ်မှန်သော အသိပညာဆိုသည်မှာ ကျွန်ုပ်တို့စိတ်ထဲတွင် မွေးကတည်းက ပါလာသော အသိပညာ၏ အခြေခံမူလအကြောင်းတရား (ဇာတိစိတ်ဝတ္ထုများ) ပေါ်တွင် အခြေတည်၍ တွေးတောဆင်ခြင်မှသာ ရနိုင်ကြောင်း ထုတ်ဖော်ဟောကြားခဲ့သေးသည်။ သူ၏ အတွေးအခေါ်၌ အရာဝတ္ထုတို့၏ မှန်ကန်သောသဘာဝကို အတွေ့အကြုံဖြင့် မသိနိုင်၊ ကျွန်ုပ်တို့ မွေးကတည်းကပါလာသော မွေးရာပါအသိ (ဝါ) ဇာတိစိတ်ဝတ္ထုများ ရှိနေသောကြောင့်သာလျှင် သိနိုင်ပေသည်။

ဥပမာ အာရုံအပြားပြားမှ ရလာသော အတွေ့အကြုံသည် ထွေပြားရှုပ်ထွေးရကား ကျွန်ုပ်တို့သည် တစ်ပြိုင်နက် ခွဲခွဲခြားခြားသိဖို့ရန် မလွယ်။

http://www.linhtet.com

www.linhtet.com



ကျွန်ုပ်တို့တွင် မွေးရာပါအသိများရှိသောကြောင့်သာ ခွဲခွဲခြားခြား သိမြင်နိုင် သည်ဟု ဒေးကားက ဆိုသည်။

လောကတွင် တွေ့သမျှ မြင်သမျှ အရာခပ်သိမ်းကို သိနိုင်ခြင်းမှာ ထိုအရာတို့ကိုသိရန် မွေးကတည်းက အသိကလေးများပါလာသောကြောင့် ဖြစ်သည်။

ထို့ပြင် အတွေ့အကြုံမှရသော အသိဆိုသည်မှာလည်း အာရုံတို့မှ တစ်ဆင့်ရလာရကား အာရုံမှတစ်ဆင့်ရသော အသိပညာသည် ဝတ္ထုပစ္စည်း တို့၏ စစ်မှန်သောသဘာဝနှင့် တူချင်မှတူမည်။ (တူးလည်းမတူနိုင်ပေ)။ ဥပမာ မျက်စိက 'အနီ'ဟုမြင်ရသောပစ္စည်းသည် တကယ့်တကယ် နီချင်မှ နီမည်။ အဘယ်ကြောင့်ဆိုသော် နီသည်ဟု မြင်နေခြင်းသည် မျက်စိနှင့် ထိုအရာဝတ္ထုကြားထဲတွင် အလင်းရောင်နှင့် အရောင်လှိုင်း (Light-vibration)များ ရှိနေသောကြောင့်သာဖြစ်၏။ အလင်းရောင်မရှိလျှင် မျက်စိသည် အနီရောင်ကို မြင်နိုင်တော့မည်မဟုတ်ချေ။ ထို့ကြောင့် အတွေ့အကြုံ (အာရုံ)တို့သည် စစ်မှန်သော အသိပညာကို မပေး။ မွေးရာပါအသိ (ဇာတိ စိတ်ဝတ္ထုကလေးများ)ကို ဆင်ခြင်စဉ်းစားမှသာလျှင် စစ်မှန်သော အသိ ပညာကို ရနိုင်ပေသည်။

ဒေးကားက ဤဇာတိဝတ္ထု (ဝါ) မွေးရာပါအသိတို့သည် တစ်ကြိမ် တစ်ခါက ဘုရားသခင်သည် လူတို့စိတ်ထဲသို့ ထည့်ပေးလိုက်ပြီး နောင် တစ်ကြိမ်တွင် ၎င်းတို့သည် လူ့အတွေ့အကြုံများ၏ အမှန်အမှားကို ဆင်ခြင် ရာ၌ အခြေခံမှုများအဖြစ် အသုံးဝင်သည်ဟု ဖော်ပြခဲ့လေသည်။

ဒေးကား၏ ဤသဘောတရားများကို အင်္ဂလိပ် တွေးခေါ်ရှင်ကြီးတစ် ဦးဖြစ်သော လော့(က်)က ဝေဖန်ခဲ့သည်ကို လော့(က်)၏ဘဝနှင့် အတွေး အခေါ်များတွင် ပိုမိုထင်ရှားစွာ တွေ့ရပေဦးမည်။

ကမ္ဘာ့တွေးခေါ်ရှင်ကြီးများအနက် ဒေးကားသည် ဒွိဟသံသယမှ စတင်တွေးခေါ်ခဲ့သော ခေတ်သစ် အတွေးအခေါ် သဘာဝတ္ထုဗေဒကို စတင် တီထွင်ကာ နည်းလမ်းများချပေးသွားသော ပြင်သစ်တွေးခေါ်ရှင်ကြီးတစ်ဦး ဖြစ်၏။ ဒေးကားသည် ခေတ်ဟောင်းခရစ်ယာန်ဝါဒကို ပြောင်းလဲယုံ ကြည်ခဲ့သော ခေတ်ပြောင်းတော်လှန်ရေးသမားတစ်ဦးလည်း ဖြစ်လေသည်။

# အခန်း (၈)
# စပင်နိုဇာ
(၁၆၃၂–၁၆၇၇)

စပင်နိုဇာသည် ရှေးက ကမ္ဘာ့အတွေးအခေါ် စင်မြင့်တွင် ပေါ်ထင်ခဲ့ကြလေသော တွေးခေါ်ရှင်ကြီးများအနက် အမွန်မြတ်ဆုံး ချစ်စရာအကောင်းဆုံးသော တွေးခေါ်ရှင်ကြီးတစ်ဦးဖြစ်ပေသည်။ တစ်ပါးသော တွေးခေါ်ရှင်ကြီးတို့သည် ဆင်ခြင်တုံတရားတွင် စပင်နိုဇာထက် သာလွန်ကောင်း သာလွန်ပေလိမ့်မည်။ သို့ရာတွင် စပင်နိုဇာကမူ အားလုံးသော တွေးခေါ်ရှင်များထက် သူ၏လောကကျင့်ဝတ်တွင် သာလွန်ကဲမောက်ဖြစ်သည်ဟု ကမ္ဘာကျော် အတွေးအခေါ်ရှင်ကြီး ဘာထရန်ရပ်ဆဲလ်က ချီးကျူးခဲ့ပေသည်။

စပင်နိုဇာ၏ဘဝသည် အလွန်ရိုးသားသောဘဝဟု ဆိုရပေမည်။ ဘဝသက်တမ်းတစ်လျှောက်လုံးတွင် စပင်နိုဇာသည် လူတကာ ပြစ်တင် ရှုတ်ချမှုကို ခံခဲ့ရ၏။ ယေဝတီမိဘများမှ မွေးလာသော ယေဝတီလူမျိုးတစ်ဦးဖြစ်သော်လည်း ယေဝတီတို့၏ ဝိုင်းပယ်ခြင်းကို ခံရသည်။ ယေဝတီ ဘာသာဝင်တို့က စွန့်ပယ်အဆက်ဖြတ်ကြသကဲ့သို့ပင် ခရစ်ယာန်များကလည်း စပင်နိုဇာအား လက်သင့်မခံခဲ့ကြပေ။ သို့တစေလည်း စပင်နိုဇာ၏ အတွေးအခေါ် မှန်သမျှမှာ 'ဘုရား' ယုံကြည်မှုဖြင့် လွှမ်းမိုးနေသည်ကို တွေ့ရပေသည်။

---

၁။ History of Western Philosophy- Chap: X pp 592

http://www.linhtet.com



၁၆၃၂ ခုနှစ်တွင် ဟော်လန်ပြည် အမ်စတာဒမ်မြို့၌ စပင်နိုဇာအား ယေဝတီမိဘနှစ်ပါးမှ ဖွားမြင်ခဲ့သည်။ မိဘများမှာ ဘာသာရေး ညှဉ်းဆဲမှုကို ကြောက်လန့်၍ ပေါ်တူဂီပြည်မှ ဟော်လန်ပြည်သို့ ပြေးလာခဲ့ရသည်။ ချမ်းသာကြွယ်ဝသူများဖြစ်၏။ မိဘမျိုးရိုးမှာ ချမ်းသာသောကုန်သည် ယေဝတီများဖြစ်ရကား ထိုစဉ်က ဘာသာရေး လွတ်လပ်ခွင့်ရှိသော ဟော်လန်ပြည်သို့ ပြောင်းရွှေ့ကာ ဘုရားတရားကြည်ညိုစွာ နေထိုင်ခဲ့ကြသည်။ ထိုသို့ ပြောင်းရွှေ့လာသူများကြောင့် အမ်စတာဒမ်မြို့မှာလည်း ယေဝတီလူမျိုးတို့နေထိုင်ရာ ရပ်ကွက်ကြီးသဖွယ် ဖြစ်လာလေသည်။ ပထမတွင် စပင်နိုဇာသည် ဟီဘရူးစာပေကို လေ့လာလိုက်စားခဲ့သည်။ ထိုစဉ်က သူ၏ရည်ရွယ်ချက်မှာ ယေဝတီ ဘုန်းကြီးလုပ်ရန်ဖြစ်သည်။ သို့ရာတွင် ကြာရှင်လေ့လာမိသောအခါ စပင်နိုဇာသည် ယေဝတီဘိဓမ္မာများကို စိတ်ဝင်စားမှု နည်းပါးလာသည်။ ထိုသို့ ဒွိဟသံသယစိတ်များ ဖြစ်လာစဉ် စပင်နိုဇာသည် ဒေးကား၏ အတွေးအခေါ်များကို လေ့လာဖတ်ရှုရပြန်ရာ နောက်ဆုံး၌ ယေဝတီဘာသာကို လုံးဝယုံကြည်မှု ကင်းမဲ့သွားလေသည်။

ထိုနောက်မှ စပင်နိုဇာသည် လက်တင်ဘာသာစာပေကို လေ့လာလိုက်စားရာ ကမ္ဘာ့အတွေးအခေါ်ပညာရှင်များ၏ အတွေးအခေါ်များကို ဖတ်ရှုရ၏။ ထိုပညာရှင်အများ၏ သိပ္ပံနည်းသစ်များနှင့် အတွေးအခေါ်သစ်များမှာ များစွာတိုးတက်ထွန်းကားလျက် လက်ရှိအခြေအနေများကိုပင် ပြောင်းလဲနေပြီဖြစ်ကြောင်း ကိုယ်တိုင်လေ့လာမိသည်။ ခရစ်ယာန်ဘာသာသည်လျှင် အမှန်ဆုံးဟု တရားသေမှတ်ယူနေသော ယေဝတီအသိုင်းအဝိုင်းအတွင်း၌ ဆက်လက်နေထိုင်လိုစိတ်များလည်း စပင် တဖြည်းဖြည်း ကင်းမဲ့လာသည်။ ဤပြောင်းလဲမှုသည် နိုဇာအဖို့ ယေဝတီ အဝိုင်းအဝိုင်း၌ ကြီးစွာသော အနှောင့်အယှက်တစ်ခု ဖြစ်လာပေတော့သည်။ ငှက်ပျောပင်စိုက် မိလိုက် ဖလာ။ ရိုးရာယုံကြည်မှုကို သွေဖည်၍ အသိသစ် အမြင်သစ်များကို လက်ခံကာ မိမိကိုယ်ကို ဦးစွာပြောင်းလဲပြီး ရိုးရာကိုးကွယ်နေသော ဘာသာတရားကိုပါ စွန့်ပယ်သော အတွေးအခေါ်ပညာရှင်တို့သည်

http://www.linhtet.com



ရိုးရာယုံကြည်စွဲလမ်းမှုများဖြင့် တရားသေ ဘာသာရေးသမားတို့ လွှမ်းမိုးရာ လူ့အသိုင်းအဝန်းအတွင်း၌ အမြဲအနှိမ်ခံရတတ်ပေသည်။ စပင်နိုဇာအားလည်း ယေဝတီကျောင်းတော်မှလည်းကောင်း၊ ခရစ်ယာန်ဂိုဏ်းသားများကလည်းကောင်း အဆက်အသွယ်ဖြတ်ကာ ဝိုင်းပယ်ကြလေသည်။ ကျောင်းတော်မှ ဝိုင်းပယ်လိုက်ခြင်းအတွက် သဘာဝအလျောက် ရှက်သည်တစ်ကြောင်း၊ ရိုးရိုးအေးအေးနေပြီးလျှင် မိမိအတွေးအခေါ်များကို အားထုတ်ပြုစုလိုသည်လည်း တစ်ကြောင်းကြောင့် စပင်နိုဇာသည် ကြီးပြင်းလာသောအခါ ခင်မင်သောမိတ်ဆွေအနည်းငယ်နှင့်သာ ပေါင်းသင်းပြီး တစ်သီးတစ်သန့် အေးဆေးစွာ နေထိုင်ခဲ့ပေသည်။ ကျောင်းတော်မှ ဝိုင်းပယ်လိုက်ခြင်းသည် မဖြစ်နိုင်ရတော့ကား ဟော်လန်ပြည် မြို့ငယ်ကလေးများသို့ တစ်မြို့ပြီးတစ်မြို့ ပြောင်းရွှေ့လှည့်လည်နေခဲ့ရသေးသည်။

၁၆၆၉ ခုနှစ်တွင် ဟေ့(ဂ်)မြို့ကလေးတွင် အခြေစိုက်မိပြီး ထိုမြို့မှာပင် အသက်ထက်ဆုံး နေထိုင်ရန် ဆုံးဖြတ်လိုက်ပေတော့သည်။

ထိုမြို့ကလေးတွင် အခြေစိုက်မိသောကာလ သူ၏အသက်မွေးဝမ်းကျောင်းအတွက် စပင်နိုဇာသည် ကျောက်သွေးသောအလုပ်ကို လုပ်ကိုင်ခဲ့လေသည်။

'အမှန်တရား' ကိုသာ ရိုးတွင်းချဉ်ဆီမှ လိုချင်တောင့်တခဲ့ပေသော စပင်နိုဇာကဲ့သို့သော ပညာရှင်တစ်ဦးအတွက် လောက၏ အဆင်တန်ဆာ၊ ဥစ္စာဓနေ၊ ဂုဏ်ပကာသနတို့သည် သူ၏အာရုံ၌ ရိုးရိပ်မျှမထင်။ လိုချင်ရမ္မက်လည်း လုံးဝမရှိခဲ့ပေ။ အတွေးအခေါ်ပညာရှင်တစ်ဦး၏ ဘဝပတ်ဝန်းကျင် အပြုအမူ အနေအထိုင်များကို သရုပ်ဖော်သည့် အနေနှင့် ရိုးသားစင်ကြယ်စွာ လုပ်ကိုင်စားသောက်ကာ အသက်ထက်ဆုံး နေထိုင်သွားလေသည်။

ဤသို့ အေးချမ်းစွာ နေထိုင်သောအခါမှ သူ၏ ဂုဏ်သတင်းသည် တစ်စတစ်စ ပြန့်နှံ့ပြီး သူ၏အတွေးအခေါ်များကိုသော်လည်းကောင်း၊ သူ၏အနေအထိုင်များကိုသော်လည်းကောင်း၊ ချစ်ခင်လေးစားသူများ

http://www.linhtet.com



ပေါ်များလာလေသည်။ ထိုသူများအနက်တွင် အတွေးအခေါ်ပညာရှင်တစ်ဦးဖြစ်သော **လိုင်ဗနီး**[၁]သည် အရေးပါဆုံးသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပေသည်။

စပင်နိုဇာနှင့် လိုင်ဗနီးတို့သည် ဟော့(ဂ်)မြို့ကလေးတွင် တွေ့ဆုံကြသည်ဟု အဆိုရှိသည်။

၁၆၇၃ ခုနှစ်တွင် စပင်နိုဇာအား ပါယ်လက်တိုင်ဘုရင်ခံ ဟိုက်ဒယ်ဘတ်မြို့တွင် လာရောက်၍ နန်းတွင်းတွေးခေါ်ရှင်ကြီးအဖြစ် အမှုထမ်းရန် ဖိတ်ကြားသည်။ စပင်နိုဇာသည် ရာထူးဂုဏ်ကို မက်မောသူမဟုတ်ရကား အောက်ပါအတိုင်း ယဉ်ကျေးစွာ ငြင်းပယ်လိုက်သည်။

"ကျွန်ုပ်သည် ယခုကဲ့သို့ ရာထူးဂုဏ်ပေး၍ မြောက်စားကာ ကလေးသူငယ်များအား အတွေးအခေါ်ပညာရပ်များ သင်ကြားပို့ချရခြင်းအလုပ်ကို လက်ခံလိုက်ပါက ကျွန်ုပ်၏အတွေးအခေါ်လုပ်ငန်းတွင် များစွာအားစိုက်နိုင်တော့မည် မဟုတ်ပါ။ ထို့ပြင်တဝ မင်းနားစိုးနီးဖြစ်ပါက ကျွန်ုပ်အနေနှင့် မည်မျှလောက် အတိုင်းအတာ စည်းကမ်းဘောင်အတွင်းမှာသာ လွတ်လပ်စွာ တွေးခေါ်နိုင်ခြင်းရှိသည်ကိုလည်း ကျွန်ုပ် နားမလည်ပါ။ ယခုတိုင် ကျွန်ုပ်မှာလည်း ချမ်းသာကြွယ်ဝစွာ နေထိုင်လိုသောဆန္ဒ မရှိသေးပါ"[၂] ဟူသတည်း။

စပင်နိုဇာ၏ ဘဝသက်တမ်းတစ်လျှောက်လုံး၌ ရွှေ ငွေ ဓနဥစ္စာတို့က သူ၏စိတ်ကို မည်သည့်အခါမျှ မလွှမ်းမိုးနိုင်ခဲ့ပေ။ ဟိုယခင်ယေဝတီဘာသာကို သံသယဖြစ်ခဲ့စဉ်ကလည်း ၎င်းအား "မိမိမယုံကြည်သော်လည်း စိတ်ထဲတွင်ထားပါ၊ ထုတ်ဖော်မပြောဆိုပါနှင့်" ဟု ပြောကြသည်။ ထိုသို့ မိမိစိတ်ထဲတွင်သာ ထားရမည်ဆိုလျှင် စပင်နိုဇာအား တစ်နှစ်လျှင်ဖလောရင်းဒင်္ဂါး တစ်ထောင်ပေးမည်ဟု ဆိုလာကြသဖြင့် သူက ခါးခါးသီးသီး ငြင်းဆိုလိုက်၏။ ဤကိစ္စ

---

၁။ Leibnitz

၂။ Wiskom of the West- B. Russclc

http://www.linhtet.com



အတွက် စပင်နိုဇာ၏ဘဝတွင် သေကြောင်းကြံစည်ခံရမှုတစ်ခုနှင့်ပင် ရင်ဆိုင်ခဲ့ရပေသည်။ အလားတူ မဟုတ်မခံ အမှန်ဘက်ကနေခဲ့သော ကိစ္စမျိုးလည်း စပင်နိုဇာဘဝတစ်လျှောက်လုံး တွေ့ကြုံခဲ့ရပေသေးသည်။

သူရေးသားခဲ့သော ကျမ်းကြီး ကျမ်းငယ်များအနက် အထင်ရှားဆုံးမှာ "အက်သစ်" **လောကနီတိကျမ်း**[၁] ဖြစ်သည်။ သူ၏ထင်ရှားသော အခြားကျမ်းနှစ်စောင်မှာ **နိုင်ငံရေး**[၂] နှင့် **နိုင်ငံရေးသဘောတရား**[၃] ကျမ်းဖြစ်လေသည်။

လောကနီတိကျမ်းတွင် သမ္မာကျမ်းစာကို ဝေဖန်ရေးသားချက်များနှင့် ၎င်း၏မူရင်း အတွေးအခေါ်များအပြင် နိုင်ငံရေးအယူအဆများပါဝင်ပြီး ကျန်ကျမ်းများမှာ နိုင်ငံရေးသဘောတရားသက်သက် ဖြစ်ပေသည်။

စပင်နိုဇာသည် အသက် ၄၅ နှစ်အရွယ် သက္ကရာဇ် ၁၆၇၇ တွင် အနိစ္စရောက်သည်။

## ၆။ နိုင်ငံရေးသဘောတရား

စပင်နိုဇာ၏ နိုင်ငံရေးသဘောတရားများမှာ အင်္ဂလိပ်နိုင်ငံရေးတွေးခေါ်ရှင်ကြီးတစ်ဦးဖြစ်သော ဟော့(ဗ်)နှင့် များစွာတူညီသည်။ ဟော့(ဗ်)၏ သဘောတရားများအတိုင်း အချုပ်အချာအာဏာပိုင်မင်းသည် အမှားကို မလုပ်ဟု ယုံကြည်သည်။ ထိုယုံကြည်မှု၏ ရင်းမြစ်ကား အခြားမဟုတ်။ ဘုရားသခင်သည် ရှင်ဘုရင်တို့အား လူအများကို အုပ်ချုပ်ရန် စေလွှတ်ထားသောကြောင့် ရှင်ဘုရင်များသည် လူပင်ဖြစ်သော်လည်း **ဘုရား၏ကိုယ်စားလှယ်**[၄] များဖြစ်သည်ဟု သဘောထားကြသည်။ ဤအချက်ကပင် ရှင်ဘုရင်ဆိုသူသည် လူ

၁။ Ethics
၂။ Tractatus- Politicus
၃။ Tractatus- Theologico- Politicus
၄။ Theory of Devine Rights of King

http://www.linhtet.com



တွင် အမြတ်ဆုံးဖြစ်သည်ဟု ယူဆခဲ့၏။ ဘာသာရေးအရဆိုလျှင်လည်း ရှင်ဘုရင်သည် ဘုရား၏ကိုယ်စား အမှန်ဖြစ်ရကား ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံး၊ အကြီးမြင့်ဆုံးဖြစ်လေသည်။ စပင်နိုဇာသည် ဤအယူအဆကို လက်ခံပြီးလျှင် **ကျောင်းတော်**[၁] သည် ဘုရင်၏လက်အောက်ခံဖြစ်ရမည်ဟု ဟောကြားခဲ့သည်။

(ထိုစဉ်က ခရစ်ယာန်ကျောင်းတော်က ဘုရင်၏ဩဇာမခံဘဲ နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်ကာ အချုပ်အခြာ အာဏာပိုင်ရန် ကြိုးစားလျက်ရှိသောကြောင့်ဖြစ်သည်။)

## ၇။ လောကနီတိကျမ်း

စပင်နိုဇာ ရေးသားခဲ့သော လောကနီတိကျမ်းသည် အရေးပါ အရာရောက်သလောက် ထင်ရှားသောကျမ်းတစ်စောင်ဖြစ်၏။

လောကနီတိကျမ်းကို ရေးသားရာတွင် စပင်နိုဇာသည် အပိုင်းသုံးပိုင်းခွဲခြားတင်ပြခဲ့သည်။ ပထမပိုင်းမှာ သူ၏အဘိဓမ္မာအတွေးအခေါ်များ ပါဝင်ပြီး ဒုတိယပိုင်းမှာ သူ၏စိတ္တဗေဒဖြစ်သည်။ တတိယပိုင်းတွင် သူ၏လောကနီတိသဘောတရားများကို ရှေ့ပိုင်း အဘိဓမ္မာ အတွေးအခေါ်များနှင့် စိတ္တဗေဒ အခြေခံပေါ်တွင်တည်၍ တွေးခေါ်တင်ပြထားလေသည်။

စပင်နိုဇာ၏အဘိဓမ္မာ (သဘာဝတ္တဗေဒ) အတွေးအခေါ်များမှာ ဒေးကား၏ အတွေးအခေါ်များနှင့် များစွာခြားနားခြင်းမရှိချေ။ ဒေးကား အတွေးအခေါ်များကို စိစစ်ဆွေးနွေးကာ တစ်နည်းတစ်ဖုံ သွင်ပြင်ဖန်တီး၍ တင်ပြထားခြင်းသာဖြစ်၏။ သို့ရာတွင် အနည်းငယ် ခြားနားမှုများလည်း ရှိသေးသည်ကား မှန်ပေသည်။ စိတ္တဗေဒများမှာလည်း ဟော့(ဗ်)၏စိတ္တဗေဒကို မှတ်စုသဖွယ် တင်ပြထားခြင်းသာဖြစ်သည်ဟု ဆိုနိုင်၏။

လောကနီတိသာလျှင် စပင်နိုဇာ၏ ပင်ကိုသီးခြားအတွေးအခေါ်ဖြစ်ပေသည်။

---

၁။ Church

http://www.linhtet.com



## ၈။ ဆင်ခြင်တုံဝါဒ

(အင်္ဂလိပ်ဘာသာအားဖြင့် 'ရာရှင်နယ်လစ်ဇင်း)* ဆိုသော စကားကို မြန်မာဘာသာသို့ ပြန်ဆိုရပါမူ အနီးစပ်စုံးစကားမှာ "ဆင်ခြင်တုံဝါဒ"ဟု ဆိုရပေမည်။ တောင်တွင်းကြီး ဆရာတော်ဦးဥက္ကဋ္ဌက 'ရာရှင်နယ်လစ်ဇင်း' ကို 'ဟေတုဝါဒ'[၁] ဟု ပါဠိဖြင့်ပြန်ဆိုခဲ့၏။

အသိပညာ၏ မူလအခြေခံ တရားသည် အတွေ့အကြုံမဟုတ်။ အတွေးအခေါ်နှင့် ဆင်ခြင်သုံးသပ်မှုသာလျှင် ဖြစ်သည်ဟု 'ဆင်ခြင်တုံဝါဒ သမား'[၂] များက ယုံကြည်သည်။ ဆင်ခြင်တုံတရားနှင့် အကြောင်းယုတ္တိပြဆိုမှုသည် စစ်မှန်သောအသိပညာ၏ မူလဘူတပင်တည်းဟုလည်း ၎င်းတို့က ဆိုသည်။ ဒေးကားသည် ဆင်ခြင်တုံဝါဒသမားတစ်ဦးဖြစ်သော်လည်း သူသည် တစ်ယူသန် လေ့နံ့ဓားထစ်ဝါဒကို လက်ကိုင်ထားသူသာဖြစ်ကြောင်း စပင်နိုဇာက ဝေဖန်သည်။

ဤသို့ စပင်နိုဇာက ဒေးကားအား ဝေဖန်ခြင်းမှာ ဒေးကားသည် မနုဿလူသားတို့၏ ဆင်ခြင်စဉ်းစားမှုတစ်ခုတည်းဖြင့် အလုံးစုံသော လောကအသိပညာကို ပိုင်ပိုင်နိုင်နိုင် ရရှိနိုင်မည်ဟူ၍ ယုံကြည်စွဲမြဲထားခြင်းကြောင့်ဖြစ်၏။

သို့ရာတွင် ဒေးကားသည် သူ၏အသိပညာဆိုင်ရာ သဘောတရား (Epistenology)တွင် 'ပင်ကိုအထောက်အထားပြု အခြေခံမှု'[၃] များကို အခြေခံထား၍ စဉ်းစားခဲ့ပေသည်။ အဆိုပါ ပင်ကိုအထောက်အထားပြု အခြေခံမှုများမှာ စိတ်ထဲတွင်ရှိပြီး ၎င်းတို့အပေါ်တွင် အခြေတည်၍ ဆင်ခြင်သုံးသပ်ပါမှ စစ်မှန်သော အသိပညာကို ရကြောင်းလည်း သူကယုံကြည်ခဲ့၏။ ဤယုံကြည်ချက်တွင်မူကား စပင်နိုဇာသည်လည်း ဒေးကားနှင့် အတော်အတန်တူ၏။

စပင်နိုဇာကလည်း အတွေးအခေါ်ပညာ၏ အဆုံးနိဂုံးသည် အရာခပ်

---

* Rationslism

၁။ ကမ္ဘာ့အဘိဓမ္မာလက်စွဲကျမ်း အသျှင်ဥက္ကဋ္ဌ

၂။ Rationalist

၃။ Self- Evident Princcpls

http://www.linhtet.com



သိမ်းနှင့်ဆိုင်သော အသိပညာကို အပြည့်အဝရရှိခြင်းပင်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ထိုသို့ လုံးဝပြီးပြည့်စုံသော အသိပညာကို ပိုင်ပိုင်နိုင်နိုင်ရရှိရန်အတွက် ကြည်လင်ပြတ်သားသော ဆင်ခြင်တွေးခေါ်မှု ရှိဖို့လို ကြောင်း ဖော်ပြသွားသည်။

စပင်နိုဇာသည်လည်း အတွေးအခေါ်ပညာ (ဖီလိုဆိုဖီ)ကို ဂဲသြမေဋ္ဌရီ နည်းလမ်းဖြင့် အဖြေရှာစဉ်းစားခဲ့သူသာဖြစ်ပေသည်။

စပင်နိုဇာ၏ အတွေးအခေါ်ဆိုင်ရာ ရည်မှန်းချက်နှင့် နည်းနိဿယ များမှာ သူ့ဆရာ ဒေးကားကို ဆက်ခံခြင်းသာဖြစ်၏။ ဒေးကားက သူ၏ အတွေးအခေါ်များတွင် ‘သဘာဝ’ နှင့် ‘ဘုရားသခင်’ကို သီးခြားခွဲပြသွားသကဲ့သို့ ‘စိတ်’နှင့် ‘ရုပ်’ကိုလည်း ခွဲခြားတင်ပြသွားသည်။ စိတ်၏ပဓာန အရည်အချင်း (ဝါ) ဂုဏ်အင်္ဂါလက္ခဏာမှာ ‘အတွေး’ ဖြစ်ကြောင်း။ ရုပ်၏ ပဓာနအရည်အချင်းမှာမူ ‘ပြန့်ကျယ်ခြင်း’[၁] (ဝါ) အတိုင်းအဆပင်ဖြစ်ကြောင်း ဖော်ပြခဲ့၏။ ထို့ပြင် စိတ်နှင့်ရုပ်သည် တစ်ခုနှင့်တစ်ခု အမှီသဟဲမပြုဘဲ သီးခြားကင်းလွတ်စွာ တည်နေနိုင်သော ဝတ္ထုပစ္စည်းနှစ်မျိုးဖြစ်သည်ဟုလည်း ဒေးကားက ဟောခဲ့သည်။ သို့သော် စပင်နိုဇာကမူ အမှီအတွယ်ကင်းမဲ့စွာ ရပ်တည်နိုင်သော သီးခြားကင်းလွတ်မှုရှိသောအရာဟူ၍ ဤလောကတွင် ဘုရားသခင်မှအပ မည်သည့်အရာမျှမရှိချေဟု ဆိုသည်။ ဘုရားသခင်သည်သာလျှင် တသီးတခြား တည်နေနိုင်သော ‘ခပ်သိမ်းသော ဝတ္ထုပစ္စည်း’* ဖြစ်သည်။

ထိုဘုရား သို့မဟုတ် ‘ခပ်သိမ်းသော ဝတ္ထုပစ္စည်းကြီး’မှအပ အခြားအရာဝတ္ထုပစ္စည်းဟူ၍လည်း တသီးတခြားမရှိ။ စိတ်နှင့်ရုပ်သည် သီးခြားရပ်တည်နိုင်သော ဝတ္ထုပစ္စည်းများလည်း မဟုတ်ချေ။ ၎င်းတို့သည် အမှန်စင်စစ် ဘုရားသခင်၏ ဂုဏ်အင်္ဂါ (၂) ရပ်သာဖြစ်သည်။

ဘုရားသခင်သည် အလုံးစုံ (ဝါ) ခပ်သိမ်းသောအရာဝတ္ထုဖြစ်သည်အားလျော်စွာ သူသာလျှင် ‘အတွေး’နှင့် ‘အတိုင်းအဆ’ စသည် ဂုဏ်အင်္ဂါ

---

၁။ Extension

* Universal Substatice

http://www.linhtet.com



နှစ်ရပ်စလုံးကို ပိုင်ဆိုင်သူလည်းဖြစ်သည်။ တစ်နည်းအားဖြင့် 'အတွေး' သည် စိတ်ဖြစ်၍ 'အတိုင်းအဆ'သည် ရုပ်ဖြစ်၏။ ရုပ်ကိုလည်းကောင်း၊ စိတ်ကိုလည်းကောင်း ဘုရားသခင်က ပိုင်ဆိုင်ထားသည်ဟု စပင်နိုဇာက ဆိုလေသည်။ လောကကြီးမှ မြင်မြင်သမျှ အရာခပ်သိမ်းတို့သည်လည်း ဘုရားသခင်အပေါ်၌ တည်နေခြင်းသာဖြစ်၏။

ထို့ကြောင့် စပင်နိုဇာ၏ အတွေးအခေါ်များထဲတွင် ဒေးကားဆိုသကဲ့သို့ စိတ်နှင့်ရုပ်ဟူ၍ သီးခြားရပ်တည်နေသော အရာဝတ္ထုမျိုးလည်းမရှိ။ စိတ်နှင့် ရုပ်အကြားတွင် 'အပြန်အလှန် ထိခိုက်လှုပ်ရှားမှု' သဘောမျိုးလည်းမရှိချေ။ စိတ်နှင့်ရုပ်သည် ဘုရားသခင်၏ ဖန်ဆင်းပြထားသော အင်္ဂါရပ် နှစ်ခုသာဖြစ်သောကြောင့် တစ်ခုနှင့်တစ်ခု အပြိုင်ရပ်တည်နေကြရခြင်းသာ ဖြစ်ပေသည်။

ဤသို့ စပင်နိုဇာ၏ အတွေးအခေါ်များတွင် 'ဒွတ္တဝါဒ' ကို တွေ့ရသော်လည်း သူ၏ ဒွတ္တဝါဒသည် ဒေးကား၏ ဒွတ္တဝါဒနှင့် မတူ၊ ဒေးကား 'အပြန်အလှန် ထိခိုက်လှုပ်ရှားမှု' သဘောတရားကိုလည်း စပင်နိုဇာသည် စိတ်နှင့်ရုပ် 'အပြိုင်တည်နေခြင်း'[၂] သဘောသို့အရောက် တွေးခေါ်နိုင်ခဲ့ပေသည်။

စပင်နိုဇာသည် သဘာဝတ္တဆိုင်ရာ ပြဿနာများကိုမူ ဂဲသြမေဋ္ဌရီနည်းအရ ဖြေရှင်းသည်။ အရာခပ်သိမ်းသည် ဦးစွာပထမဖြစ်သော မူလအခြေခံသဘောကို အခြေတည်၍ ပေါ်ပေါက်လာသည်ဟု ယုံကြည်လေသည်။ 'အချိန်'ဆိုသည်မှာလည်း အတွေးတစ်မျိုးပင်ဖြစ်၏။ ထာဝရသဘောတရားတစ်ရပ်သာလျှင် ဤလောကတွင်ရှိပြီး အတိတ်သော်လည်းကောင်း၊ အနာဂတ်သော်လည်းကောင်း မရှိချေ။ 'အကြောင်းတရား'ဆိုသည်မှာလည်း ဆင်ခြင်တွေးတောမှုတစ်ရပ်သာဖြစ်သည်။ ထို့ကြောင့် 'အတွေး'နှင့် 'အဖြစ်' အတူတူပင်ဖြစ်သည်။ သဘာဝ၏တစ်ခုလုံးသည် အကြောင်းအကျိုး ဆက်စပ်မှုဖြစ်သည်ဟုလည်း စပင်နိုဇာက ဖော်ပြခဲ့၏။

---

၁။ Dualism

၂။ Parallelism

http://www.linhtet.com



အတွေးနှင့် အတိုင်းအဆသည် တစ်ခုနှင့်တစ်ခု အပြိုင်ထာဝရ တည်ရှိနေပြီး ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများအဖြစ် တည်ရှိနေကြသည်။

## ၉။ ခပ်သိမ်းသောအရာ (သို့မဟုတ်) ဘုရားသခင်

စပင်နိုဇာ၏ အတွေးအခေါ်များကို သူ၏ 'လောကနီတိကျမ်း'[၁]တွင် လေ့လာတွေ့ရှိနိုင်သည်။

(၁) ဘုရားသခင်၊

(၂) စိတ်လှုပ်ရှားမှု၏ အစနှင့်သဘာဝများ၊

(၃) စိတ်လှုပ်ရှားမှု၏ အစနှင့်သဘာဝများ၊

(၄) လောက၏ အနှောင်အဖွဲ့၊

(၅) ဆင်ခြင်တုံတရား၏ အင်အား သို့မဟုတ် လူသားတို့၏ လွတ်မြောက်မှု စသည်တို့ဖြစ်သည်။

စပင်နိုဇာသည် သူ၏အတွေးအခေါ်များကို 'ခပ်သိမ်းသောအရာဝတ္ထု'[၁] ဆိုသော သဘာဝအပေါ်တွင် အခြေခံထား၍ လေ့လာတွေးခေါ်ခဲ့ပေသည်။

'ခပ်သိမ်းသောအရာဝတ္ထု'ဆိုသည်မှာ ကိုယ့်သဘာဝနှင့်ကိုယ် သီးခြားကင်းလွတ်စွာ အမှီအတွယ်မဲ့ ရပ်တည်နိုင်သောအရာဖြစ်သည်။ တစ်စုံတစ်ရာက ပြုပြင်ဖန်တီးခြင်းမရှိ။ မိမိဘာသာမိမိ ပြုပြင်ဖန်တီး စီမံနိုင်ခြင်းလည်းရှိ၏။ အရာခပ်သိမ်း၏ မူလအကြောင်းတရားလည်း ဖြစ်ပေသည်။ တစ်လောကလုံးတွင် 'ခပ်သိမ်းသောအရာဝတ္ထု'ဟူ၍ တစ်ခုတည်းရှိပေသည်။ ဤဝတ္ထုပစ္စည်းကြီးသည် အတုမဲ့– အဆုံးမဲ့ ထာဝရသဘောတရားကြီး ဖြစ်ပေသည်။ ၎င်းကို စပင်နိုဇာက 'သဘာဝတရား'* ဟူ၍ လည်းကောင်း၊ ဘုရားသခင်ဟူ၍လည်းကောင်း ခေါ်လေသည်။

ဒေးကားကမူ ဘုရားသခင်သည် ကမ္ဘာလောကထက်လည်း သာလွန်၏။ ကမ္ဘာလောကကိုလည်း ပြုပြင်ဖန်တီးနိုင်၏။ အနန္တ အဆုံးမရှိသော ဂုဏ်ဖြင့် ပြည့်ဝ၍ အရာခပ်သိမ်း၏ မူလအခြေခံတရားဟူ၍ 'ကမ္ဘာ'နှင့်

---

၁။ Ethics

၁။ Nature

http://www.linhtet.com



ဘုရားသခင်ကို ခွဲခြားဖော်ပြခဲ့သော်လည်း စပင်နိုဇာကမူ ဘုရားနှင့် သဘာဝတရားကိုလည်းကောင်း၊ ကမ္ဘာလောကကြီးတစ်ခုလုံးကိုလည်းကောင်း ခွဲခြားခြင်းမရှိ။ ရှိရှိသမျှ မြင်မြင်သမျှ အားလုံးပါဝင်သည့် သဘာဝတရားကြီးသည်ပင်လျှင် ဘုရားသခင်ဖြစ်သည်ဟု ဆိုလေသည်။ သဘာဝတရားသည် ဘုရားဖြစ်၍ ဘုရားသည်လည်း သဘာဝတရားဖြစ်၏ သို့ရာတွင် ဘုရားသခင်သည် မိမိ၏ ပင်ကိုယ်သဘာဝမှ ခြားနားသော အခြာမည်သည့်ပစ္စည်းကိုမျှ ထုတ်လုပ်သည့်သဘောနှင့် ဖန်တီးခြင်းပြုပြင်ထားခြင်းလည်း မရှိချေ။ သူမှအပ သီးခြားကင်းလွတ်သောပစ္စည်းဟူ၍လည်း မရှိချေ။ မြင်မြင်သမျှ တွေ့တွေ့သမျှ အရာခပ်သိမ်းတို့သည် ဘုရားသခင်ပင် ဖြစ်ကြောင်း ထင်ရှားပေပြီ။ ဘုရားသခင်သည် ထာဝရတည်ရှိသော ခပ်သိမ်းသောအရာဝတ္ထုကြီးပင် ဖြစ်ပေတော့သည်။

## ၁၀။ ဘုရားသခင်၏ဂုဏ်အင်္ဂါ လက္ခဏာများ

(ATTRIVUTES)

ထာဝရအမှန်တရားကြီးဖြစ်သော ဘုရားသခင်သည် အလုံးစုံသော ဝတ္ထုပစ္စည်းကြီးတစ်ခုဖြစ်လျှင် ၎င်း၏ ဂုဏ်အင်္ဂါ လက္ခဏာများမှာ အဘယ်အရာများ ဖြစ်သနည်းဟု မေးစရာရှိသည်။

စပင်နိုဇာက ဂုဏ်အင်္ဂါလက္ခဏာဆိုသည်မှာ ဆင်ခြင်တုံတရားရှိသူတို့က ဘုရားသခင် (ဝါ) အလုံးစုံသော ဝတ္ထုပစ္စည်းကြီး၏ အနှစ်သာရသဘောကို ဖွဲ့စည်းထားသော အခြင်းအရာများအဖြစ် ထင်မြင်မှတ်သိခြင်းဖြစ်သည်။

ဆင်ခြင်တုံဝါဒသမားတစ်ဦးအနေနှင့် သူသည် လိုအပ်သောအတွေး အခေါ် ဆင်ခြင်မှုမှန်သမျှကို အမှန်တကယ်ရှိသော ယုတ္တိများဟု လက်ခံသည်။ ဆင်ခြင်တုံတရားက စေစားသော အတွေးမှာလည်း 'စိတ်ကူးစိတ်သန်း' ဆိုသည်ထက် ပိုမိုစစ်မှန်သည်။ ဘုရားသခင်မှာ အနန္တောအနန္တ ဖြစ်ရကား သူပိုင်ဆိုင်သော ဂုဏ်အင်္ဂါများမှာလည်း အဆုံးမရှိ အနန္တရှိပေသည်။ သဘာဝတရားကြီးထဲမှ တွေ့မြင်ရသမျှသာ အခြင်းအရာတို့သည်ပင် ဆုံးစမထင်ချေ။ အနန္တ များပြားလှစွာ၏။ ထိုမျှများပြားသော ဂုဏ်အင်္ဂါ လက္ခဏာများအနက် ကျွန်ုပ်တို့ အထင်အရှားသိနိုင်သောအရာမှာ ရုပ်နှင့် စိတ်သာဖြစ်၏။ လူသည်ပင် ရုပ်နှင့်စိတ် အပေါင်းအစည်းဖြစ်ပေသည်။

http://www.linhtet.com



ထို့ကြောင့် ဘုရားသခင်၊ သို့မဟုတ် သဘာဝတရားကြီးသည် ယုတ်စွအဆုံး စိတ်– ရုပ် နှစ်ဌာနဖြစ်၏။ သို့သော် အသေအချာ စူးစိုက်စွာ တွေးခေါ်ကြည့်ပါမူ ရုပ်သည်လည်းကောင်း စိတ်သည်လည်းကောင်း အဆုံးအစ မထင်ချေ။ မည်သို့ပင်ဆိုစေ၊ စိတ်နှင့်ရုပ်သည်လည်း **လုံးဝအဆုံးမဲ့**[၁] ဂုဏ်အင်္ဂါလက္ခဏာများကား မဟုတ်ကြချေ။ ရုပ်နှင့်စိတ်သည် တစ်ခုနှင့် လုံးဝအမှီအတွယ်မရှိ၊ သီးခြားကင်းလွတ်ကြ၏။ တစ်ခုကိုတစ်ခု လွှမ်းမိုးမှုလည်း မရှိ။ စိတ်က ရုပ်ကိုပြောင်းလဲစေခြင်း၊ ရုပ်က စိတ်ကိုပြောင်းလဲဖြစ်ပွားစေခြင်းမျိုးလည်း မရှိချေ။ ၎င်းတို့နှစ်ခုမှာ တစ်ခုနှင့်တစ်ခု တူညီသောသဘာဝ လုံးဝမရှိရကား တစ်ခု၏ဖြစ်ပေါ်ပြောင်းလဲမှုအတွက် တစ်ခုကအကြောင်းခံတရားမဖြစ်နိုင်ချေ။ စိတ်နှင့်ရုပ်သည် တစ်ခုနှင့်တစ်ခု ဂုဏ်အရည်အချင်း အတူတူပင်ဖြစ်၏။ ၎င်းတို့နှစ်ခုစလုံးမှာ ဘုရားသခင်အပေါ်တွင် အခြေတည်၍ ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာနှစ်ရပ်သာလျှင်ဖြစ်၏။

ထို့ကြောင့် စပင်နိုဇာ၏ ဤသဘောတရားကို 'နှစ်ဌာန ဖြစ်ပေါ်မှုသဘောတရား'[၂] ဟူ၍ပင်ခေါ်နိုင်သည်။

## ၁၁။ ဖြစ်ထုံးစဉ်လာ (MODES)

အဆိုပါ စိတ်– ရုပ် စသည် ဘုရားသခင်၏ဂုဏ်အင်္ဂါလက္ခဏာများသည် ဖြစ်ထုံးဖြစ်စဉ်အတိုင်း ဖြစ်ပေါ်နေကြသည်။ ဤ 'ဖြစ်ထုံးစဉ်လာ' ဆိုသည်မှာလည်း ဘုရားသခင်က မိမိအကြောင်း အသွင်ပြောင်း၍ သိကောင်းစရာအဖြစ် တင်ပြထားခြင်းဖြစ်သည်။

တစ်နည်းဆိုသော် ဘုရားသခင်သည် မိမိ၏သဘာဝကို သိမှတ်နိုင်ရန် အသွင်အပြင်တစ်မျိုးဖြင့် ဖော်ပြထားခြင်းဖြစ်ပေသည်။ ထိုအသွင်တစ်မျိုးမှာ သဘာဝ၏ ဖြစ်ထုံးစဉ်လာ (ဝါ) နိယာမများပင်ဖြစ်ပေသည်။ ယေဘုယျစိတ်နှင့် ယေဘုယျရုပ်သည် ဘုရားသခင်၏ ဂုဏ်အင်္ဂါများဖြစ်ကြောင်း

---

၁။ Absolutely Infinite

၂။ Double- Aspect Theory

http://www.linhtet.com



ဖော်ပြပြ ပြီးဖြစ်၏။ ၎င်းတို့သည် အဆုံးမထင်ချေ။ သို့ရာတွင် ပုဂ္ဂလိက လူသတ္တဝါတို့၏ စိတ်နှင့်ရုပ်ကား အဆုံးအစထင်၏။ ရုပ်၏အရည်အချင်း ဖြစ်သော ‘အတိုင်းအဆ’သည်လည်း ပုဂ္ဂလိကရုပ်တည်၏။ စိတ်၏အရည် အချင်းဖြစ်သော ‘အတွေး’သည်လည်း ပုဂ္ဂလိကစိတ်၌ တည်၏။ ရုပ်၏ ကြီးထွားမှု၊ စိတ်၏လှုပ်ရှားမှုများကို သိနိုင်မြင်နိုင်ပေသည်။

သို့ရာတွင် ပုဂ္ဂလိကစိတ်နှင့်ရုပ်သည် ထာဝရမူလအခြေခံအကြောင်း တရားတစ်ခုမရှိဘဲ မဖြစ်ပေါ်နိုင်ဟု စပင်နိုဇာ ယုံကြည်သည်။ ထို့ကြောင့် ပုဂ္ဂလိက ဖြစ်ထုံးစဉ်လာများသည်လည်း အမြဲမဟုတ်။ ဘုရားသခင်၏ သဘာဝကို အခိုက်အတန့် ဖော်ပြမှုများသာဖြစ်သည်။

http://www.linhtet.com

# အခန်း (၉)
# လိုင်းဗနီး(ဇ်)
## (၁၆၄၆–၁၇၁၆)

အနှစ်သုံးဆယ်စစ်ပွဲကြီး မပြီးဆုံးသေးမီ ၂ နှစ်အလို ၁၆၄၆ ခုနှစ်တွင် လိုင်းဗနီးဇ်ကို လိုက်ဗဇစ်မြို့တွင် ဖွားမြင်သည်။ ဖခင်ဖြစ်သူမှာ လောကနီတိဆိုင်ရာ ဗီလိုဆိုဖီတွင် ပါမောက္ခတစ်ဦး ဖြစ်လေသည်။

လိုင်းဗနီးဇ်သည် တက္ကသိုလ်သို့ ရောက်သောအခါ ဥပဒေပညာ ဗီလိုဆိုဖီနှင့် သင်္ချာပညာရပ်များကို လေ့လာပြီး ၁၆၆၆ ခုနှစ်တွင် 'အာဒရော့(ဖ်)'[၁] တက္ကသိုလ်မှ ဒေါက်တာဘွဲ့ထူးကို ဆွတ်ခူးရယူခဲ့လေသည်။ ထိုစဉ်က သူ၏အသက်မှာ ၂၀ သာရှိသေးသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့ခေတ် တွေးခေါ်ရှင်ကြီး ဘာထရန်ရပ်ဆယ်ကမူ လိုင်းဗနီးဇ်အား မည်သည့်ခေတ်တွင်မျှ ပြိုင်ယှဉ်နိုင်သူရှိမည် မဟုတ်သော ဉာဏ်ကြီးရှင်ဖြစ်သည်ဟူ၍ သူ၏ 'အနောက်တိုင်း အတွေးခေါ်သမိုင်း' စာအုပ်တွင် ရေးသားဖော်ပြခဲ့လေသည်။ သူဒေါက်တာဘွဲ့ထူးကိုရရှိပြီးနောက် အာဒရော့ဖ် တက္ကသိုလ်မှာပင် ပါမောက္ခရာထူးကို ပေးအပ်နှင်းခြင်းခံရလေသည်။ သို့ရာတွင် သူက သူ့တွင် လက်ရှိလူတကာ ထင်မြင်ယူဆနေကြသော အယူအဆ အတွေးအခေါ်များနှင့် များစွာခြားနားသောအမြင်များ ရှိနေသည်ဖြစ်၍ လက်မခံနိုင်ဆိုကာ ပါမောက္ခရာထူးကို စွန့်လွှတ်လိုက်လေသည်။

---

၁။ Altdrof – အာဒရော့ဖ်

http://www.linhtet.com



၁၆၆၇ ခုနှစ်တွင် ခရစ်ယာန်ဂိုဏ်းချုပ်ကြီး မိန်းဇ် ထံတွင် အမှုထမ်းရာ ပြင်သစ်ဘုရင် လူဝီ ၁၄ အား ဂျာမဏီအား စစ်မတိုက်ရန် သွေးဆောင်ရေးအလုပ်ကို လုပ်ကိုင်ရသည်။ ထိုစဉ်က ဂျာမန် မင်းညီမင်းသားများသည် လူဝီ ၁၄ ဘုရင်အား များစွာစိုးရိမ်ကြောက်လန့်ကြသည်။ ဤကိစ္စကို အကြောင်းပြု၍ ၁၆၇၂ ခုနှစ်တွင် လိုင်းဗနီး(ဇ်) သည် ပြင်သစ်ပြည် ပဲရစ်မြို့သို့ သွားရသည်။ ပဲရစ်တွင် ၄ နှစ်ကြာမျှ နေထိုင်ရသောကာလမှာ သူ၏အတွေးအခေါ်ဆိုင်ရာဘက်တွင် ကြီးစွာသော တိုးတက်မှုများဖြစ်ခဲ့လေသည်။ အမှန်မှာ ထိုစဉ်က ပဲရစ်မြို့သည် ကမ္ဘာပေါ်တွင် (ဖီလိုဇိုဖီ) အတွေးအခေါ်နှင့် သင်္ချာဗေဒတွင် ဦးဆောင်မှုပေးနေသော နေရာဖြစ်လေသည်။

ပဲရစ်မြို့တွင် နေစဉ်ကာလ၌ လိုင်းဗနီး(ဇ်)သည် ဒေးကား၏ အတွေးအခေါ်များကို လေ့လာရသည်။ ဂါဆန္ဒီ * ၏ ရုပ်ဝါဒကလည်း သူ့ကို ထိုစဉ်က လွှမ်းမိုးနေခဲ့သည်။ ဤတွင် ယခင်က သူစွဲလမ်းခဲ့ဖူးသော စကော်လပ်စတစ် ဖီလိုဆိုဖီခေါ် ကျောင်းတော်ဝါဒကို စွန့်ပစ်လိုက်လေသည်။

၁၆၇၆ ခုနှစ်တွင် စပင်နိုဇာနှင့် တွေ့ဆုံဆွေးနွေးပြီးသောအခါတွင် ကားလိုင်းဗနီးဇ်အား စပင်နိုဇာ၏ အယူအဆများက လွှမ်းမိုးသွားလေသည်။ သို့ရာတွင် နောင်အခါ စပင်နိုဇာ၏ နိုင်ငံရေးအယူဝါဒများမှာ ပုံပြင်ဆန်လွန်းသည်ဟု သူက ထုတ်ဖော်ပြောကြားခဲ့လေသည်။

၁၆၇၃ ခုနှစ်မှစ၍ ဟင်နိုဗာ နန်းတော်တွင်း အမှုတော်ထမ်းရင်း အသက်ထက်ဆုံးတိုင် နေထိုင်ခဲ့လေသည်။

လိုင်းဗနီးဇ၏ အထင်ရှားဆုံးသော အတွေးအခေါ်စာတမ်းမှာ မိုနာဒိုလိုဂျီ(Monadology) ကျမ်းဖြစ်သည်။ သူ၏ ဖီလိုဆိုဖီများကို ဤကျမ်းမှာပင် သုတေသီများ လေ့လာမှတ်သားနိုင်လေသည်။

---

* Gassendi

http://www.linhtet.com



လိုင်းဗနီး၏ (ဖီလိုဆိုဖီ)များကို မလေ့လာမီ သူ့အတွေးအခေါ်များ မြစ်ဖျားခံလာရသည်။ ကျောထောက်နောက်ခံအကြောင်းတရားများကို လေ့လာသင့်ကြပေသည်။ ထိုအကြောင်းတရားများအနက် ဂျာမဏီယဉ်ကျေးမှု နောက်ခံကားကို ဦးစွာဖော်ပြရပေမည်။

၁၈ ရာစုနှစ်မတိုင်မီ ဂျာမဏီပြည်သည် ဖီဖိုလိုဆိုဖီခေါ် အတွေးအခေါ်ပညာတွင် များစွာတိုးတက်ထွန်းကားခြင်း မရှိခဲ့သေးချေ။ ဂျာမဏီသည် ရှေးအခါက ဘာသာရေးအငြင်းပွားမှုများ နှစ်ပေါင်း ၃၀ စစ်ပွဲများကြောင့် အကျိုးမဲ့ အချိန်ကုန်ခဲ့ရပေရာ သိပ္ပံပညာနှင့် အတွေးအခေါ် (ဖီလိုဆိုဖီ)ပညာများ တိုးတက်ခွင့်မရရှိခဲ့ပေ။ ထိုအချိန်များကဆိုလျှင် အင်္ဂလန်တွင် ဘေကွန်၊ မီးလ်၊ ရှိတ်စပီးယား၊ လော့က် ဆိုသူပညာရှင်များ ပေါ်ပေါက်ထွန်းကားနေပြီး ပြင်သစ်ပြည်တွင်လည်း မွန်တိန်း၊ ကော်နီးလ်၊ ပါစကယ်၊ ဒေးကားစသူတို့ ထွန်းကားနေလေပြီ။ ဂျာမဏီတွင်ကား ဘာသာရေးပြုပြင်ပြောင်းလဲရေးကြောင့် ဘာသာရေး အငြင်းပွားမှုများသာ ဖြစ်ပေါ်နေခဲ့လေသည်။ ဂျာမဏီဘာသာစကားမှာလည်း ပညာရှင်တို့သုံးစွဲသော စကားမဟုတ်၊ လက်တင်ဘာသာနှင့် ပြင်သစ်ဘာသာစကားများကိုသာ ပညာရှိများ အသုံးပြုပြီး တိုင်းရင်းသား ဂျာမန်စကားကိုမူ အောက်တန်းစားလူသာမန်များသာ သုံးနှုန်းခဲ့ကြလေသည်။ ပြင်သစ်ယဉ်ကျေးမှုကို ဂျာမဏီပြည်တွင်းသို့ တဖြည်းဖြည်း သွတ်သွင်းလာခဲ့ခြင်းကြောင့်လည်း နောက်ပိုင်းတွင် ပြင်သစ်ဟန် ပြင်သစ်ဓလေ့များ ခေတ်စားလာလေသည်။ နောက်ဆုံး၌ ဂျာမဏီလူမျိုးတို့သည် ဂျာမန်အမည်များကို မှည့်ခေါ်ရန်ပင် ရှက်လာကြသည်ဟူ၏။

ထိုခေတ်က ဂျာမန်တက္ကသိုလ်များမှာ ခေတ်သစ်အတွေးအခေါ်များနှင့် ပတ်သက်၍ တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်းမရှိသဖြင့် ခေတ်သစ်သဘောတရားများမှာ တက္ကသိုလ်ပြင်ပရှိ ပညာရှင်များက ဝိုင်းဝန်းပျိုးထောင်ခဲ့ရသည်။

ဂျာမန်လူမျိုးများအနက် ခေတ်သစ်သိပ္ပံနှင့် ဖီလိုဆိုဖီအတွေးအခေါ်

http://www.linhtet.com



များကို ဦးစွာတင်ပြဟောကြားခဲ့သူမှာ 'ဆင်မျူဝဲလ်၊ ပြူဖင်ဒေါ့'[၁] ဖြစ်သည်။ ထိုသို့ ဂျာမန်တွေးခေါ်ရှင်များအနက် တတိယမြောက် ပေါ်ပေါက်ပြီး အထင်ရှားဆုံးသောပုဂ္ဂိုလ်မှာ လိုင်းဗနီးဇ်ပင်ဖြစ်သည်။ သင်္ချာဗေဒ တရားဥပဒေနှင့် ဖီလိုဆိုဖီဘက်တွင် ထူးချွန်သူဖြစ်ခဲ့လေသည်။ ထို့ကြောင့် ဂျာမဏီပြည်၏ အတွေးအခေါ်ပြောင်းလဲမှုသမိုင်း၌ လိုင်းဗနီးဇ်ကို ခေတ်သစ်တွေးခေါ်မှု၏ ခေတ်ရှေ့ဆောင်ပုဂ္ဂိုလ်ကြီးဟု သမုတ်ထိုင်ပေသည်။

## ၁။ လိုင်းဗနီးဇ်၏ ပြဿနာ

လိုင်းဗနီးဇ်သည် ဒေးကားနှင့် စပင်နိုဇာတို့ကဲ့သို့ပင် သူ၏ ဖီလိုဆိုဖီကို "လောက ထာဝရဝတ္ထုဆိုသည် အဘယ်နည်း'ဟူသော အခြေခံပေါ်၌ အခြေတည်၍ တွေးခေါ်ခဲ့လေသည်။ သို့ရာတွင် စိတ်နှင့်ရုပ်တို့ အပြန်အလှန် ဆက်ဆံမှုသဘောတရားတွင် လိုင်းဗနီးဇ်၏ အတွေးအခေါ်မှာ ဒေးကားနှင့် စပင်နိုဇာတို့၏ အတွေးအခေါ်နှင့် ခြားနားသွားလေသည်။

> ဒေးကားသည် စိတ်ကိုလည်းကောင်း၊ ရုပ်ကိုလည်းကောင်း၊ သီးခြားတည်နေနိုင်သော လောကထာဝရ ဝတ္ထုကြီးများဖြစ်သည်ဟု ဖော်ပြခဲ့သည်ကို ကျွန်ုပ်တို့ လေ့လာခဲ့ရပြီ။
>
> စပင်နိုဇာကမူ ဘုရားသခင်သာလျှင် လောကထာဝရ ဝတ္ထုဖြစ်ပြီး စိတ်နှင့်ရုပ်သည် ဘုရားသခင်၏ သဘာဝပေါ်၌ တည်မှီနေရသော ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများသာဖြစ်သည်ဟု ဟောကြားခဲ့ကြောင်းလည်း သိခဲ့ရပေပြီ။

ဤတွေးခေါ်ရှင်နှစ်ဦးစလုံးပင် စိတ်ပိုင်းနှင့်ရုပ်ပိုင်းကို တစ်ခုနှင့်တစ်ခု သီးခြားဖြစ်ပေါ်နေသောစနစ်များအဖြစ် ဖော်ပြခဲ့ကြသည်။ ရုပ်ကမ္ဘာကြီး အကြောင်းကို ဖော်ပြရာ၌ ဒေးကားနှင့် စပင်နိုဇာတို့သည် ရုပ်ဝတ္ထုတို့၏ လှုပ်ရှားမှုမှန်သမျှမှာ စက်ယန္တယားတစ်ခုသဖွယ် ဖြစ်ပေါ်နေကြသည်ဟု ဖော်ပြခဲ့ကြသည်။

---

၁။ Sameul Pufendorf (1632- 1694)

http://www.linhtet.com



မည်သို့ပင်ဆိုစေ လိုင်းဗနီးဇ်၏ အတွေးအခေါ်များထဲတွင် ဤလောက ရှိ ခပ်သိမ်းသောပစ္စည်းတို့သည် ကွဲပြားခြားနားကြသည်မဟုတ် တစ်သဘော တည်ရှိကြောင်းကိုသာ အမြဲခံယူထားကြောင်း တွေ့ရသည်။

လိုင်းဗနီးဇ်အဖို့ အမှန်ထာဝရတရားသည် ချေဖျက်၍ရသောအရာ လည်းမဟုတ်၊ အတိုင်းအဆ (ဝါ) ပမာဏအားဖြင့် ဖော်ပြ၍ရကောင်းသော အရာလည်းမဟုတ်ဟု ယုံကြည်ထားသည်။ အဘယ့်ကြောင့်ဟူမူ ပမာဏရှိ သော အရာတိုင်းသည် ချေဖျက်ခွဲစိတ်၍ရသောကြောင့်ပင်တည်း။ ဥပမာ အားဖြင့် အနုမြူခေါ်သော ရုပ်ဓာတ်တွင် ပမာဏရှိသည်သာဖြစ်ရကား ၎င်းကို အစိတ်စိတ်ခွဲချေ၍ ရနိုင်၏။ သို့သော် ထိုသို့ အထပ်ထပ်ခွဲစိတ် ခြင်းဖြင့် နောက်ဆုံးတွင် ခွဲစိတ်ခြင်းငှာ မတတ်စွမ်းသော အခြေအနေသို့ ရောက်လာရပေမည်။ ထိုသို့ ခွဲစိတ်ချေဖျက်၍မရသောအခါ၌ ထိုအရာတွင် ပမာဏခေါ်သော အတိုင်းအဆသဘော မရှိတော့ပေ။ တစ်နည်းဆိုသော အတိုင်းအဆပမာဏ ကင်းမဲ့သောအခါ ထိုအရာသည် ရုပ်ဓာတ်လည်း မဟုတ်တော့ပေ။ နာမ်သက်သက်သာ ဖြစ်ရပေမည်။

ထို့ကြောင့် ဖျက်ဆီး၍မရသောအရာသည် ရုပ်ဓာတ်မဟုတ် နာမ် ဓာတ်သာဖြစ်၏။ ထိုဖျက်ဆီး၍မရသောအရာသည်သာ အမှန်ထာဝရဝတ္ထု မျိုးဖြစ်ပေတော့သည်။

လိုင်ဗနီးဇ် အလိုအားဖြင့် ထိုနာမ်ဓာတ်ကို 'မိုနာ့ဒ်' (Monad) ဟု ခေါ်လေသည်။

http://www.linhtet.com



**မိုနာ့ဒ်ဝါဒ** (MONADISM)

လိုင်းဗနီးဇ်၏ နာမ်ဝါဒမှာ ဗဟုနာမ်ဝါဒ[၁] တစ်မျိုးဖြစ်သည်။ မိုနာ့ဒ်ဟုခေါ်သော နာမ်ဓာတ်များသာလျှင် ထာဝရဝတ္ထုများဖြစ်သည်ဟု လိုင်ဗနီးဇ် ယုံကြည်လေသည်။ ဒြပ်ကိုယ်ထည်မှန်သမျှသည် ထိုမိုနာ့ဒ်ခေါ်သော နာမ်ဓာတ်များ အပေါင်းအစုဖြစ်ကြလေသည်။ နာမ်ဓာတ် (မိုနာ့ဒ်)တစ်ခုသည် ထာဝရဝတ္ထုတစ်ခုစီ ဖြစ်ကြသည်။ သို့သော် ထိုမိုနာ့ဒ်ခေါ် ထာဝရဝတ္ထုကလေးများသည် တစ်ခုတည်း မဟုတ်၊ ဤလောက၌ ဝတ္ထုပစ္စည်းများ ကွဲပြားခြားနားစွာ တည်နေကြသည်နှင့်အမျှ မရေမတွက်နိုင်အောင်ပင် များပြားစွာ တည်ရှိကြသည်။ မိုနာ့ဒ်၏သဘောမှာ နာမ်သက်သက်၊ သို့မဟုတ် ပုံသဏ္ဌာန်သက်သက်သာ (Form)ဖြစ်ပြီး ပုဂ္ဂလိကတည်နေနိုင်သော ဖျောက်ဖျက်၍မရသော သဘောရှိသည်။

ထို့ကြောင့် 'မိုနာ့ဒ်များ'သည် ရုပ်ဓာတ်များအလျဉ်းမဟုတ်ကြကြောင်း မှတ်အပ်ပေသည်။ ရုပ်ဓာတ်တို့သည် ပြောင်းလဲပျက်စီးကြသော်လည်း ဤမိုနာ့ဒ်များကား ထာဝရတည်နေနိုင်သော သဘောတရားများသာဖြစ်ကြ၏။ သို့ပင်ဖြစ်လင့်ကစား မိုနာ့ဒ်ခေါ် နာမ်သဘောတို့ကား အများလှုပ်ရှားလျက်ရှိသော ပမာဏကင်းမဲ့သည်။ အရူပအင်အားစုများ ဖြစ်ကြသည်ဟုလည်း မှတ်ရာသည်။

လိုင်ဗနီးဇ် အလိုအားဖြင့် ကျွန်ုပ်တို့မျက်မြင်ကိုယ်တွေ့ အရာခပ်သိမ်းတို့မှာ မိုနာ့ဒ်များဖြင့် ဖွဲ့စည်းထားသော မိုနာ့ဒ်အဖွဲ့အစည်းများသာ ဖြစ်ကြသည်။ အမှန်မှာ မိုနာ့ဒ်များသည် သီးသန့်ရုပ်ဓာတ်နှင့် နာမ်ဓာတ်တို့စပ်ကြားမှာ အစဉ်လှုပ်ရှားဆက်စပ်နေသော သဘောတရားများဖြစ်ကြောင်း လိုင်ဗနီးဇ် နားလည်ခဲ့သည်။ (မြန်မာများအဖို့ကား ဤသဘောတရားကို အတော်ပင် နားလည်ရန်ခက်ပေမည်)။

---

၁။ Pluralistic Idealism.

http://www.linhtet.com



သိမှုဆိုင်ရာသဘောတရားနှင့် ပတ်သက်၍မူ လိုင်ဗနီးဇ်က မိုနာ့ဒ်များတွင် အာရုံသိ(ဝါ) ရုပ်မှတ်သိမှုကို ဖြည့်စွမ်းနိုင်သော အင်အားရှိကြသည်။ အမှန်မှာ မိုနာ့ဒ်သည် စကြာဝဠာတစ်ခုလုံး၏ လှုပ်ရှားမှုများ အရိပ်ထင်ရာ ကြေးမုံပြင်ဖြစ်သည်။

ဥပမာ လူတစ်ဦးစီသည် လိုင်ဗနီးဇ် အလိုအားဖြင့် မိုနာ့ဒ်တစ်ခုစီ ဖြစ်ကြသည်။ သက်ရှိသည်လည်းကောင်း၊ သက်မဲ့သည်လည်းကောင်း၊ ရေ မြေ တောတောင်အားလုံး မိုနာ့ဒ်များချည်းသာ ဖြစ်ကြသည်။ သို့ဖြစ်ပေရာ မိုနာ့ဒ်တစ်ခုနှင့်တစ်ခုမှာ အခြေအနေ အဆင့်အတန်းချင်း မတူညီကြချေ။

လူမှာပင် အယုတ် အလတ် အမြတ်ရှိပေရာ အသိဉာဏ်ထက်မြက်သူ ထုံထိုင်းသူရှိ၏။ ထိုသို့ ရှိခြင်းမှာ မိုနာ့ဒ်ချင်း တစ်ခုနှင့်တစ်ခု မတူခြင်းကြောင့် ဖြစ်ရသည်ဟူ၏။

ပိုမို၍ အဆင့်အတန်းမြင့်သော မိုနာ့ဒ်ရှိသူသည် ပို၍အမြင် အသိထက်မြက်သည်ဟူ၍ ယုံကြည်သည်။

ထို့ပြင် မိုနာ့ဒ်တို့သည် တစ်ခုနှင့်တစ်ခု မိမိတို့ သဘာဝအလျောက် အပြန်အလှန် ဆက်ဆံနိုင်နေခြင်း မရှိ။ တစ်ခုနှင့်တစ်ခု တူညီခြင်းလည်း မရှိသည့်အပြင် တစ်ခုအပေါ်တွင်တစ်ခုက လွှမ်းမိုးနိုင်ခွင့်လည်း မရှိကြပေ။

ထို့ကြောင့် လိုင်းဗနီးဇ်က မိုနာ့ဒ်များသည် ဝင်ပေါက်မရှိ ငါးများပြည့်သော ရေအိုင်များနှင့်တူသည်ဟု ဆိုလေသည်။ သူ၏ဆိုလိုရင်းမှာ မိုနာ့ဒ်များသည် မိမိတို့ သဘာဝအလျောက် ဘုရားသခင် ဖန်ဆင်းစဉ်ကပင် အပြည့်အစုံရှိပြီးဖြစ်ရာ နောက်ထပ်တိုး၍သော်လည်းကောင်း၊ နုတ်၍သော်လည်းကောင်း မရနိုင်။ ပြုပြင်ဖန်တီး၍လည်း မရနိုင်ဟု ဆိုလိုရင်းဖြစ်ပေသည်။

http://www.linhtet.com



## ထပ်တူထပ်မျှတူညီခြင်းသဘောတရား

ဤသဘောတရားနှင့်ဆက်စပ်၍ လိုင်ဗနီးဇ်က အရာဝတ္ထုတို့၏ ထပ်တူထပ်မျှ တူညီခြင်း (Identity) သဘောကို စဉ်းစားသည်။ သူ၏အလိုအားဖြင့် မည်သည့်မိုနာဒ်များမှ တစ်ခုနှင့်တစ်ခု ထပ်တူထပ်မျှ မတူညီနိုင်ချေ။ အကယ်၍ မိုနာဒ်နှစ်ခုသည် တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားခြင်းမရှိ၊ ထပ်တူထပ်မျှ တူညီကြသည်ဆိုလျှင် ထိုမိုနာဒ်သည် နှစ်ခုမဟုတ်တော့။ တစ်ခုတည်းသာဖြစ်ရပေမည်ဟု ဖော်ပြခဲ့လေသည်။

ဤသဘောတရားကား အလွန်ခေတ်မီ၍ သိပ္ပံနည်းကျဖြစ်ကြောင်း နောင်းခေတ်တွေးခေါ်ရှင်များက လက်ခံခဲ့ကြရသည်။

## စဉ်ဆက်ဖြစ်ပေါ်မှုနိယာမ

လိုင်ဗနီးဇ်၏ ရုပ်လွန်တွေးခေါ်မြော်မြင်ရေး သဘောတရား၌ အရေးပါသော အခြားအချက်တစ်ချက်မှာ သူ၏ 'စဉ်ဆက်ဖြစ်ပေါ်မှု ဥပဒေသ' (Law of Continuity)ဖြစ်သည်။ ဤသဘောတရားအရ သဘာဝတရားကြီးတွင် အဆက်မပြတ် ကြားကွက်လပ်ဟူ၍မရှိ။ နိမ့်ကျသော အခြေအနေမှ မြင့်မားသောအခြေအနေသို့ အစဉ်ဆက်တိုက်ဖြစ်ပေါ်မှုသာရှိသည်။ တစ်နည်းဆိုရသော် ဤဖြစ်စဉ်တန်းကြီးသည် အဆုံးမထင်ချေ။ ဥပမာအားဖြင့် နိမ့်ကျသောရုပ်ဝတ္ထုဖွဲ့စည်းမှု မတိုင်မီမှ အစဉ်ဖြစ်ပေါ်လာခဲ့ရာ တစ်စတစ်စ ရုပ်ဝတ္ထုဖွဲ့စည်း ဖြစ်ပေါ်မှု သက်မဲ့မှ သက်ရှိဖြစ်ပေါ်မှု၊ သက်ရှိအချင်းချင်းတွင် လူက အဖက်ဖက်မှ တိုးတက်မြင့်မားစွာ ဖြစ်ပေါ်မှုစသည်များမှ တွေးခေါ်ကြပါက နောက်ဆုံး ဘုရားသခင်၏ သဘာဝသို့တိုင် ဆိုက်ရောက်လာရပေမည်။

ဤကား စဉ်ဆက်ဖြစ်ပေါ်မှုနိယာမဖြစ်၏။ ဘုရားသခင်သည် လိုင်ဗနီးဇ် အလိုအားဖြင့် အကောင်းဆုံး၊ အမှန်မြတ်ဆုံး ပြီးပြည့်စုံဆုံးသော မိုနာဒ်ကြီးဖြစ်သည်ဟူ၏။ အမှန်မှာ လိုင်ဗနီးဇ်၏ ဤစဉ်ဆက်ဖြစ်ပေါ်မှုနိယာမသည် ဆိုခဲ့ပြီးသော အထွတ်အထိပ် မိုနာဒ်ရှိကြောင်း ဖော်ပြရန် တွေးခေါ်မှုလမ်းကြောင်းဖြစ်ပေသည်။

http://www.linhtet.com



လိုင်ဗနီး‌ဇ်သည် မိုနာ့ဒ်များ၏ အီဗော်လူးရှင်းခေါ် တစ်စတစ်စ တိုးတက်ဖြစ်ပေါ်မှုသဘောကိုလည်း စဉ်းစားတွေးခေါ်၍ လက်ခံယုံကြည်ခဲ့ လေသည်။

မိုနာ့ဒ်များမှာ မိမိတို့အချင်းချင်း ဆက်ဆံနှီးနှောခွင့်သော်လည်းကောင်း၊ အပြန်အလှန် ကျေးဇူးပြုမှုသော်လည်းကောင်း၊ အချင်းချင်းပြုပြင်ဖန်တီးမှု သော်လည်းကောင်း မပြုနိုင်ဘဲ ၎င်းတို့အားလုံးကို ဘုရားသခင်ကသာ ပြုပြင်ဖန်တီးနိုင်ခွင့်ရှိသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ရှေ့စာမျက်နှာများ တွင် ဖော်ပြပြီးသကဲ့သို့ မိုနာ့ဒ်များမှာ ဝင်ပေါက်မရှိသည်ဖြစ်ရကား မိုနာ့ဒ် တစ်ခုကို ဘုရားသခင်က ပြုပြင်ဖန်တီးလိုက်စဉ်က မပါဝင်ခဲ့သော အခြေ အနေများသည် နောင်သောအခါမှ ပါဝင်ဖြစ်ပေါ်လာခြင်းလည်းမရှိ။

ဘုရားသခင် ဖန်တီးစဉ်ကပင် အားလုံး 'လိုသမျှ' မိုနာ့ဒ်ထဲတွင် ထည့်သွင်းပြီးဖြစ်သည်။

## ကြိုတင်ဖန်ဆင်းသော ရုပ်နာမ်ဆက်ဆံရေး

PRINCIPLE OF PRE-ESTABLISH HARMONY

အထက်ပါသဘောတရားကို အမှီပြု၍ လိုင်ဗနီး‌ဇ်က ရုပ်နှင့်နာမ် (ကိုယ်နှင့်စိတ်)အပြန်အလှန် ဆက်ဆံမှုသဘောတရားကို အောက်ပါအတိုင်း အဖြေပေးခဲ့သည်။

ဒေးကားနှင့် စပင်နိုဇာတို့က စိတ်နှင့်ရုပ် ဆက်ဆံရေးသဘော၌ အယူအဆကွဲပြားခြားနား၍ တစ်ဦးလျှင် တစ်မျိုးကျတင်ပြသွားခဲ့ကြကြောင်း တွေ့ပြီးခဲ့လေပြီ။

ယခုလို လိုင်ဗနီး‌ဇ်ကမူ စိတ်နှင့်ရုပ်တို့သည် တစ်ခုကိုတစ်ခု မိမိတို့ သဘောအလျောက် အပြန်အလှန် ဆက်ဆံနိုင်သည်မဟုတ်။ ဆက်ဆံရန် လည်း အကြောင်းမရှိချေ။ အဘယ့်ကြောင့်ဆိုသော် စိတ်သည်လည်းကောင်း၊ ရုပ်သည်လည်းကောင်း သီးခြားတည်နေသော မိုနာ့ဒ်များသာ ဖြစ်သော ကြောင့်ဖြစ်၏။

မိုနာ့ဒ်အချင်းချင်းသည် တစ်ခုကိုတစ်ခု လွှမ်းမိုးခြင်း၊ ပြုပြင်ခြင်းမရှိ နိုင်ကြောင်း အထက်ကဆိုခဲ့ပြီးဖြစ်ပေသည်။ သို့ဆိုလျှင် လူ၏ကိုယ်ခန္ဓာ

http://www.linhtet.com



တွင် စိတ်နှင့်ရုပ်သည် တစ်ခုကိုတစ်ခု ထိခိုက်လှုပ်ရှားဖြစ်ပေါ်နေကြသည်မှာ အဘယ့်ကြောင့်နည်း။ ဤမေးခွန်းကို မေးအပ်ပေသည်။

ဤမေးခွန်းအတွက် လိုင်ဗနီးဇ်သည် အဖြေပေးနိုင်ခဲ့၏။

လိုင်ဗနီးဇ် အလိုအားဖြင့် မိုနာ့ဒ်တို့သည် အပြည့်အစုံ ဖန်ဆင်းထားသော အရာများဖြစ်၍ စိတ်နှင့်ရုပ်၊ လှုပ်ရှားဖြစ်ပေါ်မှုများမှာ သူတို့ဘာသာသူတို့ အပြန်အလှန်လှုပ်ရှားကြခြင်းမဟုတ်။ ဤအချိန်ကျလျှင် ဤသို့ဖြစ်ရမည်။ ဤသို့လှုပ်ရှားဖြစ်ပေါ်ရမည်ဟု ရှေးမဆွကပင်လျှင် ဘုရားသခင်က ကြိုတင်ဖန်ဆင်းထားခြင်းကြောင့်သာဖြစ်၏ ဟုဆိုသည်။

ဥပမာ စာရေးသူသည် အဘယ့်ကြောင့် ဤအချိန်တွင် ဤစာကို ရေးရသနည်း။ ဤအချိန်တွင် ဤစကားကို အဘယ့်ကြောင့်ဆိုရသနည်းဟူမူ။ စာရေးသူ (မိုနာ့ဒ်)အား ဘုရားသခင်ဖန်ဆင်းစဉ်က ဤအချိန်တွင် ဤသို့ပြုမူရမည်ဟု ကြိုတင်ဖန်ဆင်းထားသောကြောင့် ဖြစ်သည်ဟု လိုင်ဗနီးဇ် ယူဆလေသည်။

သူ၏ထင်ရှားသော ဥပမာမှာကား တိုင်ကပ်နာရီနှစ်လုံးကို နာရီဆရာက ကြိုတင်၍စီမံထားမှုကြောင့် အကြင်အချိန်သို့ရောက်သောအခါ တစ်ပြိုင်နက် (၁၂)နာရီထိုး၏။ ထိုသို့ တစ်ပြိုင်နက် (၁၂) ချက်မြည်သော နာရီနှစ်ခုသည် တစ်ခုကိုတစ်ခု အပြန်အလှန် ကျေးဇူးပြုကြသောကြောင့်မဟုတ်မူ၍ ကြားမှ နာရီဆရာ၏ ကြိုတင်ဖန်တီးထားသော အဆင်ပြေစွာဖြစ်ပေါ်မှုကြောင့်သာဖြစ်၏။

သို့ဖြင့် ရုပ်နှင့်နာမ် ဆက်ဆံရေးသဘောကိုလည်း လိုင်ဗနီးဇ်က ဘုရားသခင်၏ ကြိုတင်ဖန်ဆင်းထားသော အဆင်ပြေစွာ ဖြစ်ပေါ်မှုသဘောတရားအဖြစ် ရှင်းပြခဲ့လေသည်။

http://www.linhtet.com

# အခန်း (၁၀)

# ဂျွန်လော့(က်)

(၁၆၃၂–၁၇၀၄)

ဂျွန်လော့(က်)သည် ကမ္ဘာ့တွေးခေါ်မှုသမိုင်းတွင် အင်္ဂလိပ်လူမျိုး တွေးခေါ်ရှင်များအနက် အလွန်ထင်ရှားသောပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ သူ၏နိုင်ငံရေးဗေဒ အတွေးအခေါ်များသည် ဥရောပတစ်ခွင်တွင်သာ အရှိန်အဝါကြီးမားစွာဖြင့် လွှမ်းမိုးခဲ့သည်မဟုတ်။ အမေရိကတိုက်သို့ပင် ကူးစက်ကာ အမေရိကန်တော်လှန်ရေး ပေါက်ပွားရာမျိုးစေ့တစ်ခု ဖြစ်ခဲ့ကြောင်းဖြင့်လည်း ပညာရှင်များ အသိအမှတ်ပြုကြသည်။

ဂျွန်လော့(က်)၏ နိုင်ငံရေးအတွေးအခေါ်များမှာ သူ၏ လူ့သဘာဝဆိုင်ရာ အမြင်ပေါ်တွင် များစွာတည်နေသည်။ သူကား နိုင်ငံရေးလောကတွင် သံကြီးတမန်ကြီးအဖြစ် များစွာထင်ရှားခဲ့သူလည်းဖြစ်သည်။ သဘာဝတ္တဗေဒ၊ သိပ္ပံပညာနှင့် ဆေးပညာကို အောက်စဖို့တက္ကသိုလ်တွင် သင်ကြားတတ်မြောက်ခဲ့ပြီးနောက် သဘာဝတ္တဗေဒ (ဖီလိုဆိုဖီ)ဆိုင်ရာ စာအုပ်စာတမ်းများ မရေးမီနှင့် ရေးနေစဉ်အတော အတွင်း သူသည် ရူပဗေဒ ဓာတုဗေဒနှင့် ဆေးပညာများကို ဆက်လက်လေ့လာလျက်ပင်ရှိသေးသည်။

ခရစ်သက္ကရာဇ် ၁၆၆၆မှ ၁၆၈၃ အထိ အင်္ဂလန် နန်းရင်းဝန်ကြီးအား အား(လ်)အော့(ဖ်) ချက်တက်(စ်) ဗြူရီထံတွင် အတွင်းဝန်အဖြစ် အမှုထမ်းခဲ့သည်။ ထို့နောက် နိုင်ငံရေးအခြေအနေအရ ဟော်လန်ပြည်သို့ ထွက်သွားခဲ့ရသည်။

http://www.linhtet.com



၁၆၈၉ ခုနှစ် သွေးကင်းတော်လှန်ရေးအပြီး ဂိုမ်းစ် (၂) နန်းကျသောအခါ ဝီလျံဘုရင်ထံတွင် ဆက်လက်၍ အမှုထမ်းပြန်လေသည်။

ဖီလိုဆိုဖီပညာရပ်နှင့် ပတ်သက်၍ ဂျွန်လော့(က်)၏ လူ့သိမြင်မှုဆိုင်ရာစာတမ်း (Essay Concerning Human Understanding) စာအုပ်ကြီးမှာ ကမ္ဘာ့တွေးခေါ်မှုသမိုင်းစဉ်တစ်လျှောက်၌ လွန်စွာအရေးပါ အရာရောက်သလောက် ထင်ရှားကျော်ကြားသော စာအုပ်ဖြစ်လေသည်။

## ဂျွန်လော့(က်)၏အတွေးအခေါ်များ

ကမ္ဘာ့အတွေးအခေါ်များကို သမိုင်းစဉ်သဖွယ် လေ့လာခဲ့ကြရာ၌ တွေးခေါ်မှုအစဉ်သည် နရာမှ တဖြည်းဖြည်း ဘယ်သို့ရင့်ကျက်လာသည်ကိုလည်း သတိထား၍ လေ့လာအပ်ပေသည်။

အနောက်တိုင်းမှ အတွေးအခေါ်များမှာ အမှန်အားဖြင့် လောကီဆိုင်ရာ လူနှင့်ပတ်သက်သည့် အတွေးအခေါ်များသာဖြစ်ကြပြီး ဘာသာရေး (လောကုတ္တရာရေးရာ)များ မဟုတ်ကြသည်ကိုလည်း လေ့လာသဘောပေါက်သင့်ကြပေသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံမှာ အများအားဖြင့် ဗုဒ္ဓဝါဒနှင့် ဗုဒ္ဓအဘိဓမ္မာများကိုသာ သိသူ ကျွမ်းကျင်သူများပြီး လူအကြောင်းကို စဉ်းစားရာ၌ ဖြစ်စေ၊ လောက သဘာဝကြီးကို စူးစမ်းရာ၌ဖြစ်စေ လောကီနှင့် လောကုတ္တရာအမြင်များကို ထပ်ဆင့်ကြည့်ကြပေရာ၊ လောကီရေးဘက်၌လည်း ခရီးမရောက်၊ လောကုတ္တရာဘက်၌လည်း ဘယ်ကမ်းသို့မျှ မဆိုက်ရောက်ဘဲ အငြင်းပွားလျက်သာရှိနေကြ၏။

အနောက်တိုင်းရင်းသားများကား ဖီလိုဆိုဖီခေါ် သဘာဝတ္တဗေဒကို သိပ္ပံပညာတိုးတက်ကြောင်းတရား၏ မူလအခြေခံအဖြစ်အသုံးပြုကာ လောကကြီးတစ်ခုလုံးတွင် သိအပ် မြင်အပ်သည်များကို စူးစိုက်လေ့လာကာ သိပ္ပံပညာထွန်းကားအောင် ကြံဆခဲ့ကြသည်။

http://www.linhtet.com



ထိုသို့ကြံဆရာ၌ နည်းမှန်လမ်းမှန် သိမြင်မှု (ဝါ) လက်လှမ်းမှီသော နည်းနိသယများဖြင့် လောကကြီးကို သိအောင် ကြံဆကြိုးပမ်းမှုများကိုသာ ပြုခဲ့ကြသည်။

ကျွန်ုပ်တို့သည် ဂျွန်လော့(က်) မတိုင်မီက ပေါ်ပေါက်ခဲ့ကြသော ဒေးကား– စပင်နိုဇာနှင့် လိုင်ဗနီးဇ် တို့အကြောင်းကို လေ့လာခဲ့ကြရာ၌ ထိုသူတို့သည် လောကသဘာဝထဲမှ အမှန်ထာဝရတရားများကို ဆင်ခြင်တုံ တရားသက်သက်ဖြင့်သာ စူးစမ်းရှာဖွေခဲ့ကြကြောင်း တွေ့ခဲ့ရပြီ။ ထို့ကြောင့် လည်း ထိုသူတို့အား ဆင်ခြင်တုံဝါဒသမားများအဖြစ် ကျွန်ုပ်တို့သမုတ်ခဲ့ ကြသည်။

ယခု ဂျွန်လော့(က်)သို့ ရောက်သောအခါ ကမ္ဘာ့အတွေးအခေါ် လမ်း ကြောင်းမှာ လုံးလုံးပြောင်းလဲသွားသည်ကို တွေ့ရပြန်သည်။

အကြောင်းမူကား ဂျွန်လော့(က်)နှင့် သူ၏နောက်လိုက်များသည် လောကသဘာဝကြီးကို ဆင်ခြင်တုံတရားသက်သက်ဖြင့် စူးစမ်းမှုသည် မှန်ကန်သော စူးစမ်းမှုမျိုးမဟုတ်ဟု ကြွေးကြော်ကာ အတွေ့အကြုံဖြင့် စူးစမ်းသောနည်းကိုသာ ယုံကြည်လက်ခံခဲ့သူများဖြစ်၏။

ဂျွန်လော့(က်)အဖို့ စစ်မှန်သော အသိပညာရရှိမှု၏အခြေခံအကြောင်း တရားသည် အတွေ့အကြုံ (Experience)သာလျှင်ဖြစ်သည်ဟု ဖော်ပြခဲ့ လေသည်။

'အတွေ့အကြုံ'ဆိုသောစကား၏ အနက်အကျယ်ကိုမူ ကျွန်ုပ်တို့သည် ဤကဏ္ဍ၌ သူ၏အတွေးအခေါ် အယူအဆများအတိုင်း ဆက်လက်၍ လေ့လာကြည့်ကြရပေဦးမည်။

လောလောဆယ်အားဖြင့် ဂျွန်လော့(က်) လက်ထက်တွင် အတွေး အခေါ်လမ်းကြောင်းပြောင်းလဲမှု၏ အရေးပါအရာရောက်ပုံအချို့ကို ဆက် လက်တင်ပြရပေဦးမည်။

ယခုခေတ်သိပ္ပံပညာ ထွန်းကားရာ ခေတ်ဖြစ်၍ သိပ္ပံပညာဖြစ်ပေါ်မှု ၏ အခြေခံအကြောင်းတရားကို စူးစမ်းကြည့်သောအခါ သိပ္ပံနည်းကျသော အသိပညာမှန်သမျှ၏ ပဓာနအကြောင်းသည် အတွေ့အကြုံသာဖြစ်ကြောင်း တွေ့ရပေမည်။

http://www.linhtet.com



အတွေ့အကြုံဆိုသည်မှာ သာမန်အားဖြင့် အာရုံများမှတစ်ဆင့် လောကကြီးကို သိရှိခြင်းကိုခေါ်ကြောင်း အများပင်သိကြသည်။ သို့ရာတွင် အာရုံများမှတစ်ဆင့် လောကသဘာဝကြီးကို အဘယ်သို့သိ၍ သိသမျှမှာ မှန်သလော မှားသလောဆိုသည့် အရေးကြီးသောအချက်များကိုလည်း သိရန် လိုပေသေး၏။

သိပ္ပံပညာသည် လူတို့သိသမျှကို အဟုတ်ကြီး အမှန်ကြီးဟု သတ်မှတ်ယုံကြည်သော သဘောတရားမဟုတ်ချေ။ လူတို့သိသမျှကို စိစစ်မှတ်ကျောက်တင်ပြီးမှ မငြင်းနိုင် မပယ်နိုင်သည်များကို လက်ခံယုံကြည်သော သဘောတရားသာဖြစ်၏။ ထိုသို့ မငြင်းနိုင်သောအမှန်တရားများကိုလည်း နည်းနိဿယများဖြင့်သာ လေ့လာ၍ စနစ်တကျ စူးစမ်းရပေရာ။ ယခု လေ့လာအံ့သော ဂျွန်လော့(က်)၏ အတွေးအခေါ်များမှာ ဆိုခဲ့ပြီးသော အချက်အလက်များဖြင့် မည်မျှဘောင်ဝင်အံကျရှိသည်ကိုလည်း တွေ့ရပေမည်။

## သိမှု၏အစ

လော့(က်)၏အလိုအားဖြင့် ဖီလိုဆိုဖီသည် အရာခပ်သိမ်းနှင့် စပ်ဆိုင်သည့် မှန်ကန်သော သိမှုပညာဖြစ်သည်ဟု ဆိုလေသည်။

မှန်ကန်သော သိမှုပညာ၌ ရုပ်လောကကြီး၌ရှိသော အရာဝတ္ထုများ၏ မူလဘူတသဘောကို သိမှု၊ ထိုသိထားပြီး သိမှုကို တစ်ဦးမှတစ်ဦးသို့ ဆက်သွယ်ပြောင်းလဲရောက်ရှိစေမှု နည်းလမ်းတို့အားလုံး ပါဝင်သည်။

သိမှုဆိုင်ရာပြဿနာများအနက် ကျွန်ုပ်တို့သည် အဘယ်ကိုသိသနည်း။ အဘယ်သို့ သိသနည်း။ အဘယ်မျှလောက် သိနိုင်သနည်းစသည့် ပြဿနာများအပြင်၊ အဘယ်သို့သော အသိသာ မှန်ကန်တိကျသော အသိတရားပေနည်းစသည်အချက်အလက်များကို ဦးစွာသိထားရန်လိုပေသေးသည်။ လူသည် ရှိရှိသမျှ မြင်မြင်သမျှ တွေ့တွေ့သမျှကို သိနိုင်ပါ၏လော။ သူ့အသိအမြင်များမှာ အကန့်အသတ်မရှိပြီလော စသည့်အချက်များကိုလည်း သိရပေဦးမည်။ ထို့ကြောင့် ဖီလိုဆိုဖီတွင် အဘယ်အရာသည် အမှန်တရား

http://www.linhtet.com



ကြီးဖြစ်၏ဟု ဦးစွာမဖော်ပြသေးမီ ထိုအမှန်တရားကို သိနိုင်သော သိရာ သိကြောင်းတရား၏အစကို စူးစမ်းသင့်ပေသည်။

အသိပညာဖြစ်ပေါ်ရာ မူလအစကို စူးစမ်းမိသောအခါ စိတ်နှင့်ရုပ် ပြဿနာလည်း ပါဝင်လာပေသည်။ အဘယ်ကြောင့်နည်းဟူမူ စိတ်က ရုပ်အကြောင်းတရားကို သိရခြင်းကြောင့်ပင်ဖြစ်ပေသည်။

ရှေးက ဖော်ပြခဲ့သော ဆင်ခြင်တုံဝါဒသမားများအနက် ဒေးကားသည် အသိပညာဖြစ်ပေါ်ရာ မူလအစကို ဖော်ပြရာ၌ စိတ်ထဲတွင် မွေးကတည်းက ဇာတိစိတ်ဝတ္ထုများ (InnateIdeas)များ ပါလာသဖြင့် ဘယ်အရာကိုမဆို မြင်လိုက် တွေ့လိုက်လျှင် သိနိုင်ကြောင်း ဖော်ပြခဲ့ပြီ။

ဂျွန်လော့(က်)ကား ထိုသို့လက်တွေ့မကျသော အယူအဆများကို ငြင်းပယ်သူဖြစ်လေသည်။ သူ၏ဆင်ခြေမှာ အကယ်၍ ဒေးကား၏ ဇာတိရုပ်ဝတ္ထုများသည် မိမိကိုယ်တိုင်က မသိဘဲ မိမိစိတ်ထဲသို့ ရောက်ရှိနေသည်ဆိုပါမူ အဘယ်ဇာတိစိတ်ဝတ္ထုသည် မူလကပင်ရှိ၍ အဘယ်ဇာတိစိတ်ဝတ္ထုများက နောက်မှခေါင်းထဲသို့ရောက်လာသည်ကို ဘယ်နည်းနှင့် ခွဲခြားသိနိုင်ပါမည်နည်း။

ဥပမာအားဖြင့် လူ့ကျင့်နည်းဆိုင်ရာများ၌ တစ်ချိန်တစ်ခါတွင် တစ်စုံတစ်ခုသော အပြုအမူသည် ကောင်းသောအပြုအမူသည် မကောင်းသော အပြုအမူဖြစ်တတ်ပေရာ ဇာတိစိတ်ဝတ္ထုများအရသာ ထိုသို့ကောင်းမကောင်းကိုသိရမည်ဆိုပါလျှင် ဇာတိစိတ်ဝတ္ထုတစ်ခုတည်းက ကောင်းလည်းကောင်း၊ မကောင်းလည်းမကောင်းသော သဘော (၂) ရပ် တစ်ပြိုင်တည်းရှိနေပေတော့မည်။ ဤကား ဖြစ်နိုင်ကောင်းသော အရာမဟုတ်ချေ။

ထို့ကြောင့် ဂျွန်လော့(က်)က လူ၏စိတ်သည် မွေးစက တစ်စုံတစ်ရာ အရိပ်မထင်၊ ပကတိစင်ကြယ်သောအရာသာဖြစ်သည်။ တစ်နည်းဆိုရလျှင် မွေးစလူ၏စိတ်သည် တစ်စုံတစ်ရာရေးသားခြင်းမပြုရသေးသော ကျောက်သင်ပုန်းနှင့်တူကြောင်း။ နောင်အတွေ့အကြုံအာရုံများနှင့် ထိတွေ့ကာမှသာ အမှတ်အသားထင်လာသော သဘောရှိကြောင်း ဖော်ပြခဲ့လေသည်။ လူ့စိတ်၏ မူလသဘောမှာ အာရုံမှပို့လာသော အမှတ်အသားများကို မှတ်သားနိုင် စိစစ်လက်ခံနိုင် မှတ်တမ်းတင်နိုင်သော အရည်အချင်းများရှိလေသည်။

http://www.linhtet.com



## ရုပ်မှတ်သိမှု[၁]

သိမှုဆိုင်ရာသဘောတရားတွင် လော့(က်) ရေးက ဖော်ပြခဲ့ပြီးသော တွေးခေါ်ရှင်များထက် ပိုမိုနက်နဲမှုရှိပြီး ပို၍သိပွံနည်းကျ အတွေးအခေါ်များ ဖြစ်လာလေသည်။

လောကသဘာဝနှင့် စပ်ဆိုင်သော အသိပညာများကို စူးစမ်းရှာဖွေရာ၌ လောကကြီးနှင့် အဆက်ဖြတ်ပြီး အခန်းတွင်းမှနေ၍ ဆင်ခြင်တုံတရားအားကိုးနှင့် လေ့လာစူးစမ်းခြင်းသည် နည်းလမ်းမကျချေ။

လူသား၏ အပြင်ပ၌ရှိသော လောကသဘာဝ အဖြစ်အပျက် ပြုပြင်ဖန်တီးမှုအလုံးစုံသည် လူသား၏ အာရုံကျက်စားရာဖြစ်ပြီး ထိုဗာဟီရသဏ္ဍာန်တို့ကို လူသား၏ အဇ္ဈတ္တသန္တာန်အရောက် ပေါင်းကူးဆက်စပ်ပေးသောအရာမှာ လူသား၌ရှိသော အာရုံပေါက် (ဒွါရ)များဖြစ်၏။ ထိုအာရုံပေါက်များအားဖြင့် အတွင်းအဇ္ဈတ္တသန္တာန်နှင့် ဗာဟီရသဏ္ဍာန်တို့ကို ဆက်စပ်နိုင်သည်။

ဂျွန်လော့(က်)သည် လက်တွေ့ မျက်တွေ့ စူးစမ်းလေ့လာမှုဖြင့်သာ စစ်မှန်သော အသိပညာများကို ရရှိနိုင်သည်ဟု ယုံကြည်သူပီပီ သူ၏ 'လူ့သိမြင်မှုဆိုင်ရာ စာတမ်း'[၂] စာအုပ်တွင် အကျယ်တဝင့်ရေးသားတင်ပြခဲ့လေသည်။

'အတွေ့အကြုံ' ဆိုသောစကားသည် ကျယ်ဝန်း၏။ ကျယ်ဝန်းသလောက်လည်း နားလည်ရခက်ပေသည်။ ခက်ခဲ၍ ရှုပ်ထွေးသောစကားဖြစ်ကြောင်းကိုကား 'အတွေ့အကြုံဆိုသည် အဘယ်နည်း'ဟု ထပ်မံ၍ မေးခွန်းမေးကြည့်လျှင် ပို၍သိနိုင်ပေသည်။

---

၁။ Perception – ရုပ်သိမှု

၂။ Essay Concerning. Human Understanding

http://www.linhtet.com



## အတွေ့အကြုံဆိုသည် အဘယ်နည်း

အဖြေကား လွယ်မယောင်နှင့် ခက်ပေမည်။ အဖြေပေးသူတို့တွင် အချင်းချင်းလည်း တစ်ယောက်တစ်မျိုး ဖြစ်နေပေလိမ့်မည်။

လွယ်လွယ်နှင့် လူတိုင်းနားလည်သလို ပြောရမည်ဆိုလျှင် 'အတွေ့အကြုံ'ဆိုသည်မှာ ပြင်ပကမ္ဘာလောကကြီးကို မိမိတို့၏အာရုံများမှတစ်ဆင့် သိမြင်ခြင်းပင် ဖြစ်သည်ဟု ဆိုရပေမည်။

ထိုထက်ပို၍ နက်နက်နဲနဲစဉ်းစားလာသောအခါ ဂျွန်လော့(က်)၏ တွေးခေါ်မှုများအတိုင်းဖြစ်ကြောင်း တွေ့ရလေသည်။

အမှန်မှာ အတွေ့အကြုံသည် ဆင်ခြင်တုံတရားသက်သက်နှင့် မတူညီချေ။ အကြောင်းမူ ဆင်ခြင်တုံတရားသက်သက်မှာ ရုပ်ပိုင်းမပါဝင်ဘဲ စိတ်ပိုင်းသက်သက်ဖြင့် ပြီးနိုင်သည်။ အတွေ့အကြုံမှာကား ရုပ်ဝတ္ထု(ဝါ) အသိခံပစ္စည်း ပါဝင်မှုဖြစ်သော အသိပညာမျိုးဖြစ်လေသည်။ ထို့ကြောင့် အတွေ့အကြုံဝါဒသမားများအဖို့ ရုပ်လောကသည် အရေးကြီးလာလေသည်။ ပလေတိုအကြောင်းကို လေ့လာခဲ့ပြီးဖြစ်သောကြောင့် ဆင်ခြင်တုံဝါဒသမားများသည် ရုပ်လောကကို ပမာဏမပြု၊ နာမ်ကမ္ဘာကြီးကိုသာ ပဓာနထားကြောင်း သိခဲ့ရပြီ။

ဖီလိုဆိုဖီခေါ် အတွေးအခေါ်ပညာ၌ အတွေးအခေါ် 'ဘောင်'ကန့်သတ်ချက်များလည်းရှိပေရာ အတွေ့အကြုံဝါဒီများအဖို့မှာ အတွေးလွတ်လပ်ခွင့်မရှိချေ။ ဆိုလိုသည်မှာ ဥပမာ တစ်စုံတစ်ဦးသောသူသည် စားပွဲကို တွေ့မြင်ပြီးနောက် 'ဤအရာသည် စားပွဲတည်း'ဟုဆို၏။ ထိုသူသည် အတွေ့အကြုံသမားဖြစ်မူကား စားပွဲကိုမြင်သိပြီး စားပွဲဟုပြောရန်မှလွဲ၍ အခြားမည်သို့မျှ မပြောနိုင်တော့ပေ။ သူ့မှာ စားပွဲကို ကုလားထိုင်ဟူ၍လည်းကောင်း၊ လူဟူ၍လည်းကောင်း ပြောင်းလဲပြောဆိုရန် လွတ်လပ်ခွင့်မရှိတော့ပေ။ သို့ရာတွင် ဆင်ခြင်တုံဝါဒီများ၏ လက်တွင်း၌ကား အတွေးလွတ်လပ်ခွင့်ရှိသည်။ သူတို့သည် ကြမ်းပိုးကို လိပ်ဖြစ်အောင် အကျိုးအကြောင်းပြ ဆင်ခြင်ပြောဆို၍ရသည်။ ထိုသူတို့ကား ရုပ်လောကကို ပမာဏမပြုကြသောကြောင့် သူတို့အဖို့ အကြောင်းအကျိုးဆက်စပ်၍ တွေး

http://www.linhtet.com



ချင်းရာတွေးနိုင်ခွင့်ရှိသည်။ တစ်နည်း လွယ်လွယ်ဆိုရပါမူ စိတ်ကူးယဉ်၍ ရသည်။

အတွေ့အကြုံသမားများ၏အသိတွင် မှားယွင်းမှုချွတ်ချော်မှုမရှိတော့ပြီလောဟု မေးဖွယ်ရာအကြောင်းရှိ၏။ မေးသင့်ပေသည်။ အဖြေမှာကား မှားယွင်းမှု ချွတ်ချော်မှုရှိသည်ဟူ၍ပင် ဖြေရမည်။ သို့ဆိုလျှင် ကျွန်ုပ်တို့အဖို့ အတွေ့အကြုံဆိုသည်မှာ အဘယ်သို့နည်း။ အတွေ့အကြုံအားဖြင့် လူသားသည် ဘယ်သို့အသိဉာဏ်မှာ ဖြစ်ပေါ်လာသနည်း။ ဖြစ်ပေါ်လာသော ထိုအသိဉာဏ်မှာ မှန်သလား မှားသလားစသည် မေးခွန်းပြဿနာများနှင့် ပတ်သက်၍ ဂျွန်လော့(က်)၏ တွေးခေါ်မှုအတိုင်း ဆက်လက်စဉ်းစားကြပါစို့။

## သိသူ အသိခံပစ္စည်းနှင့် အာရုံ

အတွေ့အကြုံဟု ကျွန်ုပ်တို့ခေါ်စမှတ်ပြုသော ရုပ်မှတ်သိမှုဆိုင်ရာ သဘောတရားတွင် အခြေခံအားဖြင့် အချက် (၃) ချက် အနည်းဆုံးရှိရပေမည်။ ထိုအချက်များမှာ (၁) သိသူ၊ (၂) အသိခံပစ္စည်းနှင့် (၃) ထိုသိသူနှင့် အသိခံပစ္စည်းကို ဆက်စပ်ပေးသည့် အာရုံများဖြစ်သည်။

ရုတ်မှတ်သိတစ်ခုဖြစ်ပေါ်မှုအတွက် သိနိုင်သူသည် လောကသဘာဝထဲမှ သိလိုသော ပစ္စည်းတစ်ခုခုနှင့် ဆက်စပ်တွေ့ထိမှုရှိရမည်။ ထိုသို့တွေ့ထိရန်အတွက် စက္ခုသောတဃာန ဇိဝှစသည် အာရုံပေါက်များကို စေစားရသည်။ အာရုံပေါက်များမှတစ်ဆင့်သာလျှင် ပြင်ပကမ္ဘာနှင့် သိသူ၏ အတွင်းအဇ္ဈတ္တသန္တာန်တို့ ဆက်စပ်မိကြသည်။

## အာရုံ

ထိုသို့ဆက်စပ်ခြင်းအားဖြင့် အသိပညာတစ်ခုကို ဘွားခနဲချက်ချင်း ရပြီလော။ အမှန်အားဖြင့် သိသူနှင့် အသိခံပစ္စည်းတို့သည် အာရုံပေါက်များမှ တစ်ဆင့် ဆက်သွယ်ကြရာ၌ ဦးစွာ အဖြူ၊ အနီ၊ အချဉ်၊ အပျော့ အမာ၊ အကြီး အငယ်၊ အပူ အအေးစသည့် အာရုံတို့ကိုသာရသည်။

အာရုံသည် အသိဉာဏ်မဟုတ်သည်ကို မှတ်ရပေမည်။ အာရုံသက်

http://www.linhtet.com



သက်သည် တစ်စုံတစ်ရာအသိကို မပေးနိုင်ချေ။ သို့ရာတွင် မိမိတို့၏စိတ်တွင်းသို့ အာရုံများဝင်လာသောအခါ၌ စိတ်သည် သူ့တွင်မူလကရှိပြီးသော ပိုင်းခြားမှတ်သား ဆင်ခြင်နိုင်သောစွမ်းအားများဖြင့် အာရုံများကို ဤကား အဖြူ၊ ဤကား အနီ၊ ဤကား အပူ၊ ဤကား အအေးဟူ၍ မှတ်သားလိုက်မှသာ အသိပညာ၏ ပထမဆုံးသော ဝေဒနာအဆင့်သို့ ရောက်လာသည်။ ထိုဝေဒနာကိုမှ ဆုံးဖြတ်ချက်ချ၍ အမှတ်သညာပြုရသည်။ ဤတွင် လူသည် တစ်စုံတစ်ရာကို သိရပေတော့သည်။

ထိုသို့မှတ်သားရာ၌ပင် မိမိမမြင်ဖူး မတွေ့ဖူးသောအရာကို မှတ်ရန် သိရန် မလွယ်ကူပေ။ သိပြီးအရာများကို နောက်တစ်ဖန် ပြန်၍တွေ့မြင်ရသောအခါ မူလက မှတ်ဖူးသောအရာနှင့် နှီးနှော၍ ဆင်ခြင်ကာ ဆုံးဖြတ်ချက်ချရသည်။ သို့ဖြင့်သာ ရုပ်မှတ်သိမှုအဆင့်သို့ ရောက်ရသည်။

ထို့ကြောင့် ရုပ်မှတ်သိမှုသည် အသိဉာဏ်၏ အခြေခံအဆင့်ဖြစ်ကြောင်း ဂျွန်လော့(က်)ကစ၍ နှောင်းခေတ်ပညာရှင်များ လက်ခံယုံကြည်လာကြသည်။

ထိုသို့ အာရုံမှတစ်ဆင့် သိမြင်နိုင်သည်ဆိုရာ၌ ကျွန်ုပ်တို့သည် မည်သည့်အရာကို သိပါသနည်း။ ဂျွန်လော့(က်)၏ အယူအရဆိုလျှင် လူသည် အတွေ့အကြုံအားဖြင့် အရာခပ်သိမ်း၏အပေါ်မြင် အသွင်သဏ္ဌာန်ကိုသာသိပြီး ထိုပစ္စည်းများ၏ အနှစ်သာရသဘောအမှန် ထာဝရသဘောကို သိလည်းမသိ။ သိလည်းမသိနိုင်ဟု ဆိုသည်။

ဥပမာ–

ကျွန်ုပ်တို့သည် အရာဝတ္ထုတစ်ခုကို ထိတွေ့သောအခါ၌ ထိုအရာ၏ မာခြင်း၊ ပျော့ခြင်း၊ ချောခြင်း၊ ကြမ်းခြင်း၊ အလေးချိန်၊ ထုထည်၊ အရောင်အဆင်း၊ အနံ့အရသာများကိုသာ သိရသည်။

အမှန်မှာ ထိုအရာများသည် ဝတ္ထုကိုယ်ထည်မဟုတ်ဘဲ ဝတ္ထု၏အင်္ဂါလက္ခဏာ (ဝါ) အရည်အချင်းများသာဖြစ်သည်။ ဂျွန်လော့(က်)ကမူ ဝတ္ထုတိုင်းတွင် အရည်အချင်း (ဝါ) ဂုဏ်အင်္ဂါလက္ခဏာ နှစ်မျိုးနှစ်စားရှိသည်။

(၁) ပဓာနလက္ခဏာ– (Primary Quality)

(၂) သာမညလက္ခဏာ– (Secondary Quality)

များဖြစ်သည်။

http://www.linhtet.com



**ပဓာနလက္ခဏာ** ဆိုသည်မှာ ဝတ္ထုကိုယ်ထည်နှင့်ကပ်၍ တည်ရှိပြီး ထိုလက္ခဏာပျက်ယွင်းပါက ဝတ္ထုကိုယ်ထည်ပါ ပျက်ယွင်းရသောလက္ခဏာ မျိုးဖြစ်သည်။ ထိုလက္ခဏာမျိုးသည် ဓမ္မဓိဋ္ဌာန်ဖြစ်၍ ပုဂ္ဂိုလ်မလိုက်၊ ပုဂ္ဂိုလ် အကြိုက်နှင့် ပြုပြင်ဖန်တီး၍မရသော လက္ခဏာမျိုးဖြစ်သည်။

ဥပမာ ရုပ်ဝတ္ထုပစ္စည်းတစ်ခု၏ ပမာဏ (အတိုင်းအဆ) သဘောကို ဖျက်ပစ်လိုက်ပါက ဝတ္ထုကိုယ်ထည်ပါ ပျောက်သွားရပေမည်။ သို့သော် ဝတ္ထုကြီးအငယ်၊ အရောင်အဆင်းများကိုမူ မိမိတို့ကြိုက်သလို ပြောင်းလဲ နိုင်သည်။

**သာမညလက္ခဏာ** ဆိုသည်မှာ ဝတ္ထုကိုယ်ထည်၌လည်းတည်၍ သိသူ ၏စိတ်၌လည်း တည်သော အရည်အချင်းမျိုးဖြစ်သည်။ ဥပမာ အဖြူရောင် သည် ဝတ္ထုကိုယ်ထည်၌ တည်သည်ဆိုရသော်လည်း မျက်လုံးက မမြင်လျှင် မဖြူချေ။ မျက်လုံးနှင့် အဖြူရောင်ရှိစေကာ အလင်းရောင်မရှိလျှင် အဖြူ ရောင် ပျောက်ကွယ်ပြန်ရသည်။

ထိုအဖြူရောင်ကို မိမိလိုရာအရောင်သို့လည်း ပြောင်းလဲနိုင်သည်။ ထိုသို့ပြောင်းလဲခြင်းအားဖြင့် ဝတ္ထုကိုယ်ထည်လည်း မပျက်စီးနိုင်ချေ။ တခြား တစ်နည်းအားဖြင့် အရာဝတ္ထုတို့၏ အကြီးအငယ်မှာ ကြည့်သူ၏ အနီးအဝေး အလိုက် ပြောင်းလဲနေကြသည်သာဖြစ်၏။ ထိုသို့ပြောင်းလဲ၍ရသော လက္ခ ဏာမျိုးကို သာမညလက္ခဏာဟု ဂျွန်လော(က်)က အသိအမှတ်ပြုသည်။

ထို့ကြောင့် ဝတ္ထုပစ္စည်းများကို ကြည့်ရှုထိတွေ့သောအခါ၌ သိသူ သည် ဝတ္ထု၏ မူလဘူတသဘောကို မသိနိုင် မမြင်နိုင်ဘဲ ထိုဝတ္ထု၏ ဂုဏ် အရည်အချင်းလက္ခဏာများဖြစ်သော ပဓာနလက္ခဏာနှင့် သာမညလက္ခဏာ ကိုသာ တွေ့ထိ၍ရသည်။ ဤအချက်ကိုကား မငြင်းနိုင်ချေ။ အမှန်အားဖြင့် သိမှုမှန်သမျှတွင် ဆိုခဲ့ပြီးသော ဂုဏ်အရည်အချင်းလက္ခဏာများမှာ သိသူ နှင့် အသိခံပစ္စည်း၏အကြားတွင် အမြဲရှိနေရကား ဝတ္ထု၏တကယ့်မူလ သဘောကို လူသည် သိခွင့်မရနိုင်တော့ပေ။ ဝတ္ထု၏မိတ္တူ (ဝါ) ကိုယ်စား လှယ်များဖြစ်သော ထိုအာရုံများကိုသာ သိရသည်ဟု ဂျွန်လော့(က်) တွေး ခေါ်မြော်မြင်ခဲ့လေသည်။

http://www.linhtet.com



ထို့ကြောင့် သူ၏အယူဝါဒကို အတွေးအခေါ်သမိုင်း၌ (ရီပရယ်ဇင်တေးရှင်းနယ်လစ်ဇင်း)[၁] ဟု ခေါ်ကြသည်။ အဓိပ္ပာယ်မှာ 'ကိုယ်စားလှယ်ဝါဒ'ဟု အကြမ်းအားဖြင့် ဆိုရပေမည်။

ဤသို့လျှင် အတွေ့အကြုံနယ်မြေ၌ အမှန်တရားကို အတိအကျသိခွင့်မရသည့်အတွက် အတွေ့အကြုံမှရအပ်သော အသိပညာတို့သည် မသွေတမ်းမှန်ကန်သော အသိပညာများဟု မဆိုနိုင်ချေဟူ၍ လော့(က်)က ထုတ်ဖော်ပြောကြားခဲ့သည်။ ကျွန်ုပ်တို့၏အတွေ့အကြုံအားဖြင့် ရအပ်သော အသိပညာများမှာ အချိန်မရွေးမှားနိုင်သော အသိပညာမျိုးသာဖြစ်၍ ၎င်းတို့ကို ယာယီလက်ခံထားသော အသိပညာမျိုးသာဖြစ်သည်။ လောက၌ မမှားနိုင်တော့ပြီဖြစ်သော ဧက မုချ ထာဝရအသိအမှန်ကို ရနိုင်ကောင်းသည်ဟူ၍ ဂျွန်လော့(က်) လုံးဝမယုံကြည်ချေ။ ဤအချက်သည် ယခုခေတ်သိပ္ပံဆိုင်ရာ အမြင်များနှင့် တစ်ထပ်တည်းကျလျက်ရှိသည်ကို တွေ့ရပေမည်။

ထို့ကြောင့် ဂျွန်လော့(က်)သည် သိပ္ပံပညာတိုးတက်ကြောင်းအတွက် ဦးဆောင်သော သဘာဝတ္တဗေဒကို စတင်ကြံဆသူတစ်ဦးဖြစ်ကြောင်း တင်ပြရပေသည်။

---

၁။ Representationalism – ကိုယ်စားလှယ်ဝါဒ၊

http://www.linhtet.com

# အခန်း(၁၁)

# ဂျော့ဘာကလေ

(၁၆၈၅–၁၇၅၃)ဇ

ဂျော့ဘာကလေသည် အတွေ့အကြုံအားဖြင့်သာလျှင် မှန်ကန်သော အသိပညာကို ရရှိနိုင်သည်ဆိုသော သဘောတရားကို ယုံကြည်လက်ခံကြသည်။ 'လက်တွေ့မျက်တွေ့ဝါဒီ'[၁] များအနက် ဒုတိယ အရေးအကြီးဆုံး တွေးခေါ်ရှင်တစ်ဦးဖြစ်သည်။ ဂျော့ဘာကလေသည် ဂျွန်လော့(က်)၏ နောက်လိုက်တစ်ဦးပင်ဖြစ်စေကာမူ ဂျွန်လော့(က်)၏ အယူအဆများကို တစ်သဝေမတိမ်း လိုက်နာသူကား မဟုတ်ချေ။ တချို့နေရာများတွင် သူ၏ရှေ့ဆောင်ပုဂ္ဂိုလ်ဖြစ်သော လော့(က်)ကိုပင် ဖြောင့်ဖြောင့်ဆန့်ကျင်ခဲ့လေသည်။

ကျွန်ုပ်တို့လေ့လာခဲ့ပြီးသမျှ ဂျွန်လော့(က်)သည် စိတ်ကိုလည်းကောင်း၊ ရုပ်ကိုလည်းကောင်း၊ အရှိတရားကြီးများအဖြစ် လက်ခံခဲ့သည်။

ဘာကလေသည် ဤနေရာတွင် ဂျွန်လော့(က်)ကို ဆန့်ကျင်၍ ရုပ်ကို အရှိတရားအဖြစ် ငြင်းပယ်ခဲ့လေသည်။

ဘာကလေကို ၁၆၈၅ ခုနှစ်တွင် အိုင်ယာလန်ကျွန်းတွင် ဖွားမြင်သည်။ ထရိနီတီကောလိပ်တွင် ပညာသင်ကြားပြီးနောက် အသက်

http://www.linhtet.com



၂၂ နှစ်အရွယ်တွင် ထရိနီတီကောလိပ်မှ 'ဖဲလိုရှစ်'ကို ရသည်။ ထိုနောက်တွင် ဘာမြူဒပ်(စ်)အရပ်တွင် ကောလိပ်ကျောင်းတစ်ဆောင် တည်ဆောက်ရန် စီမံဆောင်ရွက်ခဲ့လေသည်။ ဤအကြံဖြင့် အမေရိက သို့သွားခဲ့ပြီး 'ရုပ်ဒ်'ကျွန်းတွင် ၃ နှစ်တိုင်တိုင် နေထိုင်ခဲ့လေသည်။ ၃ နှစ်ကျော်ပြီးမှ ထိုအကြံကို လက်လျော့ပြီး အိုင်ယာလန်သို့ ပြန်ခဲ့လေသည်။ ထိုကြိုးပမ်းမှုကြောင့် အမေရိကန်ပြည် ကာလီဖိုးနီး ယားနယ်၌ ဘာကလေမြို့ ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်လေသည်။ ၁၇၃၄ ခုနှစ်သို့ရောက်သောအခါ 'ကလုံး'မြို့တွင် သာသနာ့ဂိုဏ်းချုပ် ဖြစ်လာသည်။ အသက် ၂၈ နှစ်အရွယ်သို့တိုင် ဖီလိုဆိုဖီဆိုင်ရာ ကျမ်းများကို ရေးသားကာ ဘုရားသခင်ရှိကြောင်း သက်သေပြခဲ့လေ သည်။ ၁၇၃၄ ခုနှစ်နှစ်နောက်ပိုင်းတွင်ကား ဖီလိုဆိုဖီနယ်မှ ထွက်သွား ပြီးနောက် ၁၇၅၃ တွင် အနိစ္စရောက်လေသည်။

ဂျွန်လော့(က်)သည် အတွေ့အကြုံအားဖြင့်သာ မှန်ကန်သောအသိ ပညာကို ရရှိနိုင်ကြောင်း စတင်ဟောကြားသော တကယ့်လက်တွေ့မျက်တွေ့ ဝါဒီကြီးတစ်ဦးဖြစ်သည်။ သို့သော် ကျွန်ုပ်လေ့လာခဲ့ပြီးသမျှ သိခွင့်ရရှိခဲ့ သည်မှာကား လူသားသည် ဗာဟိရသဘောတို့ကို သိလည်းမသိ၊ သိလည်း မသိနိုင်။ ကျွန်ုပ်တို့ သိနိုင်သည်မှာ ဝတ္ထုကိုယ်ထည်များပေါ် အမှီပြု၍ ရပ်တည်နေသော ထိုဝတ္ထု၏ဂုဏ်အင်္ဂါလက္ခဏာများကိုသာ သိရခြင်းဖြစ် သည်ဟု အတည့်အလင်း ဆိုခဲ့လေသည်။

ဤကား ပြဿနာပင်ဖြစ်၏။

အတွေးအခေါ်ပညာ၌ ရှေ့စကားတွင် 'အတွေ့အကြုံသည် အသိပညာ ရရှိကြောင်းတရား၏ အခြေခံဖြစ်ကြောင်း၊ အတွေ့အကြုံနှင့်သာ မှန်သော အသိပညာကို ရနိုင်ကြောင်း' ဆိုထားပြီးပါလျက် နောက်စကားတွင် 'အတွေ့ အကြုံအားဖြင့် ဝတ္ထုတို့၏အမှန်သဘောကို သိလည်းမသိရ၊ သိလည်း မသိနိုင်'ဟု ဆိုခြင်းမှာ ယုတ္တိမတန်၊ ဆင်ခြင်မှုမမှန်ခြင်းပင်ဖြစ်သည်။

http://www.linhtet.com



အကြောင်းမှုကား ရှေ့စကားနှင့် နောက်စကားသည် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသောကြောင့်ပင်ဖြစ်သည်။ ထိုသို့ စကားနှစ်ခုမှာ ဆန့်ကျင်နေပေရာ တစ်ခုကမှန်ပါလျှင် တစ်ခုက မှားရပေမည်။ မည်သို့ပင်ဆိုစေ ထိုစကားနှစ်ရပ်စလုံးမှာ ဂျွန်လော့(က်)၏ စကားများချည်းဖြစ်သောကြောင့် မည်သည့်စကားပင် မှားစေကာမူ သူ၏အတွေးအခေါ်များကြောင်းမှာ ထင်ရှားလေသည်။

ဘာကလေသည် ဂျွန်လော့(က်)၏ ဤအတွေးအခေါ် လွဲချော်မှုကို ကောင်းစွာသိမြင်ခဲ့လေသည်။ အဘယ်ကြောင့် ဂျွန်လော့(က်) ဤကဲ့သို့ အမှားအယွင်းနှင့် ရင်ဆိုင်ရပါသနည်းဆိုသောအချက်ကိုလည်း သိမြင်နိုင်ခဲ့သူဖြစ်လေသည်။

ပြဿနာကို ဖန်တီးသောအကြောင်းတရားမှာကား အခြားမဟုတ်။ ဂျွန်လော့(က်)သည် အတွေ့အကြုံအားဖြင့် မသိနိုင်သော ရုပ်ဝတ္ထုသည် အမှန်ရှိကြောင်း။ ထိုဝတ္ထုတို့တွင် ဂုဏ်အင်္ဂါ ၂ မျိုး ၂ စားရှိကြောင်း ဖော်ပြခဲ့ခြင်းပင်ဖြစ်၏။

ဘာကလေကမူ ဤသို့ဆင်ခြင်၏။

ဂျွန်လော့(က်) ဆိုသကဲ့သို့ ရုပ်ဝတ္ထု၏ ပင်ကိုသဘောအမှန်ကို သိလည်းမသိရ။ သိလည်း မသိနိုင်ပါဘဲလျက် ထိုဝတ္ထုရှိပါသည်ဟု ဘယ်နည်းနှင့်ဆိုနိုင်ပါမည်နည်း။ လောကတွင် မိမိမသိနိုင်သောအရာ မသိသေးသောအရာသည် ရှိပါသည်ဟု ဆိုနိုင်ပါသလော။ အမှန်မှာ လူသိသောအရာမှန်သမျှသည် ရှိနေသောကြောင့်ဖြစ်သကဲ့သို့ ရှိသမျှကို လူသည် သိကြသည်သာဖြစ်၏။ ရှိလည်းရှိလျက် မသိနိုင်ဆိုခြင်းမှာ လက်တွေ့မျက်တွေ့ဝါဒကို ယုံကြည်သူများအဖို့ အစိပ္ပာယ်ကင်းမဲ့လှသည်။

ဤနေရာတွင် ဘာကလေသည် လူ့စိတ်နှင့် လူ့အတွေ့အကြုံသည် တကယ့်မှန်ကန်သော ပညာကို ရရှိနိုင်ကြောင်း ကောင်းစွာယုံကြည်သူဖြစ်သည်ကို တွေ့ရသည်။

http://www.linhtet.com



## ရုပ်ကိုငြင်းပယ်ခြင်း

ဘာကလေသည် နာမ်ဝါဒီသက်သက်ဖြစ်သည်။ ဂျွန်လော့(က်)၏ အတွေးအခေါ်များတွင် ရုပ်ကို အရှိတရားအဖြစ် ယုံကြည်လက်ခံထားစေကာမူ ထိုရုပ်ကို အတွေ့အကြုံအားဖြင့် မသိနိုင်ဟု ဆိုထားသည်ကို တွေ့ခဲ့ကြရပြီ။

ဘာကလေသည် ဤအချက်အပေါ်တွင် အခြေစိုက်ကာ အောက်ပါဆင်ခြေများဖြင့် ရုပ်ကို ငြင်းပယ်လိုက်သည်။

(၁) လော့(က်)၏အလိုအားဖြင့် ကျွန်ုပ်တို့၏အသိပညာရရှိကြောင်းတရား၌ အာရုံ[၁] သတိကပ်မှု[၂] တို့သည် အခြေခံများဖြစ်ကြသည်။ ကျွန်ုပ်တို့ သိမြင်ကြသည်မှာလည်း ဆိုခဲ့ပြီးသောရုပ်ဝတ္ထုတို့၏ ကိုယ်စားလှယ်များဖြစ်သော အာရုံများ (အဖြူ၊ အနီ အချို အချဉ် အကြီး အငယ် အပူ အအေးစသည်)ကိုသာ သိမြင်ကြသည်ဆိုအံ့။ ကျွန်ုပ်တို့သည် ဤလောကရှိ ဝတ္ထုကိုယ်ထည်များကို အဘယ်သို့သိကြပါသနည်း။

(၂) ဂျွန်လော့(က်)၏ သဘောတရားအရသာဆိုလျှင် အကယ်၍ ရုပ်မှီသည်ဟုဆိုစေကာမူ ထိုရုပ်ကို အဘယ်နည်းနှင့် သိနိုင်ပါတော့အံ့နည်း။

(၃) ထို့ပြင် အကယ်၍ ရုပ်သည် သီးခြားလွတ်လပ်စွာ တည်နေနိုင်သော လောကထာဝရဝတ္ထုကြီးဖြစ်သည်ဆိုလျှင် ထာဝရဘုရားသခင်နှင့် စင်ပြိုင်သဖွယ် ဖြစ်နေရုံသာမက ဘုရားသခင်၏ လောကအလုံးကို ဖန်တီးပြုပြင်နိုင်သော တန်ခိုးတော်သည် အနန္တတန်ခိုးတော် မဖြစ်နိုင်တော့ချေ။ သို့ဆိုလျှင် လော့(က်)၏ ဝါဒသည် ဘုရားသခင်ကို ငြင်းပယ်သောဝါဒသာဖြစ်ချေမည်။ (ဤနေရာ၌ ဘာကလေမှာ ခရစ်ယာန်သာသနာရေးဆိုင်ရာ ဂိုဏ်းချုပ်တစ်ဦးဖြစ်သောအချက်ကို မှတ်သားရာသည်။)

---

၁။ Sensation – အာရုံ၊

၂။ Reflection – သတိကပ်မှု၊

http://www.linhtet.com



## စိတ်တွဇနာမ်ကို ငြင်းပယ်ခြင်း

စိတ်သည် အာရုံမပါဘဲ သက်သက်ဖြစ်သော စိတ္တဇနာမ်များကို ဖွဲ့စည်းနိုင်သည်ဟု ထင်မြင်ခြားကား အထင်မှား အမြင်မှားသာဖြစ်လေသည်။ ကျွန်ုပ်တို့သည် ပြင်ပလောကမှ ဝတ္ထုပစ္စည်းများ (ကျွဲနွား တိရစ္ဆာန်၊ သစ်ပင် ပန်းမာလ်၊ တောတောင်မြစ်ချောင်းစသည်)ကို သဘာဝပစ္စည်းများ (ဝါ) သီးသန့်တည်နေကြသော အရာများအဖြစ် ရုပ်မှတ်သိမှု၌ အထင်အရှား တွေ့မြင်နေကြရသည်။ သို့ဖြစ်ရကား အကြောင်းအားလျော်စွာ ရုပ်မှတ်သိမှု၌ အထင်အရှားဖြစ်ပေါ်ခဲ့သော တစ်စုံတစ်ခုသောပစ္စည်းကိုမူ စိတ်သည် ပြန်လည်၍ သတိရခြင်း၊ တွေးတောသိမြင်ခြင်းမျိုးကို ပြုနိုင်လေသည်။ စိတ်ကူး (ဝါ) တွေးတောမှုများတွင် အာရုံတိုက်ခိုက် မှီခိုအားထားခြင်း မပြုသော်လည်း အတိတ်ကအာရုံဖြင့် တွေ့ခဲ့ ကြုံခဲ့ဖူးသည်များကိုသာ စိတ်ကူးတွေးတောနိုင်ခြင်းဖြစ်၏။ မိမိမတွေ့ဖူး၊ မမြင်ဖူးသောအရာကို စိတ်ကူး၍ မရချေ။

ဤသို့ဆိုသောကြောင့် တစ်စုံတစ်ယောက်သောသူသည် 'မြင်းပျံကို သင်မြင်ဖူးသလား။ ရွှေတောင်ကြီးကို မြင်ဖူးသလား' ဆိုသည့် မေးခွန်းများကို မေးချင်ကြပေမည်။

အမှန်အားဖြင့် ကျွန်ုပ်တို့သည် မြင်းပျံကိုသော်လည်းကောင်း၊ ရွှေတောင်ကိုသော်လည်းကောင်း တကယ့်သဘာဝပစ္စည်းများအဖြစ် မတွေ့ဘူး မမြင်ဘူးကြပေ။ သို့ရာတွင် မြင်းပျံကိုလည်းကောင်း၊ ရွှေတောင်ကိုလည်းကောင်း တွေးတောစိတ်ကူးကြည့်၍ရသည်။

ဘာကလေ၏ အလိုအားဖြင့် မိမိတို့ မတွေ့ မမြင်ဖူးသောအရာကို စိတ်ကူး၍ မရဆိုပါလျှင် ဤအချက်တွင် အဘယ့်ကြောင့် မြင်းပျံကို စိတ်ကူးကြည့်၍ ရပါသနည်း။ အဘယ့်ကြောင့် ရွှေတောင်ကြီးကို စိတ်ကူး၍ ထင်မြင်အောင် တွေးတောနိုင်ပါသနည်း။

ဘာကလေ၏အဖြေသည် ရှင်းရှင်းနှင့် သိလွယ်သည်။ အမှန်မှာ မြင်းကိုလည်းကောင်း၊ အတောင်ကိုလည်းကောင်း ကျွန်ုပ်တို့မြင်ဖူး တွေ့ဖူးကြ၏။ ထိုမြင်ဖူးသောအရာများကို စိတ်သည် ရောစပ်၍ မြင်းပျံတည်းဟူ

http://www.linhtet.com



သော စိတ်ကူးရုပ်ကို ဖန်ဆင်းနိုင်ခြင်းသာဖြစ်၏။ လုံး၀မတွေ့ဖူးသည့်အရာကို စိတ်သက်သက်ဖြင့် မည်သို့မျှမသိနိုင်ချေ။

တစ်စုံတစ်ယောက်သောသူအား သင် တစ်ခါမျှမတွေ့ဘူး မမြင်ဘူး မကြားဘူးသော အရာဝတ္ထုတစ်ခုကို စိတ်ကူးကြည့်စမ်းပါဟု ပြောလျှင် ထိုသူ ဘာစိတ်ကူးကြည့်မည်နည်း။ သူမြင်ဖူး တွေ့ဖူးသည်များကို အမျိုးမျိုး ပေါင်းစပ်၍ အဆန်းတကြယ်ဖြစ်အောင် စိတ်ကူးသည်မှအပ အခြားမည်သည့် စိတ္တဇနာမ်သက်သက်ကိုမျှ စဉ်းစား၍ရမည်မဟုတ်။ ဤသို့စဉ်းစား၍ မရခြင်းမှာ အဘယ့်ကြောင့်နည်း။ စိတ်က စိတ္တဇနာမ်ကို မဖန်တီးနိုင်သောကြောင့်မဟုတ်။ စိတ္တဇနာမ်သက်သက်ဟူ၍ မရှိသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ဘာကလေက လူမသိသောအရာသည် မရှိသောကြောင့်ဖြစ်၏။ ရှိလျှင် သိရမည်၊ သိလျှင်လည်း ရှိရမည်။ သိမှုနှင့် ရှိမှုသည် အတူတူပင်ဖြစ်သည်ဟု တွေးခေါ်ခဲ့လေသည်။

## သိမှုနှင့်ရှိမှုသည်အတူတူ

To Be is To Be Perceived

ကျွန်ုပ်တို့ ဆင်ခြင်စဉ်းစားခဲ့ပြီးသမျှသော ဘာကလေ၏ အယူအဆများအရဆိုလျှင် အတွေး သို့မဟုတ် စိတ်ကူးရုပ်စသည်တို့သည် ကျွန်ုပ်တို့စိတ်၏ ပြင်ပ၌ မတည်နိုင်ကြောင်း သိရသည်။ အကြောင်းမူကား ကျွန်ုပ်တို့ သိနိုင်သမျှသည် ရှိနေကြပြီး မသိနိုင်သောအရာတို့ရှိသည်ဟု မည်သည့်နည်းနှင့်မျှ မဆိုနိုင်ချေ။ ပမာပုံဆိုသော ဤကမ္ဘာကြီးတစ်ခုလုံးသည် ရေ မြေ တော တောင်များဖြင့် ယခုကဲ့သို့တည်ရှိပါသည်ဟု ဆိုနိုင်ပါမည်နည်း။ ကမ္ဘာလောကကြီးကို သိနိုင်သောအကြောင်းတရားမရှိဘဲလျက် ဤကမ္ဘာကြီးသည် ရှိ၏။ မိမိတို့မသိသော်လည်း သူ့ဘာသာသူရှိနေသည်သာဖြစ်၏ဟု မျက်စိမှိတ်၍ ပြောဆိုခြင်းမျိုးသည် စိတ်ကူးယဉ်ခြင်းသာဖြစ်သည်။

အထက်တွင် ဂျွန်လော့(က်)၏ လူတို့မသိနိုင်သော ရုပ်ရှိသည်ဟု ဆိုခြင်းကို ဘာကလေ ငြင်းဆိုခဲ့သည်မှာ အကြောင်းရှိ၏။ ထိုအကြောင်းကား တခြားမဟုတ်၊ လူတို့သိလည်းမသိ၊ သိလည်းမသိနိုင်သော ရုပ်ရှိပါသည်ဟုဆိုခြင်းသည် စိတ်ကူးယဉ်ခြင်းဖြစ်သောကြောင့်ပင်ဖြစ်၏။

http://www.linhtet.com



ဘာကလေသည် နာမ်ဝါဒီကြီးတစ်ဦးဖြစ်သည့်အားလျော်စွာ ဂျွန်လော့(က်) လက်ခံခဲ့သော 'ရုပ်'ကို အထက်ပါအတိုင်း ငြင်းဆိုခဲ့သည်။ ရုပ်ဆိုသည်မှာ အမှန်ရှိသောအရာမဟုတ်။ စိတ်ကူးယဉ်ထားခြင်းမျှသာ ဖြစ်၏။ လော့(က်) ယူဆသကဲ့သို့ ရုပ်တွင် သာမညဂုဏ်အင်္ဂါ လက္ခဏာဟူ၍လည်းကောင်း ပဓာနဂုဏ်အင်္ဂါ လက္ခဏာဟူ၍လည်းကောင်း ခွဲခွဲခြားခြား မရှိချေ။ သာမညဂုဏ်အင်္ဂါတို့သည်လည်း၊ ပဓာနဂုဏ်အင်္ဂါတို့သည်လည်းကောင်း ပုဂ္ဂလဓိဋ္ဌာန် နာမ်သက်သက်မျှသာဖြစ်ကြလေသည်။

ဥပမာအားဖြင့် မြင့်မားသော မျှော်စင်ကြီးတစ်ခုကို အဝေးမှကြည့်လျှင် သေးငယ်ပြီး အနီးမှကြည့်လျှင် ကြီးကျယ်မြင့်မားကြောင်း တွေ့ရပေမည်။ ထို့ကြောင့် ဝတ္ထုပစ္စည်းတို့၏ ကြီးခြင်း၊ ငယ်ခြင်းသည် ဝတ္ထုကိုယ်ထည်၌ မတည်။ တွေ့ထိသိမြင်သူ၏ အနေအထားနှင့် ရှုမြင်ပုံပေါ်၌သာ လုံးလုံးလျားလျားတည်နေပေသည်။ ဤကား ဘာကလေ၏ ဝါဒဖြစ်၏။

ထို့ပြင် ပြပဝတ္ထုပစ္စည်းတို့၏ ရှိမှုနှင့်မရှိမှု၊ တည်နေမှုနှင့် မတည်နေမှုသည် သိသူပုဂ္ဂိုလ်၏ သိမှုနှင့်မသိမှုပေါ်တွင် တည်လေသည်။ သူ၏ဝါဒအရ သိနိုင်သူပုဂ္ဂိုလ်ကသိလျှင် ထိုအသိခံရသောပစ္စည်းရှိပြီး မသိလျှင် မရှိတော့ဟုဆိုသည်။ သိသူ၏အာရုံ (ရုပ်မှတ်သိမှု) သိအပေါ်တွင်တည်၍ ဝတ္ထုပစ္စည်းများ တည်ရှိနေကြခြင်းဖြစ်၏။ အရာဝတ္ထုတို့သည် သိနေသော ခဏ၌ ရှိနေကြပြီး မသိသောအခါ မရှိတော့ပေ။ ထို့ကြောင့် ရှိမှု (Existence)နှင့် သိမှု (Perception) သည် အတူတူပင်ဖြစ်ကြောင်း။ ရုပ်မှတ်သိမှုပေါ်တွင်တည်၍ အရာခပ်သိမ်းတို့ ဖြစ်ပျက်နေကြကြောင်း ဘာကလေ ဟောကြားခဲ့သည်။

သို့ဆိုသောကြောင့် ဆင်ခြေတတ်သောမေးခွန်းများကို မေးနိုင်ပေသည်။ ဘာကလေ အလိုအားဖြင့် သိမှ(မျက်မြင်ကိုယ်တွေ့) ရှိမည်ဆိုလျှင် ရုပ်ဝေး၌ ကျန်ရစ်ခဲ့သော သင့်မိခင်ရှိကြောင်း သင်အဘယ့်ကြောင့် ယုံကြည်နေပါသနည်း။ အိမ်မှအပြင်သို့ထွက်သွားသောအချိန်တွင် သင့်အိမ်မီးလောင်မည်ကို အဘယ့်ကြောင့်စိုးရိမ်ပါသနည်း။

ဘာကလေကား ခရစ်ယာန်ဘုန်းတော်ကြီးပီပီ ဤမေးခွန်းများကို အောက်ပါအတိုင်း ဖြေလေသည်။

http://www.linhtet.com



မျက်မြင်ကိုယ်တွေ့သိမှသာ မည်သည့်အရာမဆို ရှိသည်မှာ အမှန်ပင်ဖြစ်သည်။ သင် ရပ်ဝေးရောက်နေသောအချိန်၌ သင်၏မိခင်ကို သင်ကိုယ်တိုင် မတွေ့မမြင် မသိရသော်လည်း သင့်မိခင်အား ထာဝရဘုရားသခင်က တွေ့မြင်သိရှိနေ၏။ ထို့ကြောင့် သင်၏မိခင်ရှိနေခြင်းဖြစ်။

ဘာကလေ၏ဝါဒမှာ လူပုဂ္ဂိုလ်အားဖြင့် ကိုယ်တွေ့မျက်မြင်မသိသော်လည်း ရှိနေသောအရာများရှိ၏။ ထိုသို့ရှိနေခြင်းမှာ ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့ကို မြင်တွေ့သိရှိထားသောတန်ခိုးကြောင့်ဖြစ်သည်ဟု ဆိုလေသည်။

ဤအချက်သည် ဘာကလေ ဖီလိုဆိုဖီ၏ ညံ့ကွက်ဖြစ်လေသည်။ သူ၏ဝိတက္ကဆင်ခြေ၌ ဘုရားသခင်ကို သွတ်သွင်းလာခြင်းသည် သူ၏အတွေးအခေါ်များကို ပျက်စီးသွားစေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ဝါဒအရ လက်တွေ့မျက်တွေ့သိမှသာ မည်သည့်အရာမဆို ရှိနိုင်သည်ဆိုရကား၊ ဘုရားသခင်ကို မျက်မြင်ကိုယ်တွေ့မသိဘဲ သူက ဘုရားသခင်ရှိပါသည်ဟုဆိုခြင်းမှာ ယုတ္တိမတန်လွန်းလှပေ။

အမှန်အားဖြင့် လော့(က်)၏ 'ရုပ်ဝတ္ထု'ကို အရှိတရားမဟုတ်ကြောင်း ဘာကလေက ငြင်းဆိုနိုင်စေကာမူ ထိုရုပ်ဝတ္ထုနေရာတွင် ဘာကလေသည် ဘုရားသခင်ကို အစားထိုးလိုက်ခြင်းဖြစ်လေသည်။

ဘာကလေသည် ရုပ်ကို အရှိတရားအဖြစ် လက်မခံသော်လည်း စိတ်ကိုမူ အရှိတရားအဖြစ် လက်ခံခဲ့သူဖြစ်လေသည်။ သူကား နာမ်ဝါဒီဖြစ်သောကြောင့် လောကဝတ္ထုမှန်သမျှကို နာမ်သက်သက်သို့ ဆွဲချတွေးခေါ်ခဲ့ခြင်းဖြစ်လေသတည်း။

http://www.linhtet.com

# အခန်း (၁၂)
# ဒေးဗစ်ဟျူမ်း
## (၁၇၁၁–၁၇၇၆)

ဒေးဗစ်ဟျူမ်း*ကို ၁၇၁၁ ခုနှစ်တွင် စကော့တလန်ပြည် အီဒင်ဘာရာမြို့၌ ဖွားမြင်သည်။ ငယ်စဉ်က အီဒင်ဘာရာတက္ကသိုလ်တွင် ပညာဆည်းပူးသည်။ ဥပဒေပညာကို လေ့လာလိုက်စားခဲ့ပြီးနောက် ပိဋကတ်တိုက်လုပ်ငန်းတွင် ထင်ပေါ်လိုသောဆန္ဒရှိခဲ့သည်။

အီဒင်ဘာရာတက္ကသိုလ်၌ ပါမောက္ခရာထူးကို ရရှိအောင် ကြံစည်ကြိုးစားခဲ့သော်လည်း ထင်ကြေးမပေါက်ခဲ့ချေ။ ထိုသို့ ကြိုးစားတိုင်းမဖြစ်သောအခါ အီဒင်ဘာရာတက္ကသိုလ်၏ ဥပဒေမဟာဌာနတွင် ပိဋကတ်တိုက်မှူးအဖြစ် (၁၇၅၂–၁၇၅၇) အထိ ဆောင်ရွက်ရသည်။ ထိုနောက် (၁၇၆၃–၁၇၆၆) အထိ ဂျင်နရယ် စိန့်ကလီယာထံတွင် အတွင်းဝန်အဖြစ် အမှုထမ်းလေသည်။ (၁၇၆၇–၁၇၆၉) တွင် ဒုတိယနန်းရင်းဝန်ရာထူးကို ရရှိခဲ့၏။

ဂျူမ်း၏အထင်ရှားဆုံးသော စာအုပ်မှာ 'လူ့သဘာဝစာတမ်း'[၁] ဖြစ်၏။ ထိုစာအုပ်ကို သူ၏အသက် ၃၀ ပတ်ဝန်းကျင်အချိန်လောက်က ပြင်သစ်ပြည်တွင် ရေးသားခဲ့လေသည်။ သို့သော် ထိုစဉ်က ဤစာအုပ်မှာ လူများ၏အရေးယူဂရုစိုက်ခြင်းကို မခံခဲ့ရချေ။ ထို့ကြောင့် ဤစာအုပ်ကြီးကို နောင်တွင် ပြုပြင်၍ 'လူ့သိမှုဆိုင်ရာစစ်တမ်း'[၂] အမည်ဖြင့် ရေးသားခဲ့သေးသည်။

---

* David Hume (1711-1776)

၁။ A Treatise on Human Nature.

၂။ Inquiry Concerning Human Understanding.

http://www.linhtet.com



ထို့နောက် ဒုတိယအကြိမ်မြောက် ပြင်သစ်ပြည်သို့ သံတမန်အဖြစ် သွားရောက်နေထိုင်စဉ်အတွင်း ဟျူမ်းသည် ပြင်သစ်တွေးခေါ်ရှင်ကြီးများဖြစ်ကြသော ရူးဆိုး၊ ဒီဒါးရွတ်၊ ဟော(လ်)ဘတ်(ချ)၊ တာဂေါ့နှင့်ဒီ–အလမ်ဘတ် ဆိုသူများနှင့် တွေ့ဆုံရင်းနှီး ဆွေးနွေးခွင့်ရလေသည်။

အမှန်အားဖြင့် သူသည် ဖီလိုဆိုဖီပညာကို နိုင်ငံရေးရာကိစ္စများ လုပ်ကိုင်ဆောင်ရွက်ရင်း လေ့လာလိုက်စားပြီး စာအုပ်စာတမ်းများ ရေးသားခဲ့ခြင်းဖြစ်လေသည်။ ဂျူမ်းကား၊ ကမ္ဘာ့တွေးခေါ်မှုသမိုင်း၌ လက်တွေ့မျက်တွေ့ (ဝါ) အတွေ့အကြုံဝါဒ အစဉ်အလာတိုးတက်မှု လမ်းကြောင်းတွင် လော့က်နှင့် ဘာကလေတို့၏ အတွေးအခေါ် ပျော့ညံ့ကွက်များ၊ ယုတ္တိမတန်မှုများ အားလုံးအတွက် သိမ်းကြုံးဖြေရှင်းကာ တက္ကဗေဒနည်းကျသော နိဂုံးချုပ်အဖြေကို ပေးနိုင်ခဲ့သူ ဖြစ်၏။ စင်စစ် သူ၏ကြိုးပမ်းမှုများကြောင့် ဖီလိုဆိုဖီတွင်သာမက သိပ္ပံပညာတွင်လည်း အလွန်ထိရောက်သော အမြင်မှန်များကို ရှာဖွေပေးခဲ့နိုင်လေသည်။ ယခုခေတ်တွင် အနောက်နိုင်ငံ၌ ခေတ်စားလျက်ရှိသော 'သိပ္ပံဆိုင်ရာ သဘာဝတ္တဗေဒ'[၁]၏ တိုးတက်ထွန်းကားမှုတွင် ဟျူမ်းသည် ထိပ်ဆုံးက ပါဝင်ခဲ့သူဖြစ်သည်။ ၁၇၇၆ ခုနှစ်တွင် ဟျူမ်း ကွယ်လွန်သည်။

## ဟျူမ်း၏ပြဿနာ

ရှေးက လော့(က်)နှင့် ဘာကလေတို့၏ အစဉ်အလာအတိုင်း ဟျူမ်းသည်လည်း 'အတွေ့အကြုံသည် အသိပညာ၏အခြေခံ ဖြစ်ရုံသာမက၊ အတွေ့အကြုံအားဖြင့် ရအပ်သောအသိပညာသာလျှင် စစ်မှန်သောအသိပညာဖြစ်ကြောင်း' လက်ခံသော လက်တွေ့မျက်တွေ့ဝါဒီတစ်ဦး ဖြစ်လေသည်။

လော့(က်)၏အတွေးအခေါ်များတွင် ကျွန်ုပ်တို့၏အာရုံများမှတစ်ဆင့် ဖြစ်သော အသိပညာကို တိကျမှန်ကန်သော အသိပညာအဖြစ် လက်ခံခဲ့

၁။ Philosophy of Science.

http://www.linhtet.com



ကြောင်း တွေ့ခဲ့ရပြီ။ ဘာကလေကမူ အတွေ့အကြုံနှင့် အာရုံမှရသော အသိပညာကို လက်ခံသော်လည်း သူ၏အတွေးအခေါ်များတွင် 'ရုပ်'ကို ငြင်းဆိုခဲ့လေသည်။

ဒေးဗစ်ဟျူမ်းသည် အတွေ့အကြုံသမားပီပီအသိပညာဖြစ်ပေါ်မှု၏ အစသည် အတွေ့အကြုံဖြစ်သည်ဆိုသော သဘောတရားနှင့် ဘာကလေ၏ 'ရှိမှုနှင့် သိမှုသည် အတူတူ' (Esse is Percipu) ဖြစ်သည်ဆိုသော သဘောတရားကိုပါ လက်ခံခဲ့လေသည်။ သို့ရာတွင် သူ့အတွေးအခေါ်များ၌ ဘာကလေကဲ့သို့ ရုပ်ကိုသာ အရှိတရားအဖြစ်မှ ငြင်းပယ်သည်မဟုတ်။ စိတ်ကိုပါ အရှိတရားအဖြစ်မှ ငြင်းပယ်ခဲ့လေသည်။ ဒေးဗစ်ဟျူမ်း၏ အလို အားဖြင့် ရုပ်သည်လည်းကောင်း၊ စိတ်သည်လည်းကောင်း အတ္တမဖြစ်နိုင်။ ရုပ်၊ စိတ် နှစ်ဌာနစလုံးမှာ အနတ္တသာချည်းသာဖြစ်သည်ဟု ဆိုခဲ့လေသည်။

အတွေ့အကြုံဝါဒီများ၏ အယူအဆအားဖြင့် ကျွန်ုပ်တို့၏ အာရုံ၌ ထင်လာသမျှသည် ရုပ်မဟုတ်မူ၍ ဂုဏ်အင်္ဂါလက္ခဏာများဟု ဆိုအပ်သော ကျွန်ုပ်တို့၏ တွေ့ထိခံစားမှု(ဝေဒနာ)များသာဖြစ်ပြီး ကျွန်ုပ်တို့ သိနေရသည် မှာလည်း ထို (ဝေဒနာ)များသာဖြစ်သည်ဆိုလျှင် ကျွန်ုပ်တို့အနေနှင့် ရုပ် သည်လည်းကောင်း၊ စိတ်သည်လည်းကောင်း 'အရှိတရား'များဖြစ်ကြောင်း ပြောပိုင်ခွင့်မရှိတော့ပေ။

ကျွန်ုပ်တို့ သိခွင့်သိထိုက်ရှိသည်မှာ ကျွန်ုပ်တို့၏ တွေ့ထိခံစားမှု (ဝေဒနာ)မှအပ၊ စိတ်လည်းမဟုတ်၊ ရုပ်လည်းမဟုတ်ပေရကား၊ အကျိုး တရားနှင့် အကြောင်းတရားဟူသောသဘောကိုလည်း အတွေ့အကြုံအားဖြင့် မသိနိုင်ချေ။

အမှန်အားဖြင့် အကြောင်းတရားနှင့် အကျိုးတရားဟူသည်မှာလည်း အခါခပ်သိမ်း စဉ်ဆက်ဖြစ်နေသော ကျွန်ုပ်တို့၏ တွေ့ထိခံစားမှု (ဝေဒနာ) များသာဖြစ်ကြသည်။ ထို့ကြောင့် မီတာဖီးစစ်ဟု ခေါ်သော ရုပ်လွန်တွေးခေါ် မှုပညာ၌လည်းကောင်း၊ သိပ္ပံပညာ၌လည်းကောင်း၊ တစ်လောကလုံးနှင့် စပ်ဆိုင်သော ဇကထာဝရအလုံးစုံ ပြီးပြည့်ဝသည့် အသိပညာမျိုးကို ဘယ် သောအခါမျှ မရနိုင်ချေ။ ကျွန်ုပ်တို့ သိသမျှမှာ ကျွန်ုပ်တို့တွေ့ထိခံစားရသမျှ သာ ဖြစ်ရပေကား ထိုအတွေ့အကြုံမှ ရလာသော အသိပညာမှန်သမျှမှာ

http://www.linhtet.com



လည်း အဘယ်နည်းနှင့်မျှ ပြီးပြည့်စုံမှုမရှိနိုင်ချေ။ အချိန်မရွေး ဖောက်လွဲဖောက်ပြန်ဖြစ်နိုင်သော တဒင်္ဂမှန်ကန်သော အသိပညာမျိုးသာ ဖြစ်သည်။

လူ့လောကနှင့်စပ်ဆိုင်သော အသိပညာမှန်သမျှမှာ ဘယ်တော့မှ မမှားတော့ပြီဆိုသည့် အသိပညာမျိုးမဟုတ်။ အခါခပ်သိမ်း ပြောင်းလဲနိုင်၊ မှားယွင်းနိုင်သော အသိပညာမျိုးသာဖြစ်သည်။ ထို့ကြောင့် လူသားတို့၏ အသိပညာသည် အလုံးစုံ ပြီးပြည့်ဝသော အသိပညာမျိုး ဘယ်သောအခါမျှ မဖြစ်နိုင်ချေဟူ၍ ဟျူမ်းက လူ့သဘာဝနှင့် လူသား၏ သိမှုဆိုင်ရာ သဘောကို စူးစမ်းခဲ့လေသည်။

## သိမှုပညာ၏အစ *

ဟျူမ်း၏ အဓိကပြဿနာမှာ ကျွန်ုပ်တို့ 'သိမှု' စတင်ဖြစ်ပေါ်ပုံနှင့် သိမှု၏သဘာဝဆိုင်ရာ သဘောတရားများဖြစ်သည်။

သိမှု၏အစသည် အဘယ်နည်း။

ကျွန်ုပ်တို့သိသမျှသည် မည်ရွေ့မည်မျှ မှန်ကန်တိကျ ခိုင်မာမှုရှိပါသနည်း။

ကျွန်ုပ်တို့သည် ကမ္ဘာလောကကြီးအကြောင်းကို သိအောင် စူးစမ်းရာ၌ မည်မျှလောက်အထိ သိနိုင်ပါသနည်း။ ဤမေးခွန်းများအားလုံးအနက် အသိပညာစတင်ရာ အကြောင်းတရားနှင့်စပ်ဆိုင်သော မေးခွန်းသည် အဓိကမေးခွန်းဖြစ်ပေသည်။ ဟျူမ်းသည် လူ၏သိမှုနှင့် တွေးတောကြံဆမှု၏ ရုပ်လက္ခဏာများမှာ လူသား၏ ဇာဟီရဝေဒနာများနှင့် အဇ္ဈတ္တဝေဒနာ[၁] များ နှစ်ခုစလုံးပါဝင်ကြောင်း လက်ခံခဲ့လေသည်။

(ဤနေရာ၌ ဝေဒနာဆိုသည်မှာ ကျွန်ုပ်တို့၏ ရုပ်မှတ်သိမြင်မှု၌ ဖြစ်ပေါ်လာသော တွေ့ထိခံစားမှုအားလုံးကို ဆိုလိုပေသည်) စက္ခု၊ သောတ၊ ဃာန၊ ဇိဝ များမှ ဖြစ်ပေါ်လာသော တွေ့ထိခံစားမှုအာရုံ အားလုံးအပြင် အမုန်း၊ အချစ်၊ လိုဘ၊ ဆန္ဒအားလုံးသည် ဝေဒနာများချည်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ကျွန်ုပ်တို့၏အာရုံများ၊ ရမ္မက်များ၊ စိတ်လှုပ်ရှား

---

* The Origin of Knowledge.

၁။ Impression – ဝေဒနာ (တွေ့ထိခံစားမှု)

http://www.linhtet.com



မှုများ အားလုံးသည် ဝေဒနာများဖြစ်ကြပြီး ထိုဝေဒနာအားလုံးသည် ဝိဉာဏ်၌ အမြစ်တွယ်ကြသည်ဟု ဟရှမ်း ယူဆခဲ့သည်။ ထိုကြောင့် ကျွန်ုပ်တို့၏ အသိ (နာမ်)များသည် ဆိုခဲ့ပြီးသောဝေဒနာများ၏ ပုံတူများသာဖြစ်သည်။

ကျွန်ုပ်တို့၏ ပြင်ပအာရုံများ လိုဘ၊ ဆန္ဒ စသည်ဝေဒနာများသည် ကျွန်ုပ်တို့မသိသော အကြောင်းတရားအားဖြင့် ဝိညာဉ်တွင် ပေါ်ပေါက်လာပြီ။ အဇ္ဈတ္တဝေဒနာများကို ကျွန်ုပ်တို့ တွေးတောမှုများက ဖန်တီးသည်ဟု ဆိုသည်။

ဥပမာအားဖြင့် ပြင်ပဝေဒနာများဖြစ်သော အပူအအေး ဝမ်းနည်းဝမ်းသာမှုများကို ထိတွေ့ခံစားရသောအခါ ကျွန်ုပ်တို့ဝိညာဉ်၌ ဥပါဒါန်များအဖြစ် စွဲထင်ကျန်ရစ်ခဲ့တတ်ကြသည်။ ထိုမှတစ်ဆင့် ဝမ်းနည်းဝမ်းသာမှုမှသည် မလိုလားမှုနှင့် လိုလားမှု၊ ကြောက်လန့်မှုနှင့် မျှော်လင့်မှုတို့ကို ထပ်ဆင့်ပွားတိုးစေသည်။

ပိုမိုလွယ်ကူစွာ နားလည်နိုင်လောက်သောနည်းဖြင့် ဆိုရပါမူ ဟရှမ်းဖီလိုဆိုဖီ၌ ရုပ်သော်လည်း အရှိတရားမဟုတ်၊ စိတ်သော်လည်း အရှိတရားမဟုတ်၊ သင်္ခါရသဘောတရားအရ ပြောင်းလဲစဉ်၌ ဖြစ်ပေါ်လာကြသောထိတွေ့ခံစားမှုဝေဒနာချည်းသာ ဖြစ်ကြသည်ဟူ၏။

အလွယ်ဆုံးဥပမာတစ်ခုကို ဆင်ခြင်ကြပါစို့။ ကျွန်ုပ်တို့၏ အတွေ့အကြုံ၌ အရာဝတ္ထုတစ်စုံတစ်ရာကို ထိတွေ့ခံစားခြင်းဖြင့် သိသည်ဆိုရာ၌ အထက်တွင် ဖော်ပြပြီးသကဲ့သို့ ထိုအရာဝတ္ထု၏ မူလဘူတသဘောကို သိသည်မဟုတ်။ အပေါ်ပြင်မှ ဂုဏ်အင်္ဂါလက္ခဏာများဖြစ်သော အတိုင်းအဆပမာဏ၊ အရောင်အဆင်း၊ အလေးချိန်၊ အနံ့အရသာ စသည်တို့ကိုသာ သိ၏။ စင်စစ် ထိုပမာဏ၊ အရောင်အဆင်း၊ အလေးချိန်၊ အနံ့အရသာ စသည်တို့မှာ အဘယ်နည်း။ ကျွန်ုပ်တို့အာရုံ၌ ပေါ်လာသော ထိတွေ့ခံစားမှုဝေဒနာများပင် မဟုတ်လော။ အမှန်အားဖြင့် ကျွန်ုပ်တို့၏အာရုံတွင် ဖြစ်ပေါ်လာသော ထိတွေ့ခံစားမှုဝေဒနာများချည်း ဖြစ်ကြသည်။

သို့ဆိုလျှင် ကျွန်ုပ်တို့သိသည်မှာ ဝတ္ထုပစ္စည်းလား၊ မိမိတို့၏ ထိတွေ့ခံစားမှု ဝေဒနာများလား၊ မိမိတို့၏ ဝေဒနာများသာဖြစ်သည်။

http://www.linhtet.com



သို့ပါလျက် မိမိဝေဒနာများကိုသာ သိသောသူသည် ဝတ္ထုပစ္စည်းများကို သိသည်ဟု ထင်မှတ်နေကြသည်မှာ အမြင်မှား အထင်မှားလျက်ရှိခြင်းသာဖြစ်သည်။ နက်နဲစွာဆင်ခြင်ကြည့်ပါမူ ဝတ္ထုအာရုံတို့သည်လည်း ကျွန်ုပ်တို့၏ ထိတွေ့ခံစားမှု ဝေဒနာများသာဖြစ်သည်။

ထို့ကြောင့် စားပွဲဟု ရှိသလော၊ မရှိချေ။ အတ္တဟူ၍ မရှိချေ။ ဝေဒနာသာ အမှန်ဖြစ်သည်ဟူ၍ ဒေးဗစ်ဟျူမ်း ဟောကြားခဲ့လေသည်။ သို့ရာတွင် ကျွန်ုပ်တို့ကိုယ်တွင် ဖြစ်ပေါ်နေသော ထိတွေ့ခံစားမှု ဝေဒနာများသည် ကာလအစဉ်၊ ဒေသအစဉ်အားဖြင့် အစီလိုက် အစဉ်လိုက်ဖြစ်ပေါ်နေရုံသာမက အကြောင်းနှင့် အကျိုးအားလျော်စွာလည်း ဖြစ်ပျက်နေကြသည်။

## အကြောင်းတရားနှင့် အကျိုးတရား

ဟျူမ်း၏ သဘောတရားအရ ကျွန်ုပ်တို့၏ **တွေးတော**ဆင်ခြင်စဉ်းစားမှုမှန်သမျှမှာ အကြောင်းနှင့် အကျိုး ဆက်စပ်မှုရှိသည်။ တစ်နည်းအားဖြင့် ဆိုလျှင် တွေးဆကြံစည်စရာ အချက်အလက်များမှာ တစ်ခုနှင့်တစ်ခု အဆက်အစပ်ရှိသည်။

လူတစ်ဦးတစ်ယောက်သည် လူမရှိသော ကျွန်းလွတ်တစ်ခုပေါ်တွင် နာရီတစ်လုံးကိုကောက်ရသည်ဆိုအံ့။ ထိုသူ၏ အတွေး၌ အကြောင်းအကျိုးဆက်စပ်ကာ တစ်ကြိမ်တစ်ခါက ဤနေရာသို့ လူတစ်စုံတစ်ဦး ရောက်ခဲ့ဖူးရမည်ဟု ကောက်ချက်ချပေမည်။

အကြောင်းနှင့်အကျိုးတရား၏ ဆက်စပ်မှုဆိုင်ရာ သဘောတရားများမှာ စင်စစ် ဖီလိုဆိုဖီတွင်သာမက သိပ္ပံပညာတွင်လည်း အရေးပါအရာရောက်ပေရာ ဤလောကသဘောတရားကို ဟျူမ်း၏ အတွေးအခေါ်များတွင် အတန်ပင် စူးစမ်းထားသည်ကို တွေ့ရသည်။ ဦးစွာမှတ်သင့်သော အချက်မှာ ရုပ်လောက (ဝါ) အတွေ့အကြုံလောကနှင့် မစပ်မဆိုင်သော အတွေးအခေါ်သက်သက်ဖြစ်သော လောက၌ အကြောင်းတရားနှင့် အကျိုးတရားဆိုသည့် သဘောတရားမရှိချေ။

ဥပမာ သင်္ချာကဲ့သို့ အတွေ့အကြုံနှင့် မစပ်ဆိုင်သည့် သဘောတရားများ၌ ၂ နှင့် ၂ ပေါင်းလျှင် ၄ (၂+၂=၄) ဖြစ် သည်ဆိုသောသဘောကို

http://www.linhtet.com



အဘယ်ကြောင့် ၂ + ၂ သည် ၄ ဖြစ်ရသနည်းဟုမေးလျှင် အဓိပ္ပာယ် မရှိချေ။ ၂+၂=၄ ဆိုသည်မှာ အကြောင်းနှင့်အကျိုး ဆက်စပ်၍ရသော အဖြေမျိုးမဟုတ်။ အတွေးအခေါ်သက်သက်ဖြင့် ဖန်တီး၍ စိတ်က လက်ခံ ထားသော သဘောတရားဖြစ်သည်။

ထို့ပြင် စိတ်သည် တစ်စုံတစ်ရာကို တွေးတောကြံဆထားပြီး ထိုအရာ မှဖြစ်နိုင်သော အကျိုးတရားကို အတွေးသက်သက်ဖြင့် ပြဆိုခြင်းငှာ မတတ် နိုင်ချေ။ အကြောင်းနှင့်အကျိုးတရားသည် တစ်ခုနှင့်တစ်ခု လုံးဝသဘောချင်း မတူရကား ကျွန်ုပ်တို့သည် ဤအကြောင်းက ဤအကျိုးကို ပုံသေရရှိရ မည်။ (ဝါ) အကျိုးတစ်မျိုးတည်းကိုသာ အမြဲရရှိရမည်ဟူ၍လည်း လက်တွေ့ စမ်းသပ်၍မရ။

မည်သူသည် ထမင်းမှာ အမြဲအာဟာရဖြစ်သည်ဟူ၍လည်းကောင်း၊ မီး အမြဲပူရမည်ဟူ၍လည်းကောင်း တတ်အပ်သေချာ ဆိုနိုင်ပါမည်နည်း။

ထမင်းနှင့် အာဟာရဖြစ်ခြင်းသည် မဖောက်လွဲနိုင်သော အဆက် အစပ်[၁] ရှိသည်ဟု မည်သူမျှမဆိုနိုင်။ ထမင်းစားတိုင်း အာဟာရမဖြစ်နိုင် သောအခါများစွာရှိကြောင်း လူတိုင်းအသိဖြစ်သည်။

ကျွန်ုပ်တို့၏ အကြောင်းနှင့်အကျိုးဆိုင်ရာ သဘောတရား အသိပညာ တို့မှာ ကျွန်ုပ်တို့၏အတွေ့အကြုံနှင့် စူးစမ်းလေ့လာမှုပေါ်တွင် တည်၍ရလာ သော သဘောတရားဖြစ်သည်။

အရာဝတ္ထု၏ တစ်ခုနှင့်တစ်ခု ဆက်တိုက်ဖြစ်ပေါ်မှုကို လေ့လာရာ၌ အလားတူအဖြစ်အပျက်တို့သည် အမြဲဆိုသလို ကျွန်ုပ်တို့၏အတွေ့အကြုံ၌ ဒွန်တွဲဆက်စပ်ဖြစ်ပေါ်မှုများကို တွေ့ရသည်။ ဥပမာ မီးနှင့် အပူဓာတ်၊ ရေခဲနှင့် အအေးဓာတ်တို့ ဒွန်တွဲနေကြသည်ကို ကျွန်ုပ်တို့ အမြဲတွေ့နေရ သည့်အဖြစ်မျိုးဖြစ်သည်။

သို့လျှင် ကျွန်ုပ်တို့ အတွေ့အကြုံ၌ ဒွန်တွဲ၍ ဆက်တိုက်ဖြစ်ပေါ်မှုများ ကို ကြိမ်ဖန်များစွာ တွေ့ကြုံလာရသောအခါ၌ စိတ်က ထိုသို့အမြဲဒွန်တွဲ

---

၁။ Necessary Relation – မဖောက်လွဲနိုင်သော အဆက်အစပ်၊

http://www.linhtet.com



ဖြစ်ပျက်မှုများကို အကြောင်းနှင့်အကျိုးဟု စွဲမှတ်လာခဲ့ကြလေသည်။ ထို အစွဲအလမ်းကြောင့်လည်း နောင်တွင်လည်း အလားတူပင်ဖြစ်ရလေဦးမည်ဟု ဟောကိန်းထုတ်ကြသည်။ စင်စစ်မှာကား အကြောင်းတရားနှင့် အကျိုးကဲ့သို့ အဖြစ်အပျက်များမှာ တစ်ခုကြောင့် တစ်ခုဖြစ်ရသည်မဟုတ်။ ဒွန်တွဲ၍ အမြဲတည်ရှိနေခြင်းမျိုးသာဖြစ်လေသည်။ ထိုဒွန်တွဲဖြစ်နေမှုကိုပင် အစွဲပြု၍ ထိုအဖြစ်အပျက်များသည် တစ်ခုနှင့်တစ်ခု မဖောက်မလွဲ အမြဲဆက်စပ်နေကြသည်ဆိုသော ယုံကြည်ချက် ပေါ်ပေါက်လာတတ်သည်။

ဟျူမ်း၏ သဘောတရားအရ အကြောင်းနှင့်အကျိုးဆိုသည်မှာ မဖောက်မလွဲ အမြဲတည်သော ဆက်စပ်မှုမျိုးမဟုတ်။ ဖြစ်ချင်သည့်အခါ ဖြစ်၍ မဖြစ်ချင်သည့်အခါ မဖြစ်သော ဆက်စပ်ဖြစ်ပေါ်မှုမျိုးသာဖြစ်သည်။

အကြောင်းတရားကို ဝိဂြိုဟ်ပြုလိုလျှင် 'အကြောင်းတရားဆိုသည်မှာ တစ်စုံတစ်ခုသောဝတ္ထုဖြစ်စေ၊ အချက်အလက်ဖြစ်စေ၊ သူ၏နောက်၌ဆက်၍ ဖြစ်တတ်သောအရာဟူ၍လည်းကောင်း၊ အကြောင်းတရားသည် အခြားတစ်ပါးသောအရာကို ဆက်၍စိတ်ကူးတွင်းသို့ သွတ်သွင်းတတ်သောအရာဖြစ်သည်'ဟု အကြမ်းအားဖြင့် ဆိုနိုင်ပေသည်။

ဤသို့ဆိုခြင်းအားဖြင့် တချို့သော 'ရုပ်လွန်တွေး[၁] ကို နှစ်ခြိုက်သော တွေးခေါ်ရှင်အဖို့ လက်ခံကြမည်မဟုတ်ချေ။ ထိုပုဂ္ဂိုလ်များအလိုအားဖြင့် အကြောင်းတရားသည် အကျိုးတရား (အခြားသောအရာတစ်ခု)ကိုဖြစ်စေနိုင်သော သဘောရှိသည်ဟု မှတ်ယူကြသည့်အတွက်ကြောင့်ဖြစ်၏။ အကြောင်းတရားနှင့် အကျိုးတရားကြားမှ ဆက်သွယ်မှုမှာ မဖောက်မလွဲသာသော တုပ်ပြီးနှောင်ပြီး ဆက်သွယ်မှုမျိုးဖြစ်သည်ဟု ထိုသူတို့ ယုံကြည်ကြသောကြောင့်တည်း။

သို့ရာတွင် အဆိုပါ တုပ်ပြီးနှောင်ပြီးသဘောဖြင့် မဖောက်မလွဲသာသော အဆက်အစပ်သဘော ရှိမရှိ စူးစမ်းကြည့်ပါမူ မရှိကြောင်းတွေ့ရပေမည်။

ကျွန်ုပ်တို့၏ အတွေ့အကြုံ၌ ဥပမာအားဖြင့် ကျီးတိုင်းမည်းသည်ဟု

---

၁။ Meta Physics.

http://www.linhtet.com



အတိတ်က ထပ်တလဲလဲ တွေ့ကြုံခဲ့၏။ မီးတိုင်း ပူသည်ဟု ထပ်တလဲလဲ တွေ့ကြုံခဲ့၏။ ထိုအခါ စိတ်က ကျီးဆိုလျှင် မည်းရတော့မည်ဟု စွဲမြဲလာလေတော့သည်။ အတိတ်က အတွေ့အကြုံတိုင်းတွင် ကျီးတိုင်း မည်းစေကာ၊ မီးတိုင်း ပူခဲ့စေကာ၊ နောင်အနာဂတ်တွင်လည်း ကျီးတိုင်းမည်းရမည်။ မီးတိုင်း ပူရမည်ဟု အတိအကျဆိုရန်မှာ ခိုင်လုံသောသက်သေရှိရပေမည်။ အတိတ်က အတွေ့အကြုံမှာ ဤသို့ရှိခဲ့သောကြောင့် အနာဂတ်တွင်လည်း ထိုသို့ပင် မဖောက်မလွဲ ရှိရမည် သို့ မည်သူသည် တတ်အပ်သေချာဆိုနိုင်ပါမည်နည်း။ ဩစတြေလျတိုက်ကို မတွေ့မီက ကျီးတိုင်းမည်းသည်ဆိုသောစကား မှန်ခဲ့စေကာမူ ဩစတြေလျတိုက်ကို တွေ့ပြီးသောအခါ ကျီးဖြူများကို တွေ့ရသည့်အတွက် အထက်ကစကား မှားခဲ့သည်။ ထို့ကြောင့် မီးတည်းဟူသော အကြောင်းတရားနှင့် အပူဓာတ်တည်းဟူသော အကျိုးတရားသည်လည်း ထိုနည်းအတူပင်။ တစ်ခုနှင့်တစ်ခု အမြဲဒွန်တွဲနေကြသောအရာနှစ်ခုသာ ဖြစ်၏။ နောက်တစ်ကြိမ်တွင် မီးသည် အအေးဓာတ်ရှိသည့် အရာမျိုးမဖြစ်တော့ဘူးဟူ၍ကား မဆိုနိုင်ချေ။

ဖြစ်နိုင်သည်ကို သိပ္ပံနည်းကျတွေးတတ်သူတိုင်း ယုံမှားဖွယ်မရှိချေ။

ထို့ကြောင့် ဟျူမ်း၏သဘောတရားအရ လူသား၏ရုပ်လောကနှင့် စပ်သောအသိပညာသည် လုံးဝပြီးပြည့်စုံသော ဘယ်တော့မှ မမှားနိုင်သော အသိပညာမျိုးလည်းမဟုတ်။ ပင်ကိုအထောက်အထားပြုသော အလွန်တိကျခိုင်မာသော အသိပညာမျိုးလည်းမဟုတ်ချေ။ အတွေ့အကြုံ အခြေခံပေါ်မှ ရလာသော အသိတရားအရ၊ အတိတ်က ဖြစ်ခဲ့သမျှသော အဖြစ်အပျက်များသည် အနာဂတ်တွင်လည်း အလားတူဖြစ်ကြလေဦးမည်ဟု မြော်လင့်ဖွယ်ရာသာရှိ၏။ တကယ့်တကယ် ဖြစ်ရမည်ကား မဆိုနိုင်ချေ။ ဤကား လူသား၏ အသိပညာနှင့်စပ်ဆိုင်သော ကန့်သတ်မှုများပင်ဖြစ်လေသည်။

http://www.linhtet.com

# အခန်း (၁၃)
# အင်မင်နယူဝဲလ်ကန့်*
(၁၇၂၄–၁၈၀၄)

ပြင်သစ်ပြည်နှင့် အင်္ဂလန်ပြည်သား တွေးခေါ်ရှင်များအကြောင်းကို အတော်အတန် လေ့လာခဲ့ကြပြီးနောက် ယခုလေ့လာအံ့သော အင်မင်နယူဝဲလ်ကန့်နှင့် အပေါင်းအပါတို့မှာ အများအားဖြင့် ဂျာမဏီပြည်သားများဖြစ်ကြသည်။

ကန့်ကို ၁၇၂၄ ခုနှစ်တွင် ဂျာမဏီပြည် 'ကူနီစဘတ်'မြို့တွင် ဖွားမြင်သည်။ ဖခင်မှာ မြင်းကုန်းနှီးလုပ်သူဖြစ်သည်။ သူ့ဘဝအစပိုင်းတွင် ဘာသာရေးအသိုင်းအဝိုင်းအတွင်း ကြီးပြင်းခဲ့ရ၏။ သူ၏ တစ်သက်တာခရီး၊ ကျောင်းသားဘဝ၊ ဆရာဘဝ၊ စာရေးသူဘဝအားလုံးဆိုသလိုပင် သူ၏မွေးဖွားရာ ဇာတိမြေပတ်ဝန်းကျင်မှာသာ ကုန်လွန်ခဲ့ရသည်။ ၁၇၃၂ မှ ၁၇၄၀ ခုနှစ်များအတွင်း တက္ကသိုလ်ကျောင်းကြီးတစ်ဆောင် ဖြစ်မြောက်ရေးကို ကြိုးပမ်းခဲ့လေသည်။ ကိုယ်တိုင်က ရောမဂန္ထဝင်စာပေများကို များစွာစိတ်ဝင်စားခဲ့၏။

၁၇၄၀–၁၇၄၆ ခုနှစ်များတွင် ကူနီစဘတ်တက္ကသိုလ်တွင် ပညာသင်ကြားစဉ်က ကန့်သည် ရူပဗေဒ၊ သင်္ချာ၊ ဖီလိုဆိုဖီဘာသာရပ်များကို လေ့လာခဲ့သည်။ ၁၇၄၆ ခုနှစ်မှစ၍ ကူနီစဘတ်မြို့တွင် ဆရာအဖြစ် ဆောင်ရွက်နေထိုင်ခဲ့လေသည်။ ၁၇၅၅ ခုနှစ်တွင်မှ ကူနီစဘတ် တက္ကသိုလ်တွင် ကထိကရာထူးကို ရရှိသည်။ ထိုအချိန်က

---

* Immnauel Kant

http://www.linhtet.com



စ၍ သင်္ချာ၊ ရူပဗေဒ၊ တက္ကဗေဒ၊ ဖီလိုဆိုဖီ စသည်ဘာသာရပ်အစုံစုံကို သင်ကြားပို့ချ၍ နေခဲ့၏။

၁၇၆၆ မှ ၁၇၇၂ ခုနှစ်အတွင်း ကထိက ရာထူးနှင့် တက္ကသိုလ်ပိဋကတ်တိုက် လက်ထောက်ပိဋကတ်တိုက်မှူး ရာထူးများကို ပူးတွဲဆောင်ရွက်ခဲ့လေသည်။ ၁၇၇၀ တွင် ထိုတက္ကသိုလ်မှာပင် တက္ကဗေဒနှင့် ဖီလိုဆိုဖီဘာသာရပ်တွင် ပါမောက္ခအဖြစ် ထမ်းရွက်ရသည်။

၁၇၉၇ ခုနှစ်အထိ ထိုရာထူးတွင် ထမ်းရွက်ခဲ့သော်လည်း ကျန်းမာရေးအခြေအနေအရ အလုပ်မှ နုတ်ထွက်ကာ အငြိမ်းစားယူလိုက်ရလေသည်။

၁၈၀၄ ခုနှစ်တွင် ကန့် အနိစ္စရောက်သည်။ ကန့် ငယ်ရွယ်နုပျိုစဉ်အခါက သူ့အား လိုင်ဗနီးဇ်နှင့် ဂူ(လ်)ဖီယန်တို့၏ အတွေးအခေါ်များက လွှမ်းမိုးခဲ့လေသည်။ သို့ရာတွင် ၄၀ အရွယ်ပိုင်းသို့ရောက်သောအခါ အင်္ဂလိပ် လက်တွေ့မျက်တွေ့ ဝါဒသမားများဖြစ်ကြသော လော့(က်)၊ ရုက်တက်(စ်) ဗျူရီနှင့် ဟျူမ်းတို့၏ အတွေးအခေါ်များက လွှမ်းမိုးနေခဲ့ပြန်လေသည်။ ကန့်၏ စိတ်ကို အလွှမ်းမိုးဆုံးမှာ ဟျူမ်း၏ အတွေးအခေါ်များဖြစ်သည်။ ၁၇၇၀ ခုနှစ် အသက် ၄၀ ကျော် ၅၀ တွင်းသို့ရောက်သောအခါမှ သူ၏ပင်ကို အတွေးအခေါ်များ ပေါ်ထွက်လာလေသည်။ သူရေးသားခဲ့သည့် ကျမ်းများအနက် Critique of Pure Reason (လက်တွေ့မပါ ဆင်ခြင်တွေးတောမှုကို စူးစမ်းစိစစ်ချက်စာတမ်း)၊ Critique of Practical Reasn (လက်တွေ့ကျသော ဆင်ခြင်တွေးတောမှုကို စူးစမ်းစိစစ်ချက်စာတမ်း)၊ Prolegomena To Future Metaphysics (အနာဂတ်ရုပ်လွန်တွေးမှုဆိုင်ရာ သဘာဝတ္တဗေဒကျမ်း) စသည့် အတွေးအခေါ်သမိုင်း၌ အရေးပါအရာရောက်သော ကျမ်းပေါင်းများစွာကို ရေးသားခဲ့လေသည်။

ကန့်သည် စွယ်စုံပညာရှင်တစ်ဦးအဖြစ် မှတ်တမ်းတင်ထိုက်သူပေတည်း။

ကန့်သည် ဂျာမန်လူမျိုး တွေးခေါ်ရှင်တစ်ဦးဖြစ်သည်။ ကမ္ဘာ့တွေးခေါ်မှုသမိုင်း၌ အတွေးအခေါ် (ဝါ) ဆင်ခြင်တုံတရားသက်သက်ကို အခြေခံ

http://www.linhtet.com



သော ဖီလိုဆိုဖီနှင့် အတွေ့အကြုံသက်သက်ကိုသာ အခြေခံသော ဖီလိုဆိုဖီ အစဉ်အလာများကို ပြောင်းလဲကာ ဝေဖန်စိစစ်မှုကို အခြေခံသော ဖီလိုဆိုဖီ အစဉ်အလာကို စတင်ခဲ့သူမှာ ကန့်ပင်ဖြစ်သည်။

ဆင်ခြင်စဉ်းစားမှုသက်သက်ကိုသာ အခြေခံခဲ့သော ဒေးကား၊ စပင်နိုဇာနှင့် လိုင်ဗနီး(ဇ်)တို့၏ အတွေးအခေါ်များသည်လည်းကောင်း၊ အတွေ့အကြုံသက်သက်ကိုသာ အခြေခံသော လော့(က်)၊ ဘာကလေ၊ ဟရူမ်းတို့၏ အတွေးအခေါ်များသည်လည်းကောင်း အခက်အခဲများ၊ ယုတ္တိမတန်မှုများ၊ ရှေ့နောက်မညီညွတ်မှုများဖြင့် အဆုံးသတ်ခဲ့ကြရသည်။

ကန့်၏အလိုအားဖြင့် စဉ်းစားဆင်ခြင်မှုသက်သက်သည်လည်းကောင်း လူသား၏အသိပညာကို မပေးစွမ်းနိုင်ချေ။ ကျွန်ုပ်တို့၌ ရရှိလာသမျှသော အသိပညာမှန်သမျှမှာ အတွေ့အကြုံနှင့် စဉ်းစားဆင်ခြင်မှုနှစ်မျိုးစလုံးကို အခြေခံသည်။ ထို့ကြောင့် ကန့်လက်ထက်တွင် ဒေးကားမှ စတင်ခဲ့သော စဉ်းစားဆင်ခြင်မှုဖြင့် အသိပညာကို ရရှိကြောင်း အစဉ်အလာကိုလည်းကောင်း၊ လော့(က်)မှ စတင်ခဲ့သော အတွေ့အကြုံအားဖြင့် အသိပညာကို ရရှိကြောင်း အစဉ်အလာကိုလည်းကောင်း လက်ခံခဲ့လေသည်။

သို့ရာတွင် အတွေ့အကြုံနှင့် ဆင်ခြင်မှုကို အသိပညာ၏အခြေခံမှုများအဖြစ် လက်ခံခဲ့ရာ၌ ကန့်၏သဘောတရားများမှာ ရှေးက တွေးခေါ်ရှင်များနှင့်မတူ၊ တမူထူးခြားနေသည်ကို တွေ့ရသည်။

ကန့်သည် အစဉ်မှန်သော ပြောင်းလဲဖောက်ပြန်မှုကင်းသော အသိတရားမျိုး အမှန်ရှိကြောင်းကိုကား လက်ခံသည်။ ဤနေရာ၌ ကန့်သည် ဆင်ခြင်တုံဝါဒသမားများ၏ အယူအဆကို လက်ခံသည်ဟု ဆိုရမည်။

သို့ရာတွင် ထိုအသိပညာမျိုးမှာ ရူပဗေဒနှင့် သင်္ချာဗေဒ၏ အခြေခံယူဆချက်[၁] များသာဖြစ်နိုင်သည်။

ထိုနည်းတူစွာ အတွေ့အကြုံကိုသာလက်ခံသော လက်တွေ့မျက်တွေ့ဝါဒသမားများနှင့် အယူအဆချင်းတူညီသော အချက်များလည်း ရှိသည်။

---

၁။ Assumption – ယူဆချက်၊

http://www.linhtet.com



ထိုအချက်များမှာ အတွေ့အကြုံမှ ရရှိသည်။ အာရုံအားဖြင့်သာ လူသားသည် သိခွင့်သိခိုက်ရှိကြောင်း၊ သို့ရာတွင် အတွေ့အကြုံမှရသော လူသား၏အသိ ပညာသည် အစဉ်မှန်ကန်သော အသိမဟုတ်ကြောင်းစသည့်အချက်များတွင် တူညီသည်။

ကန့်၏သဘောတရားအရ လူသားသည် အတွေ့အကြုံ (ဝါ) ရုပ်လောကမှ တွေ့ထိခံစားမှုများကို အာရုံအနေနှင့်ရသည်။ သို့ရာတွင် အာရုံများမှာ တစ်မျိုးတစ်စားတည်းမဟုတ်၊ အထွေထွေအပြားပြား မျိုးစုံလျက် ရှိပေရာ ထိုအာရုံများမှာ အသိတစ်ခုဖြစ်ပေါ်လာသည်အထိ စနစ်တကျစီပြီး စဉ်ပြီး မဟုတ်ကြချေ။ အာရုံများမှာ အရောရောအနှောနှောဖြစ်လျက် ရှိသည်။

ဥပမာ စက္ခုပသာဒမှ အရောင်မျိုးစုံကို ထိတွေ့နေစဉ် ဇီဝ၊ ဃာန စသည့် အခြားအာရုံပေါက်များမှလည်း အာရုံမျိုးစုံ ဖြစ်ပွားလျက်ရှိသည်။ ထိုအာရုံသောင်းခြောက်ထောင်အနက် လူသားသည် တစ်စုံတစ်ခုကိုသာ စူးစူးစိုက်စိုက် အသိဖြစ်တတ်သည်။ ထိုနည်းဖြင့် အသိတစ်ခုမှတစ်ခု ဆက်တိုက်ဖြစ်ပွားလာသည်။

ထိုသို့ဖြစ်နိုင်ခြင်းမှာ အာရုံပေါက်များမှ ပို့လာသော အာရုံမျိုးစုံကို စိတ်သည် စနစ်တကျ အသိဖြစ်အောင် ပုံပြောင်းစီစဉ်ပေးမှုကြောင့်သာ ဖြစ်သည်ဟု ကန့် ယူဆခဲ့လေသည်။ ကန့်၏ အလိုအားဖြင့် ပြင်ပလောကမှ သိစရာများကို အာရုံကပို့လာပြီး ထိုအရောရော အနှောနှော ဖြစ်လာသည့် အာရုံများကို စိတ်က ၎င်းတွင်ရှိနေနှင့်သော မူလသဘောတရားများအရ ပုံပြောင်းနိုင်သည်။

သို့ရာတွင် ထိုသို့စီစဉ်ဖန်တီးမှုမှရသော အသိပညာမျိုးမှာ လောက ထာဝရဝတ္ထုမျိုးကိုသိသော အသိတရားမျိုးမဟုတ်။ လောက ဗာဟီရသဏ္ဍာန်မှ ဖြစ်ပျက်ပြုပြင်မှုမျိုးများကိုသာ သိနိုင်သော အသိမျိုးဖြစ်သည်ဟုလည်း ဆိုခဲ့လေသည်။

တစ်နည်းအားဖြင့် ရုပ်လောကဆိုင်ရာ အာရုံများမှာ စိတ်တွင်းသို့ ကုန်ကြမ်းများအဖြစ် ဝင်ရောက်လာကြသည်။ ထိုကုန်ကြမ်းများကို စိတ်က

http://www.linhtet.com



ၡင်းတွင် ရှိနေနှင့်သော အအေ (ဝါ) မှု၊ ပုံစံစသည်များဖြင့် ကုန်ချော (အသိ) ဖြစ်အောင် ဖန်တီးသည်ဟု မှတ်အပ်သည်။ စိတ်ထဲတွင်ရှိသော မူသဘောများမှာကား အခြားမဟုတ်။ ကာလ (Time)၊ ဒေသ (Space)၊ ဝတ္ထု (Substance) နှင့် အကြောင်းတရား (Causality) တို့ ဖြစ်ကြသည်။

## သိမှုဆိုင်ရာပြဿနာ

ကန့်၏ ဖီလိုဆိုဖီတွင် အဓိကပြဿနာမှာ လူသား၏ အသိပညာဆိုင်ရာ ပြဿနာပင်ဖြစ်သည်။

အသိပညာဆိုသည်မှာ အဘယ်ကိုခေါ်သနည်း။ လူသားသည် အဘယ်သို့ သိသနည်း။ လူသည် အဘယ်မျှသိပြီး သိသမျှမှာ အဘယ်မျှ မှန်ကန်သနည်းစသည့် မေးခွန်းတို့၏ အဖြေကို ရှာလိုလျှင် လူသား၏ တွေးခေါ်မြော်မြင်ပုံကို အသေးစိတ်ဝေဖန်လေ့လာရန် လိုသည်။

လူသား၏ အသိဖြစ်ပေါ်မှု၌ ဆိုခဲ့ပြီးသော အာရုံနှင့် စိတ်၏ပြုပြင်ဖန်တီးမှုများ ပါဝင်နေသည့်ပြင် ဆင်ခြင်သုံးသပ်၊ ဆုံးဖြတ်မှုများလည်း ပါဝင်သည်။ သိမှုဖြစ်ပေါ်လာသောအခါ၌ ထိုသိမှုများသည် တစ်ခုခုကို ယတိပြတ်လက်ခံခြင်း၊ သို့မဟုတ် ငြင်းဆိုခြင်းပြုပြီး ဖြစ်သည်။

ဥပမာ ဤစာအုပ်ကိုဖတ်ပြီးနောက် စာဖတ်သူ၏စိတ်ထဲတွင် ဤစာအုပ်ပါအချက်အလက်များသည် မှတ်လောက်သည်ဟူသော ဆုံးဖြတ်ချက်ကိုသော်လည်းကောင်း၊ မှတ်သားလောက်သော စာအုပ်မျိုးမဟုတ်ဟူသော ဆုံးဖြတ်ချက်ကိုသော်လည်းကောင်း ရရှိပေမည်။

သို့ရာတွင် ဆုံးဖြတ်ချက်[၁] သက်သက်သည် အသိပညာမဟုတ်ချေ။ ဆုံးဖြတ်ချက်တစ်ရပ်သည် 'အနယ်လစ်တစ်' Analytic ဖြစ်ပါက အသိပညာတိုးပွားခြင်းမရှိ။ 'ဆင်းသက်တစ်' Synthetic ဖြစ်မှသာ အသိပညာတိုးပွားမှုကို ဖြစ်စေနိုင်သည်။

---

၁။ Judgement – ဝေဒနာ (တွေ့ထိခံစားမှု)

http://www.linhtet.com



'အနယ်လစ်တစ်'ဆိုသည်မှာ ကတ္တားပုဒ်နှင့် ဝါစကပုဒ် အဓိပ္ပာယ်ချင်း တူညီသောစကားမျိုးဖြစ်သည်။

ဥပမာ–

'အပျိုကြီးဆိုသည်မှာ အိမ်ထောင်မပြုသေးသော မိန်းမကြီးဖြစ်သည်' ဆိုလျှင် ကတ္တားပုဒ်ကို ဝါစကပုဒ်က အရှည်အချင်းပြဆိုမှုကြောင့် အသိတစ်ခုကို ရသည်။ ထိုကဲ့သို့ အသိသစ်ကို တိုးပွားစေသောဝါကျမျိုးကို 'ဆင်းသက်တစ်'ဟု ခေါ်သည်။

ကန့်၏ အလိုအားဖြင့် လူသား၏ ဆင်ခြင်စဉ်းစားမှု၌ ဆိုခဲ့ပြီးသော ဆုံးဖြတ်ချက်များ ပါဝင်သည်။ 'အနယ်လစ်တစ်' ဆုံးဖြတ်ချက်များမှာ အတွေ့အကြုံထက် ဦးစွာဖြစ်သော ဆုံးဖြတ်ချက်မျိုးဖြစ်၍ 'ဆင်းသက်တစ်' ဆုံးဖြတ်ချက်မှန်သမျှမှာ အတွေ့အကြုံနောက်မှဖြစ်သည်။

ဥပမာအားဖြင့် ၂ + ၂ = ၄ သည် အတွေ့အကြုံနှင့်မဆိုင်။ အတွေ့အကြုံထက် ဦးစွာဖြစ်၏။ ထိုယူဆချက်များ မှန်မမှန်ကို သိလိုလျှင်သာ အတွေ့အကြုံအားဖြင့် သက်သေပြဆိုနိုင်သည်။ ထို့ကြောင့် ထိုအသိပညာမျိုးကား အတွေ့အကြုံနှင့် မစပ်မဆိုင်သည်ဖြစ်၍ အစဉ်မှန်သော အသိပညာမျိုးဖြစ်သည်။ စစ်မှန်သော အသိပညာဆိုသည်မှာ တိုးပွားမှုရှိရမည့်အပြင် အစဉ်မှန်မှုလည်း ရှိရမည်။ အတွေ့အကြုံထက် ဦးသောအသိပညာမျိုးသာလျှင် အစဉ်မှန်သော အသိပညာမျိုးဖြစ်ကြောင်းလည်း အထက်က ဆိုခဲ့ပြီးပြီ။

ကန့်သည် အတွေ့အကြုံထက် ဦးစွာဖြစ်၍ အစဉ်မှန်ကန်မှုရှိပြီး အသစ်တိုးပွားမှုရှိသော အသိပညာမျိုးကိုသာ တကယ်စစ်မှန်သောအသိပညာဟူ၍ သတ်မှတ်ခဲ့လေသည်။

## အတွေ့အကြုံကို စိစစ်ခြင်း

သိမှုဆိုင်ရာသဘောတရား၌ ကန့်၏ ဝေဖန်သုံးသပ်ချက် စတင်သောနေရာမှာ အတွေ့အကြုံကို စိစစ်ဝေဖန်သုံးသပ်ခြင်းမှဖြစ်သည်။ ကန့်သည် လူသား၏ အသိဖြစ်ပွားရာနေရာသည် အတွေ့အကြုံကစ၍ ဖြစ်ကြောင်းကို လက်ခံသည်။

ရှေးက ဂရိခေါ် ခေါမအတွေးအခေါ်များတွင် သိမှုဆိုင်ရာ 'အကြောင်း

http://www.linhtet.com



အရာ'နှင့် ပုံစံကို ခွဲခြားစိစစ်ခဲ့သကဲ့သို့ ကန့်သည် သိမှု၌သိသောအကြောင်း အရာနှင့် သိပုံသိနည်းကို စူးစမ်းခဲ့လေသည်။

ကန့်၏ သဘောတရားအရ သိမှု၏ပုံစံဆိုသည်မှာ သိအပ်သော အကြောင်းအရာကို စုစည်းမှု၊ စနစ်ကျမှုပင်ဖြစ်သည်။ သိမှု၏အကြောင်း အရာမှာကား အာရုံအမျိုးမျိုး အစားစားကို ဆိုလိုသည်။

အသိတစ်ခု ဖြစ်ပေါ်မှု၌ အခြေခံအားဖြင့် အကြောင်းသုံးရပ်ရှိသည်။ တစ်နည်းဆိုသော် သိမှုတစ်ခု၌ အပိုင်းသုံးပိုင်းရှိသည်။

(၁) ဟရှမ်း၏ အတွေးအခေါ်တွင် ဖော်ပြခဲ့ဖူးသော တွေ့ထိခံစားမှု ဝေဒနာခေါ်သည့် ထွေပြားသော အာရုံများက တစ်ပိုင်း။[၁]

(၂) ထို အထွေထွေ အပြားပြားသော အာရုံများကို စနစ်တကျ ပုံစံချ သော ကာလ ဒေသ ဖြစ်စဉ်သဘော။[၂]

(၃) ထိုအထူးထူးအထွေထွေသော အာရုံများကို စနစ်တကျ ကာလ ဒေသဖြစ်စဉ်၌ ပုံစံချ၍ သိမှု။[၃]

ဤ ၃ ချက်နှင့် ညီညွတ်မှသာ စစ်မှန်သော အသိတစ်ခုဖြစ်ပေါ်သည်။ ဤစိစစ်မှုသည် ကန့်၏ ထူးခြားသော သဘောတရားတစ်ရပ်ဖြစ်သည်။

## ရုပ်မှတ်သိမှုသဘောတရား

အရာဝတ္ထုတစ်ခုကို တွေ့ထိခံစားသိမြင်မှု မှန်သမျှ၌ အာရုံကို ဦးစွာ ရရှိရမည်။ သို့ရာတွင် အဖြူ၊ အနီ၊ အကြောင်၊ အကျား၊ အပူအအေး၊ အခါးအချို စသည့်အာရုံ (Sensations)သက်သက်သည် အသိမဟုတ်ချေ။ အာရုံမျှသာရှိသေးသည်။ ထိုသို့ မိမိတို့ဒွါရ၌ ထင်ရှားသော အာရုံများကို ကာလဒေသဖြစ်စဉ်တွင် အတိအကျ စနစ်ချမှု ရှိရဦးမည်။ ကာလမဲ့သော အာရုံတစ်ခုကိုလည်းကောင်း မည်သူမျှ သိနိုင်မည်မဟုတ်ချေ။

---

၁။ Manifold of Sensation.

၂။ Forms ofIntuition.

၃။ Categories of Understanding.

http://www.linhtet.com



ရုပ်မှတ်သိမှု၌ အာရုံသည် ပထမအဆင့်ဖြစ်ပြီး ထိုအဆင့်မှ အထက် ကဖော်ပြခဲ့သည့် ဝေဒနာသက်သက်အဆင့်ဖြစ်သည်။ ထို့ကြောင့် ကန့်က ထိုအဆင့်ကို သိမှု၏ အကြောင်းအရာဟု ခေါ်ပြီး အာရုံကို စနစ်ချသော အပိုင်းကို ပုံစံပိုင်းဟုခေါ်သည်။

ဆိုခဲ့ပြီးသော ကာလ ဒေသစသည့် ပုံစံများမှာ အတွေ့အကြုံထက် ဦးစွာဖြစ်သော သဘောတရားများဖြစ်သည်။ ထို့ကြောင့် အရာဝတ္ထုတစ်ခု ကို ထိတွေ့သိမြင်သည်နှင့် တစ်ပြိုင်နက် ထိုဝတ္ထုကို ကာလနှင့် ဒေသထဲ တွင် တစ်ပြိုင်နက် တွေ့မြင်ကြရခြင်းဖြစ်သည်။

အလွယ်ဆုံး ဥပမာမှာ လောကကြီးကို မျက်မှန်အပြာကြီး တပ်၍ ကြည့်သူသည် မြင်မြင်သမျှ ပြာဆိုင်းနေသည်ကို တွေ့မြင်ရသကဲ့သို့ဖြစ် သည်။ ကန့်၏ သဘောတရားအရ ကာလ (အချိန်)နှင့် ဒေသ (နေရာ) သည် ပြင်ပလောကထဲတွင် ရှိကြသည်မဟုတ်။ စိတ်ထဲတွင် ကိန်းအောင်း လျက်ရှိသောအရာများသာ ဖြစ်သည်ဟူ၏။ ထို့ကြောင့် အချိန်နှင့်နေရာ (ကာလ ဒေသ) သည် အာရုံသက်သက်မဟုတ်ကြောင်း မှတ်အပ်သည်။

ကန့်၏ သဘောတရားများကို အကြမ်းအားဖြင့် သုံးသပ်ကြည့်ပါက ဒေးကားနှင့် လော့(က်)တို့၏ တစ်ယူသန်ဝါဒများကို ဝေဖန်သုံးသပ်ပြီး ပိုမိုတိကျသော သိမှုဆိုင်ရာ သဘောတရားတစ်ရပ်ကို တင်ပြနိုင်သည်ဟု တွေ့ရသည်။

ရုပ်မှတ်သိမှုတွင် တွေ့ထိခံစားချက်များကို စိတ်ကပုံစံချ၍ ယတိပြတ် ဆုံးဖြတ်မှသာ အသိမှန်သို့ ရောက်ရှိနိုင်သည်။ စိတ်ထဲတွင် နားလည်သမျှကို ခွဲခွဲခြားခြားဖြစ်အောင် ယတိပြတ် ဆုံးဖြတ်ချက်ချရသည်။ သို့မှသာ တစ်စုံ တစ်ခုကို ရှင်းရှင်းသိနိုင်သည်။

http://www.linhtet.com



## ထာဝရအမှန်တရားနှင့်စပ်ဆိုင်သော သိမှုသဘောတရား

လူသားသည် အတွေ့အကြုံနယ်ပယ်တွင် ထိတွေ့ခံစားရသမျှကိုသာ ဆိုခဲ့ပြီးသောနည်းဖြင့် သိရှိနိုင်၏။ အတွေ့အကြုံထက် ကျော်လွန်၍ မသိနိုင်ချေ။

လောကထာဝရ အမှန်တရားတို့သည် စင်စစ် အတွေ့အထိဖြင့် မသိနိုင်ချေ။ ဤချက်ကို လော့(က်)၏ ဖီလိုဆိုဖီတွင်လည်း အတန်အသင့် သိခဲ့ကြပြီ။ ကျွန်ုပ်တို့ တွေ့ထိသိမြင်သမျှမှာ အရာဝတ္ထုတို့၏အပေါ်မြင် ဗာဟီရသဏ္ဍာန်သာလျှင်ဖြစ်သည်။

ဥပမာ စာအုပ်တစ်အုပ်ကို အလျားလိုက်ချ၍ကြည့်လျှင် တစ်မျိုးမြင်ရမည်။ ထောင်၍ ဒေါင်လိုက်ကြည့်ပါက တစ်မျိုးမြင်ရမည်။ ဖြန့်၍ကြည့်သောအခါ ပုံသဏ္ဍာန်တစ်မျိုးကို မြင်ရပြန်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ တွေ့မြင်သမျှသည် အရာဝတ္ထုတို့၏ တည်နေပုံကိုလိုက်၍ အမျိုးမျိုးပြောင်းလဲနေ၏။

သို့ရာတွင် ထိုဝတ္ထု၏ တကယ်တမ်း စစ်မှန်သောသဘောကိုကား အာရုံဖြင့် ထိတွေ့မြင်သိခြင်းငှာ မတတ်နိုင်ပေ။

သို့ဆိုလျှင် ဤလောကရှိ ခပ်သိမ်းသောအရာဝတ္ထုတို့၏ အပေါ်ယံသဘောကိုသာ ကျွန်ုပ်တို့ မြင်ရ သိရကာမျှဖြင့် ဤရုပ်လောကကြီးသည် အမှန်တရားကြီးဖြစ်ပါသည်ဟူ၍ ကျွန်ုပ်တို့ ဆိုနိုင်ပါမည်နည်း။ သို့တည်းမဟုတ် ဤလောကသည်သာ အမှန်တရားကြီးဖြစ်တော့သည်ဟု ဆိုနိုင်ပါမည်လား။

ကန့်၏အလိုအားဖြင့် ဤဖြစ်ပျက်ပြုပြင်ရုပ်လောကသည် အပေါ်ယံလောကသာဖြစ်၍ တကယ့်အမှန်တရားမဟုတ်။ နိစ္စထာဝရမဟုတ်။ ထာဝရလောကမှာကား ရုပ်လောက၏ ဟိုမှာဘက် (ဝါ) ရုပ်လောကထက် လွန်မြောက်သောနေရာ၌သာ ရှိ၏။ ထိုလောကကိုကား လူသားသည် အာရုံအားကိုးဖြင့် သိမြင်ခြင်းငှာ မတတ်နိုင်ရာဟူ၍ ကန့်က ဟောကြားခဲ့လေသည်။

ကန့်၏ သဘောတရားအရ အမှန်တရားမည်သည် ရုပ်ကိုလွန်မြောက်သည်။ ထိုရုပ်လွန် အမှန်တရားကို အတွေ့အကြုံအားဖြင့် သိလည်းမသိ။ သိလည်း မသိနိုင်ဟူ၍ဆိုကာ အဆုံးသတ်ခဲ့လေသည်။

http://www.linhtet.com



ထို့ကြောင့် ကန့်၏ ဖိလိုဆိုဖီမှာလည်း ကွက်လပ်ကြီးကျန်ရစ်ခဲ့ပြန်သည်။ ထိုကွက်လပ်ကား အခြားမဟုတ်၊ အသိတရားနှင့် အရှိတရားကြားမှ ကွက်လပ်ကြီးပင်ဖြစ်သည်။ ဆိုလိုသည်မှာ အရှိတရားကို ကန့်လက်ခံခဲ့သော်လည်း ထိုအရှိတရားကို အသိတရားက မသိနိုင်ဟူသော အချက်ပင်ဖြစ်လေသည်။

http://www.linhtet.com

# အခန်း (၁၄)
# ဟေဂဲလ်
(၇၇၀–၁၈၃၁)

၁၉ ရာစုနှစ်အတွင်း ဂျာမဏီနှင့်တကွသော ဥရောပနိုင်ငံများ၊ အမေရိကနှင့် အင်္ဂလန်နိုင်ငံများတွင် အလွန်အင်အားကြီးမားစွာဖြင့် လွှမ်းမိုးနိုင်ခဲ့သူမှာ ဖရက်ဒရစ်၊ ဟေဂဲလ် ဖြစ်သည်။

ဟေဂဲလ်ကို ၁၇၇၀ ခုနှစ်တွင် စတုဂတ်မြို့တွင် ဖွားမြင်သည်။ သူ၏သက်တမ်းတစ်လျှောက်လုံးတွင် ထူးခြားသော အဖြစ်အပျက်ဟူ၍ မရှိခဲ့ချေ။ ၁၇၈၈ မှ ၁၇၉၃ ခုနှစ်အတွင်းက ဟေဂဲလ်သည် တူဗင်ဂျင်မြို့တွင် ပညာသင်ကြားခဲ့သည်။ ဘာသာရေးနှင့် ဖီလိုဆိုဖီကို လိုက်စားခဲ့၏။ ကျောင်းမှထွက်သောအခါ ဆွစ်ဇာလန်ပြည်တွင်လည်းကောင်း၊ ဖရန့်ဖုတ်မြို့တွင်လည်းကောင်း နည်းပြဆရာအဖြစ် လုပ်ကိုင်နေထိုင်ခဲ့လေသည်။ ၁၈၀၁ ခုနှစ်သို့ရောက်သောအခါ ဂျီနား မြို့တွင် အခြေစိုက်၍ နေထိုင်စဉ် ထိုမြို့တွင် ပါမောက္ခရာထူးကို ရရှိသည်။ သို့ရာတွင် ဂျီနားစစ်ပွဲပြီးဆုံးသောအခါ ထိုရာထူးမှ နုတ်ထွက်ရသည်။ ထိုနောက် ၁၈၀၆ ခုနှစ်မှ ၁၈၀၈ ခုနှစ်အထိ ဘန်ဘတ်မြို့တွင် သတင်းစာ အယ်ဒီတာအလုပ်ကို လုပ်ကိုင်ရင်း နေထိုင်ခဲ့သည်။

ထိုနောက် နုရင်ဘတ်မြို့ အားကစားနှင့် ကိုယ်လက်ကြံ့ခိုင်ရေး ဌာန ညွှန်ကြားရေးဝန်ရာထူးကို ရရှိပြန်သည်။ ထိုရာထူးတွင် ၁၈၀၈ ခုနှစ်မှ ၁၈၁၆ ခုနှစ်အထိ ဆောင်ရွက်ပြီးလျှင် သူ့အား ဟိုက်ဒဲလ်

http://www.linhtet.com



ဘတ်မြို့တွင် သဘာဝတ္တဗေဒဌာန ပါမောက္ခရာထူးတွင် ခန့်ထားခြင်း ခံရပြန်သည်။

ထိုရာထူးဖြင့်ပင် ဘာလင်တက္ကသိုလ်၌ ဆက်လက်အမှုထမ်းနေစဉ် ၁၈၃၁ ခုနှစ်တွင် ကာလဝမ်းရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သည်။

ဟေဂဲလ်သည် ကန့်စတင်ခဲ့သော ဝေဖန်ရေးဗီလိုဆိုဖီကို အဆုံးသတ်ကြံဆခဲ့သူဖြစ်သည်ဟု ဆိုနိုင်သည်။ ကန့်၏ အတွေးအခေါ်များတွင် အသိတရားနှင့် အရှိတရားကြားကွက်လပ်ကို ဟေဂဲလ်သည် သူ၏ ဒိုင်ယာလက်တစ်[၁] ခေါ် အနုပဋိလောမ (ဆန့်ကျင်ဖြစ်ထွန်းကြောင်းတရား)ဖြင့် ဆက်စပ်ပေးခဲ့သည်။

၂၀ ရာစုနှစ် တွေးခေါ်ရှင်ကြီးဖြစ်သူက သူ၏ (ကမ္ဘာ့တွေးခေါ်မှုသမိုင်း) စာအုပ်ကြီးတွင် ဟေဂဲလ်၏ အတွေးအခေါ်များသည် ကမ္ဘာပေါ်တွင် ပေါ်ပေါက်ခဲ့သမျှသော တွေးခေါ်ရှင်ကြီးများ၏ အတွေးအခေါ်များအနက် နားလည်ရန် အခက်ဆုံးသော အတွေးအခေါ်ဖြစ်သည်ဟု အတည့်အလင်း ဖော်ပြခဲ့ပေရာ ဤစာအုပ်တွင် ဟေဂဲလ်၏ အတွေးအခေါ်များကို ထည့်သွင်းရေးသားရသော်လည်း သူ၏အတွေးအခေါ်များကို အကုန်အစင် ဖော်ပြရန် ခက်ခဲကြောင်း ဖော်ပြလိုပေသည်။

ဟေဂဲလ်၏ အလိုအားဖြင့် ဗီလိုဆိုဖီ၏ အဓိကအလုပ်မှာ သဘာဝတ္တကမ္ဘာကြီးနှင့်တကွ လူသား၏ အတွေ့အကြုံများကို အပေါ်ယံသဘော မဟုတ်ဘဲ အတွင်းကျကျ သိနားလည်ရန်လိုသည်။

အရာဝတ္ထုမှန်သမျှ၌ အနှစ်သာရသဘော အဓိကအင်္ဂါရပ်များနှင့် ဖြစ်စဉ်သဘောတို့ ရှိကြသည်။ ထိုသဘောများသည် အဓိပ္ပာယ်ပြည့်ဝမှုရှိသော နာမ်သဘောများဖြစ်ကြ၏။ အမှန်တရားဆိုသည်မှာလည်း အဆိုပါ နာမ်သဘောကြီးဖြစ်၍ ဖောက်ပြန်ပြောင်းလဲမှုမရှိသော အစဉ်ထာဝရသဘော တရား တစ်ရပ်သာဖြစ်သည်ဟု ဟေဂဲလ်က ဖော်ပြခဲ့လေသည်။

---

၁။ Dialeatic–ဒိုင်ယာလက်တစ် (ဆန့်ကျင်ဖြစ်ထွန်းကြောင်းတရား)၊

http://www.linhtet.com



ထို့ကြောင့် အမှန်တရားကို အတွေ့အကြုံဖြင့် မသိနိုင်။ အတွေးအခေါ်ဖြင့်သာ သိနိုင်သည်။

ဟေဂဲလ်၏အယူအဆအရ စကြာဝဠာကြီးတစ်ခုလုံးသည် တည်ငြိမ်ရပ်နားခြင်းမရှိဘဲ အစဉ်လှုပ်ရှားပြောင်းလဲနေသည်။ ထိုနည်းတူစွာ ဆင်ခြင်စဉ်းစားမှု၊ တွေးတောကြံဆမှု(ဝါ) တွေးခေါ်မှုသည်လည်း တည်ငြိမ်ရပ်နားခြင်းမရှိ။ အစဉ်တိုးတက်လှုပ်ရှားပြောင်းလဲနေသည်။ ထိုပြောင်းလဲမှုများသည် အီဗော်လူးရှင်း[၁] ခေါ် အဆင့်ဆင့် တိုးတက်ပြောင်းလဲမှုမျိုးဖြစ်သည်။

## တစ်စတစ်စပြောင်းလဲတိုးတက်ဖြစ်ထွန်းမှု အကြောင်းတရား (EVOLUTION)

ဟေဂဲလ်၏ တစ်စတစ်စ ပြောင်းလဲတိုးတက်ဖြစ်ထွန်းမှုအကြောင်းတရား (အီဗော်လူးရှင်း)အရ၊ စကြာဝဠာကြီးအတွင်း၌ (စိတ်ပိုင်းဖြစ်စေ၊ ရုပ်ပိုင်းဖြစ်စေ) တစ်မျိုးတစ်စားတည်း တစ်ပြေးတည်းရှိခဲ့ကြသည်။ ထိုစဉ်က အရာဝတ္ထုတို့သည် ကွဲပြားခြားနားခြင်း မရှိခဲ့ကြ။ တစ်စတစ်စ တိုးတက်ဖြစ်ထွန်းလာသောအခါမှသာ တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားကာ သဲသဲကွဲကွဲ ဖြစ်လာခဲ့ကြသည်။ တစ်ခုကိုတစ်ခု ဆန့်ကျင်လာကြသည်။ ပဋိပက္ခဖြစ်လာကြသည်။ ထိုပဋိပက္ခမှုကြောင့် ရန်းကန်တိုက်ခိုက်လာကြသည်။ ဤရုပ်ကန်မှုသည် နောက်ဆုံး၌ ညီညွတ်မှုတွင် အဆုံးသတ်ရပြန်သည်။

ဟေဂဲလ်၏ သဘောတရားအရ အီဗော်လူးရှင်းခေါ် တစ်စတစ်စ ပြောင်းလဲတိုးတက်မှု၏ နောက်ဆုံးအဆင့်သည် အမှန်တရားသို့ ပေါက်မြောက်ထင်မြင်ခြင်းပင်ဖြစ်သည်။ အမှန်တရားဆိုသည်မှာ မူလပဋိပက္ခသဘောဟူ၍ ကွဲပြားခြားမှုမရှိတော့ဘဲ အစဉ်မှန်သည့် သဘောတရားကြီးပင်ဖြစ်သည်ဟု ဆိုသည်။

---

၁။ EVolution.

http://www.linhtet.com



**ပဋိပက္ခသဘော**

အသက်ရှင်နေမှု၊ လှုပ်ရှားပြောင်းလဲတိုးတက်ဖြစ်ထွန်းမှု မှန်သမျှ၏ အခြေခံအကြောင်းတရားမှာ ပဋိပက္ခသဘောပင်ဖြစ်သည်။ ဤလောကကြီးတစ်ခုလုံးကို 'ဒိုင်ယာလက်တစ်' (ဆန့်ကျင်ဖြစ်ထွန်းကြောင်းတရား)က လွှမ်းမိုးကြီးစိုးနေသည်ဟု ဟေဂဲလ် ယုံကြည်သည်။ ပဋိပက္ခမှုမရှိဘဲနှင့် တိုးတက်မှု လှုပ်ရှားပြောင်းလဲမှုတစ်စုံတစ်ရာ မဖြစ်နိုင်ဟုလည်း ဟေဂဲလ်က ဆိုလေသည်။

သို့ရာတွင် သဘာဝတရားကြီးသည် ပဋိပက္ခမှုအခြေအနေ၌သာ အမြဲတည်တံ့နေသည်မဟုတ်။ ပဋိပက္ခမှုကြောင့် သဘောတရား၌ တိုးတက်မှုဖြစ်ပြီး ထိုတိုးတက်မှုမှာ ပဋိပက္ခဖြစ်နေသော အခြေအနေကို ကျော်လွန်သွားမြဲဖြစ်သည်။

မည်သည့်အရာမဆို အစက မိမိရည်တည်ရာအခြေအနေ (မူလ) ရှိပြီး၊ ထိုမူလအခြေအနေမှ ဆန့်ကျင်ဘက် (ပဋိပက္ခ) အခြေအနေသို့ ပြောင်းလာခြင်းအားဖြင့် တိုးတက်ရသည်။

ဥပမာ အပူသည် အပူသို့ တိုးတက်၍မရ၊ အပူသည် အအေးသို့သာ ပြောင်းလဲတတ်မြဲဖြစ်သည်။ အပူရှိလျှင် သူ၏ဆန့်ကျင်ဘက်ဖြစ်သော အအေးသဘောရှိ၏။ ထိုပဋိပက္ခအခြေအနေသာ မရှိပါမူကား ပို၍ပူပြင်းခြင်းသဘောကို သိနိုင်တော့မည်မဟုတ်ပေ။ ရုပတ်တရက်ဆိုလျှင် ပူရာမှ ပို၍ပူလာခြင်းသည် အပူမှ အပူသို့ ပြောင်းလဲခြင်းမဟုတ်။ အအေးမှ အပူသို့ ပြောင်းလာခြင်းသာဖြစ်သည်။ ပူရာမှ ပို၍ ပူလာသည်ဆိုခြင်းမှာ ပူသည်ဆိုသောအခြေအနေသည် ပို၍ပူသောအခြေအနေထက် အေးနေသေးသည်ကို ဆင်ခြင်ကြည့်ရသည်။

သို့ရာတွင် ပဋိပက္ခအခြေခံအားဖြင့် တိုးတက်ဖြစ်ထွန်းမှုမှန်သမျှသည် နောက်ဆုံးတွင် ပဋိပက္ခအခြေအနေကို လွန်မြောက်၍ ညီညွတ်မျှတသော သဘောသို့ ဆိုက်ရောက်ရသည်။

ထို့ကြောင့် သူ၏သဘောတရားအရဆိုလျှင် 'ဒိုင်ယာလက်တက်' (ဆန့်ကျင်ဖြစ်ထွန်းကြောင်းတရား)သည် နောက်ဆုံးတွင် အစဉ်ထာဝရ (Absolute) သဘောတွင် ဆုံးသည်ဟု ဆိုလေသည်။

(မှတ်ချက်) ဤနေရာတွင် (Absolute) ဆိုသော စကားကို

http://www.linhtet.com



'အစဉ် ထာဝရ'ဟုသာ ဖော်ပြလိုက်ရသော်လည်း၊ ဤသဘောကို ပေါက်မြောက် ထင်မြင်ရန် အလွန်ခက်ခဲလှသည်။ လူတိုင်း နားလည် အောင် ရေးပြခြင်းငှာ မတတ်နိုင်ကြောင်း ဝန်ခံရပေမည်။

## ဒိုင်ယာလက်တစ် (ဓါ) ဆန့်ကျင်ဖြစ်ထွန်းကြောင်းတရား

ဟေဂဲလ်သည် အများအားဖြင့် ကျွန်ုပ်တို့က အနုပဋိလောမဟုခေါ် သော 'ဒိုင်ယာလက်တစ်' (ဆန့်ကျင်ဖြစ်ထွန်းကြောင်းတရား)ကို ခေတ်စား အောင် စနစ်တကျထုတ်ဖော်ဟောကြားခဲ့သူဖြစ်သည်။ သူ၏အလိုအားဖြင့် ဆိုလျှင် လောက၌ ရှိရှိသမျှ ဖြစ်ဖြစ်သမျှမည်သည့်အရာမျိုးမဆို ဆန့်ကျင် ဖြစ်ထွန်းကြောင်းတရားအရ ဖြစ်ပျက်နေသည်ဟု ယုံကြည်ခဲ့လေသည်။

အတွေးအခေါ်မှန်သမျှမှာလည်း ရိုးရိုးသာမန်အဆင့်မှ တဖြည်းဖြည်း ရှုပ်ထွေးခက်ခဲနက်နဲသောအဆင့်သို့ တိုးတက်လာသည်ဟုလည်း ယုံကြည် လေသည်။

ဆန့်ကျင်ဖြစ်ထွန်းကြောင်းတရားကို နားလည်စေရန် အလွယ်ဆုံးနည်း ဖြင့် တင်ပြပါမည်။

ဥပမာ–

'စားပွဲ' ဆိုကြပါစို့။

စားပွဲဆိုသည် အဘယ်နည်း။

စားပွဲဆိုသည်မှာ ကုလားထိုင်လည်းမဟုတ်၊ နံရံလည်းမဟုတ်။ လူ လည်းမဟုတ်၊ စာအုပ်လည်းမဟုတ်၊ ရေ မြေ၊ တော တောင် သစ်ပင်လည်း မဟုတ်။ တိရစ္ဆာန်လည်းမဟုတ်။ စားပွဲသည် စားပွဲမှအပ တစ်လောကလုံးရှိ မည်သည့်အရာမျိုးမျှ မဟုတ်ချေ။

သို့ဆိုလျှင် 'စားပွဲ'ဆိုသည် အဘယ်နည်း။

စားပွဲဆိုသည်မှာ သစ်သားဖြင့် ပြုလုပ်အပ်သောအရာဖြစ်သည်။

မှန်သည်။ သို့ရာတွင် ကုလားထိုင် ကြမ်းပြင်နှင့် အခြားသောအရာ တို့မှာကား သစ်သားဖြင့် ပြုလုပ်အပ်သောအရာများဖြစ်ကြသည်။

ဟေဂဲလ်၏ အဖြေမှာကား စားပွဲလည်း သစ်သားဖြင့်လုပ်၍၊ ကုလား ထိုင်၊ ကြမ်းပြင်စသည်တို့လည်း သစ်သားဖြင့်လုပ်သည့်အတွက် သာမန် အတွေး၌ စားပွဲနှင့် ကုလားထိုင်၊ စားပွဲနှင့် ကြမ်းပြင် ခြားနားသည်ဟု

http://www.linhtet.com



ထင်ရ၏။ သို့ရာတွင် ပိုမိုနက်နဲမြင့်မားသော အမြင်၌ကား ဆိုခဲ့ပြီးသော အရာတို့သည် 'သစ်သား'ချည်း ဖြစ်ကြသောကြောင့် အားလုံးအတူတူဖြစ်ကြသည်။ အားလုံး သစ်သားချည်းပင်တည်း။

တစ်ဖန် သစ်သားသည် ကျောက်ခဲမဟုတ်၊ မြေကြီးမဟုတ်၊ သံမဟုတ်ဟု ဆိုနိုင်၏။ မှန်ပေသည်။ သို့ရာတွင် ပိုမိုနက်နဲမြင့်မားသော အမြင်ကား သစ်သား၊ ကျောက်ခဲ၊ သံ၊ သတ္တုစသည်တို့မှာ အားလုံးအတူတူချည်းဖြစ်၏။ အကြောင်းမူကား ထိုအရာအားလုံးသည် 'အစိုင်အခဲ'ချည်း ဖြစ်သောကြောင့်တည်း။

'အစိုင်အခဲ'ဆိုသော သဘော၌ ဆိုခဲ့ပြီးသောအရာတို့သည် အတူတူဖြစ်ကြသည်။

အစိုင်အခဲသည် အရည်မဟုတ်ဟု ဆိုနိုင်ပြန်၏။

မှန်ပေသည်။ သို့ရာတွင် ပိုမိုနက်နဲမြင့်မားသောအမြင်၌ အစိုင်အခဲသည်လည်းကောင်း၊ အရည်သည်လည်းကောင်း 'ရုပ်'ချည်းဖြစ်ကြသည်။ ထို့ကြောင့် 'ရုပ်' သဘော၌ ဆိုခဲ့ပြီးသောအရာများအားလုံး အတူတူဖြစ်ကြပြန်သည်။

တစ်ဖန် ရုပ်သည် စိတ်မဟုတ်ဟု ဆိုနိုင်ပြန်သည်။ သို့သော် ဟေဂဲလ်၏ သဘောတရားအရဆိုပါမူ ရုပ်သည်လည်းကောင်း၊ စိတ်သည်လည်းကောင်း ပိုမိုမြင့်မားသောအမြင်၌ အမှန်ထာဝရ Absolute သာလျှင်ဖြစ်၏။ 'အမှန်ထာဝရသဘော၌ စိတ်နှင့် ရုပ်သည် အတူတူဖြစ်လေသည်' ထိုအမှန်ထာဝရသဘောကား စင်စစ် နာမ်သဘောတရားကြီးတစ်ရပ်ပင်တည်း။

အထက်ပါသုံးသပ်မှုကို ပြန်၍စနစ်ချကြည့်ပါမူ ဟေဂဲလ်က ဆန့်ကျင်ဖြစ်ထွန်းကြောင်း တရား၏ အစသည် (မူလ)[၁] သဘောဖြစ်၍၊ ဒုတိယအဆင့်မှာ မူလနှင့်ဆန့်ကျင်သော (ပဋိပက္ခ)[၂] ဖြစ်သည်။ ထိုမူလနှင့် ပဋိပက္ခအဆင့်ကိုလွန်၍ အစဉ်ညီညွတ်သောအဆင့်ကိုကား (သမူဟ)[၃] ဟု ခေါ်လေသည်။

---

၁။ Thesis – မူလအဆင့်၊

၂။ Anti-Thesis – ပဋိပက္ခအဆင့်၊

၃။ Synthesis – သမူဟအဆင့်၊

http://www.linhtet.com



ဤကား ဟေဂဲလ်၏ ဒိုင်ယာလက်တစ်ခေါ် အနုပဋိလောမတရား (ဝါ) ဆန့်ကျင်ဖြစ်ထွန်းကြောင်းတရားပင်ဖြစ်သည်။

ဤဟေဂဲလ်၏ သဘောတရားကို ၁၉ ရာစုနှစ်အတွင်း၌ ကွန်မြူနစ်ဝါဒ၏ ဖခင်ကြီးဖြစ်သူ ကားလ်မာ့(ခ)[၁] က ရုပ်ဝါဒနှင့် ပေါင်းစပ်ကာ လက်ခံခဲ့လေသည်။

ဟေဂဲလ်ကား ၁၉ ရာစုနှစ်အတွင်းက ပေါ်ပေါက်ခဲ့ဖူးသော ကမ္ဘာ့တွေးခေါ်ရှင်ကြီးများအပေါ်တွင် အယူအဆအားဖြင့် များစွာလွှမ်းမိုးနိုင်ခဲ့သော တွေးခေါ်ရှင်ကြီးတစ်ဦးပင်တည်း။

---

၁။ Karl Marx.

http://www.linhtet.com

# အခန်း (၁၅)

# ကားလ်မာ့(ခ်)

## (၁၈၁၈–၁၈၈၃)

၁၈၁၈ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ဂျာမဏီပြည် ထရီးဗီးဖ်မြို့၌ ကားလ်မ့(ခ်)တည်းဟူသော သတို့သားကို ဖွားမြင်သန့်စင်သည်။ ဖခင်အမည်မှာ ဟိန်နရစ်မာ့(ခ်)ဖြစ်သည်။

ငယ်စဉ်က ဘွန်းမြို့တက္ကသိုလ်နှင့် ဘာလင်တက္ကသိုလ်များတွင် ပညာသင်ကြားခဲ့လေသည်။ ၁၈၄၁ ခုနှစ်တွင် ဘာလင်တက္ကသိုလ်မှ ဖီလိုဆိုဖီဘာသာတွင် ပါရဂူ (ဒေါက်တာ)ဘွဲ့ထူးကို ဆွတ်ခူးရရှိခဲ့သည်။ ဒေါက်တာဘွဲ့ကို ယူစဉ်က ရေးသားခဲ့သောစာတမ်း၏အမည်မှာ 'ဒီမိုကရိတပ်နှင့် အက်ပီကျူရီယတ်တို့၏ သဘာဝတ္တဗေဒအမြင်ကွဲပြားခြားနားမှု'[၁] အမည်ရှိစာတမ်းကို ဟေဂဲလ်၏အတွေးအခေါ်ရှုထောင့်မှနေ၍ ရေးသားခဲ့ခြင်းဖြစ်သည်။

ကားလ်မာ့(ခ်) ငယ်စဉ်ကမူ ဟေဂဲလ် အယူအဆများ များစွာလွှမ်းမိုးခြင်းခံခဲ့ရသည်။ ထိုနောက် ဖော်ဝါဘတ်[၂]၏ အယူအဆများကို လက်ခံခဲ့ပြန်သည်။ ၁၈၄၂ ခုနှစ်မှ ၁၈၄၃ ခုနှစ်တွင် သတင်းစာအယ်ဒီတာအဖြစ် လုပ်ကိုင်ရင်း သူ၏ ပြင်းထန်သောအယူအဆများကို ဆောင်းပါးများဖြင့် ရေးသားတင်ပြခဲ့သည့်အတွက် ထိုရာထူးမှ ထွက်ရသည်။

---

၁။ The Difference Between the Democritean and Epicurean Natural Philosophy.

၂။ Feuerbach.

http://www.linhtet.com



၁၈၄၃ ခုနှစ်မှာပင် ထိုရာထူးမှ ထွက်ပြီးနောက် ပြင်သစ်ပြည်သို့ ဆိုရှယ်လစ်ဝါဒကိုလေ့လာရန် ထွက်လာခဲ့သည်။ ပြင်သစ်ပြည် ပဲရစ်မြို့တွင်နေထိုင်စဉ် ဖရက်ဒရစ်အိန်ဂျယ် စတင်သိကျွမ်းပြီးနောက် သက်ဆုံးတိုင် ခင်မင်ခဲ့သည်။

အိန်ဂျယ်မှာ အင်္ဂလန်ပြည် မန်ချက်စတာနယ်ရှိ စက်ရုံတစ်ခုမှ မန်နေဂျာဖြစ်သည်။ အိန်ဂျယ်မှတစ်ဆင့် အင်္ဂလန်ပြည်မှ အလုပ်သမား ပြဿနာများကိုလည်းကောင်း၊ အင်္ဂလိပ်လူမျိုးတို့၏ စီးပွားရေးအခြေ အနေနှင့် စီးပွားရေးစနစ်များကိုလည်းကောင်း သိခွင့်ရခဲ့လေသည်။

၁၈၄၄ မှ ၁၈၄၈ ခုနှစ်အတွင်းက အိန်ဂျယ်နှင့်တွဲဖက်၍ ဆောင်း ပါးများစွာကို သတင်းစာ၊ မဂ္ဂဇင်းများတွင် ရေးသားနေခဲ့သည်။ ၁၈၄၈ ခုနှစ်တွင် ဥရောပနိုင်ငံများ၌ တော်လှန်ရေးဖြစ်သောအခါ သူသည် အိန်ဂျယ်နှင့်တွဲဖက်၍ သူ၏ထင်ရှားလှသော 'ကွန်မြူနစ် ကြေညာစာတမ်း'[၁] ကို ထုတ်ပြန်လိုက်လေသည်။ ၁၈၆၇ ခုနှစ်တွင်မှ သူ၏ 'အရင်းကျမ်း'ကြီး ပထမတွဲကို ထုတ်ဝေခဲ့သည်။ သို့ရာတွင် သူ၏အရင်းကျမ်း ဒုတိယတွဲကိုမူကား သူ အနိစ္စရောက်ပြီးနောက် ၂ နှစ်အကြာ၊ ၁၈၈၅ ခုနှစ်တွင်မှ ထုတ်ဝေခဲ့ရသည်။ ကားလ်မာ့(ခ်) သည် သူ့ဘဝနောက်ဆုံးပိုင်း၌ အင်္ဂလန်ပြည်တွင်နေထိုင်ရင်း စာပေ များကို ပြုစုနေခဲ့သည်။

ထိုသို့နေထိုင်စဉ်က ဆင်းရဲဒုက္ခမျိုးစုံနှင့် ရင်ဆိုင်ခဲ့ရသော်လည်း တစ်နေ့တွင် ဆိုရှယ်လစ်တော်လှန်ရေးကြီး ဖြစ်ရမည်ဟူသော မြော် လင့်ချက်ကြီးကိုသာ အမြဲရင်ဝယ်ပိုက်ထားခဲ့သူဖြစ်သည်။

သူသည် ၁၈၈၃ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် သူ၏အရင်းကျမ်း ဒုတိယတွဲကို ရေးသားရင်း အနိစ္စရောက်ခဲ့ရသည်ဟု ဆိုသည်။

ကားလ်မာ့(ခ်)သည် အင်္ဂလန်ပြည်သို့ ရောက်ရှိပြီးသည့်နောက် မိမိ ကိုယ်ကို မိမိ ကွန်မြူနစ်၊ ရုပ်ဝါဒီဟု စတင်ကြေညာ။

---

၁။ The Manifesto of the Communist Party.

http://www.linhtet.com



မာ့(ခ်)၏ အတွေးအခေါ်စတင်ရာ ဟေဂဲလ်၏ ဖီလိုဆိုဖီဖြစ်သည်ဟု ဆိုရမည်။ သို့ရာတွင် ဟေဂဲလ်၏ 'ဒိုင်ယာလက်တစ်' (ဆန့်ကျင်ဖြစ်ထွန်းကြောင်းတရား)မှာ နာမ်ဝါဒသက်သက်ဖြစ်၏။ ကားလ်မာ့(ခ်)သည် ဟေဂဲလ်၏ 'ဒိုင်ယာလက်တစ်'ကို လက်ခံယူသော်လည်း ထိုဒိုင်ယာလက်တစ် အခြေခံပေါ်တွင် 'မတီးရီးရယ်လဇ္ဇင်း'ခေါ် ရုပ်ဝါဒကို တည်ဆောက်ခဲ့၏။

ထို့ကြောင့် သူ၏ဝါဒကို Dialectical Materialism ဟုခေါ်သည်။ ကျွန်ုပ်တို့နိုင်ငံတွင်ကား ထိုဝါဒကို 'အနုပဋိလောမ ရုပ်ဝါဒ'ဟု ခေါ်ကြသည်။ ရုပ်ဝါဒကိုကား မာ့(ခ်)သည် ဖော်ဝါဘတ်ထံမှ ရရှိသည်။ သို့ရာတွင် ကားမာ့(ခ်)၏ 'အနုပဋိလောမ ရုပ်ဝါဒ'ကား ဟေဂဲလ်၏ အတွေးအခေါ်နှင့်လည်းမတူ၊ ဖော်ဝါဘတ်၏ ရုပ်ဝါဒနှင့်လည်းမတူချေ။ ကားလ်မာ့(ခ်)၏ အခြေခံဝါဒများကို ပေါင်းရုံး၍ 'မာ့(ခ်)ဝါဒ'ဟု ခေါ်သည်။ ထို မာ့(ခ်)ဝါဒ၏ မူလသဘောတရားမျှကိုသာ စနစ်တကျ သိနားလည်ရေးအတွက် ဤစာအုပ်တွင် တင်ပြရတော့မည်။

ကားလ်မာ့(ခ်)သည် ဆိုရှယ်လစ်ဝါဒကို သိပ္ပံနည်းကျဝါဒဖြစ်အောင် ကြိုးပမ်းခဲ့သော ပုဂ္ဂိုလ်ကြီးလည်းဖြစ်သည်။

## တန်ဖိုးသဘောတရား

မာ့(ခ်)၏ 'သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ'မှာ စီးပွားရေးစနစ်နှင့် 'သမိုင်းဆိုင်ရာ ဖီလိုဆိုဖီ'[၁] နှစ်ရပ်ကို ပေါင်းစပ်ထားသော သဘောတရားဖြစ်သည်။

ကားလ်မာ့(ခ်)မတိုင်မှ ရှေးအထက်ကျော်ကာလက တန်ဖိုး[၂] သဘောကိုမူ လူများစိစစ်ခဲ့ကြသည်။ ပြင်သစ်ပြည်တွင် ပေါ်ပေါက်ခဲ့သော ဖီဆီရိုကရက်ခေါ်သော သူများက သူတို့၏ လွတ်လပ်စွာ ယှဉ်ပြိုင်ရောင်းဝယ်မှုဝါဒတွင် 'မြေကြီးသည် တန်ဖိုးများ၏ မိခင်၊ တန်ဖိုးများ၏ အချက်အချာ ဖြစ်သည်'ဟု ဆိုခဲ့ကြသည်။ ထိုသူတို့၏ သဘောတရား၌ တန်ဖိုးရှိသော

---

၁။ Philosophy of Ilistory.

၂။ Value.

http://www.linhtet.com



ပစ္စည်းတိုင်း မြေမှဖြစ်၍၊ မြေကိုမှီရသောကြောင့် မြေသည် တန်ဖိုးအရှိဆုံး ဟု ယူဆခဲ့ကြသည်။

သို့ရာတွင် ဂျွန်လော့(က်)သည် သူ၏နိုင်ငံရေးသဘောတရားများတွင် 'အလုပ်'[၁] သည် ဘောဂတန်ဖိုးများ၏ စတင်ရာဖြစ်ကြောင်း။ လူသည် သဘာဝသယံဇာတပစ္စည်းများနှင့် သူ၏ 'အလုပ်'ကို ပေါင်းစပ်ရောမွေလိုက်လျှင် အသုံးကျသောတန်ဖိုး လဲလှယ်ခွင့်တန်ဖိုးများကို ရရှိလာကြောင်း ထုတ်ဖော်ဟောကြားခဲ့သည်။

ရီကာဒိုသည် အရင်းရှင်စနစ်ကို ဆန့်ကျင်ခြင်းမရှိခဲ့သော်လည်း သူက လူသုံးကုန်ပစ္စည်းများ၏တန်ဖိုးကို ဆုံးဖြတ်သောအရာမှာ 'လုပ်အား'ပင် ဖြစ်ကြောင်း။ ကုန်ထုတ်လုပ်မှုမှန်သမျှတွင် လုပ်အားလိုအပ်ကြောင်း သို့ရာတွင် အလုပ်သမားအား မသေရုံ စားရရေးအတွက် လုပ်ခကြေးငွေပေးထားပြီး ကလေးများ မွေးဖွားလာအောင်လုပ်၊ တစ်နေ့ ကလေးများ ကြီးပြင်းလာသောအခါ ထိုအလုပ်သမားများနေရာတွင် လူစားထိုး၍ ခိုင်းစေရန် အရင်းရှင်စနစ်က လုပ်နေကြောင်း ရေးသားခဲ့သည်။

ရီကာဒို၏သဘောတရားတွင် 'တန်ဖိုး'၏ ရင်းမြစ်သည် လုပ်အားဖြစ်ကြောင်း ဖော်ပြထားသည်။ ကျန်အချက်များမှာ များစွာထိရောက်မှု မရှိလှချေ။

သို့ရာတွင် ကားလ်မာ့(ခ်)လက်ထက်သို့ ရောက်သောအခါတွင် အရင်းရှင်စနစ်သည် လူကို လူချင်း မတရားခေါင်းပုံဖြတ်ကာ ခိုင်းစားသောစနစ်ဖြစ်ကြောင်း အတည့်အလင်းကြေညာလိုက်သည်။

ကားမာ့(ခ်)ကလည်း ဘောဂတန်ဖိုးများ၏မိခင်သည် လုပ်အားပင်ဖြစ်ကြောင်း၊ သို့ရာတွင် လူတစ်ဦးတစ်ယောက်၏ ပုဂ္ဂလိကလုပ်အားမဟုတ်မူဘဲ လူနေမှုစနစ်တစ်ရပ်လုံးနှင့် စပ်ဆိုင်သောလုပ်အား (Social Labour) ကို ဆိုလိုကြောင်း ရေးသားခဲ့လေသည်။

လူတစ်ဦးတစ်ယောက်သည် မိမိ၏ လတ်တလောလိုဘအတွက် တစ်စုံတစ်ခုကို ထုတ်လုပ်ပြီးလျှင် သူကိုယ်တိုင် သုံးစွဲလိုက်ခြင်းအားဖြင့် ထိုသူ

---

၁။ Labour.

http://www.linhtet.com



သည် ထုတ်ကုန်ပစ္စည်းကို ဖန်တီးသည်ကား မှန်၏။ သို့ရာတွင် လူသုံး ကုန် (Commodity)ကား မဖြစ်နိုင်ချေဟု မာ့(ခ်)က ဆိုသည်။

ထုတ်ကုန်တစ်ခုကို မိမိကိုယ်တိုင် ထုတ်လုပ်ပြီး မိမိအတွက် အသုံးပြု လိုက်ခြင်းက 'ဘောဂတန်ဖိုး'[၁] ဖြစ်ပေါ်လာခြင်းမရှိနိုင်။ ထိုပစ္စည်းသည် လူသုံးကုန် ဖြစ်လာမှသာ ဘောဂတန်ဖိုး ဖြစ်ပေါ်လာနိုင်သည်။ သို့ရာတွင် မာ့(ခ်)၏ သဘောတရားအရ လူတစ်ဦး လူတစ်စုသည် လိုဘအတွက်သာ လူသုံးကုန်ပစ္စည်းကို ထုတ်လုပ်ခြင်းမပြုအပ်၊ ထိုသူ၏ လုပ်အားသည် လူနေမှုတစ်ရပ်လုံးအတွက် လိုအပ်သော လုပ်အား၏ တစ်စိတ်တစ်ဒေသ ဖြစ်ရမည်။

ဤအချက်ကို နားလည်ရန် ပိုမိုသိလွယ်သော ဥပမာတစ်ခုကို တင်ပြ ပါမည်။

ထင်းရှူးပင်ကြီးတစ်ပင်သည် လူသူမနီးသည့် တောကြီးအတွင်း၌ ပေါက်ရောက်နေသည်ဆိုပါအံ့။ ထိုသစ်ပင်သည် လူသုံးကုန်မဖြစ်၊ တစ်စုံ တစ်ရာတန်ဖိုးလည်း ရှိမည်မဟုတ်ချေ။ သို့ရာတွင် ထိုသစ်ပင်အား သစ် ခုတ်သမား၏ လွှတစ်ချက်တင်မိသည်မှအစ ခုတ်ထစ်၍ မြစ်ဆိပ်အရောက် ပို့ကာ လွှစင်တင်ပြီးနောက် လက်သမား၏လက်တွင် ပြောင်လက်သော လူသုံးကုန် (စားပွဲ၊ ကုလားထိုင်) ဖြစ်လာငြားအံ့။ ထိုအခါ သုံးကုန်တန်ဖိုး ဘောဂတန်ဖိုးသည် ဖြစ်လာရသည်။ အမှန်မှာ လူ၏လုပ်အားစိုက်ထုတ်မှု ကြောင့် တန်ဖိုးဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း မှတ်အပ်ပေသည်။

အရင်းရှင်စနစ်တွင်ကား လူတန်ဖိုးသော်လည်းကောင်း၊ ပစ္စည်းတန်ဖိုး သော်လည်းကောင်း၊ လုပ်အားအပေါ်တွင်မတည်ဘဲ ငွေရင်းစိုက်ထုတ်မှုပေါ်တွင် တည်ထားခဲ့လေသည်။ အရင်းရှင်စနစ်တွင် အလုပ်သမားများမှာ ပစ္စည်း (ကုန်ပစ္စည်းနှင့် ကုန်ထုတ်ကိရိယာ) တစ်စုံတစ်ရာ ပိုင်ဆိုင်ခွင့် မရှိချေ။ ကုန်ပစ္စည်းနှင့် ကုန်ထုတ်ကိရိယာ၊ စူး ဆောက်တန်ဆာပလာမှန်သမျှကို အရင်းရှင်က ပိုင်ဆိုင်ပြီးလျှင် လူ၏တန်ဖိုးအရှိဆုံးသော 'လုပ်အား'ကို ငှားရမ်းယူသည့်သဘောဖြင့် အငှားချသည်။ အလုပ်သမားအား အလုပ်ရှင်

---

၁။ Excnangavle Value Commodity.

http://www.linhtet.com



က တစ်နေ့လျှင် ၁၀ နာရီ ၁၂ နာရီစသဖြင့် အလုပ်လုပ်ရန် ငှားရမ်းခိုင်းစေသည်။

ခပ်ကြမ်းကြမ်း သိလွယ်အောင် ရေးပြရမည်ဆိုလျှင် ဆိုကြပါစို့၊ အရင်းရှင်က အလုပ်သမားကို ငှားရမ်းခိုင်းစေရာ၌ လုပ်ခပေးနေသားပဲဟု ဆိုစရာရှိသည်။

မှန်သည်။ အလုပ်သမားသည် တစ်နေ့လျှင် ၇ နာရီအလုပ်လုပ်ပါက သူ၏အိမ်ထောင်စုအတွက် လုံလောက်သော စားဝတ်နေရေး ရရှိနိုင်သည်။ (တစ်နေ့ ၃ နာရီလောက်သာလုပ်ပြီး လုံလောက်နေသူများ ရှိနေသေးသောကြောင့် ဖြစ်သည်။)

သို့ ရရှိနိုင်ပါလျက် ၇ နာရီ တင်းပြည့်ကျပ်ပြည့် အလုပ်လုပ်ပြီးလျှင် အရင်းရှင်သည် အလုပ်သမားအား အိမ်ပြန်ခွင့်ပြုပါသလား။ မပြုချေ။ အချိန် ၃ နာရီ ပိုလုပ်စေသေး၏။ လုပ်ခပေးသောအခါ၌ကား ၇ နာရီအတွက်သာပေးလေသည်။ သို့ဖြင့် ၃ နာရီအတွက် လုပ်အားကို အရင်းရှင်သည် အလုပ်သမားများအား မတရားခိုင်းစားရယူသည်။ ဤသည်ကိုပင် ခေါင်းပုံဖြတ်သည်ဟု ကျွန်ုပ်တို့ဆိုကြသည်။

ဤလုပ်အားအတွက် ရအပ်သော တန်ဖိုးကိုကား ကားလ်မာ့(ခ်)က 'အစွန်းထွက်တန်ဖိုး'ဟု ခေါ်လေသည်။

(အစွန်းထွက်တန်ဖိုးသဘောတရားတွင် အကျယ်ရေးသားပေအံ့)

ထိုကြောင့် အရင်းရှင်သည် အလုပ်သမားများ၏ တန်ဖိုးရှိသော လုပ်အားတည်းဟူသော သွေးကိုစုတ်ကာ တစ်နေ့ထက်တစ်နေ့ ကြီးပွားကြသည်။

စင်စစ် ဤစနစ်မှာ လူကို လူချင်း ခိုင်းစားသော စီးပွားရေးစနစ်ဆိုးပေတည်း။

သို့ရာတွင် ကားလ်မာ့(ခ်)က အရင်းရှင်လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား လက်ညှိုးမထိုးသင့်ကြောင်း၊ အရင်းရှင်တစ်ဦးသည် ဘုရားတရားနှင့်သော်လည်းကောင်း၊ လူ့ကျင့်ဝတ်နှင့်အညီသော်လည်းကောင်း မျှတစွာကျင့်သုံးအပ်သော သင်္ဂဟာစ ပေးကမ်းစွန့်ကြဲမှု၌သော်လည်းကောင်း မြဲမြံစွာ ကျင့်လျက်ရှိကြသည်လည်းရှိသည်။

http://www.linhtet.com



စင်စစ် အရင်းရှင် မောင်ဖြူ၊ မောင်နီ မကောင်းဘူးဟူ၍ ပြောရန် မလိုပေ။ မောင်ဖြူ၊ မောင်နီသည် လူပုဂ္ဂိုလ်အနေနှင့် ကောင်း၏။ သို့ရာတွင် အရင်းရှင်စနစ်ကြီးကသာ မကောင်းခြင်းဖြစ်သည်ကို မှတ်အပ်ပေသည်။

## အစွန်းထွက်တန်ဖိုးသဘောတရား

လူတစ်ဦးသည် တစ်နေ့တာ စား ဝတ် နေရေးတွင် လိုအပ်ချက်များအတွက် ပျမ်းမျှအလုပ်ချိန် ၆ နာရီ လုပ်ရသည်ဆိုပါအံ့။ ထိုလူသား၏ အလုပ်ချိန် ၆ နာရီ လုပ်ခြင်းသည် ငွေတန်ဖိုးအားဖြင့် ၄ ကျပ်တန်သည်ဆိုပါအံ့။ သို့ဆိုလျှင် ငွေ ၄ ကျပ်သည် ထိုလူ၏ 'လုပ်အား'အတွက် တစ်နေ့တန်ဖိုးဖြစ်သည်။ အကယ်၍ ထိုလူသည် တစ်နေ့ ၆ နာရီ အလုပ်လုပ်လျှင် ထိုလူ၏ တစ်နေ့လိုအပ်သော စားသောက်နေထိုင်နိုင်ရေးအတွက် ဝယ်ယူသုံးစွဲရန် လုံလောက်သော တန်ဖိုးကို ရရှိသည်ဟုဆိုရပေမည်။

သို့ရာတွင် ထိုလူသားသည် အခစား(နေ့တွက်) အလုပ်သမားဖြစ်ရကား သူ၏လုပ်အားကို အရင်းရှင်အား တန်ရာတန်ဖိုးနှင့် ရောင်းစားနေရသူ ဖြစ်သည်။

လုပ်သားတစ်ဦးသည် ချည်စက်အလုပ်သမားတစ်ဦး ဆိုကြပါစို့။ အကယ်၍ ထိုအလုပ်သမားသည် တစ်နေ့လျှင် ၆ နာရီ အလုပ်လုပ်ပါက သူသည် အထည်၏တန်ဖိုး၌ တစ်နေ့လျှင် ၄ ကျပ်ကျ တန်ဖိုးပေးနေခြင်းဖြစ်သည်။ ဤတန်ဖိုးသည် သူတစ်နေ့တာ လုပ်အားအတွက် ရရှိသည့် အဖိုးအခငွေနှင့် အတူတူပင်ဖြစ်သည်။

ထို့ကြောင့် ဤကိစ္စမျိုးတွင် အစွန်းထွက်တန်ဖိုးလည်းမရှိ။ အရင်းရှင်အိတ်တွင်းသို့ရောက်သော အစွန်းထွက်ကုန်ထုတ်မှုလည်း မရှိချေ။ အလုပ်သမား၏လုပ်အားကို သင့်ရာတန်ဖိုးပေး၍ ဝယ်ယူခြင်းသည် ကျွန်ုပ်တို့ နေ့စဉ်ကုန်ပစ္စည်းဝယ်ယူစားသုံးသကဲ့သို့ ဖြစ်ရကား အရင်းရှင်တွင် အပြစ်မရှိချေ။ ထိုသို့ ဝယ်ယူသုံးစွဲရန် အရင်းရှင်၌ အခွင့်အရေးရှိသည်။

တစ်နည်းအားဖြင့်ဆိုလျှင် အလုပ်သမား၏လုပ်အားကို ဝယ်ပြီးအလုပ်လုပ်ခိုင်းခြင်းသည် စက်တစ်ခုကို လိုသည့်ကုန်ချောရအောင် မောင်းနှင်သကဲ့သို့ပင်ဖြစ်သည်။ ထို့ကြောင့် အရင်းရှင်မှာလည်း အလုပ်သမားအား

http://www.linhtet.com



နေ့စားလုပ်ခပေး၍ နေ့၌ဖြစ်စေ၊ ညဉ့်၌ဖြစ်စေ၊ အလုပ်လုပ်ခိုင်းပိုင်ခွင့်လည်း ရှိသည်။ သို့သော် အလုပ်ချိန်မှာ အကန့်အသတ်ရှိရမည်။

သို့ဆိုလျှင် အရင်းရှင်စနစ်သည် အဘယ့်ကြောင့် မကောင်းဖြစ်ရသနည်း။

လုပ်အားတန်ဖိုးကို သူ၏ရှိသမျှအင်အားနှင့် စိုက်ထုတ်မှုအရ ဆုံးဖြတ်ရပေမည်။ ဆိုလိုသည်မှာ လုပ်နိုင်သလောက် လုပ်ခြင်းပင်ဖြစ်သည်။

ဥပမာ အထက်ပါချည်စက် အလုပ်သမား၏ လုပ်အားတန်ဖိုးသည် သူတစ်နေ့တာတွင် ၆ နာရီ အလုပ်လုပ်သဖြင့် တန်သော ၄ ကျပ်သော အသပြာဖြစ်သည်။ သို့သော် အလုပ်သမားသည် တစ်နေ့တွင် ၆ နာရီထက်ပို၍ ၁၀ နာရီအထိ အလုပ်လုပ်နိုင်သေးလျှင် ထိုအလုပ်ချိန်မှလုပ်အားကို အရင်းရှင်သည် ဝယ်ယူပိုင်ခွင့်ရှိသေး၏။

သို့ရာတွင် ထိုပိုသောအချိန်အတွက် ထိုက်သင့်သည့်တန်ဖိုးကို ပေးရမည်။ ထို ၆ နာရီထက်ပိုသော အလုပ်ချိန်ကို အစွန်းထွက်လုပ်အားဟု ခေါ်ရပေမည်။ ထိုအစွန်းထွက်လုပ်အားသည် စင်စစ် တန်ဖိုးဖြစ်သောကြောင့် အစွန်းထွက်တန်ဖိုးဖြစ်သည်။ ထိုအစွန်းထွက်လုပ်အားအတွက် အစွန်းထွက်တန်ဖိုးကို အလုပ်သမားကပေးလျှင် အချိုးကျလုပ်ခငွေကို ရရပေမည်။

အကယ်၍ အလုပ်သမားသည် ၆ နာရီ လုပ်ချိန်အတွက် ၄ ကျပ်ငွေကို ရရှိသည့်အပြင် အစွန်းထွက်လုပ်အားကိုလည်း တစ်နေ့ ၆ နာရီဖြစ်စေ၊ တစ်ပတ်လုံးအတွက် အချိုးကျဖြစ်စေ ပေးလျှင် သူသည် နေ့စဉ်လုပ်ခအပြင် တစ်နေ့အတွက် သို့မဟုတ် တစ်ပတ်အတွက် အစွန်းထွက်တန်ဖိုးငွေကိုပါ ရသင့်၏။

သို့သော် အစွန်းထွက်တန်ဖိုးကိုကား အရင်းရှင်သည် အလုပ်သမားအိတ်ထဲသို့ ထည့်မပေးဘဲ၊ မိမိအိတ်တွင်းသို့သာ သွင်းလိုက်သည်။ ထိုခေါင်းပုံဖြတ်စနစ်ကြောင့် အရင်းရှင်စနစ်တွင် အလုပ်သမားသည် ထာဝစဉ်အခိုင်းခံ အလုပ်သမားသာဖြစ်ရပြီး အရင်းရှင်လည်း အစဉ် အရင်းရှင်ကြီးဖြစ်နေတော့သည်။

အစွန်းထွက်တန်ဖိုးနှုန်းမှာ အလုပ်သမား၏ နေ့စဉ်အလုပ်ချိန်နှင့်

http://www.linhtet.com



လုပ်ခအပြင် ပို၍လုပ်သော အစွန်းထွက်အချိန်နှင့် အစွန်းထွက်လုပ်အား နှစ်ခုပေါင်း၏ တန်ဖိုးဖြစ်သည်။

လူသုံးကုန်ပစ္စည်းတစ်ခု၏ တန်ဖိုးမှာ ထိုပစ္စည်းအတွက် ပါဝင်စိုက်ထုတ်ခဲ့ရသော လုပ်အား အရပ်ရပ်ပင်ဖြစ်သည်။

ထိုပစ္စည်းတန်ဖိုး၏ တစ်ပိုင်းတစ်စမှ အလုပ်သမားအား ပေးရသည့် လုပ်ခအရ အသိအမှတ်ပြုရသည်။ ထို့ကြောင့် ကုန်ပစ္စည်းတန်ဖိုးသည် အခပေးလုပ်အားက တစ်ဝက်၊ အခမဲ့လုပ်အားက တစ်ဝက်ပါဝင်သည်။ သို့သော် ထိုပစ္စည်းကို အရပ်ရပ်လုပ်အားတန်ဖိုးကို တွက်ဆရောင်းချခြင်းဖြင့် အရင်းရှင်က မှန်းထားသောအမြတ်အစွန်းကို ရရှိသည်။

အရင်းရှင်သည် ပစ္စည်းပေါ်တွင် ပေးထားပြီးသော ညီမျှသည့်လုပ်အား တန်ဖိုးဖြင့်သာ ရောင်းချခြင်းမဟုတ်ဘဲ သူ့ထံမှ တစ်စုံတစ်ရာ စိုက်ထုတ်ပေးရခြင်းမရှိသော လုပ်အားတန်ဖိုးပါတွက်၍ အမြတ်တင်ရောင်းချခြင်းဖြစ်သည်။

စင်စစ် သူစိုက်ထုတ်မပေးသော လုပ်အားတန်ဖိုးမှာ အလုပ်သမား၏ လုပ်အားတန်ဖိုးမျှသာဖြစ်သည်။ ဤအချက်ကို ထောက်ရှုကြည့်လျှင် ပစ္စည်း၏တန်ဖိုး အစစ်အမှန်နှင့် အရင်းရှင်က သတ်မှတ်သောတန်ဖိုးချင်း ခြားနားကြောင်း တွေ့ရပေမည်။

ဤနည်းဖြင့် အရင်းရှင်သည် အဖက်ဖက်က ခေါင်းပုံဖြတ်စားနေသည်ကို တွေ့ရသည်။ ဤကား အစွန်းထွက်တန်ဖိုးသဘောတရား အမြွက်မျှသာ ဖြစ်သည်။

## အနုပဋိလောမ ရုပ်ဝါဒ

'အနုပဋိလောမ ရုပ်ဝါဒ'ဆိုသောစကား၌ အနုပဋိလောမ (ဒိုင်ယာလက်တစ်)ကတစ်ပိုင်း၊ ရုပ်ဝါဒက တစ်ပိုင်းပါဝင်ပေါင်းစပ်နေသည်ကို အခြေခံအားဖြင့် သိအပ်ပေသည်။

အနုပဋိလောမ (ဆန့်ကျင်ဖြစ်ထွန်းကြောင်းတရား) အကြောင်းကိုမူ ပလေတို၏ သဘောတရားများတွင်လည်းကောင်း၊ ဟေဂဲလ်၏ သဘော

http://www.linhtet.com



တရားများတွင်လည်းကောင်း ဖော်ပြခဲ့ပြီးဖြစ်၍ နောက်ထပ် ရေးသားရန် လိုတော့မည် မထင်ပေ။

အနုပဋိလောမ (ဆန့်ကျင်ဖြစ်ထွန်းကြောင်းတရား)၌ မူလ ပဋိပက္ခ တို့ ပါဝင်ပေါင်းစပ်လျက်ရှိပေရာ ဤတရားသည် ဆန့်ကျင်ဘက်သဘောကို အမြဲဆောင်လျက်ရှိသည်မှာ ဓမ္မတာပင်ဖြစ်သည်။

ထို့ကြောင့် ဤတရားသည် အမြဲလှုပ်ရှားပြောင်းလဲတိုးတက်နေသော တရားလည်းဖြစ်သည်။ သိမှုဆိုင်ရာ သဘောတရားရှုထောင့်မှကြည့်လျှင် ဤတရား၌ အသိပညာသည် သိမှုဖြစ်စဉ်[၁] သဘောမှ ထွက်ပေါ်လာသည်ဟု မှတ်ယူသည်။

ရုပ်ဝါဒ၏ အခြေခံမှာ လောက၏ ထာဝရအမှန်တရားသည် နာမ် (စိတ်) သဘောမဟုတ်၊ ရုပ်သဘောသာဖြစ်သည်။ ကားလ်မာ့(ခ်)၏အလို အရ ရုပ်သည် ပဓာနဖြစ်သော်လည်း စိတ်မရှိဟု၍ကား မဆိုချေ။

စိတ်ပိုင်းနှင့် ရုပ်ပိုင်းတွင် ရုပ်ပိုင်းသည် ပဓာနပိုင်းဖြစ်၍ အခြေခံ အကြောင်းတရားဖြစ်၏။ စိတ်သည် ရုပ်ကိုတည်မှီ၍သာဖြစ်ရသည်။ ထို့ကြောင့် စိတ်သည် အခြေခံအကြောင်းတရားမဟုတ်ဟု ဆိုလိုသည်။ တစ်နည်းအားဖြင့် စိတ်သည် ရုပ်နှင့်ကင်းလွတ်၍ တစ်သီးတစ်သန့် တည်နေခြင်း မရှိ။

ရုပ်ဝါဒသဘောတရားအရ အသိတရားသည်လည်း ရုပ်ဝတ္ထုဖွဲ့စည်းမှု မှ ပေါက်ပွားလာခြင်းသာဖြစ်သည်။ ရုပ်မှတ်သိမှုနှင့် သတိဖြစ်ပေါ်မှုသည် ရုပ်ဝတ္ထုအချင်းချင်း ဆက်ဆံမှုမှ ပေါ်ပေါက်လာသည်။ ထို့ကြောင့် ရုပ်သာ လျှင် အခြေခံပဓာနဖြစ်ပြီး ဉာဏ်သည် ရုပ်၌တည်သော သာမညတရားသာ ဖြစ်၏။ စင်စစ် စိတ်၌ အသိဉာဏ်ဖြစ်ပေါ်လာခြင်းသည် ဦးနှောက်၏ လှုပ်ရှားမှုတစ်ရပ်ပင်ဖြစ်သည်။

ရုပ်ပိုင်းဆိုင်ရာ ဖွဲ့စည်းဖြစ်ပေါ်မှုတွင် အနုပဋိလောမ ရုပ်ဝါဒအရ အခြေခံမှု ၃ ရပ်ရှိသည်။ ထိုရုပ်ပိုင်းဖွဲ့စည်းဖြစ်ပေါ်မှု၏ အခြေခံမှုများမှာ

(၁) ဆန့်ကျင်ဘက်သဘောတို့၏ ဆက်ဆံပြောင်းလဲမှုသဘောတရား၊

(၂) အရေအတွက်မှ အရည်အချင်း ဖြစ်ပေါ်မှုသဘောတရားနှင့်

---

၁။ Process of Knowing.

http://www.linhtet.com



(၃) ပဋိပက္ခ၏ ပဋိပက္ခနိယာမ သဘောတရားများဖြစ်သည်။

အနုပဋိလောမ သဘောတရားသည် စီးပွားရေးအပေါ်တွင် အခြေစိုက်သည်။ လူနေမှုစနစ်တစ်ရပ်လုံးတွင် စီးပွားရေးသည် အခြေခံအကြောင်းတရားဖြစ်၍ ကျန်အကြောင်းများမှာ စီးပွားရေးအခြေခံပေါ်မှ ပေါက်ပွားလာရခြင်းဖြစ်သည်။

လူနေမှုစနစ်တစ်ရပ်သည် အဆောက်အဦကြီးတစ်ခုနှင့်တူ၍ ထိုအဆောက်အဦး၏အုတ်မြစ်မှာ စီးပွားရေးဖြစ်သည်။ ထို့ကြောင့် ထိုအဆောက်အဦး၏ ပုံသဏ္ဌာန်မှာ အုတ်မြစ်၏ပုံသဏ္ဌာန်နှင့် ကိုက်ညီသော ပုံစံသာဖြစ်ရမည်။ ထိုနည်းတူစွာ လူနေမှုစနစ်ကြီးတစ်ရပ်လုံး၏ ပုံသဏ္ဌာန်အသွင်အပြင်သည် ထိုလူနေမှုအဆောက်အအုံကြီးက လက်ခံထားသော စီးပွားရေးစနစ်၏ ပုံသဏ္ဌာန်အတိုင်းသာဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ကားလ်မာ့(ခ်)က 'ကုန်ထုတ်လုပ်မှုပုံသဏ္ဌာန်နှင့် ရုပ်ဝတ္ထုစွမ်းအားစုများ၏ တည်နေပုံက လူမှုရေးစနစ်ကို ပုံပြင်ဖန်တီးလျက်ရှိသည်သာမက နိုင်ငံရေး၊ ပညာရေး၊ တွေးခေါ်မှုအားလုံးကိုလည်း ပုံပြင်ဖန်တီးနေသည်။ လူ၏ ဘဝရပ်တည်နေပုံကို ထိုလူ၏အသိဉာဏ်က ဖန်တီးပုံပြင်သည်မဟုတ်။ ထိုသူ၏ လူနေမှုစနစ်တည်နေပုံက ဖန်တီးခြင်းသာဖြစ်သည်'ဟု ဆိုသည်။

နားလည်လွယ်စေရန် ဖော်ပြရမည်ဆိုပါမူ–

လူတစ်ယောက်သည် ဤသို့ဤပုံ ပြုမူစားသောက် နေထိုင်ကျင့်ကြံသည်စိုပါစို့။ ထိုသူ ရပ်တည်နေခြင်းမှာ သူနေထိုင်သော လူနေမှုစနစ်က သူ့ကို ဤသို့ ဤပုံ နေထိုင်အောင် ဖန်တီးနေသည့်အတွက် ဖြစ်လေသည်။ စင်စစ် ထိုသူ၏အသိဉာဏ် စေစားမှုဖြင့် ထိုသို့နေခြင်းကား မဟုတ်ချေ။ မြန်မာနိုင်ငံ၌ စာရေးလုတန်းစား၏ နေထိုင်ပုံက မောင်ဖြူစာရေးဖြစ်လာသောအခါ သူ့အား ထိုပုံကိုရောက်အောင် ပုံပြင်ဖန်တီးလိုက်မည်သာဖြစ်၏။

မြန်မာနိုင်ငံမှာ စာရေး စာချီများ ဘဝရပ်တည်ပုံကို လူတိုင်းသိသည်။ သူတို့မှာ ကြွေးနှင့်မကင်းကြသူများဖြစ်သည်။ သူတို့အား ထိုသို့ရပ်တည်နေရအောင် မည်သည့်အချက်က ဖန်တီးနေသနည်း။

http://www.linhtet.com



အလွယ်ဆုံးဆိုရလျှင် မြန်မာနိုင်ငံတွင် လက်ခံကျင့်သုံးခဲ့သော အရင်းရှင် စီးပွားရေးစနစ် ကုန်ထုတ်လုပ်မှုပုံသဏ္ဌာန်က ဖန်တီးနေခြင်းဖြစ်သည်မှာ ထင်ရှားလှလေသည်။

ဟေဂဲလ်၏ သဘောတရားဖြစ်သော 'လူနေမှုစနစ်များသည် တစ်ခုနှင့်တစ်ခု မတူ။ အသွင်သဏ္ဌာန်တစ်မျိုးစီနှင့် တစ်သီးတစ်သန့်ရှိနေကြ၏။ ထိုစနစ်အသီးသီး၏ သရုပ်သဏ္ဌာန်မှာ သူတို့၏ ယဉ်ကျေးမှုအဆောက်အအုံအရ ပေါ်လွင်ထင်ရှားလျက်ရှိကြသည်' ဆိုသောအချက်ကို မာ့(ခ)က လက်ခံသော်လည်း ထိုသို့ကွဲပြားခြားနားနေခြင်းမှာ စီးပွားရေးစနစ် အခြေခံချင်း ခြားနားမှုကြောင့်ဖြစ်သည်ဟု ဖော်ပြခဲ့လေသည်။

မာ့(ခ်)က လူနေမှုစနစ်ဟောင်းတစ်ရပ်သည် ကုန်ထုတ်စွမ်းအားစုများကို ကျယ်ပြန့်အောင် မဖန်တီးနိုင်သေးသရွေ့ ဖျောက်ဖျက်ပစ်ရန် မဖြစ်နိုင်ချေ။

ထိုနည်းတူစွာ ပိုမိုအဆင့်အတန်းမြင့်သော ကုန်လုပ်ဆက်ဆံရေးတစ်ခုသည်လည်း ရုပ်ဝတ္ထုဖွဲ့စည်းမှု အခြေအနေတစ်ရပ်လုံး လက်ရှိလူနေမှုစနစ်ဟောင်းအတွင်း၌ပင် ရင့်ကျက်မလာမချင်း ပေါ်ပေါက်လာနိုင်ခြင်းမရှိချေ' ဟု ဖော်ပြခဲ့၏။ ဤကား အနုပဋိလောမ၏ အခြေခံအချက်အလက်များဖြစ်သည်။

## လူ့တန်းစားတိုက်ပွဲ

ဟေဂဲလ်၏ သဘောတရားမှ 'လိုဘကို သိမှုသည် လွတ်လပ်ခြင်းမည်၏'ဆိုသော သဘောတရားကို ကားလ်မာ့(ခ်) လက်ခံခဲ့လေသည်။ ဆိုလိုသည်မှာ သမိုင်းဆိုင်ရာဖြစ်ထွန်းတိုးတက်ခြင်း၏ ဥပဒေသများကို ကျွန်ုပ်တို့နားလည်သည်နှင့်တစ်ပြိုင်နက် လူ့သမိုင်းကို မည်သို့ပြောင်းလဲရမည်ကိုပါ ကျွန်ုပ်တို့နားလည်နိုင်သည်။ ထို့ကြောင့် မာ့(ခ်)ဝါဒသည် လေ့နံ့ဓားထစ်တရားသေဝါဒမဟုတ်ကြောင်း သိနိုင်သည်။ လူသားတို့၏ မျှော်မှန်းချက်သို့ရောက်အောင် ချီတက်သည်ဆိုရာ၌ လူသားသည် ထိုတိုက်ပွဲအတွက် အထောက်အကူပြုနိုင်သလို အနှောင့်အယှက်လည်း ပေးနိုင်သည်။

လူသားသည် တစ်ခါတစ်ရံ၌ မိမိ၏လတ်တလော လိုဘအတွက် ရန်းကန်တိုက်ခိုက်ကြရသည်။ ဥပမာ သပိတ်မှောက်၍ လုပ်ခတိုးပေးရန်

http://www.linhtet.com



တောင်းဆိုမှုမျိုးဖြစ်သည်။ မာ့(ခ်)သည် ဤသဘောတရားကို ချဲ့ထွင်၍ မျက်မှောက်ပြဿနာကို အခြေစိုက်ပြီးလျှင် အနာဂတ်အတွက် သက်သေခံ ချက်ရှိသည်။ လူတန်းစားတိုက်ပွဲအသွင်ကို ဖော်ပြခဲ့သည်။

မာ့(ခ်)မတိုင်မီကပင် အချို့သောတွေးခေါ်ရှင်များက လူတန်းစား အချင်းချင်း ပဋိပက္ခမှုများတွင် ဆိုင်ရာဆိုင်ရာ လိုဘများရှိကြောင်း ဖော်ပြခဲ့ ကြသည်။ မာ့(ခ်)ကမူ ထိုပဋိပက္ခ (ဝါ) လူတန်းစားတိုက်ပွဲ၏ ဥပဒေသမှာ စစ်ပွဲဖြစ်သည်ဟု ဆိုသည်။

စင်စစ် လူတန်းစားတိုက်ပွဲသည် အစွန်းထွက်တန်ဖိုးကို ဖန်တီးသော ခိုင်းစားခံရသူ လူတန်းစားနှင့် ထိုအစွန်းထွက်တန်ဖိုးကို ခံစားသူ ခိုင်းစား သူလူတန်းစားအတွင်း ပဋိပက္ခဖြစ်သည်။

ကားလ်မာ့(ခ်)က သူ၏ ကွန်မြူနစ်ကြေညာစာတမ်းတွင်

> "သမိုင်းဆိုသည်မှာ ခေတ်အလိုက် တည်ရှိနေသော လူနေမှု တစ်ရပ်အတွင်း လူတန်းစားတိုက်ပွဲများအကြောင်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ဖိနှိပ်သူ လူတန်းစားနှင့် အဖိနှိပ်ခံလူတန်းစား၏ တိုက်ပွဲအကြောင်းများသည် သမိုင်းဟုဆိုရမည်"

တော်လှန်ပြောင်းလဲရေးဆိုရာ၌ မာ့(ခ်)က ရုပ်ပိုင်းဆိုင်ရာ စီးပွားရေး စနစ်၊ တော်လှန်ပြောင်းလဲရေးနှင့် သဘောတရားရေးဆိုင်ရာ အယူအဆ ပြောင်းလဲရေးကို ခွဲခြားသိမြင်ရမည်ဟုလည်း ဖော်ပြခဲ့သည်။ သို့မှသာ ဓနရှင် ပစ္စည်းရှင် လူတန်းစားများက ဥပဒေအရ ချေပလျှင် ပစ္စည်းမဲ့များက မိမိတို့၏ လူ့တန်ဖိုးနှင့် အခွင့်အရေးဘက်မှ တန်ပြန်ချေပနိုင်ပေလိမ့်မည်။

http://www.linhtet.com

# အခန်း (၁၆)
# နှစ်ဆယ်ရာစု အတွေးအခေါ်ခေတ်

ကမ္ဘာ့တွေးခေါ်မှုသမိုင်း၌ မှတ်တိုင်အမျိုးမျိုးကို ကျော်ဖြတ်ခဲ့ကြပြီ။ ရှေးက တွေးခေါ်ရှင်များသည် စကြာဝဠာတစ်ခုလုံးနှင့် စပ်ဆိုင်သော လောက ထာဝရ အမှန်တရားကြီးအကြောင်းကို တွေးတောကြံဆခဲ့ကြသည်။ ဖီလိုဆိုဖီ၏ နယ်ပယ် အကျယ်အဝန်းမှာလည်း စကြာဝဠာတစ်ခုလုံးနှင့်အမျှ ဖြစ်သည်။ အတွေးအခေါ်ဆိုင်ရာ စနစ်ကြီးများကို ထူထောင်ခဲ့ကြသည်။

၂၀ ရာစုခေတ်အတွင်းသို့ ရောက်သောအခါ အတွေးအခေါ် ပုံသဏ္ဍာန် ပြောင်းလဲသွားသည်။ ဖီလိုဆိုဖီသည် လောကအမြင်ကြီးတစ်ရပ်ဖြစ်သည်ဆိုသော အထင်အမြင်မျိုးများ ပပျောက်လာသည်။ ယခု ကျွန်ုပ်တို့နားလည်သော ဖီလိုဆိုဖီသည် စကား၏အနက်အဓိပ္ပာယ်မှာ မည်သည့်အရာကိုမဆို စနစ်တကျ အနုလုံ ပဋိလုံ စိတ်ဖြာ ဝေဖန် စူစမ်းလေ့လာမှုသာဖြစ်၏။

ဖီလိုဆိုဖီသည် လောကကြီးတစ်ခုလုံးကို ခြုံကြည့်သောအမြင်ဘဝမှ လျှော့ကျကာ၊ အတွေးအခေါ်ဆိုင်ရာ ပြဿနာများကို အနုစိတ်လေ့လာသော ပညာဖြစ်လာသည်။

ရှေ့က တွေးခေါ်ရှင်များ၏ အတွေးအခေါ်များတွင် သိမှုဆိုင်ရာသဘော တရားများသည် တစ်ခုနှင့်တစ်ခု မတူသည်ကို တွေ့ခဲ့ကြရသည်။ ဤ ကျွန်ုပ်တို့ အတွေးအခေါ်ခေတ်သို့ရောက်သောအခါ သိမှုဆိုင်ရာ သဘော တရားမှာ ပြဿနာကြီးတစ်ခုဖြစ်လျက်ရှိသည်ကို တွေ့လာရသည်။ ထို့ကြောင့် ထိုပြဿနာကို ဖီလိုဆိုဖီခေါ် အတွေးအခေါ်သက်သက်ဖြင့် အနုစိတ် ဝေဖန်သုံးသပ်လာ၏။ ဤသို့ သုံးသပ်ခြင်းသည်ပင်လျှင် ဖီလိုဆိုဖီ၏ အလုပ်ဖြစ်သည်။ ထိုအခါ၌ ဖီလိုဆိုဖီသည် ယခင်ကကဲ့သို့ ရုပ်လွန်တွေး

http://www.linhtet.com



မဟုတ်တော့မူဘဲ ရုပ်လောကအတွင်းမှ ဖြစ်ပျက်ပြုပြင်မှုများကို သိပ္ပံနည်းကျကျ လေ့လာသုံးသပ်ခြင်းတစ်ရပ်သာ ဖြစ်လာလေသည်။ ဖီလိုဆိုဖီသည် ၂၀ ရာစုနှစ်အတွင်း၌ သဘောတရားရေး ရှုပဗေဒနှင့် တက္ကဗေဒနှစ်ရပ် ပေါင်းထားသော ပညာဖြစ်လာသည်။

ဖီလိုဆိုဖီသည် ရုပ်လက္ခဏာများကို စီစစ်ဝေဖန်ရာ၌ တက္ကဗေဒကို လက်နက်သဖွယ် အသုံးပြုထားသည်။ ထို့ကြောင့် တက္ကမှုချဝါဒသမား (Logical Positivist)များက ဖီလိုဆိုဖီသည် ရုပ်လွန်တွေးလည်းမဟုတ်၊ စိတ္တဗေဒလည်းမဟုတ်။ တက္ကဗေဒနည်းဖြင့် အနုလုံ ပဋိလုံ ဝေဖန်စိစစ်သော ပညာသာဖြစ်သည်ဟု အတည့်အလင်းထုတ်ဖော်ခဲ့သည်။

၂၀ ရာစု အတွေးအခေါ်ခေတ်ကို ယခုအခါ အနုလုံ ပဋိလုံ စိတ်ဖြာဝေဖန်ရေးခေတ် (The Age of analysis)ဟု အတွေးအခေါ်သမိုင်းတွင် မှတ်တမ်းတင်ကြသည်။

ဤစာအုပ်ငယ်တွင် နှစ်ဆယ်ရာစုခေတ် အတွေးအခေါ်များအနက် အတွေးအခေါ်ဂိုဏ်းအချို့ကိုသာ အကျဉ်းချုံး၍ လေ့လာရွေးချယ်တင်ပြလိုက်ရပါသည်။

## **မျက်မှောက်ဘဝ ဝါဒ** (EXISTEVTIALISM)

### **ယန်းပေါ်ဆတ်** (Jean-Paul Sarte)

၂၀ ရာစုခေတ် အတွေးအခေါ်များအနက် ပြင်သစ်ပြည်တွင် ပေါ်ပေါက်လှုပ်ရှားခဲ့သော အတွေးအခေါ်ဂိုဏ်းတစ်ခုကို ဦးစွာတင်ပြလိုပေသည်။ ထိုအတွေးအခေါ်ဂိုဏ်းမှာ 'မျက်မှောက်ဘဝဝါဒ' (Esistentialism) ဖြစ်သည်။ မျက်မှောက်ဘဝဝါဒကို လှုပ်ရှားမှုကြီးတစ်ရပ် ဖြစ်လာအောင်အထိ တွေးခေါ်လှုံ့ဆော်ခဲ့သူမှာ ပြင်သစ်တွေးခေါ်ရှင်လည်းဖြစ်၊ စာရေးဆရာကြီးလည်းဖြစ်သော ယန်းပေါ်ဆတ် ဆိုသူဖြစ်သည်။

ယန်းပေါ်ဆတ်ကို ၁၉၀၅ ခုနှစ်တွင် ဖွားမြင်ခဲ့လေသည်။ ဆတ်သည် ပြဇာတ်ဆရာ၊ ဝတ္ထုရေးဆရာနှင့် စာပေဝေဖန်ရေးဆရာကြီး တစ်ဦးအဖြစ်လည်း ထင်ရှားသူဖြစ်၏။

http://www.linhtet.com



အထူးသဖြင့် ဆတ်သည် မိမိသဘောကျ လွတ်လပ်စွာ ရွေးချယ်ဆုံးဖြတ်ချက်အပေါ်တွင် ကျရောက်လာသောတာဝန်ကို မိမိအကျိုးစီးပွားကိုမျှော်၍ ခေါင်းရှောင်ခြင်းကို လွန်စွာမုန်းတီးသည်။ သူ၏မျက်မှောက်ဘဝဝါဒတွင် ဤသို့ လူ့ကျင့်ဝတ်ဆိုင်ရာ သဘောတရားများကို အလေးထား၍ စဉ်းစားခဲ့၏။ လောကနီတိနှင့် လူ့ကျင့်စဉ်နှင့်ပတ်သက်သည့် ပြဿနာများကို ရှောင်ဖည်၍ လူသားတို့၏ ပြဿနာအလေးအနက် မပြုကြသော တွေးခေါ်ရှင်များအားလုံးနှင့် ဆတ်သည်သိသိသာသာ ဆန့်ကျင်သည်။

ဆတ်၏ရှေ့က ဤမျက်မှောက်ဘဝဝါဒကို ကားလ် ဂျက်စပါနှင့် ဟိုက်ဒက်ဂါး စသူတို့လည်း စဉ်းစားတွေးခေါ်ခဲ့ကြ၏။ သို့ရာတွင် ဤဝါဒကြီး အနောက်တိုင်းနိုင်ငံများသို့ ပြန့်နှံ့လာအောင်ကြိုးပမ်းသူမှာ ယန်းပေါ်ဆတ်ဖြစ်ပြီး သူသာလျှင် ဤဝါဒ၏ဖခင်ကြီးသဖွယ် ထင်ရှားခဲ့လေသည်။

ဆတ်၏ အထင်ရှားဆုံးသော အတွေးအခေါ်စာအုပ်မှာ 'အတ္တနှင့်အနတ္တ' Beine and Nothincness စာအုပ်ဖြစ်သည်။

ဖီလိုဆိုဖီပညာ၌ 'အရှိတရား' ဆိုသောစကားသည် အဓိပ္ပာယ်လေးနက်သည်နှင့်အမျှ အလွန်အငြင်းပွားရသော စကားလည်းဖြစ်သည်။ တချို့သောတွေးခေါ်ရှင်များက ဤစကားတွင် အဓိပ္ပာယ်တစ်ခုသာရှိသည်။ သဘောမှာ ဤစာအုပ်ရှိသည်။ ထာဝရဘုရားသခင်ရှိသည်။ အနီရောင်ဟုခေါ်သော လက္ခဏာတစ်ရပ်ရှိသည်။ မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရရှိသည်။ ရုပ်ရှိသည်။ စိတ်ရှိသည် စသဖြင့် အမျိုးမျိုးပြောဆိုကြခြင်းမျိုးဖြစ်သည်။

တစ်ခါတစ်ရံ ဘုရားတရား ယုံကြည်သူများက ထာဝရဘုရားရှိသည်ဟု ဆိုသောအခါ မယုံကြည်သူများက မရှိဘူးဟုငြင်းဆိုကြသည်။ ရုပ်ဝါဒီများက ရုပ်သည် အရှိတရားဖြစ်သည်ဟုဆိုလျှင် နာမ်ဝါဒီများက ရုပ်ဆိုသည်မှာ အရှိတရားမဟုတ်၊ အထင်မှားမှုသာဖြစ်သည်ဟု ဆိုတတ်ကြ၏။ သို့နှင့် တွေးခေါ်မှုသမိုင်းတစ်လျှောက်တွင် 'အရှိတရား' ဆိုသော စကားလုံးပေါ်တည်၍ အငြင်းပွားခဲ့ကြရသည်မှာ အထင်အရှားဖြစ်တော့၏။

တချို့သော တွေးခေါ်ရှင်များကမူ 'အရှိတရား' ဆိုသော စကားမှာ

http://www.linhtet.com



အဓိပ္ပာယ်ရှုပ်ထွေးသောစကားဖြစ်၍ အထက်က ပြဆိုခဲ့သော အငြင်းပွားမှုများမှာ စင်စစ် အငြင်းပွားစရာမဟုတ်။ ထိုသို့ ငြင်းနေကြခြင်းမှာ တစ်ဦးနှင့်တစ်ဦး အထင်အမြင်လွဲမှုကြောင့်သာ ဖြစ်ရသည်ဟု ယူဆကြပြန်လေသည်။ ၂၁ ရာစု အစပိုင်းတွင် ပေါ်ပေါက်လာသော တွေးခေါ်ရှင်အချို့ကမူ ကာလနှင့်ဒေသ (အချိန်နှင့် နေရာ) အတွင်း ဖြစ်ပျက်သော အရာခပ်သိမ်းသည် တကယ်ရှိသော အရှိတရားများဖြစ်သည်ဟု ဆိုကြပြန်သည်။

ဥပမာ အထင်အရှားပြဆိုရမည်ဆိုလျှင် ရန်ကုန်နှင့် မန္တလေးမြို့နှစ်မြို့သည် နေရာအတိအကျနှင့် အချိန်အတိအကျရှိ၏။ ထိုမြို့နှစ်မြို့တွင် ရန်ကုန်က မန္တလေးထက် လူဦးရေ ပို၍များသည်။ မန္တလေးသည် ရန်ကုန်၏ မြောက်ဖက်တွင်ရှိသည်ဆိုသော ဆက်သွယ်ပုံ (Relation) များမှာ စကားအရသာ ပြော၍ရသောကိစ္စဖြစ်သည်။

'ပို၍ လူဦးရေများသည်' 'မြောက်ဖက်တွင်ရှိသည်'ဆိုသောစကား ဆက်သွယ်ပုံများမှာ အချိန်နှင့်နေရာ မလိုချေ။

ထို့ကြောင့် ရုပ်ဝတ္ထုတစ်ရပ်နှင့် လက်ဆုပ်လက်ကိုင်မပြနိုင်သော် လည်း လူ၏အရည်အချင်း၊ လူ၏စိတ်စသည်များမှာ အရှိတရားများသာ ဖြစ်ကြသည်ဟု ဆိုကြပြန်သည်။

သို့ဖြင့် ထိုတွေးခေါ်ရှင်များသည် 'အရှိတရား'ကို ရုပ်ရှိနှင့် ရုပ်မဲ့ဟူ၍ နှစ်ပိုင်းခွဲ၍ စဉ်းစားကြသည်။

ကိုက်ကဂ္ဂတ် ဆိုသောပုဂ္ဂိုလ်ကမူ ဘုရားလည်းရှိသည်။ လူ၏အရည်အချင်းဆိုသည်မှာလည်း အရှိတရားဖြစ်သည်။ ရုပ်ဝတ္ထုပစ္စည်းများလည်း ရှိနေကြသည်ဟု ဖော်ပြခဲ့လင့်ကစား သူ၏အတွေးအခေါ်များတွင် လူနှင့်ဘုရား၏ ဆက်စပ်ပုံကို ဖော်ပြနိုင်ခြင်းမရှိခဲ့ပေ။

ဆတ် လက်ထက်သို့ရောက်သောအခါ သူက ထာဝရဘုရားဟူ၍ မရှိကြောင်း လူသားသည် ဘုရားက ဖန်ဆင်းသောသတ္တဝါလည်း မဟုတ်၊ လူသားသည် မျက်မှောက်ဘဝကို ရရှိမလာမီက ထိုလူသားသည် လူ့ဘဝကို ရရှိလာသောအခါ မည်သို့မည်ပုံ ဖြစ်ရမည်ဟူ၍လည်း တစ်စုံတစ်ရာ စီမံဖန်တီးချက်သော်လည်းကောင်း၊ စိတ်ကူးစိတ်သန်းသော်လည်းကောင်း မရှိခဲ့ချေ။

http://www.linhtet.com



လူသား၏ မျက်မှောက်ဘဝကို ပြုပြင်ဖန်တီးသည်မှာ သူ၏လွတ်လပ်စွာ ပြုမူသော အလုပ်သာလျှင် ဖြစ်သည်ဟုဆိုသည်။ မျက်မှောက်ဘဝဝါဒကို လက်ခံသူများကမူ လူသား၏အကောင်းအဆိုးစသည် သူနှင့်ဆက်စပ်သော အမြူတေ (Essenel) မှန်သမျှမှာ သူသည် မျက်မှောက်ဘဝကို ရပြီးနောက်မှသာ ဖြစ်လာကြသည်ဟု ယုံကြည်သည်။

ဘဝကို ဦးစွာလက်မခံရရှိသေးမီ သို့တည်းမဟုတ် ဘဝသို့ရောက်ရှိမလာသေးမီက ကျွန်ုပ်တို့၏ အကြံအစည် အတွေးအခေါ်များသော်လည်းကောင်း၊ အရည်းအသွေးများသော်လည်းကောင်း၊ တစ်စုံတစ်ရာဖြစ်ပေါ်နိုင်ခြင်းမရှိချေ။ လက်ရှိဘဝကို ရရှိပြီးနောက်မှသာ ဆိုခဲ့ပြီးသော အရည်အချင်းများ ပေါ်ပေါက်လာကြသည်။

ထို့ပြင် ကျွန်ုပ်တို့ကိုယ်၌ ရရှိပြီးအရည်အချင်းများမှာ ကျွန်ုပ်တို့ကိုယ်တိုင် မိမိတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို အသုံးပြု၍ တစ်နေ့ထက်တစ်နေ့တိုးတက်အောင် ဖန်တီးလာခြင်းကြောင့် ရရှိလာသော အရည်အချင်းများသာဖြစ်သည်။ လူ၏အရည်အချင်း၊ စွမ်းဆောင်မှုများကို မည်သူမျှ မဖန်တီးနိုင်။ မည်သည့်အရာကမျှလည်း မပြုပြင်နိုင်ချေ။

အစဦးစွာက အရည်အချင်းစွမ်းဆောင်မှုများသည် သူ့နဂိုရ်အတိုင်းရှိနေကြ၏။ သူတို့ဘာသာသူတို့ ဖန်တီးဖြစ်ပေါ်လာကြ၏။ ထိုသို့ ရှိပြီးကာမှ တိုးတက်ဖြစ်ထွန်းလာကြသည်။

ဤမျက်မှောက်ဘဝဝါဒ (Existentialism) ကို အတန်အသင့်လေ့လာပွန်းတီးမိစေရန်အတွက် ဤစာအုပ်ငယ်၌ 'ယန်းပေါဆတ်'၏ 'မျက်မှောက်ဘဝဝါဒနှင့် လူရေးလူရာဝါဒ'စာအုပ်မှ အခက်အလက်အချို့ကို ကောက်နုတ်ဖော်ပြလိုက်ရပါသည်။

မျက်မှောက်ဘဝဝါဒဆိုသည်မှာ အဘယ်ကိုခေါ်ဆိုပါသနည်း။

ယခုအခါ၌ ဤစကားကို လူအမျိုးမျိုးက အဓိပ္ပာယ်အမျိုးမျိုးထား၍ သုံးစွဲနေကြသည့်အတွက် စကား၏အဓိပ္ပာယ်မှာ ပရမ်းပတာဖြစ်လျက်ရှိသည်။ ကိုယ့်ကိုယ်ကို 'ငါက မျက်မှောက်ဘဝဝါဒသမား'ဟု ဆိုသူကလည်း မရှားပေ။ ထို့ကြောင့် ဤစကား၏ အနက်အဓိပ္ပာယ်မှာ ရှုပ်ထွေးလေသည်။

---

၁။ Existentialism and Humanism.

http://www.linhtet.com



စင်စစ် ဤဝါဒ၏ ရှုပ်ထွေးမှုမှာ မျက်မှောက်ဘဝဝါဒသမား နှစ်မျိုးနှစ်စားရှိသောကြောင့်ဖြစ်သည်။ တချို့မှာ ခရစ်ယာန်ဘာသာကို ယုံကြည်သော ဘုရား တရား ယုံကြည်သည့်သူများနှင့် အချို့မှာ ဘာသာရေး ယုံကြည်မှုမရှိ၊ ဘုရားတရားမရှိသူများဟူ၍ နှစ်မျိုးနှစ်စား ကွဲပြားနေသည်။ ယန်းပေါဆတ်သည် ဘာသာမဲ့သောသူများ (ဘုရားကို မယုံကြည်သောသူများ)၏ ဂိုဏ်းတွင် ပါဝင်၏။

မည်သို့ပင်ဆိုစေ မျက်မှောက်ဝါဒနှစ်မျိုးစလုံးသည် 'ဘဝရရှိပြီးမှ အရည်အချင်း ဖြစ်ပေါ်လာသည်ဆိုသောအဆိုကို လက်ခံရသည်။ ဤစကားသည် အဘယ်ကို ဆိုလိုပါသနည်း။ အကယ်၍ လူတစ်ယောက်သည် လူ၏စွမ်းအားစုဖြင့် ထုတ်လုပ်အပ်သော ကုန်ပစ္စည်းတစ်ခုကို စဉ်းစားကြည့်ပါက (ဥပမာ စာအုပ်ဆိုပါစို့) ထိုလူသည် ထိုပစ္စည်းကို လူသား၏ အတတ်ပညာဖြင့် ထုတ်လုပ်ထားကြောင်း တွေ့ရသည်။ ထို့ပြင် ထိုထုတ်လုပ်မှု၌ ထိုပစ္စည်းဖြစ်ပေါ်အောင် ပြုလုပ်ရသည်။ ထုတ်လုပ်ပုံ နည်းစနစ်ရှိကြောင်းကိုလည်း လက်ခံထားရပေလိမ့်မည်။

ထို့ပြင် ထိုပစ္စည်းကို ထုတ်လုပ်ရာ၌ ထိုပစ္စည်းကို အဘယ်နေရာတွင် အသုံးပြုမည်ဆိုသောအချက်သည် အထင်အရှားရှိရပေမည်။ ဤအချက်ကို အခြေတည်၍ လောကကြီးတစ်ခုလုံးကို ပြုပြင်ဖြစ်ပေါ်ရှုထောင့်က ကြည့်မည်ဆိုလျှင် ထုတ်လုပ်မှုသည် ဖြစ်ပေါ်မှုထက် ဦးစွာတည်ရှိကြောင်း တွေ့ရသည်။

ဤနည်းအားဖြင့် ဘုရားသခင်ကိုလည်း ဖန်ဆင်းသူတန်ခိုးတော်ရှင်ကြီးအဖြစ် တွေးတောထင်မြင်တတ်ကြပေသည်။ ဒေးကား လိုင်းဗနီးဇ်စသူတို့သည် မည်သည့်သဘောတရားကို စဉ်းစားစေကာ သူတို့သည် မည်သည့်အရာကိုမဆို ဘုရားသခင်၏ တန်ခိုးတော်အောက်သို့ သွတ်သွင်းစဉ်းစားကြသည်။ သူတို့၏ အလိုအားဖြင့် ဘုရားသခင်၏ ပြုပြင်ဖန်တီးသမျှ ခပ်သိမ်းသောအရာတို့ကို ဘုရားသခင်သည် သူဘာကို ဖန်တီးနေသည်၊ ဘာအတွက်ဖန်တီးနေသည်ကို အတိအကျသိထားပြီးဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရမည်ဆိုလျှင် ဘုရားသခင်၏ စိတ်ထဲတွင် လူကိုမဖန်ဆင်းမီကပင် လူဆိုသောစိတ်ကူးစိတ်သန်းသည် ရှိပြီးဖြစ်သည်။ စားပွဲကို မဖန်ဆင်းမီကပင် စားပွဲဆိုသော စိတ်ကူးစိတ်သန်းသည် လက်သမား၏

http://www.linhtet.com



စိတ်ထဲတွင် ရှိပြီးဖြစ်သကဲ့သို့ပင်တည်း။ လက်သမားသည် စားပွဲကို သူ့နည်းနှင့်သူ စီစဉ်တိုင်း လုပ်ရသကဲ့သို့ ဘုရားသခင်သည်လည်း လူကို အစဉ်အတိုင်း သူ့နည်းနှင့်သူ လုပ်ရသည်။

ထို့ကြောင့် လူပုဂ္ဂိုလ်တိုင်းသည် ဘုရားသခင်၏ စိတ်ကူးထဲတွင်ရှိခဲ့သည်။ စိတ်ကူးစိတ်သန်းများ အကောင်အထည်ပေါ်လာခြင်းဖြစ်သည်။

ဘုရားသခင်ကို ယုံကြည်ခြင်းမရှိသော မျက်မှောက်ဘဝဝါဒသမားများကမူ ဘုရားမရှိကြောင်း အတည့်အလင်း ကြေညာသည်။ အကယ်၍ ဘုရားမရှိပါက ထိုဘုရားနေရာတွင် ထိုဘုရားသခင်ကိုသိဖို့ (သို့မဟုတ်) ဘုရားသခင်၏ အရည်အချင်းကိုသိပို့ တစ်စုံတစ်ယောက်ရှိရပေမည်။ ထိုတစ်စုံတစ်ယောက်က အခြားမဟုတ် လူသားစင်စစ်ဖြစ်သည်။

ဘဝကိုရရှိခြင်းသည် အရည်အချင်းများထက် ဦးစွာဖြစ်သည်ဆိုသည်မှာ လူသည် ဦးစွာဘဝကိုရရှိပြီးမှ ဘယ်သို့သောလူဖြစ်ရမည်ဟု နောင်တွင် ကိုယ့်ကိုယ်ကို ဖန်တီးရမည်။ အကယ်၍ လူသားသည် ကိုယ့်ကိုယ်ကို ဘာကောင်မှန်းမသိလျှင် သူသည်လည်း ဘာမှမဟုတ်တော့ပေဟူ၍ မျက်မှောက်ဘဝ ဝါဒသမားများက မြင်သည်။ ဘာမျှမဟုတ်သောသူသည် သူ့ကိုယ်သူ ဘာကောင်ဖြစ်အောင် မဆောင်ရွက်သေးသမျှ ဘာကောင်မှ မဟုတ်ဘဲ နေပေလိမ့်မည်။

စင်စစ် လူသား၏သဘာဝဟူ၍ မရှိချေ။ အထက်ကပြဆိုခဲ့သကဲ့သို့ ဘုရားမရှိသောကြောင့် လူဟူသောဘုရား၏ စိတ်ကူးလည်းမရှိချေ။ ထို့ကြောင့် ဘုရားကလုပ်ထားသော လူ့သဘာဝဟူ၍ မရှိနိုင်ချေ။ လူသည် လူပင်ဖြစ်၍ သူ့ကိုယ်သူ ထင်သလိုဖြစ်နေသည်မဟုတ်၊ လူ့ဘဝကိုရရှိပြီးမှ သူဖြစ်လိုသည့်အတိုင်း ဖြစ်လာရသည်သာဖြစ်သည် 'လူသည် ကိုယ့်ကိုယ်ကို ဖန်တီးသူသာဖြစ်၏' ဤကား မျက်မှောက်ဘဝ ဝါဒ၏ ပထမဦးဆုံးသော အခြေခံမူပင်ဖြစ်သည်။ ဤဝါဒကို ဆန့်ကျင်သူများက 'မျက်မှောက်ဘဝဝါဒသည် ဓမ္မဓိဋ္ဌာန်ဝါဒမဟုတ်၊ ပုဂ္ဂလဓိဋ္ဌာန် ဝါဒသာဖြစ်သည်'ဟု ဆိုကြသည်။

မည်သို့ပင်ဆိုစေ လူသည် ကျောက်တုံး၊ စားပွဲ စသည်တို့ထက်ပို၍ မြတ်သည်။ ပို၍ သိက္ခာနှင့်စွမ်းအားရှိသည်။ လူသားသည် လူ့ဘဝကိုရရှိ

http://www.linhtet.com



လာခြင်း၌ ကျောက်တုံး ကျောက်ခဲများ၊ ရေမှော်ပင်ကလေးများနှင့် မတူချေ။ လူမှာ ပုဂ္ဂိုလ်အလိုက် စိတ်နေစိတ်ထားများနှင့်တကွ လူ့ဘဝကိုရလာခြင်း ဖြစ်သည်။

ထိုလူ့အဖြစ်ကို မရရှိမီက လူတွင် ဘာမျှမရှိ။ ရှေ့ဘဝ နောက်ဘဝ တစ်ခုမျှမရှိချေ။ သူဖြစ်လိုရာဖြစ်အောင် ဖန်တီးနိုင်သောအခြေဆိုက်ရောက် ခြင်းသည်ပင် လူ့ဘဝကို ရရှိခြင်းမည်ပေသည်။

အကယ်၍ 'ဘဝကိုရရှိခြင်းသည် လူ၏အနှစ်သာရ စွမ်းအားစုများ ဖြစ်ပေါ်မှုထက် ဦးစွာဖြစ်သည်'[၁] ဆိုသောစကားမှန်လျှင် လူသည် သူပြုသမျှ အမှုကိစ္စသည် ဖြစ်သမျှအကြောင်းတို့အတွက် တာဝန်ရှိသည်။

ထို့ကြောင့် မျက်မှောက်ဘဝ ဝါဒတို့၏ ပထမဆုံးသော အကျိုးသက် ရောက်မှုမှာ လူသားများကို သူရပ်တည်ရာဘဝတွင် ရရှိလာသော ကျရောက် လာသော တာဝန်ဝတ္တရားမှန်သမျှကို သည်ပိုးစေခြင်းပင်ဖြစ်သည်။

လူသည် ကိုယ်ဖြစ်ရာဘဝ လုပ်ရာအလုပ်တို့အတွက် တာဝန်အရှိဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ လူသားသည် မိမိအတွက် မိမိတာဝန်ရှိသည်ဆိုရာ၌ မျက်မှောက်ဘဝ ဝါဒီများက ပုဂ္ဂိုလ်တစ်စုံတစ်ယောက်သာ တာဝန်ရှိခြင်း မဟုတ်၊ လူသည် လူသားမှန်သမျှအတွက် တာဝန်ရှိသည်။

ပုဂ္ဂလဓိဋ္ဌာန်ဝါဒဆိုသည်မှာလည်း စင်စစ် အဓိပ္ပာယ်နှစ်မျိုးဖြင့် နား လည်သင့်သည်။ တစ်နည်းအားဖြင့် ပုဂ္ဂလဓိဋ္ဌာန်ဆိုသောစကား၏ အဓိပ္ပာယ် မှာ ပုဂ္ဂိုလ်လွတ်လပ်ခွင့်ဖြစ်ပြီး အခြားတစ်နည်းမှာ လူသားသည် မိမိ၏ ပုဂ္ဂလိကအလိုကို မလွန်ဆန်နိုင်ခြင်းပင်ဖြစ်သည်။ ယခုမျက်မှောက်ဘဝဝါဒ တွင် ဒုတိယအဓိပ္ပာယ်မှာ ပို၍လေးနက်သည်ဟု မှတ်ယူသည်။

ကျွန်ုပ်တို့အနေနှင့် လူသားသည် မိမိဘဝကို မိမိရွေးချယ်ဖန်တီးသည် ဆိုခြင်းမှာ လူတိုင်း၏ကိစ္စဖြစ်သည်ဟု မှတ်ယူသည်။ သို့ရာတွင် ထိုသို့ ရွေးချယ်ဆုံးဖြတ်လုပ်ကိုင်ရာ၌ လူသည် မိမိတစ်ဦးတည်းကိစ္စကို ထင်သလို

---

၁။ Exiateice is prior to Esseivce.

http://www.linhtet.com



ရွေးချယ်ခြင်းမဟုတ် လူသားမှန်သမျှနှင့် စပ်ဆိုင်သောရွေးချယ်ဆောင်ရွက်ခြင်းမျိုးသာဖြစ်သည်။

ကျွန်ုပ်တို့ဘဝကို ကျွန်ုပ်တို့ဖြစ်ချင်သော လိုအင်ဆန္ဒအတိုင်း ဖြစ်စေရန် ရွေးချယ်ဆောင်ရွက်သော လုပ်ငန်းမှန်သမျှသည် မိမိဖြစ်သင့်ဖြစ်ထိုက်သည်ဟု တွေးခေါ်မြော်မြင်ထားသည့်အတိုင်း ဆောင်ရွက်ကြခြင်းသာဖြစ်သည်။

အလုပ်အမျိုးမျိုး ကိစ္စအမျိုးမျိုးရှိသည့်အနက် တစ်ခုခုကိုသာ ရွေးချယ်ဆောင်ရွက်ခြင်းမှာ မိမိရွေးချယ်သောကိစ္စ၊ မိမိရွေးချယ်သောအလုပ်ကို တန်ဖိုးအခိုင်အမာရှိလာအောင် ပြုခြင်းမည်ပေသည်။

ထို့အပြင် ကျွန်ုပ်တို့ရွေးချယ်ဆောင်ရွက်သမျှ အလုပ်တိုင်းသည် အဆိုးအကောင်းရှိသည့်အနက် ရွေးချယ်၍ ပိုမိုကောင်းမွန်သည်ကို လုပ်ဆောင်ခြင်းဖြစ်သည်။

ဤဝါဒသည် ထာဝရဘုရားသခင် ရှိသည်။ ထိုဘုရားသခင်က ခပ်သိမ်းသော အရာဝတ္ထုတို့ကို ပြုပြင်ဖန်ဆင်းသည်ဆိုသော ဘာသာအားလုံးနှင့် ဆန့်ကျင်သည်။

ဤဝါဒသည် တရားသောဝါဒမဟုတ်၊ လူသည် လွတ်လပ်သည်။ လွတ်လပ်ခြင်းသည်လည်း လူပင်ဖြစ်သည်ဟု ယုံကြည်သည်။ ထို့ကြောင့် သူလုပ်သမျှအမှုကိစ္စအတွက် သူသာလျှင် တာဝန်အရှိဆုံးဖြစ်သည်။ အမှန်မှာ လူသာလျှင် လူ၏အနာဂတ်ဖြစ်ပေသည်။

http://www.linhtet.com

www.linhtet.com

# အခန်း (၁၇)

# တက္ကမုချဝါဒ

## LOGICAL POSITIVISM

## ရုဒေါ့(ဖ်)ကားနက်(ပ)

တက္ကမုချဝါဒဟုခေါ်သော အတွေးအခေါ်ရှင် လှုပ်ရှားမှု၏ အဓိက လည်းဖြစ်၊ အထင်ရှားဆုံးလည်းဖြစ်သော ခေါင်းဆောင်မှာ ရုဒေါ့(ဖ်) ကားနက်(ပ)ဖြစ်သည်။ ရုဒေါ့(ဖ်)ကားနက်(ပ) ၏ အတွေးအခေါ်ဆိုင်ရာ ဆောင်ရွက်ချက်များမှာ ဘာထရန်ရပ်ဆယ်နှင့် ဂျီအီး၊ မိုးတို့ကဲ့သို့မဟုတ်ဘဲ စုပေါင်းဆောင်ရွက်မှုမျိုးဖြစ်သည်။

ဤဝါဒသည် တစ်စုံတစ်ယောက်တည်းသော တွေးခေါ်ရှင်၏ အယူအဆမဟုတ်မူဘဲ အသင်းအဖွဲ့နှင့် ဆောင်ရွက်လှုပ်ရှားသော အတွေးအခေါ် ဖြစ်သည်။

တက္ကဝါဒမုချ၏ စတင်ရာဒေသမှာ သြစတြေးလီးယားပြည်မြို့တော်တွင် ပေါ်ပေါက်ခဲ့သော 'ဗီယင်နာအသိုင်းအဝိုင်း' (The Vibnna Circle) ခေါ် တွေးခေါ်ရှင်များ၏ အသိုင်းအဝိုင်းမှဖြစ်သည်။ အချိန်မှာ ၁၉၂၃ ခုနှစ်လောက်ကဖြစ်ပြီး ထိုအသိုင်းအဝိုင်းကို ဦးဆောင်ခဲ့သူမှာ 'ပါမောက္ခ မောရစ်ရှလစ်' ဆိုသူဖြစ်သည်။

ထိုအသင်းတွင် ပါဝင်သူများမှာ များသောအားဖြင့် သိပ္ပံပညာရှင်ဟောင်းများဖြစ်ပြီး နောက်မှ တွေးခေါ်ရှင်ဖြစ်လာသူများဖြစ်၏။ တချို့မှာမူ အတွေးအခေါ် (ဖီလိုဆိုဖီ) ကို စိတ်ပါဝင်စားသော လက်တွေ့လေ့ကျင့်နေသော သိပ္ပံပညာရှင်များဖြစ်ကြသည်။

http://www.linhtet.com



လဒ်ဝစ်ဆွဖ္ဖမန်၊ ပဲရီဒူဟန်–ဟင်(မ)ဟုဇ်၊ အားနက်မာ့(က်)၊ အိုင်စတိုင်း စသူတို့မှာ ထင်ရှားသော သိပ္ပံပညာရှင်ကြီးများဖြစ်ကြသည်။

ဤ တက္ကမှုချဝါဒကို ကြံစည်တွေးတောသူများမှာ များသောအားဖြင့် ဆိုခဲ့ပြီးသော သိပ္ပံပညာရှင်များ၏ လွှမ်းမိုးမှုကိုခံရသော်လည်း ထိုသူတို့သည် သဘာဝတ္ထဗေဒနှင့် ပတ်သက်နေကြသော အခြားပုဂ္ဂိုလ်များ၏ အတွေးအခေါ်များကိုလည်း ဆည်းကပ်ခဲ့ကြသည်။

တက္ကမှုချဝါဒသမားတို့ အားထားသော သဘာဝတ္ထဗေဒနှင့် တက္ကဗေဒ ပညာရှင်များမှာ ပါးစ် (Perice၊ ပီယာနို (Plano)၊ ရှရူဒါ့ (Schroeder)၊ ဝှိုက်ဟက် (White-head)၊ ဖရီဂေး (Frege)နှင့် ဘာထရန်ရပ်ဆဲ (Bertrand Russell)တို့ ဖြစ်ကြသည်။

ဤသို့ သဘာဝတ္ထဆိုင်ရာ လက်တွေ့ကျသော အတွေ့အကြုံအခြေခံနှင့် တက္ကဗေဒအခြေခံများကို ပေါင်းစပ်ကာ ဤ ‘တက္ကမှုချဝါဒကို တီထွင်ကြခြင်းဖြစ်၏။ တစ်နည်းဆိုရပါမူ တက္ကမှုချဝါဒသည် တက္ကဗေဒနှင့် သိပ္ပံပညာကို ပေါင်းစပ်ထားသောဝါဒဖြစ်သည်။

ဤဝါဒကို တီထွင်ကြံဆသူများအနက်တွင် ရှဒေါ့(ဖ်) ကားနက်(ပ်)မှာ အထင်ရှားဆုံး ပုဂ္ဂိုလ်ဖြစ်သည်ကတစ်ကြောင်း သူ၏ဘဝတစ်ခုလုံးကိုလည်း ဤအတွေးအခေါ်လှုပ်ရှားမှုကြီးထဲတွင် မြှုပ်နှံထားခဲ့သည်ကတစ်ကြောင်းတို့ကြောင့် သူ၏အတွေးအခေါ် ကိုသာ ပိုမိုဦးစားပေးကာ ဤစာအုပ်တွင် ဖော်ပြလိုက်ရပါသည်။

ကားနက်(ပ)ကို ၁၈၉၁ ခုနှစ်တွင် ဂျာမဏီပြည်တွင် ဖွားမြင်သည်။ သူသည် ၁၉၂၇ ခုနှစ်တွင် ဗီယင်နာတက္ကသိုလ်သို့ ဝင်ရောက်ပြီး ပညာဆည်းပူးသည်။ ထိုစဉ်ကပင် ဗီယင်နာအသိုင်းအဝိုင်းသို့ဝင်၍ ဖီလိုဆိုဖီဆိုင်ရာ ပြဿနာများကို ဆွေးနွေးသည်။ ထိုစဉ်က ဤအသိုင်းအဝိုင်းကို အတွေးအခေါ်အားဖြင့် ဝစ်ဂျင်စတိုင်း (Wittgenstein)ဆိုသော တွေးခေါ်ရှင်ကြီး၏ အယူအဆများက လွှမ်းမိုးနေချိန်ဖြစ်သည်။ သို့ရာတွင် တဖြည်းဖြည်းနှင့် တက္ကမှုချဝါဒမှာ အင်္ဂလန်နှင့် အမေရိကန်နိုင်ငံများသို့ ပြန့်နှံ့ကာ ရေပန်းစားလာလေတော့သည်။

http://www.linhtet.com



၁၉၃၆ ခုနှစ်သို့ရောက်သောအခါ ကားနက်(ပ)သည် အမေရိကန်ပြည် ချီကာကိုတက္ကသိုလ်သို့ သဘာဝတ္တဗေဒဆိုင်ရာ ပါမောက္ခအဖြစ် ရောက်ရှိလာလေသည်။ ၁၉၃၆ ခုနှစ်နောက်ပိုင်းတွင်ကား အင်္ဂလန်ပြည်နှင့် အမေရိကန်ပြည်တွင် သိပ္ပံပညာနှင့် တက္ကဗေဒကို လေ့လာလိုက်စား စိတ်ဝင်စားသူများ၏ လှုံ့ဆော်မှုကြောင့် တစ်စတစ်စအင်အားကြီးများလာသည်။

ဤအတွေးအခေါ် လှုပ်ရှားမှုကြီးထွားလာချိန်၌ ဖီလိုဆိုဖီဆိုသောစကား၏ အဓိပ္ပာယ်မှာ ပြောင်းလဲလာခဲ့ပြန်သည်။

'ဖီလိုဆိုဖီဆိုသည်မှာ သိပ္ပံပညာဆိုင်ရာ တက္ကဗေဒ (The Logl of Science)သာ ဖြစ်သည်' ဆိုသော အယူအဆကို တက္ကမုချဝါဒသမားများ လက်ကိုင်ထားလာကြသည်။

ဤအချိန်၌ တွေးခေါ်မှုသမိုင်း၏စောစောပိုင်းက ခေတ်စားခဲ့သော ရုပ်လွန်တွေးခေါ်မှု (Metaphysics)နှင့် စာရဏတ္တဗေဒ (Ethics) တို့ကို အဓိပ္ပာယ်မရှိသော ဘာသာရပ်များအဖြစ် သတ်မှတ်လိုက်ကြသည်။

သူတို့၏အတွေးအခေါ်အရ အတွေ့အကြုံနှင့် ဆက်စပ်သောအဆိုစကားများနှင့် သင်္ချာဗေဒမှ အဆိုပြုချက်များသည်သာလျှင် အဓိပ္ပာယ်ရှိကြောင်း၊ အဓိပ္ပာယ်မရှိသောအကြောင်းအရာများကို တွေးခေါ်သောပညာမှာ ဖီလိုဆိုဖီဟု မခေါ်နိုင်ကြောင်း၊ စင်စစ် ဖီလိုဆိုဖီသည် သိပ္ပံပညာ၏ တက္ကဗေဒသာလျှင်ဖြစ်ကြောင်း ကြံဆလာကြသည်။

အထက်ပါတက္ကမုချဝါဒသမားတို့၏ အယူအဆများကို လေ့လာပြီးသောအခါ၌ စာဖတ်သူ၏စိတ်ထဲတွင် 'အဓိပ္ပာယ်'ဆိုသောစကား၏ အနက်မှာ (တက္ကမုချဝါဒသမားများအဖို့) ဘယ်သို့ရှိလေသနည်း။

ထိုသူတို့သည် 'အဓိပ္ပာယ်'ဆိုသောစကား၏အနက်ကို မည်သို့နားလည်ထားကြသနည်း။

ဘယ်ဒင်းသည် အဓိပ္ပာယ်ရှိ၍ ဘယ်ဒင်းသည် အဓိပ္ပာယ်မရှိသနည်း စသောမေးခွန်းတို့ကို မေးကြည့်ချင်ကြပေလိမ့်မည်။ ထို့ကြောင့် တက္ကမုချဝါဒသမားများသည် 'အဓိပ္ပာယ်'ကို အဆုံးအဖြတ်ပေးမည့် အခြေခံမူတစ်ခုကို ချမှတ်ကြသည်။ ဤအခြေခံမူနှင့် ဘောင်ဝင်အံကျရှိလျှင် အဓိပ္ပာယ်ရှိသည်

http://www.linhtet.com



ဟု မှတ်ယူပြီး ထိုမူနှင့် ခွင်မကျလျှင် အဓိပ္ပာယ်ကင်းမဲ့သည်ဟု ဆုံးဖြတ်နိုင်သည်။

ဤဝါဒအရ ဖီလိုဆိုဖီဆိုသည်မှာ သိပ္ပံပညာ၏ တက္ကဗေဒသာဖြစ်သည်ဟု ယူဆလက်ခံခြင်းမှာ သဘာဝသိပ္ပံပညာများကလွဲလျှင် တက္ကဗေဒသာ ယုံကြည်လက်ခံလောက်သော အတွေးအခေါ် ပညာရပ်ဖြစ်သည်ဟု ယူဆခြင်းကြောင့်ဖြစ်၏။

## အတွေ့အကြုံသမားများလက်ခံသောအဓိပ္ပာယ်၏အခြေခံမှု

ဤအဓိပ္ပာယ်၏အခြေခံမှုကို တီထွင်ချမှတ်ရခြင်းမှာ ရှေးကတွေးခေါ်ရှင်များနှင့် သိပ္ပံပညာရှင်များသည် များသောအားဖြင့် အဓိပ္ပာယ်မရှိသော ပြဿနာများပေါ်တွင် အလဟဿ အငြင်းပွားနေကြခြင်းကို ကယ်တင်ရန်ဖြစ်သည်။

ဤမူအရ သိပ္ပံပညာဆိုင်ရာ အချို့သောအဆိုပြုချက်များကို အတွေ့အကြုံအားဖြင့် အတည်ပြုသင့်သည်ကို အတည်ပြု၍ ပစ်ပယ်သင့်သည်ကို ပစ်ပယ်ရန်၊ အာရုံ (ဝါ) အတွေ့အကြုံအားဖြင့် အတည်ပြု၍ရသော အဆိုပြုချက်များကိုသာ အဓိပ္ပာယ်ရှိသောအဆိုအဖြစ် အသိအမှတ်ပြု၍ အတွေ့အကြုံဖြင့် အတည်မပြုနိုင်သော အဆိုများအဖြစ် သတ်မှတ်ရန်ဖြစ်သည်။

တက္ကဗေဒအလိုအားဖြင့် မည်သည့်အဆိုပြုချက်မျိုးကိုမဆို မှန်လျှင်မှန်၊ မမှန်လျှင် မှားရမည်။ မှန်လည်း မမှန်၊ မှားလည်းမမှားသောအဆိုသည် စင်စစ် အဓိပ္ပာယ်မရှိချေ။ လက်တွေ့အားဖြင့် ထိတွေ့မြင်သာသော အဆိုတစ်ခုကို စဉ်းစားကြည့်ပါစို့။

ဥပမာ ဤပစ္စည်းသည် နီ၏။ ဤပစ္စည်းသည် ပူ၏။ ဤအဆိုများကား လက်တွေ့အဓိပ္ပာယ်ရှိသည်။ ထိုကဲ့သို့ လက်တွေ့သဘော၌ အဓိပ္ပာယ်ရှိသောအဆိုများကို ဥပမာ ရူပဗေဒ၌ လက်ခံသော နိယာမဥပဒေသများကဲ့သို့ လက်တွေ့မမြင်သော မထိတွေ့သာသော အဆိုများနှင့် မည်သို့ဆက်စပ်မည်နည်းဟူသော ပြဿနာရှိသည်။ လက်တွေ့အာရုံများဖြင့် တွေ့ထိမရသောကြောင့် ရူပဗေဒ၌ လက်ခံသောနိယာမ (Laws)များကို အဓိပ္ပာယ်

http://www.linhtet.com



မရှိတော့ဟု ဆိုရမည်လား...။ ဤအချက်ကို အချို့သော တက္ကမုချဝါဒသမား များကမူ အတွေ့အကြုံအားဖြင့် အတည်မပြုနိုင်လျှင် မည်သည့်အဆိုပြုချက် မျိုးမှ အဓိပ္ပာယ်မရှိဟု ဆိုခဲ့သော်လည်း ကားနက်(ပ)ကမူ အဆိုပါဥပဒေသ များမှာ တိုက်ရိုက်အတွေ့အကြုံအားဖြင့် စစ်ဆေးအတည်ပြု၍မရသော်လည်း သွယ်ဝိုက်၍ အတည်ပြုနိုင်သည်ဖြစ်သောကြောင့် အဓိပ္ပာယ်ရှိသည်ဟု လက်ခံ သည်။

'လက်တွေ့အမှန်နှင့် တက္ကဗေဒအမှန်' အဓိပ္ပာယ်ရှိသော အဆိုနှစ်မျိုး ရှိသည်။ ဥပမာ သွတ်တုံးကို အပူပေးလျှင် ပြန့်ကားသည်။

မြန်မာနိုင်ငံသည် ဆိုရှယ်လစ်စနစ်နှင့် ထူထောင်မှ တိုးတက်သည်။

ဤအဆိုများကိုကြည့်ပါက ကတ္တားပုဒ်၏အဓိပ္ပာယ်သည် ဝါစကပုဒ် ၏အဓိပ္ပာယ်နှင့် မတူချေ။

ဝါစကပုဒ်သည် ကတ္တားပုဒ်ကို ဖော်ပြခြင်းဖြစ်သည်။

ထို့ကြောင့် ဤဝါကျမျိုးတွင် ကတ္တားပုဒ်အကြောင်းကို ဝါစကပုဒ်က ဖော်ပြသည်။ ကတ္တားပုဒ်အကြောင်းကို ဝါစကပုဒ်ကြောင့် ပို၍သိရသည်။

ဤဝါကျများမှာ အတွေ့အကြုံဖြစ်သော ဝါကျ (အဆို)များဖြစ်သည်။ ဤအဆိုများကို အတွေ့အကြုံရှိပြီးမှ ရရှိသည်။ ဤကား လက်တွေ့သိပ္ပံ ပညာများတွင် လက်ခံသောအဆိုများဖြစ်သည်။ ဤအဆိုများသည် အသိ ပညာကို တိုးပွားစေသည်။

သို့ရာတွင် တက္ကဗေဒနှင့် သင်္ချာဗေဒတွင်ရှိသော အဆိုများမှာကား အထက်ပါအဆိုများနှင့် မတူညီချေ။

ဥပမာ ၂ + ၂ = ၄ ဆိုသော အဆိုမှာ အသိသစ်ကို မတိုးပွားစေနိုင် ချေ။ ထိုအဆိုမှာ 'အပျိုကြီးဆိုသည် အိမ်ထောင်မပြုရသေးသော မိန်းမဖြစ် သည်' ဆိုသောအဆိုကဲ့သို့ဖြစ်၏။

ဤအဆိုများတွင် ကတ္တားပုဒ်နှင့် ဝါစကပုဒ်အဓိပ္ပာယ်ချင်း အတူတူ ပင်ဖြစ်သည်။ ထို့ကြောင့် ကတ္တားပုဒ်အကြောင်းကို ပို၍မသိနိုင်ပေ။

ဤအဆိုများကား အတွေ့အကြုံနှင့်မဆိုင်။ အတွေ့အကြုံထက်ဦးစွာ ဖြစ်၏။ ဝါကျများမှာလည်း အတွေ့အကြုံထက်ပင် ဦးစွာဖြစ်လင့်ကစား အဓိပ္ပာယ်ရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ဤအဆိုများသည် အမှန် အမှားကို ဖြစ်စေနိုင်၏။ ထို့ပြင် ဆန့်ကျင်ဘက်နိယာမ (Priuciple of

http://www.linhtet.com



Contradiction)အရ စစ်ဆေးအတည်ပြုနိုင်သောကြောင့် ဤအဆိုများမှာ အဓိပ္ပာယ်ရှိသော အဆိုများဖြစ်သည်။

ဤအဓိပ္ပာယ်မှုအရ စီစစ်ဝေဖန်လိုက်ပါက ရုပ်လွန်တွေးခေါ်မြင်မြော်မှု (Metaphysics)မှာ ကဗျာလင်္ကာကဲ့သို့ ဖြေဖျော်မှုအတွက်သာ ဖတ်ရန်ကောင်းသော ပညာရပ်ဖြစ်ပြီး အမှန်တရားနှင့် မစပ်မဆိုင်။ လက်တွေ့ကျသော အဓိပ္ပာယ်လည်းမရှိချေ။ စိတ္တဗေဒပညာမှာလည်း ယခုအခါ လူမှုရေးသိပ္ပံပညာထဲတွင် သွတ်သွင်းထားပြီးဖြစ်၍ ဖီလိုဆိုဖီမဟုတ်တော့။

ထို့ကြောင့် ဖီလိုဆိုဖီဆိုသည်မှာ တက္ကမုချဝါဒသမားများအဖို့ သိပ္ပံပညာနှင့် တက္ကဗေဒကို ပေါင်းစပ်ထားသော သိပ္ပံပညာ၏ တက္ကဗေဒသာလျှင် ဖြစ်တော့သည်။ သိပ္ပံပညာဆိုင်ရာ ပြဿနာများကို တက္ကဗေဒနည်းအရ အနုလုံပဋိလုံ ဝေဖန်စီစစ်ခြင်းသည်ပင်လျှင် ဖီလိုဆိုဖီမည်လေတော့သည်။

http://www.linhtet.com

# အခန်း (၁၈)

# ချားလ်၊ ဆန္ဒာ၊ ပဲ (ဆ်)

# (၁၈၃၉–၁၉၁၄)

ဤစာအုပ်၌ ဖီလိုဆိုဖီ တိုးတက်ထွန်းကားလာပုံနှင့် ကမ္ဘာအရပ်ရပ်တွင် ပေါ်ပေါက်ခဲ့ဖူးသော အတွေးအခေါ်လှုပ်ရှားမှု အတော်စုံစုံလင်လင်ကို အသေးစိတ် အနုလုံမဟုတ်စေကာမူ အကြမ်းကာမျှ သိနားလည်ကြစေရန် တင်ပြသွားမည်ဟု မြော်လင့်ထားခဲ့မိပါသည်။ ဤရည်ရွယ်ချက်အတိုင်း ကမ္ဘာ့အတွေးအခေါ်ဖြစ်စဉ်ကြီးနှင့် အတွေးအခေါ်ဆိုင်ရာ ပြဿနာအနည်းငယ်ကို သိလွယ်သောနည်းဖြင့် တင်ပြခဲ့ပါသည်။ ထိုသို့တင်ပြရာ၌ အစပိုင်းတွင် သမိုင်းစဉ်ကို အဓိကထားကာ တင်ပြခဲ့ပါသည်။ ဒုတိယပိုင်းဖြစ်သော ၂၀ ရာစု အတွေးအခေါ်ခေတ်သို့ ရောက်သောအခါတွင် သမိုင်းစဉ်ကို အဓိကမထားတော့ပါ။ အတွေးအခေါ်ဆိုင်ရာ ပြဿနာများကိုသာ အဓိကထားခဲ့ပါသည်။ တွေးခေါ်ပုံနည်းစနစ်မှာလည်း ယခင်ကလို လောကကြီးတစ်ခုလုံးကို ခြုံကြည့်သောနည်းမျိုးကို မသုံးတော့ဘဲ လောက၏လက်လှမ်းမှီရာ တစ်စိတ်တစ်ဒေသကိုသာ ရွေးထုတ်ကာ အနုဆုံးအခြေအနေသို့ရောက်အောင် စိတ်ဖြာဝေဖန်သောနည်းဖြင့် ထွင်းဖောက်ကြည့်ပါသည်။

ဤသို့ ထွင်းဖောက်ပုံကိုလည်း ကားနက်(ပ)၏ အတွေးအခေါ်များကို ဖော်ပြစဉ်က အနည်းငယ်ဖော်ပြပြီး ဖြစ်ပါသည်။ မြန်မာစာဖတ်ပရိသတ်များအနေနှင့် ဤနှစ်ဆယ်ရာစု အတွေးအခေါ်များကို ဖတ်ရှုလေ့လာသောအခါ ယခင်အတွေးအခေါ်များမှာကဲ့သို့ ‘အမှန်တရားဟူသည် ဤသို့တည်း’ ဆိုသည့် အဖြေမျိုးကား ရရှိတော့မည်မဟုတ်ပါ။ ဖီလိုဆိုဖီမှာ လူသားတို့

http://www.linhtet.com



အတွက် ကိုးကွယ်အားထားရာ အေးရိပ်သာကို ရှာပေးသော သဘောတရား လည်းမဟုတ်ပါ။ လောက၏ လက်လှမ်းမီရာအစိတ်အပိုင်းများကို ဆွဲယူ ကာ အနုလုံ ပဋိလုံ စီစစ်တတ်သော တက္ကဗေဒနည်းဖြင့် သိပ္ပံနည်းကျကျ စူးစမ်းရှာဖွေခြင်းဖြင့် လူသားတို့မသိသေးသော အသိသစ်အမြင်သစ်ကို ရှာဖွေစူးစမ်းခြင်းသာ ဖြစ်ပါသည်။

ယခု ရွေးချယ်တင်ပြအပ်သော ချာလ်၊ ဆန္ဒာ၊ ပဲ(ဆ) (Charles Sanders Peirce) ဆိုသော အမေရိကန်တွေးခေါ်ရှင်တစ်ဦးဖြစ်ပါသည်။ အမေရိကန်ပြည်တွင် ထွန်းကားခဲ့သော 'ပရဂ္ဂမာတစ်ဇင်း' Pragmatism ခေါ် ဝါဒတစ်ရပ်ကို ဦးဆောင်တီထွင်ခဲ့သူဖြစ်သည်။

'ပရဂ္ဂမာတစ်ဇင်း' ခေါ်သော ဤဝါဒကို 'လက်တွေ့ကျင့်ကြံမှုဝါဒ' ဟူ၍ပင် နီးစပ်အောင် ပြန်ဆိုရပေတော့မည်။

ပဲ(ဆ်)ကို ၁၈၃၉ ခုနှစ်တွင် မက်ဆားချူးဆက်နယ် ကင်းဘရစ်ချ် မြို့၌ ဖွားမြင်သည်။ ဖခင်မှာ သင်္ချာဗေဒတွင် အလွန်ထင်ရှား နာ မည်ကြီးသော သင်္ချာပါမောက္ခကြီးဖြစ်သူ ဘင်ဂျာမင်ပဲ(ဆ်) ဖြစ်၏။ ဖခင်ကမူ ပဲ(ဆ်)အား သိပ္ပံပညာ၊ သင်္ချာဗေဒနှင့် သဘာဝတ္ထဗေဒတို့ ကို လေ့လာလိုက်စားရန် အားပေးသည်။ ငယ်ရွယ်စဉ်ကမူ ဖခင်ဖြစ် သူက သူ့အား 'အာရုံ စူးစိုက်နည်းအတတ်'ကိုပင် သင်ပေးသည် ဆို၏။ ထိုသို့သင်ကြားစဉ်က အလျင်အမြန်ကစားရသလောက် အာရုံ စူးစိုက်ရသော ကစားနည်းများကို ရွေးချယ်ပြီး ပဲ(ဆ်)အား ဖခင် ကြီးနှင့်အတူ ည ၁၀ နာရီမှ မိုးလင်းသည်အထိ ကစားခိုင်းသည်။ အသက်အရွယ် ၁၄–၁၅ နှစ်များအတွင်းက ဖခင်က သူ့အား ဖီလိုဆို ဖီကို လေ့လာစေပြီး ထိုဖီလိုဆိုဖီများ၏ ယုတ္တိမတန်ပုံကို သက်သေ နှင့်တကွ ဖော်ပြစေခြင်းဖြင့် ဝေဖန်စိစစ်တတ်သောဉာဏ်ကို တိုးပွား စေခဲ့လေသည်။ သို့ရာတွင် ကြီးပြင်းလာသောအခါ၌ ပဲ(ဆ်)၏ဘဝ တွင် ပျော်ရွှင်သာယာမှု ကင်းမဲ့ခဲ့ခြင်းသည် သူ့ဖခင်ကြောင့်ဖြစ်ရ သည်ဟု ဆို ကြသည်။

ပဲ(ဆ်)သည် စာပေါင်း မြောက်မြားစွာကို ရေးသားခဲ့သော်လည်း

http://www.linhtet.com



သူ အသက်ထင်ရှားရှိစဉ်က စာအုပ်အဖြစ် ထုတ်ဝေခဲ့ခြင်းမရှိချေ။ ၁၉၃၂ ခုနှစ်လောက် ရောက်သောအခါမှ သူ ရေးသားခဲ့သောစာစု များကို စုပေါင်း၍ ရိုက်နှိပ်၍ ထုတ်ဝေသည်။

သူ၏စာစုများအနက်မှာ 'ကျွန်ုပ်တို့ စိတ်ကူးကို ရှင်းအောင် ဘယ်လိုလုပ်မလဲ'[၁] ဆိုသည့် စာတမ်းကို ဤစာအုပ်တွင် အကျဉ်း တင်ပြလိုပါသည်။

ပဲ(ဆ်) 'ပရဂ္ဂမာတစ်ဇင်း၏ လိုရင်းအချက်မှာ အများဆိုင်ပုဒ် (General Term)များ၏ အဓိပ္ပာယ်ကို ရှင်းလင်းရန်ဖြစ်သည်။ ဆိုလိုသည်မှာ သိပ္ပံပညာရှင်များ အသုံးပြုတတ်သော အများဆိုင် နာမ်နှင့် ဝိသေသနပုဒ်တို့ကို သူတင်ပြအပ်သောနည်းဖြင့် တိကျသော အဓိပ္ပာယ်ကို ပေးစွမ်းနိုင်ခြင်းမရှိပါက အဆိုပါအများဆိုင်ပုဒ်များ သည် သိပ္ပံနည်းကျ အဓိပ္ပာယ်မရှိဟု ယူဆသည်။

ဥပမာ 'မာသော' ဆိုသည့် အများဆိုင်ပုဒ်ဟု ဆိုအပ်သော ဝိသေသနာပုဒ်တစ်ခုကို ကြည့်ကြပါစို့။

ထို 'မာသော' ဆိုသည့်ပုဒ်၏ အဓိပ္ပာယ်ကို သိပ္ပံနည်းကျ ဖော်ပြရ သော် 'တစ်စုံတစ်ယောက်သောသူသည် ထိုအရာကို ကုတ်ခြစ်လျှင် ထိုသူသည် ကုတ်ခြစ်၍မရနိုင်'ဟု ဖော်ပြရမည်။

ထို့ကြောင့် 'ဤအရာသည် မာ၏' ဆိုသောဝါကျကို အဓိပ္ပာယ်ရှင်း လင်းလိုလျှင် ထိုဝါကျကို အထက်က ပြဆိုသကဲ့သို့ အခြေပြုအဆိုသို့ ပြောင်းလဲ ပစ်ရမည်။ ပြီးမှ လက်တွေ့ဟုတ်မဟုတ် စိစစ်ရမည်။

ဥပမာ 'ဤစာအုပ်သည် လေး၏'ဆိုသော အဆိုကို အဓိပ္ပာယ်ရှင်းရ လျှင် အခြေပြုအဆိုဖြစ်သော 'အကယ်၍ တွန်းကန်ဆန့်ကျင်သော အင်အား စုများကို ဖယ်ရှားလိုက်လျှင် ဤစာအုပ်သည် အောက်သို့ ကျသွားပေလိမ့် မည်'ဟူသော အဆိုဖြစ်လာမည်။

ထို့ကြောင့် ပဲ(ဆ်) တင်ပြသော အဓိပ္ပာယ်စိစစ်နည်းတွင် အပိုင်း ၃ ပိုင်းပါဝင်သည်။ ၎င်းတို့မှာ–

---

၁။ How to Make our idea clear.

http://www.linhtet.com



(၁) အခြေပြု အဆိုပြုမှု၊

၎င်းမှာ မူရင်းဝါကျကို 'အကယ်၍ ဤသို့ဖြစ်လျှင်... ဤသို့ ဖြစ်ရမည်။ (အကယ်၍... လျှင်...) ဆိုသည့်ပုံစံသို့ ပြောင်းလဲရန် ဖြစ်သည်။

(၂) လက်တွေ့ လုပ်ဆောင်မှု၊

၎င်းမှာ အထက်ပါ (အကယ်၍... လျှင်...) ပုံစံ၌၊ အကယ်၍ နောက်မှလာသော ပထမပိုင်းသည် လူ၏လက်တွေ့လုပ်ဆောင်မှုပိုင်း ဖြစ်ရမည်။ (အထက်တွင် အကယ်၍ တစ်စုံတစ်ခုကို ကုတ်ခြစ်လျှင် တွန်းကန်ဆန့်ကျင်သော အင်အားများကို ဖယ်ရှားလိုက်လျှင် စသည့် ပုဒ်စုများဖြစ်သည်။ ဤပုဒ်စုများတွင် ပါဝင်သော ကြိယာများမှာ လုပ်ခြင်းပြကြိယာများဖြစ်ကြသည်။)

(၃) လက်တွေ့စိစစ်မှု၊

၎င်းမှာ အထက်ပါဝါကျ၏ ဒုတိယပိုင်းဖြစ်သည် 'လျှင်'နောက်မှ လာသော ပုဒ်စုဖြစ်သည်။ ဥပမာ 'ကုတ်ခြစ်၍မရ၊ အောက်သို့ ကျသွားလိမ့်မည်' စသည်တို့ဖြစ်သည်။

ပဲ(ဆ်)၏ ဒုတိယအယူအဆအရ အထက်ပါအချက် ၃ ချက်နှင့် ကိုက်ညီမှသာ အဆိုတစ်ခုသည် အဓိပ္ပာယ်ရှိ၏။ အများပြပုဒ်မှန်သမျှသည် အထက်ပါအတိုင်း (၁) အခြေပြုအဆိုသို့ ပြောင်းလဲနိုင်ခြင်း၊ (၂) လက်တွေ့ လုပ်ဆောင်နိုင်ခြင်းနှင့် (၃) လက်တွေ့စမ်းသပ်နိုင်ခြင်းစသည် အရည်အချင်း များရှိမှသာ အဓိပ္ပာယ်ရှိသည်ဟူ၏။ ထိုအချက်များနှင့် မကိုက်ညီလျှင် အဓိပ္ပာယ်မရှိချေ။

ထို့ပြင် သူ၏အယူအဆအရ စကားလုံးနှစ်လုံးသည် ပရဂ္ဂမာတစ်နည်း အရ ရှင်းလင်းချက် (အဓိပ္ပာယ်ဖော်ပြချက်) ချင်း တူညီနေလျှင် ထိုစကား လုံးနှစ်လုံးသည် အတူတူပင်ဖြစ်၏။

ပဲ(ဆ်)သည် ဤစာတမ်းဖြင့် နောင်အခါ၌ အထင်အရှား တိုးတက် ထွန်းကားလာသော ဘာသာစကားဆိုင်ရာ သဘာဝတ္တဗေဒ (Philosophy of Language) ပညာကို အစပျိုးပေးခဲ့လေသည်။

---

၁။ Mathematical Logic.

http://www.linhtet.com

အခန်း (၁၉)

# ဘာထရန် – ရပ်ဆယ်လ်

၂၀ ရာစုနှစ် တွေးခေါ်ရှင်များအနက် ဘာထရန်ရပ်ဆယ်လ်သည် အထင်ရှားဆုံးဖြစ်သည်။ အနောက်တိုင်း အတွေးအခေါ်သမိုင်းတွင် သင်္ချာတက္ကဗေဒ[၁] ကို စတင်တည်ထွင်သူဟူ၍ အသိအမှတ်ပြုကြသည်။ ရှေးက စကြာဝဠာကြီးတစ်ခုလုံးကို ခြုံလွှမ်း၍ သုံးသပ်သော ဖီလိုဆိုဖီတွေးခေါ်ပုံ စနစ်မှ သိပ္ပံနည်းကျ အနုလုံ ပဋိလုံ စိတ်ဖြာဝေဖန်စဉ်းစားသော ဖီလိုဆိုဖီ အစဉ်အလာတစ်ရပ်ကို စတင်တီထွင်ခဲ့သူလည်း ဖြစ်သည်။ ငယ်ရွယ်စဉ်ကပင် သင်္ချာဗေဒ၌ အလွန်ထက်မြက်သူဖြစ်၏။ သူ၏ 'သင်္ချာနိဿျ' Principia Mathematica) ကျမ်းမှ အထင်ရှားဆုံးဖြစ်သည်။ ယခင်က ဖီလိုဆိုဖီကို သိပ္ပံပညာ၏ သိပ္ပံပညာဟု မှတ်ယူခဲ့သော်လည်း ရပ်ဆယ်လ်၏ လက်ထက်သို့ရောက်သောအခါ ဖီလိုဆိုဖီသည် သိပ္ပံပညာ၏ တစ်စိတ် တစ်ဒေသဖြစ်သွားသည်။ သူသည် တက္ကဗေဒနှင့် သင်္ချာကို ဆက်စပ်ပေးခဲ့သူလည်း ဖြစ်သည်။ သူ၏ သင်္ချာနိဿျကမ်းအလိုအရ တက္ကဗေဒမှ သင်္ချာပေါက်ပွားလာရသည်။

ဘာရထရန်ရပ်ဆယ်လ်သည် တက္ကဗေဒနှင့် ဖီလိုဆိုဖီတွင်သာ စိတ်ဝင်စားသည်မဟုတ်၊ ပညာရေး၊ နိုင်ငံရေး၊ သမိုင်း၊ လူ့ကျင့်ဝတ်၊ စစ်နှင့်ငြိမ်းချမ်းရေးများတွင်ပါ များစွာစိတ်ဝင်စားသူဖြစ်သည်။ မျိုးရိုးဇာတိအားဖြင့်မူ မှူးမတ်နွယ်မှ ဆင်းသက်သည်။

---

၁။ Philophy of Logical analysis.

http://www.linhtet.com



ဤစာအုပ်တွင် သူ၏ အနောက်တိုင်း အတွေးအခေါ်သမိုင်းမှ တက္က ဗေဒအရ အနုလုံ ပဋိလုံ ဆန်းစစ်မှုဆိုင်ရာ သဘာဝတ္တဗေဒ[၁] ဆောင်းပါးကို ဆောင်းပါးကို အကျဉ်းချုံး၍ တင်ပြပါသည်။

(ပိုက်သဂိုရပ်စ် လက်ထက်လောက်ကစ၍ အနောက်တိုင်းတွေးခေါ်မှု သမိုင်း၌ အတွေးအခေါ်သမားများ ၂ ခြမ်းကွဲလျက်ရှိခဲ့ကြသည်။ ထိုပုဂ္ဂိုလ် များမှာ သင်္ချာဘက်သို့ ယိမ်းယိုင်သူများနှင့် လက်တွေ့သိပ္ပံဘက်သို့ ယိမ်း ယိုင်သူများဖြစ်သည်။ ပလေတို၊ သောမတ်အကွိုင်နပ်၊ စပင်နိုဇာ၊ ကန့် စသူတို့မှာ သင်္ချာဘက်တော်သားများဖြစ်ကြ၏။ ဒီမိုကရိတပ်စ်၊ အာရစ္စတို တယ်နှင့် ခေတ်သစ်လက်တွေ့ မျက်တွေ့ ဝါဒသမားများမှာ 'လက်တွေ့သိပ္ပံ'[၂] ဘက်တော်သားများဖြစ်ကြသည်။

ကျွန်ုပ်တို့ခေတ်သို့ရောက်သောအခါ သင်္ချာဗေဒမှာ ပိုက်သဂိုရပ်စ်၏ ဝါဒအယူအဆများကို ထုတ်ပယ်ပြီး လက်တွေ့သိပ္ပံပညာကို လူသား၏အသိ ပညာဆိုင်ရာ သာမညဆင်ခြင်ပုံနှင့် ပေါင်းစပ်ပေးသော ဝါဒတစ်ခုပေါ်ပေါက် လာသည်။ ဤဝါဒ၏ အဓိကရည်ရွယ်ချက်များမှာ မြော်ခေါ်စဉ်းစားတွေး တောမှုမျိုး မဟုတ်တော့။ ဤဝါဒ၏ စွမ်းဆောင်အောင်မြင်မှုများမှာလည်း ယခုခေတ် သိပ္ပံပညာ၏ အောင်မြင်မှုများနည်းတူ တိကျခိုင်မာသော အတွေး အခေါ်များဖြစ်လာသည်။

ဤဝါဒကား အခြားမဟုတ်၊ နောင်အခါများတွင် ၂၀ ရာစုကို အနုလုံ ပဋိလုံ စိတ်ဖြာဝေဖန်ရေးခေတ်စု သမုတ်ရသည်အထိ ထင်ရှားခဲ့သော တက္ကဗေဒနည်းအရ စိတ်ဖြာဝေဖန် ဆန်းစစ်မှုဆိုင်ရာ သဘာဝတ္တဗေဒဖြစ် သည်။

ဤဝါဒကို စတင်သူများမှာ သင်္ချာဗေဒကို လေ့လာလိုက်စားခဲ့သူများ ဖြစ်သည်။ ထိုပုဂ္ဂိုလ်များမှာ လိုင်ဗနီး‌ဇ်၊ ဂျော့ကင်တာ၊ ဖရီဂေး စသူတို့ ဖြစ်ကြသည်။ ဖရီဂေး၏ ကြိုးပမ်းမှုများမှ ပေါ်ပေါက်လာရသော ရလဒ်

---

၁။ Enpirical Science.

၂။ Theory of Definite Description.

http://www.linhtet.com



တစ်ခုမှာကား သင်္ချာသည် သာမညဆင်ခြင်မှုဆိုင်ရာ တက္ကဗေဒ၏ စဉ်ဆက်ဖြစ်ပေါ်မှုတစ်ရပ်ဖြစ်ကြောင်း သိရှိလာခြင်းပင်ဖြစ်၏။ တက္ကဗေဒမှ သင်္ချာဆက်၍ဖြစ်ပေါ်လာပုံကို ရပ်ဆယ်လ်သည် သူ၏ သင်္ချာနိဿျကျမ်း (Principia Mathematica)တွင် အသေးစိတ်ဆွေးနွေးတင်ပြခဲ့လေသည်။

ထိုနည်းတူစွာ ဗီလိုဆိုဖီ၏ အခန်းတော်တော်များများမှာ ဘာသာစကား ဆောက်တည်ပုံ (Syntax)နှင့် ဆက်စပ်နေသည်ကို တွေ့ရသည်။

ကားနက်(ပ)ကဲ့သို့ တွေးခေါ်ရှင်များကမူ ဗီလိုဆိုဖီဆိုင်ရာ ပြဿနာများမှာ ဘာသာစကားသုံးစွဲပုံ၊ သဒ္ဒါတည်ဆောက်ပုံ နည်းစနစ်များ မှန်ကန်ခြင်းမရှိသောကြောင့် ဖြစ်ရသည်ဟု ဆိုလာကြသည်။

ဤတွင် ဗီလိုဆိုဖီ၌ ဘာသာစကား (Language) တည်ဆောက်ပုံ အနေအထားနှင့် သုံးနှုန်းပုံတို့သည် အရေးကြီးသောကဏ္ဍတွင် ပါဝင်လာကြသည်။

ကားနက်(ပ) အမြင်အရ အဆိုပါဘာသာစကားဆောက်တည်၊ သုံးနှုန်းပုံအနေအထားအရ ဖြစ်ပေါ်လာသော အမှားများကို ရှောင်ရှားနိုင်လျှင် ဗီလိုဆို၏ပြဿနာများကိုလည်း ဖြေရှင်းနိုင်ပေမည်ဟုဆိုသည်။ ရပ်ဆယ်လ်သည် ဗီလိုဆိုဖီ၌ ဘာသာစကားကြောင့် ဖြစ်ပေါ်လာ ပြဿနာများရှိကြောင်းကိုမူ လက်ခံသည်။

ဤအချက်ကို သူ၏ 'တိကျစွာ ဖော်ပြမှုသဘောတရား'[၁] တွင် အကျယ်ဆွေးနွေးခဲ့၏။ ဗီလိုဆိုဖီဆိုင်ရာ ပြဿနာများကို အနုလုံ ပဋိလုံ စိတ်ဖြာ စိစစ် ဝေဖန်သောအခါ သင်္ချာနှင့် ရူပဗေဒ ပညာရပ်များက တက္ကဗေဒနည်းအရ စိတ်ဖြာ ဝေဖန်မှုဆိုင်ရာ သဘာဝတ္တဗေဒပညာအတွက် လိုအပ်သော ကုန်ကြမ်းများကို ထောက်ပံ့နေသည်ကို တွေ့ရ၏။ အထူးသဖြင့် ဤအချက် ထင်ရှားကြောင်းကို အိုင်စတိုင်း၏ အညမညနိယာမ[၂] နှင့် ဟိုက်ဇင်းဘတ်၏ 'ကွမ်တပ်မက္ကင်းနစ်' သဘောတရားများတွင် တွေ့ရ၏။

---

၁။ The Theory of Relativity.

၂။ Quantum mechanics.

http://www.linhtet.com



ဥပမာ– ရီလေးတီဗီတီးခေါ် အညမည နိယာမနှင့် ဗီလိုဆိုဖီသည် ဝတ္ထုပစ္စည်းများကို ရုပ်အဖွဲ့အစည်းများဟု မြင်ခြင်း၌လည်းကောင်း၊ ထိုရုပ်အဖွဲ့အစည်းများကို သေးငယ်လှသော ပရမနုမြူကလေးများဖြင့် ဖွဲ့စည်းထားသည်ဟု ယူဆရာ၌လည်းကောင်း ထိုရုပ်ဓာတ်ကလေးများသည် ကာလမရွေးနည်နေကြသည်ဆိုရာ၌လည်းကောင်း တူညီကြသည်။

အိုင်စတိုင်းကမူ အထက်က ပြဆိုခဲ့သော ရုပ်ဓာတ်ကလေးများကို 'အဖြစ်အပျက်' (Events)များဟု ခေါ်သည်။ ထို့ကြောင့် ရူပဗေဒ၏ ပဓာနအကြောင်းတရားသည် အဖြစ်အပျက်သဘောပင်ဖြစ်ကြောင်း အဆိုပြုလာကြသည်။

စင်စစ် ရုပ်ဝတ္ထုမှန်သမျှသည် ဖြစ်ပျက်အစဉ်ကြီးသာဖြစ်ကြောင်း။

ကွမ်တွမ်သီယိုရီခေါ် အနုတ္တဝါဒကလည်း အထက်ပါအဖြေကို ပေးလာခဲ့သည်။ ကွမ်တွမ်သီယိုရီက အဖြစ်အပျက်အစဉ်သဘောကို လက်ခံသော်လည်း ထိုအဖြစ်အပျက်များသည် အစဉ်အလိုက် အစီလိုက် တစ်သမတ်တည်း ဆက်တိုက်ဖြစ်ပေါ်နေကြသည်မဟုတ်၊ တကွဲတပြားဖြစ်ပျက်နေခြင်းသာ ဖြစ်ကြောင်း ဖော်ပြခဲ့၏။

ဤဝါဒအရ အနုမြူကလေးတစ်ခုအတွင်းမှာပင် အချိန်တစ်ချိန်တွင် အဖြစ်အပျက် အခြေအနေ (State of Affair)တစ်ခုရှိပြီး တခြားအချိန်တစ်ချိန်တွင် အဖြစ်အပျက် အခြေအနေတစ်ခု ဖြစ်ပေါ်လာတတ်သည်။

ယခုအချိန်တွင် ရူပဗေဒက ရုပ်ဆိုသည်မှာ တကယ့်ရုပ်သက်သက်သဘောချည်း မဟုတ်တော့ဟု ယူဆသကဲ့သို့ စိတ္တဗေဒကလည်း စိတ်သည်လည်း တကယ့်နာမ်သက်သက်သဘောချည်း မဟုတ်တော့ဟူ၍ ယူဆလာလေပြီ။

ရူပဗေဒနှင့် စိတ္တဗေဒတို့လည်း ပေါင်းစည်းရန် ကြိုးစားလျက်ရှိကြပေပြီ။

စင်စစ် ရုပ် စိတ် ဟူသော ခွဲခြားမှုမှာ ဘာသာရေးနယ်မြေက ဖြစ်ပေါ်လာသော အယူအဆဖြစ်၏။ ဘာထရန်ရပ်ဆယ်လ်၏ အယူအဆအရ ရုပ် စိတ်ဟူသည်မှာ အဖြစ်အပျက်များကို လွယ်ကူစွာ နားလည်နိုင်လောက်သောနည်းဖြင့် စုစည်းထားပုံသာဖြစ်၏။

http://www.linhtet.com



တစ်နည်းဆိုသော် စိတ်သည်လည်းကောင်း၊ ရုပ်သည်လည်းကောင်း၊ အဖြစ်အပျက် အစုအစည်းများသာဖြစ်ကြသည်။

ဘာထရန်ရပ်ဆယ်လ်၏ သဘောတရားအရ ဤရုပ်လောကနှင့်စပ်သော ကျွန်ုပ်တို့၏ အသိပညာမှာ စင်စစ် သင်္ချာဆန်လှသည်ဟု ဆိုသည်။

ရှေးကျသော တွေးခေါ်ရှင်များက ဖီလိုဆိုဖီတွင် တန်ဖိုးနှင့်စပ်ဆိုင်သော သဘောတရားများကို သွတ်သွင်းခဲ့ကြသည်။ သိပ္ပံနည်းဖြင့် တန်ဖိုးသဘောတရားများကို ဆန်းစစ်၍မရချေ။ ယခုခေတ် ဖီလိုဆိုဖီအလိုအားဖြင့် ကျွန်ုပ်တို့သိနိုင်သမျှကို သိပ္ပံပညာနည်းဖြင့် သိနိုင်ရမည်ဟူ၏။

ဖီလိုဆိုဖီတွင် သဘာဝတ္တလောကကြီးနှင့် စပ်ဆိုင်သောအပိုင်းနှင့် လူ့ကျင့်ဝတ်၊ နိုင်ငံရေးစသည့် လူသား၏အကောင်းဆုံးနေနိုင်ရေးကို ရှေးရှုသည့် သဘောတရားပိုင်းများရှိခဲ့သည်။ ဤသို့ ခွဲခြားခဲ့မှုကြောင့် ဖီလိုဆိုဖီတွင် မရှုပ်ထွေးသင့်ဘဲ ပြဿနာများ ရှုပ်ထွေးခဲ့ရသည်။ ထို့ကြောင့် တွေးခေါ်ရှင်စင်စစ်တို့သည် ဆိုခဲ့ပြီးသော အယူအဆအားလုံးကို စိစစ်သုံးသပ်နိုင်ရမည်။

ဖီလိုဆိုဖီသည် ဘာသာရေးဆိုင်ရာ အယူအဆများကို သက်သေခံအထောက်အထားနှင့် ဖော်ပြနိုင်ခြင်းရှိမရှိမှာ ဖီလိုဆိုဖီ၏ ပြဿနာမဟုတ်ချေ။

ဘာထရန်ရပ်ဆယ်လ်၏ အလိုအားဖြင့် ဖီလိုဆိုဖီသည် ရုပ်ဆိုသည် အဘယ်နည်း၊ စိတ်ဆိုသည် အဘယ်နည်း စသည့်မေးခွန်းများကို အဖြေရှာပေးသည့် ပညာမဟုတ်၊ အဆိုပါကိစ္စများကို သိပ္ပံနည်းဟူ စိစစ်လေ့လာသည့် နည်းလမ်းတစ်ရပ်သာ ဖြစ်သည်ဟူ၏။ ။

**ဆန်းလွင်**

http://www.linhtet.com

သိပ္ပံပညာထွန်းကားသော ဤခေတ်တွင် ကျွန်ုပ်တို့ မှာ တိုးတက်မြင့်မားနေသော
သိပ္ပံအဆောက်အအုံကြီးကိုသာ မလေ့လာဘဲ ထိုအဆောက်အအုံကြီး
ပေါ်ပေါက်လာအောင် အခြေခံထားသော အုတ်မြစ်ကြီးကိုပါ သိရှိလိုပြီဖြစ်သည်။
ထိုအုတ်မြစ်ကား အခြားမဟုတ် သဘာဝတွင် လောကကြီးကို အသိဉာဏ်ဖြင့်
စူးစမ်းလေ့လာအခြေပြုသော ဖီလိုဆိုဖီ ပညာရပ်ပင်ဖြစ်၏။
ဤစာအုပ်တွင် ဖီလိုဆိုဖီခေါ် ဒဿနိကဗေဒ ပညာနှင့်စပ်လျဉ်းသည့်
အခြေခံသိမှတ်ဖွယ်ရာများကိုသာ ရေးသားထားသောကြောင့်
စာအုပ်၏အမည်ကို "ဖီလိုဆိုဖီ ကကြီးခခွေး" ဟုပေးထားပါသည်။

